

www.burmeseclassic.com
အောင်မြင့်
စာပေ
BURMESE CLASSIC .com
မြပုလဲခင်
ထာဝရရင်ခွင်
www.burmeseclassic.com

www.burmeseclassic.com




ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃

မြပုလဲခင်
ထာဝရရှင်ခွင်/မြပုလဲခင်၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၉၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ၊
(၀) မြပုလဲခင်

ဖြန့်ချိရေး--အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်--အောင်မြင်ပုံနှိပ်တိုက်
ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၁၃၊ တန်ဖိုး(

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၁)

"မမြတ်လေးငုံ"

တွန်းတံခါး ပွင့်လာပြီး ဘောင်းဘီနှင့် ရှပ်အင်္ကျီလက်တို ဖြူကို ဝတ်ထားသောလူက ပြန်ထွက်လာသည်။ တစ်ဆက်တည်း သူ့နှုတ်မှ မိမိနာမည် ထွက်ပေါ်လာသဖြင့် မြတ်လေးငုံ၏ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် သတိနှင့် ပြန်ထိန်း ကာ ထိုင်နေရာမှ သေသပ်စွာ ထလိုက်သည်။

ထိုလူ၏ နောက်မှ စောစောကဝင်သွားသော အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီး ပြန်ထွက်လာသည်။ လေဒီရှူးနှင့်စကတ်ကို ဝတ်ထားသော အမျိုးသမီးဖြစ်သည်။ သူမမျက်နှာက အပြုံးများနှင့် ဝင့်ထည်နေသည်။

သူမထွက်သွားသည်ကို ဦးစားပေးပြီးမှ မြတ်လေးငုံ ဝင်လိုက်သည်။

"တည့်တည့်သွားပြီး မန်နေဂျင်း ဒါရိုက်တာခန်းရောက်ရင် ဝင်လိုက်ပါ"

"ဟုတ်ကဲ့"

မြတ်လေးငုံက တည်ငြိမ်စွာ လျှောက်ခဲ့သည်။

ထိုတဒင်္ဂ၌ ဖခင်၏စကားကို ဖျတ်ခနဲ သတိရလိုက်သည်။

"ဘာကိုလုပ်လုပ် အောင်မြင်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး ပြတ်ပြတ်သားသား လုပ်ကိုင်ပြောဆိုတတ်အောင် လေ့ကျင့်ပါ သမီးငုံ"

အင်္ဂလိပ်လိုရေးထားသော မန်နေဂျင်းဒါရိုက်တာရုံးခန်းတံခါးကို ညင်သာစွာ တွန်းဝင်လိုက်သည်။

အဆောင်အယောင်တို့ဖြင့် ခမ်းနားသော ဧည့်ခန်းတစ်ခုကို တွေ့ရသည်။

ထိုဧည့်ခန်း၏ထိပ် ဆက်တီပေါ်၌ လူတစ်ယောက် ထိုင်နေသည်။ တစ်ဖက်တစ်ချက်၌ သူမ၏ မိခင်အရွယ်ရှိ အမျိုးသမီးနှင့် ငင်းနှင့်ရွယ်တူ အမျိုးသားတစ်ဦး ထိုင်နေသည်။

မလှမ်းမကမ်း၌ အမျိုးသမီးတစ်ဦးက ဖိုင်တွဲတစ်ခုကို ဖွင့်ကာ ထိပ်၌ထိုင်နေသော အမျိုးသားတစ်ဦးအား ရိုသေစွာ





ကမ်းပေးလိုက်သည်။

ပြီးလျှင် . . .

သူတို့အနီး ဆက်တီသို့ ရောက်ရှိလာပြီး ရပ်လိုက်သောသူ့အား ထိုင်ရန်ညွှန်ပြလိုက်သည်။

မြတ်လေးငုံသည် ငင်းညွှန်ပြလိုက်သော နေရာ၌ ဝင်ထိုင်လိုက်သည်။

စူးရှသောမျက်လုံးသုံးစုံကို မြတ်လေးငုံ ရင်ဆိုင် လိုက်သည်။

အထူးသဖြင့် သူနှင့်စားပွဲတစ်လုံးသာခြားပြီး ဖိုင်တွဲကို ကြည့်လိုက် မိမိကို ကြည့်လိုက် လုပ်နေသော သူကို ဖြစ်သည်။

"မင်းနာမည် မြတ်လေးငုံနော်"

"ဟုတ်ပါတယ်"

"မင်းဖခင် ကွယ်လွန်တာ ကြာပြီလား"

"ဟုတ်ကဲ့ ငါးနှစ်ရှိပါပြီ"

"အေြာ်"

"မိခင်က ဘာလုပ်သလဲ"

"စက်ချုပ်ပါတယ်"

ထိုမေးခွန်းကို ဖိုင်တွဲကြည့်နေသောလူက မေးခြင်းမဟုတ်ပေ။ သူမ၏ ဝဲဘက်ကုလားထိုင်မှ အမျိုးသားကြီးက မေးခြင်းဖြစ်သည်။

"မင်းမေမေ စက်ချုပ်တဲ့ပညာနဲ့ မင်းတက္ကသိုလ် ပညာရေးလုံလောက် ခဲ့သလား"

"မလုံလောက်ပါဘူး၊ ကျွန်မကို ဖေဖေကွယ်လွန်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျောင်းထားပေးခဲ့တာက မေအုံပါ"

"မေအုံဆိုတာ"

"မေရုံ. . မေရုံဆိုတာ ကျွန်မမိခင်ပါ၊ ကျွန်မက မိခင်ကို မေရုံလို့ပဲခေါ်ပါတယ်၊ မေရုံညီမ မေအုံက ကျွန်မရဲ့တက္ကသိုလ် ပညာရေးကို ထောက်ပံ့ပေးခဲ့ပါတယ်"

"ဟုတ်ပြီ. . . အဲ့ဒီမေအုံက ဘာလုပ်သလဲ"

"ပီ. အေ. တီပါ"

"ဟင်. . ပီအေတီရဲ့ ဝင်ငွေဟာ မင်းကိုကျောင်းထား ပေးနိုင်တယ်ဆိုတာ ဟုတ်ပါ့မလား"

အမျိုးသမီးကြီးက အံ့အားသင့်သလို မေးလိုက်သည်။ ထိုအမျိုးသမီးကြီး လူမှုရေးနယ်ပယ်ကို အင်မတန်ကျွမ်းကျင် နာလည်းသော အမျိုးသမီးကြီးတစ်ဦး ဖြစ်လိမ့်မည်ဟု မြတ်လေးငုံက အကဲခတ်လိုက်မိသည်။

"လစာ နည်းတော့ ဘယ်ထားနိုင်ပါ့မလဲရှင်၊ ကျောင်း ဆရာမတစ်ယောက်ရဲ့ အပိုဝင်ငွေရှာတဲ့နည်းနဲ့ရှာပြီး ကျွန်မကို ကျောင်းထားပေးတာပါ"

ကျူရှင်ပြ၍ သူမအားကျောင်းထားပေးပါသည်ဟူသော စကားကို တိုက်ရိုက်မပြောဆိုဘဲ သွယ်ဝိုက်ပြောတတ်သော မြတ်လေးငုံကို အမျိုးသမီးကြီးက သဘောကျစွာပြုံးလိုက်ပြီး. .

"ကျူရှင်ပြတယ်လို့ မင်းဘာဖြစ်လို့ မသုံးတာလဲ"

"ကျူရှင်ပြတယ်ဆိုတာ မှတ်ပုံမတင်ထားရင် တရားဝင် ခွင့်ပြုချက်မရှိတဲ့ လုပ်ငန်းဖြစ်လို့ ကျွန်မ မသုံးစွဲတာပါ"

မြတ်လေးငုံအား ဘာဖြစ်၍ ဤမျှစစ်စစ်ပေါက်ပေါက်





မေးနေသနည်း၊ ယခင်လူများသည် ငါးမိနစ်ပင် မကြာဘဲ ပြန် ထွက်လာကြသည်။

"မင်းဖခင်ကလည်း ကျောင်းဆရာ တစ်ဦးဖြစ်ခဲ့တယ်၊ မင်းအဒေါ်ကလည်း ကျောင်းဆရာဆိုတော့ မင်းဆရာမအလုပ် ကို မလုပ်ချင်ဘူးလား"

"ကျွန်မ အလုပ်ချင်ဆုံး အလုပ်ပါ"

"ဟေ. . . ဒါဖြင့်၊ မင်း ဒီအလုပ်ကို ဘာဖြစ်လို့ လာ လျှောက်လဲ"

"ဒီကိစ္စ ရှင်းပြစေချင်ရင် ကျွန်မရှင်းပြနိုင်ပါတယ်၊ ကျွန် မအတွက် အချိန်တွေ ထပ်ပေးနိုင်ပါသေးသလား"

သူမ၏ကိုယ်ရေးရာဇဝင်နှင့် အောင်လက်မှတ်မိတ္တူ လေဘာကတ်၊ မှတ်ပုံတင်တို့ကို စစ်ဆေးရင်းသူမ၏ ကြည်လင် ပြတ်သားသောအသံနှင့် ရုပ်ရည်ကို သဘောကျနေသော ဦးမေအောင်သည် ယခုပို၍ကျေနပ်သွားသည်။ သူ မနေ့ကတည်းက လူတွေ့စစ်ဆေးခဲ့သူ အယောက်သုံးလေးဆယ်တွင် သူတို့အား မေးခွန်းပြန်ထုတ်သူမှာ သူမတစ်ယောက်တည်းသာ ရှိသည်။

ဦးဝဏ္ဏနှင့် ဒေါ်သက်သက်ခိုင်က သူ့အားလှမ်းကြည့် လိုက်သည်။ ထိုအခါ သူကခေါင်းကို ဆတ်ခနဲ ညိတ်ကာ ဖိုင်တွဲ ကိုပိတ်ပြီး စားပွဲပေါ်သို့ တင်လိုက်သည်။

ဒေါ်သက်သက်ခိုင်က. . .

"ကိုင်း. . . ဖြေပါဦး သမီး"

မြတ်လေးငုံက မိမိအပေါ် "သမီး" ဟု ပြောင်းလဲခေါ် ခြင်းအတွက် ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ဖခင်ဟာ အဆုတ်ရောဂါနဲ့ ကွယ်လွန်ခဲ့တာကို ကျွန်မရဲ့ ကြီးတော် မေဆုံက. . . ဆရာ၊ ဆရာမဆိုရင် အဆုတ်ရောဂါနဲ့ လုံးပါးပါးမှာပဲ၊ တိုးတက်မှုမရှိဘူးလို့ ယူဆပြီးကန့်ကွက်ပါတယ်၊ နောက် ခုနေ ကျွန်မဆရာမဝင်လုပ်ရင် နယ်စပ်ဖွံ့ဖြိုးရေးမှာ သွားလုပ်မှ ဂျေအေတီရာထူးကို ရမှာဖြစ်လို့ ကျွန်မကို ဘယ်သူကမှ မလွှတ်ချင်ကြပါဘူး၊ နောက်ပြီး ကျွန်မမိခင်ဟာ လေးဘက်နာရောဂါ ရှိတဲ့အတွက် ကျွန်မသွားမယ့် ခရီးကို လိုက်လို့ မဖြစ်ပါဘူး၊ ကျွန်မလည်း ပစ်မသွားနိုင်တဲ့အတွက် လုပ်ချင်တဲ့အလုပ်တစ်ခုကို လောလောဆယ် ကျောခိုင်းထားတာပါ"

"ဒါထက် မေအုံကကောကွယ်"

"မေအုံက ကျွန်မ ကျောင်းပြီးအောင် ထားပေးပြီးမှ လက်ထပ်သွားပါပြီ"

"ဩော်"

ဒေါ်သက်သက်ခိုင်က ဦးမေအောင်ကို လှမ်းကြည့်လိုက်သည်။

ဦးမေအောင် မြတ်လေးငုံကို စေ့စေ့ကြည့်ပြီး. . .

"ဒီလုပ်ငန်းဟာ မင်းဝါသနာပါတဲ့ လုပ်ငန်းမဟုတ်လို့ မင်းစိတ်ဝင်စားပါ့မလား"

"ကိုယ့်ရဲ့ ထမင်းရှင်ဖြစ်မယ့် အလုပ်အပေါ်ကို ရိုသေလေးစား စိတ်ဝင်စားပြီး တတ်ကျွမ်းအောင် ကြိုးစားလုပ်ကိုင်ရမယ်လို့ ကျွန်မရဲ့ဖခင်က ဆုံးမသွားခဲ့ပါတယ်"

"ကောင်းပြီလေ. . ဒါထက် မင်းက အီးမေဂျာနော်၊ မင်းသဘောကျလို့ ရွေးခဲ့တာလား၊ အမှတ်အရလား"





"ကျွန်မ အမှတ်က ဝိုင်အိုင်တီကို မီပါတယ်၊ ဖေဖေ့ဆန္ဒအရ ကျွန်မ ယူခဲ့တာပါ"

"ဒီလိုဆိုရင် မင်းဆန္ဒအရ မင်းလုပ်ဆောင်ခဲ့တာတွေ ဘာတစ်ခုမှ မရှိသေးဘူးပေါ့ ဟုတ်လား"

မြတ်လေးငုံ ရင်မှ သတ္တိသန္ဓေလေး ဝုန်းခနဲ ခေါင်းထောင်လာသည်။

"ကျွန်မဖခင် ရှိစဉ်ကတော့. . ယနေ့အထိ ကျွန်မဟာ ပညာရှာတဲ့အရွယ်ပဲ ရှိပါသေးတယ်၊ ကျွန်မဖခင်ဟာ ကျောင်းဆရာပါ၊ ကျောင်းဆရာတစ်ယောက်ရဲ့ တာဝန်ဟာ တပည့်တစ်ယောက်ကို သွတ်သွင်းပေးဖို့ မဟုတ်ဘူး၊ သူတို့ရင်ထဲကလာတဲ့ အသိပညာ အရည်အချင်းကို ပေါ်ထွန်းလာအောင် တိုက်တွန်းဖို့ ဖေးမပေးဖို့၊ လမ်းညွှန်ပေးဖို့ပဲ ဖြစ်တယ်လို့ ကျွန်မကို ဖေဖေက ပြောပြခဲ့ဖူးတဲ့အတွက်. . ဖေဖေ့ စကားတွေဟာ ကျွန်မကို လမ်းညွှန်ပေးထားတာလို့ပဲ ယူဆပြီး ကျွန်မလက်ခံ လုပ်ဆောင်ခဲ့တာပါ၊ ဒီအတွက် ကျွန်မ မှားပါသလား လူကြီးမင်းရှင့်. . ."

ဦးမေအောင်တို့သုံးဦးစလုံး မြတ်လေးငုံကို အံ့အားသင့်စွာ ကြည့်လိုက်ကြသည်။

အနီးအနား၌ ရပ်နေသောသူငယ်ပင်လျှင် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မြတ်လေးငုံကို အထူးအဆန်း လှမ်းကြည့်လိုက်သည်။

ဒေါ်သက်သက်ခိုင်က. . .

"မမှားပါဘူး သမီး၊ မင်းဟာ သမီးလိမ္မာပဲ"

"ကိုင်း. . ဦးမေအောင် ဘာများ မေးစရာ ရှိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏက ဦးမေအောင်အား လှမ်းကြည့်ကာ မေးလိုက်သည်။ ဦးမေအောင်က. . .

"ကောင်းပြီ. . မေးစရာ တစ်ခုပဲကျန်တော့တယ်၊ မင်း ဝတ်စားဆင်ယင်နဲ့ ပတ်သက်ပြီး ကုမ္ပဏီစည်းမျဉ်းအရ ပြောင်း လဲရမယ်ဆိုရင်ကော မင်းပြောင်းလဲနိုင်မလား"

မြတ်လေးငုံက သူမ၏မျက်ဝန်းနက်ကြီးဖြင့် ဦးမေ အောင်အား ရဲဝံ့စွာ ရင်ဆိုင်ပြီး မေးခွန်းပြန်ထုတ်လိုက်သည်။

"ဘယ်လိုပြောင်းလဲမှုမျိုးလဲ"

"အား. . . မလွယ်ပါလား ဒေါ်မြတ်လေးငုံ၊ ခင်ဗျားကို ကျွန်တော်တို့က မေးခွန်းထုတ်ရမှာလား၊ ခင်ဗျားက ထုတ်မှာ လား"

"ကျွန်မတိတိကျကျသိချင်လို့ မေးတာပါ၊ ဒါမှကျွန်မလဲ တိကျတဲ့ အဖြေတစ်ခုကို ပေးနိုင်မှာ ဖြစ်လို့ပါ"

ဦးမေအောင်ရင်ထဲ၌ 'လုပ်လိုက်ကွ၊ မင်းကလေးက တော့ စံနမူနာပါပဲ' ဟုကျိတ်၍ ကျေနပ်နေသည်။

"ဥပမာ ဆံပင်ဖြတ်ကောက်ရမယ်၊ စကတ်တိုတိုဝတ်ရ မယ်"

မြတ်လေးငုံ ငုံ့နေရာမှ ထလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မရဲ့ ဖိုင်တွဲကို ပြန်ယူခွင့် ပြုပါလို့ ကျွန်မတောင်းပန်ပါတယ်"

"ဟင်. . ဘာဖြစ်လို့လဲ သမီး"

ဒေါ်သက်သက်ခိုင်က အံ့အားသင့်စွာ မေးလိုက်သည်။

မြတ်လေးငုံ၏ အာဂသတ္တိကို သဘောကျပြီး ဦးမေ





အောင်ဖိုင်တွဲကို ယူကာ. . .

"အလုပ်ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တင်ပြီးသား လျှောက်လွှာတွေကို ဘယ်ရုံး ဘယ်ကုမ္ပဏီကမှ ပြန်ပေးရိုးထုံးစံ မရှိဘူးလေ၊ ကိုင်းမင်းဘာဖြစ်လို့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို မပြောင်းလွဲနိုင်တာလဲ"

"ကျွန်မလျှောက်လွှာကို ကျွန်မ ရုပ်သိမ်းလိုက်ပြီနော်၊ လူကြီးမင်းတို့နဲ့ ကျွန်မ ဘာမှမဆိုင်တော့ဘူး"

"ကောင်းပြီလေသမီး။ ဒါပေမယ့် တို့များ သိချင်တာ လေးတစ်ခုကိုတော့ မင်းဖြေပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါ တယ်"

မြတ်လေးငုံက အေးဆေးစွာပင် ရပ်ကာသူမ၏ ကချင် လွယ်အိတ်ကလေးကို ပြင်လွယ်လိုက်ပြီး. . .

"ရှင်းပါတယ်ရှင်. . ကျွန်မဟာ ဗုဒ္ဓဘာသာဝင် မြန်မာ အမျိုးသမီးတစ်ယောက် ဖြစ်ရခြင်းကိုပဲ မြတ်နိုးဂုဏ်ယူတတ်တဲ့ သူ ဖြစ်နေလို့ပါ၊ ကျွန်မကို ခွင့်ပြုပါ"

မြတ်လေးငုံသည် နောက်သို့လှည့်မကြည့်ဘဲ ညင်သာ သွက်လက်သော ခြေလှမ်းစိတ်ကလေးဖြင့် ထွက်ခွာသွားလေ သည်။

ဦးမေအောင် သူမပျောက်ကွယ်သွားသည်အထိ မျက်စိ တဆုံး ငေးကြည့်ပြီးကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

"တော်ပြီ မေဆုံရယ်၊ နောက်ဆိုရင် သမီးငုံ ဘယ်တော့မှ စူပါမားကက်တို့ ကုမ္ပဏီတို့မှာ အလုပ်သွားမလျှောက်တော့ဘူး"

မြတ်လေးငုံက လွယ်အိတ်ကလေးကို ချိတ်ဖြုတ်သွားချိတ်လိုက်သည်။ လွယ်အိတ်အတွင်းမှ ထုတ်ယူထားသော ခေါက်ထီးကိုလည်း ချိတ်ဖြုတ်ပြောင်းချိတ်လိုက်ရင်း နှုတ်မှလည်း ကြီးတော်ဖြစ်သူ ဒေါ်ခင်ဆုံကို လှမ်းပြောလိုက်သည်။





"ဘာဖြစ်လို့လဲ သမီးငုံ"

"ဘာဖြစ်မှာလဲ မေရုံရယ် ထုံးစံအတိုင်း စကတ်ပြဿနာပေါ့၊ မြန်မာနိုင်ငံမှာ ဖွင့်ထားတဲ့ဆိုင်တွေ ကုမ္ပဏီတွေပဲ၊ မြန်မာလူမျိုးတွေပဲ အလုပ်လုပ်ကြတယ်၊ ဒါကို စကတ်ဝတ်မှဆိုတာကြီးကို သမီးငုံတော့ နားမလည်ချင်တော့ဘူး"

"သွားလာလို့ လွတ်လပ်လွယ်ကူအောင်လို့ ထင်ပါရဲ့"

"ဒါလဲ မဖြစ်နိုင်ဘူး ထင်တယ်၊ မေရုံတို့ ငယ်ငယ်၊ သမီးငုံတို့ငယ်ငယ်ကတောင် ထဘီနဲ့ပဲ ပြေးဟယ် လွှားဟယ် ဆော့ကစားခုန်ပေါက်တာတောင် ထဘီကျွတ်ကျဖူးလို့လား"

ထိုစဉ် ဒေါ်ခင်ရုံက သံပရာရည်အေးလေးတစ်ခွက်ကိုင်ကာ. . .

"ရော့သမီးငုံ ထဘီပြဿနာအသာထားပြီး အမေပြေ သံပရာရည်လေး သောက်လိုက်ဦး၊ ပြီးရင် သမီးငုံကို ဘာတွေ ခမေးလို့ ဘာတွေဖြေခဲ့တယ်ဆိုတာ ပြောပြပါဦး"

မြတ်လေးငုံက မိခင်ထံမှ သံပရာရည်ကို တရိုတသေ လှမ်းယူကာ ဒေါ်ခင်ရုံ နံဘေး နှစ်ယောက်ထိုင် ကြိမ်ဆက်တီ၌ ဝင်ထိုင်လိုက်ပြီးမှ သံပရာရည်ကို တစ်ငုံနှစ်ငုံ သောက်လိုက်သည်။ ပြီးမှ သူမ၏ အတွေ့အကြုံများကို ရှင်းပြလိုက်သည်။

"သမီးငုံ တွေ့ကြုံခဲ့သမျှ အင်တာဗျူးတွေထဲမှာတော့ ဒီတစ်ခေါက် အမေးခံရတာ အကြာဆုံးပဲ မေရုံ"

"အေးလေ ဘယ်တတ်နိုင်မလဲ သမီးငုံရယ်၊ ကံတရားပေါ့"

ဒေါ်ခင်ရုံကတော့ သူမ၏ထုံးစံအတိုင်း တရားစကား

www.burmeseclassic.com



လေးဖြင့် လေပြေသွင်းလေသည်။

ဒေါ်ခင်ဆုံကတော့. . .

“တခြားအလုပ်တွေ ရှိပါသေးတယ်. .၊ ခုလဲ စားနိုင်သောက်နိုင်တာပဲကွယ်၊ ဖြည်းဖြည်းပေါ့”

“ဒါ့ကြောင့် သမီးငုံက ဆရာမပဲ သွားလုပ်ချင်ပြီ မေဆုံရယ်”

“အေးလေ ရန်ကုန်မှာဆိုရင်တော့ လျှောက်ပေါ့ သမီးရယ်၊ သမီးငုံပြောတဲ့ တောင်တန်းတွေကတော့ ဝေးလွန်းပါတယ်၊ မေဆုံတို့မှ မလိုက်နိုင်ဘဲ”

ဒေါ်ခင်ရုံကတော့ မျက်နှာငယ်သွားပြီး ဘာမှမပြောတော့ချေ။

မြတ်လေးငုံက မိခင်၏အရိပ်အကဲကို ကြည့်ပြီး ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ လက်ကျန် သံပရာရည်ကိုသာ မဲသောက်လိုက်ပြီး ဖန်ခွက်ကလေးကိုင်ကာ မီးဖိုဘက်ဆီသို့ ညင်သာစွာ လျှောက်သွားလေသည်။

မြတ်လေးငုံ၏ နောက်ကျောကို ကြည့်ပြီး ဒေါ်ခင်ဆုံနှင့် ဒေါ်ခင်ရုံတို့ ညီအစ်မနှစ်ယောက် ခေါင်းချင်းဆိုင်လေသည်။

မဟာဝိဇ္ဇာတန်းကို ဆက်တက်နေသော မြတ်လေးငုံ၏ ပညာရေးစရိတ်ကလည်း မသက်သာလှပေ။ ညီမခင်အုံကလည်း အိမ်ထောင်ပြုသွားပြီး ဖြစ်သဖြင့် မြတ်လေးငုံအတွက် လုံလောက်သော ပညာသင်ကြားမှုကို မပေးနိုင်တော့ပေ။ မိမိတို့နှစ်ဦးကလည်း တောသူတောင်သား ရိုးရိုးသားသားဖြစ်ပြီး ချောင်းဆုံ၌ စပါးပေး၊ ပဲပေးလေးများနှင့် အိမ်ဆိုင်ကလေး





ရောင်းချခြင်းလောက်သာ လုပ်ခဲ့ကြသော်လည်း မကြောင့်မကြနေနိုင်ခဲ့ကြသည်။ ယခု ရန်ကုန်ရောက်မှ စားဝတ်နေရေးစရိတ်စကကြီးမားလွန်းသဖြင့် စုဆောင်းခဲ့သမျှ အတွင်းပစ္စည်းလေးများလည်း တရိရိနှင့် ပွန်းပဲ့လာသည်။ ဤသည်ကို သမီးအလိမ္မာ မြတ်လေးငုံက ရိပ်မိကာ အလုပ်ရလျှင်လည်း အလုပ်ဝင်လုပ်မည်၊ ပညာရေးကတော့ အဆင်ပြေသလိုပဲ ဆက်တက်နိုင်လျှင်လည်း တက်မည်၊ မတက်နိုင်လျှင်လည်း ရှိပါစေတော့ဟု စိတ်တုံးတုံးချကာ အလုပ်ရှာဖွေခြင်းကို စတင်ခဲ့လေသည်။

အင်တာဗျူးသုံးခုကို သွားခဲ့ပြီးပြီ။ ပြန်လာတိုင်း စကတ်ပြဿနာနှင့် မြတ်လေးငုံ မကျေနပ်သံကို ကြားခဲ့ရသည်။

မြတ်လေးငုံသည် အပြင်အဝတ်အစားနှင့် အိမ်နေရင်းအဝတ်အစားကို လဲလှယ်လိုက်သည်။ ပြီးလျှင် စက်ပေါ်၌ရှိနေသော မိခင်၏ချုပ်လက်စ အဝတ်ကိုဆက်၍ ချုပ်လေသည်။

သူမ၏ စက်ချုပ်သံကို ကြားရသဖြင့် မိခင်က ထလာပြီး. .

“သမီးငုံ ဖယ်ကွယ်၊ မေရုံပဲ ချုပ်မယ်၊ နားစမ်းပါ သမီးငုံလေးရယ်”

“ခဏလေးပါ မေရုံ၊ ချိုင်းတွဲရုံပဲ မှတ်လား၊ ဒီတစ်ထည်တည်းပါ”

စက်ချုပ်ဆိုင်တစ်ခုမှ မိန်းမဝတ်ရင်ဖုံး ရင်စေ့ဆိုလျှင် သူတို့အား တစ်ဆင့်ပြန်ပေးကာ ချုပ်စေသဖြင့်. . အိမ်စရိတ်ကိုတော့ ဖူလုံစေသည်။ သို့သော် အိမ်ရှိလူကုန်ကတော့ အနားမနေရ အလုပ်နှင့် လက်မပြတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဆုံကတော့ သီးထိုးခုံလေး၌ သီးထိုးထိုးရန် ထိုင်လိုက်သည်။

"မေဆုံရယ် သမီးငုံတော့ ချောင်းဆုံက အိမ်ကြီးကိုပဲ ပြန်ပြေးချင်တော့တာပဲ"

အပြင်ပန်းကကြည့်လျှင် ရေနံချေးဝနေသော နှစ်ထပ်အိမ်မဲကြီးဖြစ်ပြီး အတွင်းဘက်တွင် အုန်းဆံချောင်း ထင်ပိုင်းပြတ်များ၏ အနိုင်ကျင့်မှုကို ခံခဲ့ရခြင်းကြောင့် မှန်သားပြင်လို ပြောင်လက်နေသော ပျဉ်းကတိုးသား ကြမ်းခင်းများ၊ ခြံဝန်းအတွင်း စံပယ်ရုံ၊ မြတ်လေးရုံ၊ ငှန်ပန်းရုံ၊ ဆလတ်ရုံ၊ ဇီဇဝါရုံတို့၏ သင်းရနံ့ သွေးဆောင်ဖြားယောင်းမှုကို နှစ်သက်စွာ ခံစားခဲ့ရပုံ။

အိမ်အနောက်ဘက်၌ သရက်ပင်၊ မာလကာပင်၊ ဇီးပင်၊ သံပုရာပင်၊ ကျွဲကောပင်တို့က အသီးဖြိုင်ဖြိုင် မွေးဖွားသန့်စင်ပေးမှု၊ ခြံပတ်လည်ရှိ အုန်းပင် ရှစ်ဆယ်ပင်မှ အုန်းသီးများ၏ ဖွားဖက်တော် ကြွက်မြီးတန်းကောင်းကောင်းများကြောင့် ပွဲအုန်းသီးများအဖြစ် မျက်နှာပန်းလှခဲ့မှု။

ထို့အပြင် ခြံပတ်ပတ်လည်လည် စည်းရိုးအဖြစ် တည်ရှိခဲ့သော ကင်ပွန်းပင်များကြောင့် အိမ်နီးချင်းတို့အတွက် လိုအပ်သော ဟင်းလျာအဖြစ် လက်ဆောင်ဝေငှနိုင်သည်။

ကင်ပွန်းသီးများနှင့် သရော်ပင်က သင်္ကြန်အခါ၌ နေ့စဉ်ခေါင်းလျှော်ရေ အလှူဒါနပြုနိုင်ခဲ့သည်။

မြတ်လေးငုံ၏ လွမ်းဆွတ်တသမှုက လူကြီးနှစ်ယောက်၏နှလုံးသားကို ဆွဲခါလိုက်သကဲ့သို့ ခံစားလိုက်ရသည်။





ရန်ကုန်သို့ ရောက်ရှိအောင်သွေးဆောင်ခဲ့သော ညီမငယ်ခင်အုံကိုလည်း အပြစ်မတင်ရက်။

မြတ်လေးငုံ ဆယ်တန်းအောင်၊ ခင်ပွန်းကလည်းဆုံး၊ ညီမခင်အုံကလည်း မြတ်လေးငုံ ပညာရေးအတွက် မိသားစုလည်းဥမကွဲ သိုက်မပျက်နေရအောင်ဟု ဆိုကာ. . ရန်ကုန်သို့ ပြောင်းခဲ့ရန် ခေါ်သည်။

အမိက သမီးမြတ်လေးငုံကို မခွဲနိုင်တာ ပါသဖြင့် ခင်ဆုံ၊ ခင်ရုံ၊ ခင်အုံဟူသော ညီအစ်မ သုံးယောက် ချက်မြှုပ်ရာ မိမွေဖမွေ အိမ်ကြီးကို ရောင်းချပြီး ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ကြသည်။

ယခု ဒေါ်ခင်ရုံ နောင်တရလေပြီ။ ဒေါ်ခင်ဆုံလည်း ထိုနည်းအတူပင်။

မြတ်လေးငုံဆိုလျှင် အိမ်ရောင်းပြီးကတည်းက စားမဝင် အိပ်မပျော်နှင့် တိတ်တခိုး မျက်ရည်ကျခဲ့ရသည်။

"ဖယ်တော့လေ သမီးငုံ"

"ရော့ပါ မေရုံရယ်၊ မေရုံလက်ချုပ်ပဲ လုပ်လိုက်ပါ၊ ဒီသုံးလေးထည်လောက်တော့ သမီးငုံပဲ တစ်ဆက်တည်း ချုပ်ပါရစေ"

"သမီးငုံကတော့ လုပ်ချလိုက်ပြန်ပြီ မဆုံရယ်"

"ကဲပါအေ ချုပ်ပါစေ အရုံ၊ ညည်းလဲ ကျန်းမာရေးက သိပ်ကောင်းတာ မဟုတ်ဘူး"

"ဆေးတော သောက်ပြီးပြီလား မေရုံ"

"သောက်ပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မေဆုံ. . ."

"ဘာလဲ သမီးငုံ"

"သမီးငုံလဲ မေအုံလို ကျူရှင်လိုက်ပြပြီး ငွေစုရရင် ကောင်းမယ် ထင်တယ်"

ဒေါ်ခင်ရုံက မြတ်လေးငုံကို တအံ့တဩ ကြည့်လိုက်သည်။

ထိုအကြည့်ကို စက်ချုပ်နေသည့်ကြားက မြတ်လေးငုံက လှစ်ခနဲမြင်ဖြစ်အောင် မြင်လိုက်သည်။ ထို့ကြောင့်. . .

"အလကား ပြောတာပါ မေရုံရယ်၊ သမီးငုံရဲ့ ပညာဟာ လူအနည်းစု အထူးသဖြင့် ငွေရှင်ကြေးရှင် လူတန်းစားအတွက် မဖြစ်စေရဘူး၊ လူတန်းစားအများစုအတွက် ဖြစ်စေရမယ် ဆိုတဲ့ ဖေဖေ့စကားကို သမီးငုံဘယ်တော့မှ မမေ့ပါဘူး မေရုံရယ်"

ဟုအပြုံးလေးဖြင့် နှစ်သိမ့်လိုက်သည်။

"ဒါပေမယ့် မေရုံရယ်၊ သမီးငုံ ချောင်းဆုံအိမ်ကြီး ပြန်ဝယ်ပြီး အဲဒီက ဖေဖေလုပ်ခဲ့တဲ့ ကျောင်းမှာပဲ ဆရာမပြန်လုပ်ချင်တယ် မေရုံရယ်၊ အဲဒါ သမီးငုံရဲ့ တစ်ခုတည်းသော ဆန္ဒပါ"

ထိုစကားစုကိုတော့ မြတ်လေးငုံ ရင်တွင်း၌သာ ပြောကြားလိုက်လေသည်။

သူမတို့၏ လွင့်ပြန့်သွားသော လွမ်းဆွတ်မှုကို အလုပ်အသီးသီးတွင် ကိုယ်စီကိုယ်င မြှုပ်နှံလိုက်ကြလေသည်။







## အခန်း (၃)

"ဆန်နီရယ် နောက်ကျလိုက်တာ၊ မာမီကားစောင့်နေတာ"

မေအောင်၏ ကားရပ်လျှင်ရပ်ခြင်း ပေါ်တီကိုသို့ မိခင်ဒေါ်ဒါလီဖုန်းမြင့်က ဆင်းလာပြီး ပြောလိုက်သည်။

"ညနေတောင် စောင်းနေပြီ၊ ဘယ်သွားမလို့လဲ မာမီ"

"ဝိုင်းကောင်းလို့ပါ ဆန်နီရယ်၊ ယူဒယ်ဒီလာရင်ပြောလိုက်၊ မာ့မီကို ညနေစာ မစောင့်နဲ့တော့လို့"



www.burmeseclassic.com

www.burmeseclassic.com



မေအောင် ကားပေါ်မှဆင်းဆင်းချင်း ဒေါ်ဒါလီဖုန်းမြင့်က ကားပေါ်တက်ကာ စက်နှိုးပြီး မောင်းထွက်သွားလေသည်။ မေအောင်က သင်ပြင်းချလိုက်သည်။

သူ၏အတက်ချီကေ့စ်ကို အိမ်ဖော်မလေး လေးရွှေက လာဆွဲသည်။

နေနေဟု ပြောလိုက်ပြီးမှ မလှမ်းမကမ်း ဘီးတပ်ကုလားထိုင်လေးပေါ်မှ မိမိအား ငေးကြည့်နေသော ညီမငယ် ဒါလီအောင်ကို မြင်လိုက်ရသဖြင့်. . .

“ငါ့အိပ်ခန်းထဲက စားပွဲပေါ်မှာ သွားတင်ထားလိုက် ရွှေမိ၊ ပြီးရင်. . . ငါရေချိုးပြီး ထမင်းစားမယ်”

ရွှေမိအား ပြောပြီး ဒါလီအောင်ရှိရာ ဘီးတပ်ကုလားထိုင်ဆီသို့ လျှောက်ခဲ့သည်။

“ဘေဘီ နေဝင်တော့မယ်၊ အိမ်ထဲ ဘာဖြစ်လို့ မဝင်တာလဲ”

“အိမ်ထဲမှာ ဘယ်သူမှ မရှိတဲ့အတူတူ နေဝင်တာကို ထိုင်ကြည့်နေတာမှ တော်သေးတာပေါ့ ကိုကိုကြီးရယ်”

“ဘေဘီကလဲကွာ အားငယ်စရာတွေ လျှောက်မတွေးရဘူးလို့ ကိုကိုကြီးပြောထားတယ် မဟုတ်လား၊ လာ. . လာ. . ကိုကိုကြီးနဲ့အတူ ထမင်းစားမယ်၊ ပြီးရင် ကိုကိုကြီး ငါ့ညီမကို ပြောပြစရာတွေ ရှိသေးတယ် သိလား”

မေအောင်က ဒါလီအောင်၏ ကုလားထိုင်လေးကို တွန်းပြီး အိမ်ထဲသို့ ခေါ်ဆောင်လာခဲ့လေသည်။

ဒါလီအောင်သည် အစ်ကိုကြီး၏ အကြင်နာကြော





မျက်နှာလေး ရွှင်လန်းသွားပြီး. . .

“ကိုကိုကြီး ရေသွားချိုးတော့လေ၊ ဘေဘီ ထမင်းပွဲဝိုင်း ပြင်ထားလိုက်မယ်”

“အိုကေ ဒါဖြင့် ကိုကိုကြီး ရေသွားချိုးလိုက်တော့မယ်”

ပြောပြောဆိုဆိုနှင့် မေအောင်သည် အပေါ်ထပ်သို့ တက်ခဲ့လေသည်။

သွားသွားလာလာ လှုပ်လှုပ်ရှားရှားနေသည့်ကြားက သူ့မျက်စိထဲတွင် အထူးအဆန်းသဖွယ် ဖြစ်နေသော မြတ်လေးငုံဆိုသည့် မိန်းမချောလေးကို မြင်ယောင်နေမိသည်။

သူမ၏ ဝတ်စားဆင်ယင်ပုံမှာ ဒီခေတ်တွင် မြင်ရခဲသောပုံစံမျိုးဖြစ်သည်။ တုတ်ခိုင်သော ကျစ်ဆံမြီးရှည်ကြီး တစ်ချောင်းတည်း ကျစ်ထားသည်။ ကော်လံထောင် ရင်ဖုံး အင်္ကျီလက်ရှည်ဝတ်ထားပြီး ကြယ်သီးများက ပန်းပွင့်ပုံ သီးတတ်ကလေးများနှင့် ဖြစ်သည်။ လုံချည်က ယောလုံချည်လေး။

ထူးခြားသည်က မျက်နှာပြင်၌ မိတ်ကပ်လိမ်းခြယ်ထားခြင်းမရှိဘဲ သနပ်ခါးသာ လူးထားသော်လည်း အဝါရောင်ပြေးဘာဝင်းမွတ်နေခြင်းက ကျန်းမာရေးကောင်းသော စိုပြေမှုကို ပြနေသည်။

ထူးကဲစွာ နက်မှောင်ထူထဲသော မျက်ခုံးနှင့် မျက်ဝန်းနက်နက်က မြန်မာအမျိုးသမီးများ၏ အလှတရားတစ်ခုပေပဲလား. . ။ နှုတ်ခမ်းကိုတော့ စတော်ဘယ်ရီရောင် နှုတ်ခမ်းနီကို ဝတ်စုံနှင့် လိုက်ဖက်စွာ ဆိုးထားသည်။

ဒါလည်း အလှကို ဘောင်ခတ်ပေးသော ပြင်ဆင်မှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဟု သုံးကျေနပ်မိသည်။

လိုင်စင်ဓာတ်ပုံနှင့် တစ်ကိုယ်လုံးရောင်စုံ ဓာတ်ပုံကို မြင်ကတည်းက သူ့ရင်ထဲ အေးမြသွားစေသည်။

အရပ်က ငါးပေခြောက်လက်မဆိုတော့ မြန်မာအမျိုးသမီးတစ်ယောက်၌ ရှားပါးသော အလှတရားတစ်ခုဟု သူယူဆကာ မြတ်လေးငုံဆိုသော မိန်းကလေးကို သူ မတွေ့ခင်ကတည်းက အမှတ်ပြည့်ပေးပြီးသား ဖြစ်နေခဲ့သည်။

ဦးဝဏ္ဏနှင့် ဒေါ်သက်သက်ခိုင်ကိုလည်း သူကြိုပြောထားခဲ့သည်။ ကုမ္ပဏီအတွက် လိုအပ်နေသော အတွင်းရေးမှူး-ရာထူး-တစ်ဦး၊ ကွန်ပျူတာ လက်နှိပ်စက် စာရေးမက လေးဦး၊ လက်ထောက်စာရင်းကိုင်နှစ်ဦးနှင့် ညစောင့် နေ့စောင့် ရုံးအကူလုလင်၊ ယာဉ်မောင်း စသည်တို့ကို တစ်ပြိုင်နက်ခေါ် ယူပြီး သင့်တော်သူကို သင့်တော်သကဲ့သို့ ခန့်ထားရန် ဖြစ်သည်။

နိုင်ငံခြား၌ လုပ်ငန်းကျွမ်းကျင်မှုအတွက် သုံးနှစ်မျှ သွားရောက်၍ လက်တွေ့လုပ်ကိုင်ပြီး အဆက်အသွယ်ယူကာ ပြန်လာပြီး ဒီကိုရောက်ရောက်ချင်း 'အောင်'သွင်းကုန်ထုတ်ကုန် လုပ်ငန်းအတွက် ကုမ္ပဏီတစ်ခုကို စတင်တည်ထောင်လိုက်ခြင်း ဖြစ်သည်။

ဖခင် ဦးအောင်လင်းက ဆရာဝန်ပီပီ ဆေးကုသရန် အလုပ်မှလွဲ၍ အခြားလုပ်ငန်းများကို စိတ်မဝင်စားသဖြင့် သူ လိုအပ်သော အကူအညီကို မပေးနိုင်ချေ။

မိခင်ဒေါ်ဒါလီဖုန်းမြင့်ကလည်း တစ်ဦးတည်းသော သမီး၊ ငယ်စဉ်ကတည်းက မိဘများ၏ အလိုလိုက်ခြင်းခံရသဖြင့်





လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးဖြင့် ထင်ရာစိုင်းကာ ပညာအရည်အချင်းကအစ ရှစ်တန်းပင် မအောင်ခဲ့ပေ။ သို့သော် အချိန်တန်သောအခါ မိဘများက သူတို့ပညာရေးထောက်ပံ့ပေးကာ ဆရာဝန်ဖြစ်လာသူ ဒေါက်တာအောင်လင်းနှင့် လက်ထပ်ပေးခဲ့သည်။

ဒေါက်တာအောင်လင်းကလည်း မလွန်ဆန်နိုင်သဖြင့် လက်ထပ်ယူခဲ့သည့် ဒါလီဖုန်းမြင့်ကို ပြုပြင်ရန် မကြိုးစားခဲ့ချေ။

အားလျှင် အပေါင်းအသင်းများနှင့် အချိန်ဖြုန်းကာ ဖဲရိုက်တတ်သော ဒါလီဖုန်းမြင့်သည် အိမ်ထောင်သက် နှစ်ဆယ့်ရှစ်နှစ်အထိ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့ကစားကာ အချိန်တွေကို အလဟဿ ဖြုန်းတီးနေသူဖြစ်သည်။

တစ်ခုတော်သွားသည်က ဒေါက်တာအောင်လင်းသည် မိမိအား မတရားအနိုင်ကျင့်ခဲ့သည်ဟူသော အယူအဆနှင့်..မိန်းမအပေါ်၌ နှစ်နှစ်ကာကာ မချစ်သော်လည်း သားသမီးများကိုတော့ ချစ်ကာ ဂရုစိုက်ခဲ့သဖြင့် သားကြီးမောင်အောင်သည် သင်္ချာအထူးပြုဖြင့် ဘီအက်စ်စီဘွဲ့၊ သားလတ် ညီအောင်က အဖေ့ခြေရာနင်းကာ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်ကို ဖြေဆိုပြီး လက်တွေ့ဟောက်စ်ဆင်းနေသူ ဖြစ်ခဲ့သည်။

သို့သော် သမီးငယ် ဒါလီအောင်ကတော့ မွေးရာပါအရိုးပျော့ရောဂါကြောင့် ကျောင်းမထားတော့ဘဲ အိမ်မှာပင် ဆရာများ ခေါ်သင်ကာ ဆယ်တန်းအထိ ပညာရေးကို သင်ကြားပေးခဲ့သည်။

ဒါလီအောင်အတွက် အဖေသည် စာအုပ်များသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့လေသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

"ဆန်နီ မင်းရေချိုးတာ ကြာနေပြီထင်တယ်၊ ဘေဘီက ခေါ်ခိုင်းလိုက်တယ်"

"ဟုတ်ကဲ့. . လာပြီ ဒေါ်ညို၊ လာပြီ"

မြတ်လေးငုံဆီ အတွေးရောက်သွားရာမှ မိသားစုဆီသို့ ပါ စိတ်ပျံ့လွင့်သွားသော မေအောင်သည် ဒေါ်ညို၏ သတိပေး မှုကြောင့် ရေချိုးခြင်းကို အမြန်လက်စသတ်လိုက်ရလေသည်။

ထမင်းစားဝိုင်း၌ မြတ်လေးငုံ၏အကြောင်းကို ဒါလီ အောင်အား ပြောပြရန် ဆုံးဖြတ်လိုက်လေသည်။

ဒါလီအောင်အတွက် ထူးဆန်းအံ့သြဖွယ်ရာ လူ့လော က၏ ကျယ်ပြန့်မှုအကြောင်းကို ပုံပြင်သဖွယ် စိတ်ဝင်စားစွာ နားဆင်လိမ့်ဦးမည်ဟု သူယုံကြည်မိလေသည်။







# အခန်း (၄)

"ဆန်နီ မင်းမှာ ငွေလွယ်သလား၊ လွယ်ရင် မာမီကို ဆယ်သိန်းလောက် လှည့်ခဲ့ပါဦး"

မေအောင်၏ ခြေလှမ်းများသည် တုန့်ခနဲ ရပ်သွား သည်။ မလွယ်ဘူး ပြောလိုက်လျှင် ဘိုးဘွားဘီဘင် လက်ထက် ကတည်းက ရှိခဲ့သော စိန်ရွှေငွေတို့ကို လွယ်လင့်တကူ ချွတ်ပေး ကာ ကစားပစ်တတ်သည့် မိခင်၏ စိတ်ကိုသိနေသဖြင့်. .

"ရပါတယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ အတက်ချိကော့စ်ကို ဖွင့်လိုက်ပြီး ငွေငါး သိန်းကို ထုတ်ပေးခဲ့လိုက်သည်။

"သိုင့်ကျူး ဆန်နီ"

"ရပါတယ် မာမီ"

ဟု ပြောလိုက်သော်လည်း စိတ်ကတော့ မကောင်း လှပေ။ မိခင်၏အစွဲကို ချွတ်နိုင်ရန် သူကြိုးစားသင့်သည်။

အသင့်လာခေါ်သောကားနှင့် မိခင်လိုက်ပါသွားသည် ကို ညှိုးငယ်စွာ ငေးကျန်ရစ်သော ဒါလီအောင့်အနီးကပ်ကာ ခေါင်းကလေး ပုတ်လိုက်ပြီး. . .

"ဘေဘီ ပျင်းရင် မနေ့က ကိုကိုကြီး ငှားလာပေးတဲ့ ကာတွန်းကားကို ကြည့်၊ ကိုယ်ကိုတော့ သွားမရှုပ်နဲ့နော်. . နိုက်ဂျူတီကျပြီး အိပ်ချင်အိပ်နေမှာ၊ ဒယ်ဒီကော အိပ်တုန်းလား၊ အောက်ဆင်းလာတာ တွေ့သေးလား"

"ဟင့်အင်း"

တစ်အိမ်တည်းနေသော တစ်မိသားစု ဖြစ်ပါလျက် တစ်ယောက်ဘယ်သွားလို့ သွားမှန်းမသိ၊ ရှိလို့ရှိမှန်းမသိသော အဖြစ်က ဆန်းကျယ်သယောင်ဖြစ်နေသည်။

အနောက်တိုင်းဆန်သော မိခင်၏အုပ်ထိန်းခဲ့မှုကြောင့် လား၊ ဖခင်၏ ဘာသိဘာသာ နေတတ်မှုကြောင့်လား မသိ။

"ဒါဖြင့် ကိုကိုကြီးသွားမယ်"

"စောစော ပြန်လာခဲ့နော် ကိုကိုကြီး"

"ဒီနေ့တော့ ကိုကိုကြီး နောက်ကျမယ် ဘေဘီ၊ နိုင်ငံခြားဧည့်သည်ကို လေဆိပ်မှာ သွားကြိုစရာရှိတယ်"





ဒါလီအောင်၏ မျက်နှာလေး ညှိုးနွမ်းသွားသည်။

"ရွှေစာ"

"ရှင် ကိုကိုကြီး"

"ညည်းက ဘေဘီအနားမှာပဲ နေနော်"

"ရပါတယ်၊ ရွှေစာ လုပ်စရာရှိတာလုပ်ပါ၊ ဘေဘီ စာအုပ်ပဲ ဖတ်တော့မယ်"

မေအောင်သည် စိတ်မကောင်း ဖြစ်သွားသော်လည်း အလုပ်က ရှိသေးသဖြင့် ဒါလီအောင်ကို ကျောခိုင်းကာ အိမ်ထဲ မှ ထွက်ခဲ့လေသည်။

ပထမဦးဆုံး သူသွားလုပ်ရမည့် အလုပ်က သူ၏ရုံး လုလင်ကို ဝင်ခေါ်ပြီး ကျောက်မြောင်းရှိ မြတ်လေးငုံတို့ အိမ်သို့ သွား၍ ခန့်အပ်စာသွားပေးရန် ဖြစ်သည်။

ယခင်သူ့အတွက် စိတ်ဝင်စားစရာ မိန်းမသားနှစ်ဦးသာ ရှိခဲ့သည်။ ထိုသူများမှာ မိခင်နှင့် ညီမငယ်သာဖြစ်ပြီး ယခုတစ်ဦး တိုးလာသည်။ ၎င်းမှာ သူစိမ်းမိန်းမတစ်ဦးဖြစ်သော မြတ်လေးငုံ သာလျှင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

အိမ်ရှေ့မှ ခေါင်းလောင်းကလေး မြည်သံကြောင့် ဒေါ်ခင်ဆုံက ထွက်ကြည့်လိုက်သည်။

သူ မမြင်ဖူးသော သူစိမ်းတစ်ဦး ဖြစ်နေသည်။

“ဒီအိမ်က မမြတ်လေးငုံတို့ အိမ်ခန်းပါလား ခင်ဗျာ”

“ဟုတ်ပါတယ်ကွယ်၊ ဒါပေမယ့် သူမရှိဘူး၊ ကျောင်းသွားတယ်ကွဲ့”

“ကျွန်တော် အောင်ကုမ္ပဏီက ရုံးလုလင်ပါ၊ မမြတ်လေး





ငုံ့အတွက် အလုပ်ခန့်စာ လာပို့တာပါ ခင်ဗျာ”

ဒေါ်ခင်ဆုံမှာ ကြောင်တောင်တောင် ဖြစ်သွားသည်။ ခနေ့ကပဲ သမီးငုံက အင်တာဗျူးတွင် အရွေးတော်ပုံ မလှခဲ့ဘူးဟု ဆိုခဲ့သည်။ ယခု ခန့်စာရောက်လာသည်ဆိုတော့. . .

“ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ၊ ဒီစာအိတ်ကလေး လက်ခံထားပေးပါ”

သံပန်းတံခါးကြားမှ ထိုးပေးသော ရုံးသုံးချောစာအိတ် တလေးကို ဒေါ်ခင်ဆုံက ယောင်ယောင်နနနှင့် လှမ်းယူလိုက်သည်။

စာလာပို့သူက ပြန်ဆင်းသွားသည်။ ဒေါ်ခင်ဆုံက ချက်ချင်းပင် ဝရန်တာမှ ငုံ့ကြည့်လိုက်သည်။ သူတို့အထပ်သည် ဒုတိယထပ်ဖြစ်သဖြင့် အောက်ထပ်လမ်းဘေးတွင် ရပ်ထားသော ဘားတစ်စီးကို လှမ်းတွေ့လိုက်ရသည်။ ကားအမျိုးအစားတော့ ဘာမှန်းမသိသော်လည်း အဖိုးတန် ကားတစ်စီးဟုသာ သိထားသည်။

ထိုကားပေါ်သို့ စောစောက စာလာပေးသောလူငယ် တက်သွားသည်နှင့် ကားထွက်သွားသည်။ မှန်နက်များ တပ်ထားသဖြင့် ကားတွင်း၌ မည်သူမည်ဝါ ပါသည်ကို ဒေါ်ခင်ဆုံ မတွေ့မြင်လိုက်ရ။

ဒေါ်ခင်ရုံက အစ်မဖြစ်သူထံမှ အသံတိတ်နေသဖြင့် နောက်ဖေးဘက်မှ ထွက်လာပြီး. . .

“ဘယ်သူလဲ မဆုံ”

“မသိဘူး သမီးငုံ့အတွက် အလုပ်ခန့်စာ လာပေးသွား



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့"

"မြတ်စွာဘုရား၊ ဟုတ်ရဲ့လား မဆုံရယ်"

"ဩော်. . . ဟုတ်ပါတယ်ဆိုမှ အရုံကလဲလေ. . ကျား ကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ မေးနေပြန်ပြီ"

"ဒါဖြင့် ဖောက်ဖတ်လိုက်ရင် ကောင်းမလား၊ အို. . နေ ပါစေလေး သမီးငုံလာမှပဲ သူစိတ်တိုင်းကျ ဖောက်ပြီးမှ ကျွန်မတို့ မျှဝေပြီး ခံစားကြတာပေါ့"

"ဟုတ်ပါတယ်၊ တော်ကြာ အင်္ဂလိပ်လို ရေးထားတော့ လည်း နားမလည် ပါးမလည်နဲ့ မထူးပါဘူး"

ပြောပြောဆိုဆိုနှင့် ဒေါ်ခင်ဆုံက ချောစာအိတ်ကလေး ကို ဗီရိုအပေါ်၌ တင်ထားလိုက်သည်။

မေအောင်က ကားပေါ်ရောက်လာသော ရှုံးလုလင် မောင်မောင်အား. . .

"မင်း သူနဲ့တွေ့ခဲ့သလား"

"မတွေ့ခဲ့ပါဘူး၊ ဖြူဖြူသန့်သန့် ခန့်ခန့်ချောချော အမျိုး သမီးကြီးတစ်ယောက်နဲ့ပဲ တွေ့ခဲ့တယ်"

"သူ့အမေ ထင်တယ်"

"ဒါတော့ ကျွန်တော် မသိပါဘူး"

"ဘယ်သွားတယ်တဲ့လဲ"

"ကျောင်းသွားတယ်တဲ့"

"ကျောင်းသွားတယ်. . . "

မေအောင်သည် သံယောင်လိုက်မိသည်အထိ အံ့သြ သွားလေသည်။ သူမလျှောက်လွှာ၌ ပညာအရည်အချင်းတို





B.A (English) ဟုသာ ဖော်ပြထားသည်။

"ဟုတ်ကဲ့ဆရာ ကျောင်းသွားတယ်လို့ပဲ ပြောပါတယ်"

"အေးလေ အလုပ်ဝင်မှပဲ ထပ်မေးကြည့်တာပေါ့လေ"

မေအောင်က သိလိုစိတ်ကို မျိုသိပ်လိုက်သည်။ အမှန် တော့ သူ့အနေဖြင့် မြတ်လေးငုံကို လုပ်ငန်းအတွက် အသုံးမချ ချင်ပါ။ သူ၏အိမ်ထောင်ဖက် တစ်ယောက်အနေနှင့်သာ တစ်ခါ တည်း လက်ထပ်ယူလိုသည်။

သို့သော် ချစ်ခြင်းမပါသော အိမ်ထောင်ရေးကို သူ မတည်ဆောက်ချင်။ တစ်ဖက်သတ်အချစ်နှင့်လည်း မလိုလား။ ထို့ကြောင့် သူမနှင့်နီးစပ်ပြီး သူမထံမှ အချစ်ကိုရယူပြီး လက် ထပ်ခွင့်တောင်းမည်။ ထိုစီမံကိန်းသည် သူမအား တွေ့လိုက်ရ သည့်အချိန်၊ သူမ၏နှုတ်မှ "ကျွန်မဗုဒ္ဓဘာသာဝင် မြန်မာအမျိုး သမီးတစ်ယောက် ဖြစ်ရခြင်းကိုပဲ မြတ်နိုးဂုဏ်ယူတတ်သူ ဖြစ်နေ လို့ပါ" ဟူသော ရဲရင့်ပြတ်သားသော စကားကို ပြောလိုက်သည့် အချိန်မှစ၍ ဖြစ်သည်။

သူမ၏စကားက သူ့နှလုံးသားအိမ်ကို ကြည်မွေ့စေ သည်။ အနောက်တိုင်းနိုင်ငံများသို့ လှည့်လည်ခဲ့သူ သူ့အတွက် အမိမြန်မာပြည်မှလွဲ၍ ဘယ်မြေကမှ နေထိုင်၍မကောင်းဟု မြန်မာပီပီသူ ထင်မြင်ယူဆခဲ့သည်။

ဒီကြားထဲ လူတွေ့အင်တာဗျူးလာဖြေသူ မြန်မာမလေး များကို စိတ်ဓာတ်ကျခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု ပျောက်ကွယ် သလိုဖြစ်နေပြီလား။

သူ၏သံသယနှင့် စိတ်ဓာတ်ကို ပြောင်းလဲသွားစေသော



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံကို သူကျေးဇူးတင်သွားသည်။ တစ်ဆက်တည်း တစ်ခါမှ မကြုံဖူးသောရင်တွင်း လှုပ်ခတ်မှုမျိုးလှုပ်ရှားကာ မြင်မြင်ချင်း ချစ်သွားမိသည်။

"တီ. . တီ. . တီ"

"ဆရာ စိမ်းနေပြီလေ"

"ဩော်. . . အေး"

အတွေးနယ်လွန်မိခြင်းကို မေအောင်သဘောကျကာ ပြုံးလိုက်သည်။

မချစ်ဖူးသဖြင့် အရူးအမူး ဖြစ်မိခြင်းကို မြတ်လေးငုံက တော့ သိမည်မထင်။

သိအောင်တော့. . .။







# အခန်း (၆)

"မြတ်စွာဘုရား၊ ငွေတွေပါလား၊ ဒါဘာသဘောလဲ"

စာအိတ်အတွင်းမှ ထွက်လာသောငွေတစ်သိန်းကို ဒေါ်ခင်ဆုံအား ပေးလိုက်ပြီး အလုပ်ခန့်အပ်လွှာကို ဖတ်လိုက်သည်။

မြတ်လေးငုံ. . .

မင်းကို အလုပ်ခန့်လိုက်ပြီ။ ဝတ်ရုံကြေးတစ်သိန်းကိုလည်း ထည့်ပေးလိုက်သည်။ မင်းစိတ်တိုင်းကျ ဗမာ

www.burmeseclassic.com



အမျိုးသမီးဝတ်စုံပဲ ဝတ်ဆင်နိုင်ပါတယ်။ မင်းကတော့ မနက်ဖြန် အလုပ်စဆင်းရမယ်၊ ကျန်တဲ့ဝန်ထမ်းတွေအတွက် တူညီဝတ်စုံကို မင်းပဲစီစဉ်ပေးရမယ်၊ အသွားအပြန် အကြိုအပို့ရှိတယ်။ ပူးတွဲပါ လျှောက်လွှာမှာ အပြည့်အစုံဖြည့်စွက်ပြီး မနက်ဖန်မနက် ကိုးနာရီအရောက် ရုံးခန်းကို လာခဲ့ပါ။

ဦးဝဏ္ဏ (အုပ်ချုပ်ရေးမှူး)
အောင်သွင်းကုန် ထုတ်ကုန်မှုဏီ

မြတ်လေးငုံက မိခင်နှင့်ကြီးတော်ကို ဖတ်ပြလိုက်သည်။ ပြီးတော့ အင်္ဂလိပ်လိုသာ ကွန်ပျူတာနှင့် ရိုက်ထားသော ပုံစံရှိရာထူးနေရာ၌ ဆတ်ခက်တေရီ အတွင်းရေးမှူး ဟုရေးထားသဖြင့် ဝမ်းသာသွားသည်။

"ဆက်ခတ်တေရီတဲ့ မေရဲ့"

"ဘာလဲ"

"သြော်. . . အတွင်းရေးမှူးရာထူးပါ"

"လစာကော"

"သုံးသိန်းတဲ့"

"အို. . ညည်းဟာက များလှချည်လား၊ ရိုးရိုးသားသား အလုပ်ရော ဟုတ်ရဲ့လား သမီးငုံရယ်"

ရိုးသားသော အမေနှင့် ကြီးတော်မှာ မယုံကြည်နိုင်အောင်ဖြစ်နေရှာသည်။

"ရုံးချိန်က မနက်ကိုးနာရီကနေ ညနေခြောက်နာရီ အထိတဲ့. ."





"ဖယ်ရီ ရှိတယ်တဲ့ မေရဲ့ရယ်၊ အဲ. . . တစ်ပတ်မှာ နှစ်သက်ရာ နှစ်ရက် နားနိုင်တယ်တဲ့. . တော်သေးတာပေါ့ မေရဲ့ရယ်၊ သမီးငုံ ကျောင်းဆက်တက်လို့ ရသေးတယ်၊ အတော်ပဲ ကျူတိုရီရယ်ရှိတဲ့ ရက်ကို နားရက်ယူလိုက်မယ်"

မြတ်လေးငုံသည် တက်ကြွလန်းဆန်းနေသည်။

"အဲ. . . ခြွင်းချက်တစ်ခုတော့ ရှိသေးတယ် မေဆုံနဲ့ မေရဲ့"

"ဘာတဲ့လဲကွယ်"

"ကုမ္ပဏီနဲ့ ဆက်နွယ်တဲ့ နိုင်ငံခြားသား ဧည့်သည်များ ရောက်ရှိလာပါက အကြိုအပို့နှင့် ညစာဧည့်ခံရေးတို့၌ အတွင်းရေးမှူးလိုက်ပါရမည် ဆိုပါလား၊ အဲဒါမှ ဒုက္ခပဲ"

ဦးမေအောင် ဆိုသူ၏အသက်အရွယ်သည် မိမိထက်ကြီးလှမှ ငါးနှစ်ခြောက်နှစ်ဟု မြတ်လေးငုံက ခန့်မှန်းလိုက်သည်။

ပြီးတော့ သူ၏အကြည့်။ သူ၏အကြည့်က စူးစူးရဲရဲ ရှိသည်။ မျက်လုံးများက တောက်ပသည်။ ထိုတောက်ပသော မျက်လုံးအစုံ၌ အကြည်ဓာတ်များ ရောယှက် ပါဝင်နေသည်ဟု မြတ်လေးငုံ အလိုအလျောက် သိနေသည်။

"ဒီလိုဆိုရင်လဲ မလုပ်နဲ့ပေါ့ သမီးငုံရယ်"

"ဒီလိုဆိုတော့လဲ မဖြစ်သေးပါဘူး မေရဲ့ရယ်၊ လုပ်ကြည့်တာပေါ့၊ မဟန်တော့လဲ ပြန်ထွက်လိုက်ရုံပဲ၊ သမီးငုံကို မေမေက မြန်မာ့ရိုးရာ သိုင်းပညာကို သင်ကြားပေးထားတာ မေရဲ့တို့ မေ့နေပြီလား"

"ဒါတော့လဲ ဒါပေါ့၊ ဒါပေမယ့် မေရဲ့တော့ စိုးရိမ်တယ်



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်"

"စိတ်ချပါ မေရုံ၊ သမီး လောကကို ရင်ဆိုင်ရဲပါတယ်၊ အမှားအမှန်လဲ ပိုင်းခြားနိုင်စွမ်း ရှိပါတယ်"

"ဦးဝဏ္ဏဆိုတာ ဘယ်အရွယ် ရှိပြီလဲ"

"မေအုံတို့ အရွယ်လောက်ပဲ"

"ဒါဖြင့် ဘာကြီးသေးလို့လဲ"

"မေရုံတို့အရွယ် အမျိုးသမီးကြီးတစ်ယောက်လဲ ရှိသေးတယ် မေဆုံရဲ့"

"ဟုတ်လား"

"စိတ်ချပါ မေဆုံနဲ့ မေရုံရယ်၊ ရုံးဆိုတာ လူအများကြီးနဲ့ ဖွဲ့စည်းထားတာပါ၊ ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူး၊ လူတွင်ပါမှ နွားကျားကိုက်တာပါ။ သမီးငုံကို စိတ်ချပါ"

ရိုးရိုးကုပ်ကုပ်လေးနှင့် ဇာတိမြို့လေး၌သာ အိမ်တွင်းပုန်းကြီးပြင်းခဲ့သူ မိခင်ကြီးနှင့် ကြီးတော်၏ စိုးရိမ်ပူပန်မှုကို မြတ်လေးငုံ မနည်းဖြေသိမ့်မှု ပေးနေရသည်။

"ဒီလိုဆိုရင် သမီးငုံ အိမ်စောင့်လိုက်ဦး၊ မေဆုံတို့ အညောင်းပြေ အကျီတွေပို့ရင်း ခင်အုံဆီပါ ဝင်ပြောပြလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ၊ မိုးမချုပ်စေနဲ့နော်၊ သမီးငုံ ထမင်းစားစောင့်နေမှာ"

"အေးပါ"

ညီအစ်မနှစ်ယောက် ထွက်သွားသည်နှင့် သံပန်းတံခါးကို သော့ခတ်ပြီး အိမ်တွင်းသို့ ဝင်ခဲ့သည်။

မြတ်လေးငုံသည် အဝတ်အစားလဲပြီး လုပ်စရာအလုပ်





များကို ရှာဖွေ၍ လုပ်နေလိုက်သည်။

အလုပ်ရှိနေခြင်းသည် စိတ်ကို တည်ငြိမ်စေသည်။ သို့တိုင်အောင် "မနက်ဖြန်" ဟူသော ကာလအတွက် စိတ်ကို လှုပ်လှုပ်ရှားရှား ဖြစ်စေသည်။

မနက်ဖြန်အတွက် ဝတ်ဆင်စရာ အဝတ်အစားကအစ မီးပူပြန်ထိုးကာ အဝတ်ဆင်လေး၌ ချိတ်ထားလိုက်သည်။ လွယ်အိတ်အစား သားရေအနက်ရောင် စလင်းဘက်အိတ်ကလေးကို တော့ ထုတ်လိုက်သည်။ မေဆုံကိုယ်တိုင် ယက်လုပ်ပေးထားသော ကြိမ်ခြင်းတောင်းလေးကိုလည်း အဝတ်ဖြင့်အသာသုတ်လိုက်သည်။ ပေါ်လစ်ရောင် ပြောင်လက်နေသည်။

မိမိဆရာမဖြစ်လျှင် ကိုင်စေရန်ဟု ရည်စူးပြီး မေဆုံက သူမတတ်ထားသော လက်မှုပညာဖြင့် ချောင်းဆုံအိမ်ကြီးမှာနေစဉ်ကတည်းက ယက်လုပ်ခဲ့သော ဒီဇိုင်းသုံးမျိုးနှင့် ကြိမ်ခြင်းတောင်းများကို မြတ်လေးငုံသည် ထင်ရှူးသေတ္တာတွင်း တရိုတသေ ထည့်သိမ်းထားခဲ့သည်။

မြတ်လေးငုံသည် မနက်ဖြန်အတွက် အဆင်သင့် ပြင်ဆင်ပြီးမှ ကြက်မွေးတစ်ချောင်း ကိုင်ရင်း မရှိသော ဖုန်များကိုလည်း လှည်းရင်း ဗီရိုသော့တန်းလန်း ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ဖွင့်လိုက်သောအခါ စောစောက မိမိပေးလိုက်သော ငွေတစ်သိန်းကို စုဆောင်းရန်ထားသည့် ပိုက်ဆံအိတ်အတွင်း ထည့်ထားသည်ကို တွေ့လိုက်ရသဖြင့် မြတ်လေးငုံ ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

မိခင်နှင့် ကြီးတော်သည် မိမိရလာမည့် လစာကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သောအခါမှ သုံးလိမ့်မည် မဟုတ်ကြောင်းနှင့် မိမိအတွက် စုဆောင်းထားလိမ့်မည်ဖြစ်ကြောင်းပင်၊ မိခင်များ၏ စေတနာမေတ္တာကို အပြည့်အဝ ရရှိနားလည် ခံစားနေရသော မြတ်လေးငုံသည်လည်း မိခင်အပေါ်၌ ကျေးဇူးတရားသိတတ်ပြီး ပေးဆပ်ချင်သည်မှာ မေတ္တာတရား၏ တန်ပြန်သက်ရောက်မှု ထင်ပါသည်။

မြတ်လေးငုံ သက်ပြင်းချလိုက်သည်။ သို့သော် ရင်ထဲမှာတော့ နွေးထွေးနေသည်။







# အခန်း (၇)

မြတ်လေးငုံသည် စလင်းဘက်အိတ်ကလေး လွယ်ကာ ကြိမ်ခြင်းတောင်းကလေးဆွဲပြီး သီတာမှတ်တိုင်၌ ရပ်လိုက်သည်။ ကိုးနာရီခွဲဆိုသော အချိန်သည်လူတွေ ဗျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြပြီဖြစ်သည်။

လိုင်းကား၊ ကြားကားများကလည်း အပြည့်ပင်ဖြစ်ရာ မြတ်လေးငုံ စိတ်မောသွားသည်။ ကိုးနာရီအထိဟူသော အချိန်က အမီမရောက်ခဲ့လျှင်. . .။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံ ဆက်မတွေးမိအောင် ဖြစ်သွားသည်။

သို့သော်. . .

"အချိန်ကို လေးစားပါ သမီးငုံ၊ တစ်မိနစ်, နှစ်မိနစ် လွဲရုံ၊ နောက်ကျရုံပဲဟာ ကိစ္စမရှိပါဘူး မပြောနဲ့၊ တစ်မိနစ်ပေါင်း များလာရင် နာရီပေါင်း များလာမယ်၊ ဆုံးရှုံးနစ်နာမှုတွေလဲ များမယ်၊ အဲဒီအခါလူဟာ အချိန်ကို မလေးစားသူအဖြစ် တန်ဖိုး ကျလာလိမ့်မယ်၊ အချိန်ကို မလေးစားတဲ့လူဟာ တန်ဖိုးရှိတဲ့ လူတစ်ယောက် ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး သမီးငုံ၊ အဲဒါ မြဲမြဲ မှတ်ထားပါ"

ဖခင်၏ ဆုံးမစကားက သူမ၏ အာရုံတွင်ပြန်လည် မြည်ဟီးလာသဖြင့် နာရီကိုကြည့်လိုက်သည်။

"ရှစ်နာရီခွဲ"

"ဘုရား. . ဘုရား၊ နာရီဝက်အတွင်း ပန်းဆိုးတန်းကို ရောက်နိုင်ပါ့မလား"

"တက္ကစီငှားသွားရင် ကောင်းမလား"

ဗွီဟစိတ်များဖြင့် ဝေခွဲရ ခက်နေစဉ်. . .

"မမြတ်လေးငုံ ဆရာခေါ်ခိုင်းလိုက်ပါတယ်"

"ရှင်"

မိမိ၏ နားသို့လူတစ်ယောက် လာရပ်ပြီးခေါ်သည်။ မှတ် ဉာဏ်ကောင်းသော မြတ်လေးငုံက ထိုသူကို ချက်ချင်းမှတ်မိ လိုက်သည်။

အောင်ကုမ္ပဏီရုံးခန်းတွင်း၌ ဖိုင်များကိုင်ကာ မိမိအား နေရာပေးသူဖြစ်သည်။





ထိုသူ ညွှန်ပြရာဘက်သို့ လှမ်းကြည့်လိုက်တော့. . .

လန်ခရူစာ အနက်ရောင်တစ်စီးသည် ဘတ်စ်ကားမှတ် တိုင်နှင့် မလှမ်းမကမ်း၌ ရပ်နေသည်။

ကားမောင်းသူနေရာ၌ ဦးမေအောင်ဆိုသူကို တွေ့ လိုက်ရသည်။

"ရုံးကို တစ်ခါတည်း လိုက်ခဲ့ပါတဲ့"

"ကောင်းပြီလေ"

မြတ်လေးငုံ ငြင်းပယ်၍ မရနိုင်။ အလုပ်ရှင်နှင့် အလုပ် သမားဆိုသည်မှာ အမြဲတမ်း ပတ်သက်နေရမည်ပင်။

မြတ်လေးငုံ ကြွန္ဒြေရစွာပင် ရုံးလုလင်နောက်မှ လိုက်ခဲ့ သည်။ ရုံးလုလင်က နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်ပြီး ဝင် ထိုင်လိုက်ကြသည်။

"ရပါပြီ ဆရာ"

မြတ်လေးငုံ ဦးမေအောင်ကို ဘာစပြောရမှန်း မသိ အောင်ဖြစ်နေသည်။

ထိုနည်းတူစွာပင် မေအောင်ကလည်း မြတ်လေးငုံကို ဘာစကားပြောသင့်သည်ကို အပြေးအလွှား စဉ်းစားလိုက်သည်။

"မြတ်လေးငုံ"

"ရှင်"

"မနက်ဖြန်မနက် ရှစ်နာရီခွဲမှာ အိမ်ကပဲ စောင့်နေပါ၊ ကားလာခေါ်လိမ့်မယ်"

"ဟုတ်ကဲ့ပါဆရာ၊ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ဒါ. . အောင်ကုမ္ပဏီရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတွေရဲ့ ရပိုင်ခွင့် အခွင့်အရေးတစ်ရပ်ကို မင်းရလိုက်တာပါပဲ"

"ဟုတ်ကဲ့ပါ အဲဒီရပိုင်ခွင့်တွေကို ဖန်တီးပေးတဲ့ ကုမ္ပဏီနဲ့အုပ်ချုပ်သူတွေကို ကျွန်မကျေးဇူးတင့်သင့်တယ်ထင်လို့ တင်တာပါဆရာ"

မေအောင်က စကားအရ ကျွမ်းကျင်သောမြတ်လေးငုံကို အရှုံးပေးလိုက်သည်။

"မြတ်လေးငုံ ကျောင်းနေတုန်းပဲလား"

"ဘာဖြစ်လို့ မေးတာလဲ ဆရာ"

"ကိုယ့်ကို မေးခွန်း ပြန်မထုတ်နဲ့လေ မြတ်လေးငုံ၊ ကိုယ်မေးတာကို အမှန်အတိုင်း ဖြေပါ"

"ဟုတ်ကဲ့ ကျွန်မ မာစတာ ဆက်တက်နေပါတယ်"

"အဲဒါ မင်းလျှောက်လွှာထဲမှာ ဘာဖြစ်လို့ မရေးသလဲ"

"ကျွန်မကို အလုပ်မခန့်မှာ စိုးလို့ပါ"

မီးပွိုင့်စိမ်းသွားသဖြင့် မေအောင် ကားမောင်းထွက်ခဲ့သည်။ သူ့ရင်ထဲ၌ မြတ်လေးငုံ၏ အဖြေကြောင့် ကရုဏာသက်သွားသည်။

"ခု . . မင်း အလုပ်ရတော့ မင်းပညာရေး အနှောင့်အယှက် ဖြစ်သွားမှာပေါ့"

"စာမေးပွဲဖြေဖို့ နှစ်လနီးပါးပဲရှိတော့တယ်ဆရာ၊ အဲဒါပြီးရင် သီး(စ်)စစ်တင်ရုံပဲ ရှိပါတယ်ဆရာ၊ ဒီအတွက်တော့ ကိုယ့်တမ်းပေပါဆရာကို အသနားခံပြီး အားလပ်ချိန်တွေမှာ ညှိနှိုင်းဆောင်ရွက်လို့ ရပါတယ်ဆရာ"





"တော်သေးတာပေါ့ကွာ၊ ဒီလိုဆို ပညာရေးနဲ့ ပတ်သက်ပြီး လိုအပ်တဲ့အခက်အခဲတွေ မင်းကိုယ့်ကို အမှန်အတိုင်း ဖွင့်ပြောပြီး အခွင့်အရေးတစ်ရပ် တောင်းဆိုနိုင်တယ်၊ မင်းတင်မဟုတ်ပါဘူး ဝန်ထမ်းအားလုံးရဲ့ ပညာရေး၊ လူမှုရေး အခက်အခဲမှန်သမျှ သင့်တော်သလို စီစဉ်ပေးဖို့ ကိုယ် ဦးဝဏ္ဏကို ပြောထားပါ့မယ်"

မြတ်လေးငုံ ဦးမေအောင်ကို ကျေးဇူးတင်သွားသည်။

ကိုယ့်မြန်မာအမျိုးသား ဦးစီးသောကုမ္ပဏီမှာ အလုပ်ရခြင်းသည် မိမိအား ကံတရားက မျက်နှာသာပေးခြင်းသာ ဖြစ်ပေမည်။

"ဒါပေမယ့် အလုပ်ကိုတော့ အားလုံးဟာ ကိုယ့်ရဲ့ ကိုယ်ပိုင်လုပ်ငန်းလိုပဲ သဘောထားပြီး ကြိုးကြိုးစားစား ဝိုင်းလုပ်ဆောင်ကြရမှာပဲ"

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်မ ကြိုးစားပါ့မယ်"

စကားစ ပြတ်သွားသည်။ မြတ်လေးငုံသည် မည်သူမှ ပြောစရာမလိုဘဲ ဦးမေအောင်သည် အောင်ကုမ္ပဏီပိုင်ရှင်သူဌေးဖြစ်ကြောင်း သိရှိလိုက်ရလေသည်။

"ဪ . . နောက်တစ်ခု ပြောရဦးမယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာ"

"လုပ်ငန်းတစ်ခုမှာ အလုပ်အများဆုံးနဲ့ အရေးအပါဆုံး ဌာနဟာ ဘာဌာနလဲ"

"ဆက်ခက်တေရီပါ ဆရာ၊ ကျန်ဝန်ထမ်းတွေလဲ သူ့နေရာနဲ့သူ မရှိမဖြစ် အရေးပါတာချည်းပါပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံသည် ဦးမေအောင် လိုချင်သော အဖြေကို လည်း ပေးသည်။ ဦးမေအောင်ကလည်း မြတ်လေးငုံ၏ ပါးနပ်မှုကို သဘောကျသည်။

"ကိုင်း ဟုတ်ပါတယ်၊ မင်းရောက်ရောက်ခြင်း ဦးဝဏ္ဏဆီမှာ သတင်းပို့ လက်မှတ်ထိုးပြီး အန်တီခိုင်နဲ့ ဝန်ထမ်းဝတ်စုံအတွက် ဈေးသွားဝယ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

ကုမ္ပဏီဖွင့်ရက် မတိုင်ခင်တော့ ကြုံရာအလုပ်ပဲ လုပ်ကြရဦးမှာပဲ"

"ကျွန်မ သဘောပေါက်ပါတယ်ဆရာ"

သို့နှင့် ကားသည် ပန်းဆိုးတန်း အောက်ကုမ္ပဏီရှေ့သို့ ရောက်ရှိလာလေသည်။

"ကိုင်း မင်းတို့ဆင်းနေခဲ့ကြတော့ ငါဆိပ်ကမ်းသွားစရာရှိသေးတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

မြတ်လေးငုံ ကားပေါ်က ဆင်းလိုက်သည်။

ရှုံးလုလင်ကလည်း လိုက်ဆင်းသည်။

မြတ်လေးငုံကို ထားခဲ့ပြီး ထွက်လာရခြင်းကိုပင် မေ အောင့်ရင်ထဲ၌ မကျေမနပ်ဖြစ်နေသည်။ သူ့ရင်ထဲ၌ သူသွား လေရာရာသို့ မြတ်လေးငုံအား ခေါ်ဆောင်သွားချင်နေသည်။







# အခန်း (၈)

"မေဆုံကော မေရှုံ"

"သမီးငုံ နားလိုက်ဦးလေ"

အလုပ်မှ ပြန်ရောက်ရောက်ခြင်း ကြီးတော်ကို မတွေ့ရ မြတ်လေးငုံက အနေတကော မေးလိုက်သည်။

မြတ်လေးငုံက ရေတစ်ခွက် သောက်လိုက်ပြီး

"ဟင် မေရှုံ၊ မေရှုံကောဆို"

"မေအုံလေ ဗိုက်နာလာလို့ ဆေးရုံလိုက်ပို့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဟုတ်လား၊ ဘယ်တုန်းကလဲ မွေးပြီလား"

"ညနေ လေးနာရီကပဲ၊ မွေးမမွေးတော့ မသိသေး ပါဘူး"

မြတ်လေးငုံက အသိုင်းအဝန်းနည်းသော သူတို့၏ ဆွေ မျိုးအသိုက်အအုံထဲသို့ အသစ်ရောက်လာမည့် မျိုးဆက်သစ် အတွက် လူငယ်ပီပီ ဝမ်းသာအားရ ဖြစ်သွားသည်။

"ဦးလေးဝင်းကော"

"ပါသွားတာပေါ့ သူ့မိန်းမမွေးမယ့်ကိစ္စပဲဟာ"

"ဘုရားသိကြားမလို့ မောင်လေး မွေးပါစေ"

ဒေါ်ခင်ရှိက သမီးဖြစ်သူအား ကြည့်ပြီး သူမကိုယ် အပျော်ကူးစက်လာသည်။ ဟုတ်သားပဲ။ ညီမဖြစ်သည့် ခင်အေး သည် ချစ်သူရည်းစားရှိလျက် သူတို့အား ငဲ့ညှာကာ အိမ်ထောင် ပြုခြင်းကို လေးငါးနှစ် နောက်ဆုတ်ခဲ့သဖြင့် ယခုသုံးဆယ် ခြောက်နှစ်အရွယ်မှ မွေးဖွားခြင်းသည် အသက်နှစ်ဆယ်အရွယ် မှာ မွေးဖွားသော မိမိထက်တော့ ခက်ခဲရာလိမ့်မည်။ ကရုဏာ စိတ်ကလေးဖြင့် အင်္ဂုလိမာလသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပေး လေသည်။

"အတော်ပဲ မနက်ဖြန် သမီးငုံအတွက် ဟောလီးဒေး မေရှိ သမီးဆရာမနဲ့ သွားတွေ့ပြီးရင် မေအုံကို သမီးသွားစောင့် ပေးမယ်၊ ဦးဝင်း. . နားပါစေ၊ ဒါဖရင်က ပိုက်ဆံခန်းမှာကော ဟုတ်ရဲ့လားမေရှိ"

"ဟုတ်ပါတယ် သမီးငုံရယ်. . ၊ မောင်ဝင်းက စုထား ဆောင်းထားတာတွေ ဒီနေရာမှ မသုံးရင် ဘယ်နေရာမှာ သုံး





ညဲ သူ့မိန်းမကို တုန်နေတာပဲ၊ သူ့မျက်နှာက ဆီးရွက်လောက်ပဲ ရှိတော့တယ်"

မြတ်လေးငုံက ပြုံးကာ. . .

"ဖေဖေတုန်းကလဲ မေရှိကို ဒီလိုပဲ မှတ်လား"

"အင်းပေါ့ . . . ကြည့်စမ်း သမီးငုံက မေရှိကို ပြန်အ ငိုက်ဖမ်းတယ်ပေါ့၊ ကိုင်း. . သွားသွား တအောင့်နားပြီး ရေချိုး တော့၊ ပြီးရင် ထမင်းစားမယ်"

"မနက် ဘယ်သူသွားစောင့်နေမှာလဲ"

"မေရှိပေါ့"

"ဘယ်အချိန်သွားမှာလဲ"

"ငါးနာရီခွဲ မောင်ဝင်းက သူ့အငှားကားကို မှာထား တယ်၊ မေရှိကို ပို့ပေးပြီး မေဆုံကို ပြန်ခေါ်ခဲ့ဖို့"

"အတော်ပဲ သမီးငုံပါ လိုက်မယ်၊ မေရှိ အဲဒီကနေမှ မိန်းကို တန်းသွားတော့မယ်နော်"

"အေးအေး ကောင်းသားပဲ"

မြတ်လေးငုံက သီချင်းလေး တအေးအေးဖြင့် ရေချိုး ခန်းသို့ ဝင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

"ကိုကို့ကို ဒါလင် မပြောချင်လို့ ကြည့်နေတာ ကြာပြီ နော်ကိုကို၊ ဒါကို အဟုတ်ထင်မနေနဲ့"

"တိုးတိုးပြောစမ်း ဒါလင်၊ ကလေးတွေ အိပ်နေပြီ ထင်တယ်၊ နိုးသွားဦးမယ်"

မိဘနှစ်ပါး၏ အသံကြောင့် တစ်ရေနိုးလာသော မေအောင်သည် နာရီကို လက်နှိပ်မာတ်မီးဖြင့် အသာထိုးကြည့်လိုက်သည်။





ညတစ်ချက်တီးနေပြီ။ အသာအယာ ခြေကိုဖွနင်းကာ တံခါးဝ၌ ရပ်လိုက်သည်။

"ညက တွေ့ခဲ့တဲ့ဟာမက ကိုကိုရဲ့ ဘယ်နှယောက်မြောက်လဲ ကိုကို"

"မဟုတ်တာတွေ မင်းမပြောစမ်းနဲ့"

"ဘာမဟုတ်တာလဲ၊ ဒါလီဆိုတဲ့ မိန်းမက ကန်းမနေဘူး၊ ထိုင်းမနေဘူး၊ မျက်စိရှိတယ်၊ နားရှိတယ်၊ ရှင်ဘယ်လှမ်းလှမ်းနေရင် ဘယ်လိုရှိတယ်ဆိုတာ သိပြီးသား၊ ကိုယ့်လင်ရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာပြီး ရေငုံနှုတ်ပိတ်နေခဲ့ပေမယ့် ရှင့်ဟာက တရားလွန်လာပြီ ထင်တယ်"

"နေစမ်းပါ ဒါလင်၊ မင်းလဲ မင်းကြိုက်တာ မင်းလုပ်တယ်၊ မင်းသာယာမှု မင်းရှာတယ်၊ ငါ တားဘူးသလား၊ ငါလဲ ငါ့သာယာမှု ငါရှာတယ်၊ အဲဒါ ဘာဖြစ်သလဲ၊ ငါဘယ်သူ့ကိုမှ တရားဝင် မယူဘူး၊ စိတ်ချ မင်းပိုင်ဆိုင်မှုကို ဘယ်သူမှ ခွဲဝေမယူစေရဘူး"

မေအောင်သည် မိမိနားကို မိမိ မယုံကြည်အောင် ဖြစ်သွားရသည်။

ဆေးရုံဆေးခန်း အကြောင်းပြကာ မိုးလင်းမှ မိုးချုပ် အိမ်မှာမနေတတ်သော ဖခင်၏အကြောင်းကိုလည်း စိတ်မကောင်းစွာ သိရှိလိုက်ရသည်။

မိခင်အကြောင်းကတော့ ငယ်စဉ်ကတည်းက အိမ်မှာတစ်မျိုး၊ အခြားအိမ်မှာတစ်မျိုး ပိုကာဒေါင်းနေတတ်သည်ကိုတော့ သိပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းခြင်းကြီးစွာဖြင့် . . အိပ်ခန်းသုံး ရေခဲသေတ္တာအတွင်းမှ ရေသန့်ပုလင်းကို ယူသောက်လိုက်သည်။

သို့သော် ရင်တွင်းအပူကို ရေခဲရေက မနိုင်ချေ။

အိပ်ရာတွင်း ပြန်ဝင်လိုက်သည်။ မိုးစင်စင် လင်းသည်အထိ သူအိပ်မပျော်တော့ချေ။ မိုးလင်းလင်းခြင်း ဘယ်ကိုသွားရမှန်း မသိအောင်ဖြစ်နေသည်။ နောက်ဆုံး ဒါလီအောင်ရှိရာအောက်ထပ်သို့ ဆင်းခဲ့လေသည်။

ဒါလီအောင်သည် ကက်ဆက်ဖွင့်ကာ နားထောင်နေသည်။ သူမ၏အထီးကျန်မှုကို သူမဘာသာသူမ ဖြေရှင်းနေရှာသည် ထင်ပါသည်။

"ဂွတ်မောနင်း ဘေဘီ"

သူ၏နှုတ်ဆက်သံ ကြားလိုက်သည်နှင့် ဒါလီအောင်မျက်နှာလေး ဝင်းပသွားပြီး ကက်ဆက်ကို ပိတ်ကာ. . .

"မောနင်း ကိုကိုကြီး"

"နေကောင်းတယ်နော် ဘေဘီ"

"ကောင်းပါတယ် ကိုကိုကြီး"

"ဒါဖြင့် ကိုကိုကြီး ပြောမယ်၊ ဒယ်ဒီဆင်းအလာကို ဧည့်ခန်းကနေ စောင့်နေ၊ ကိုကိုကြီးလဲ စောင့်မယ်၊ ပြီးရင် ဒယ်ဒီ့ကိုပြော"

"ဘာပြောရမှာလဲ ကိုကိုကြီး"

"ဘေဘီ့ခြေထောက်ကို ပြန်ကောင်းအောင် လုပ်ပေးလို့ မရဘူးလား ဒယ်ဒီလို့"

"ဟင်"





ဒါလီအောင် မျက်လုံးကလေး ဝိုင်းစက်သွားသည်။

"လုပ်လို့မရလို့ မလုပ်ပေးတာဆို"

"ဘာပဲဖြစ်ဖြစ် နိုင်ငံခြားမှာ ကုလို့ရချင်လဲ ရမယ်၊ ဒယ်ဒီနည်းနည်း ဆွေးနွေးရအောင်"

မေအောင် ညကရရှိလာသော အကြံဉာဏ်ဖြင့် ဒါလီအောင်ကို အကြံပေးနေသည်။

သူတို့၏ ဖခင်သည် သမီးထွေးလေး ဒါလီအောင်ကိုတော့ အချစ်ပို၊ အသနားပိုသည်ဟု မေအောင်က ယူဆသည်။ ထို့ကြောင့် ဖခင်၏ အသည်းကို ကိုင်လှုပ်လိုက်ရန် သူစဉ်းစားထိတ်မိသည်။

"တကယ်လို့ ကိုကိုကြီး ရုံးသွားတဲ့အချိန်အထိ ဒယ်ဒီဆင်းမလာသေးရင်လဲ ဘေဘီဘဲ ကြည့်ပြောလိုက်၊ ကိုကိုကြီးအားရင် ဖုန်းဆက်မယ်"

"အိုကေ"

ဒါလီအောင်၏ မျက်နှာလေးက မျှော်လင့်ချက် ရောင်နီသွေးယှက်သန်းမှုကြောင့် လန်းဆန်းသွားသည်။

မေအောင်ကတော့ ရင်ထဲ၌ လေးလံလျက်ရှိသည်။

"ကိုင်း. . ကိုကိုကြီး ရေသွားချိုးလိုက်ဦးမယ်၊ ဒီနေ့မှကွာ အလုပ်တွေကလဲ ရှုပ်လိုက်တာ"

မေအောင်အတွက် ဒီနေ့လိုနေ့မျိုးကို အလုပ်မသွားဘဲ နေလိုက်ချင်သည်။ အဘယ်ကြောင့်ဆိုသော် ဤနေ့အဂါနှင့် သောကြာသည် မြတ်လေးငုံ၏ အနားယူရက် ဖြစ်နေသောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံ၏ လုပ်ရည်ကိုင်ရည် ရှိမှု၊ သွက်လက်မှုတို့ကြောင့် ဦးဝဏ္ဏရော ဒေါ်သက်သက်ခိုင်ပါ သဘောကျကြသည်။

လုပ်ငန်းကိစ္စအဝဝ၌ သူမ၏ အကြံဉာဏ်များပင် ပါဝင်လာသည်။ အောင်မြင်မှုရှိသဖြင့် သူ့အနေနှင့်အတိုင်းထက်အအလွန် ဝမ်းသာရသည်။

မေအောင်သည် မြတ်လေးငုံထံ ရောက်ရှိသွားသောအာရုံကို ဖြတ်တောက်ပြီး ရေချိုးခန်းသို့ ဝင်ခဲ့လေသည်။

ရေချိုးပြီး လန်းဆန်းသွားစေရန် ပေါင်မုန့်ထောပတ်သုတ်နှင့် ဘလက်ခ်ကော်ဖီလေး သံပရာစိတ်ကလေး ညှစ်သောက်လိုက်သည်။ သို့တိုင်အောင် ဖခင်က ဆင်းမလာသေး။ နာရီကြည့်လိုက်သောအခါ ရှစ်နာရီ ရှိနေပြီဖြစ်သဖြင့် ဒါလီအောင်ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။

"ကိုကိုကြီး ပြောတာတွေ မမေ့နဲ့နော်"

"ဟုတ်ကဲ့ ကိုကိုကြီး ဘိုင့်"

"ဘိုင့် ဘေဘီ"

မေအောင်သည် ကားကိုမြတ်လေးငုံအိမ်ရှိရာ ကျောက်မြောင်းသို့ ဦးတည်လိုက်သည်။ မြတ်လေးငုံနှင့်တွေ့လျှင် အကြောင်းပြရမည်သာ။

"မနေ့က ရောက်လာတဲ့ ကုန်ပစ္စည်းစာရင်း မင်းဆီပါသွားသလားလို့"

ဟု အမှန်တော့ ထိုစာရင်း သူ့ဖိုင်ထဲကို ရောက်ရှိပြီးဖြစ်သည်။

မြတ်လေးငုံတို့ တိုက်ရှေ့ကားရပ်ပြီး အပေါ်ထပ်သို့





တက်ခဲ့သည်။

"ဟင်"

မေအောင် အမောဆို့သွားရသည်။ သံပန်းသံတံခါးရော၊ သစ်သားတံခါးမကြီးပါ နှစ်ထပ်သော့ခတ်ထားလေသည်။

မေအောင် လေးထန်သောခြေလှမ်းဖြင့် ပြန်ဆင်းလာသည်။

အားလပ်ရက်များတွင် မြတ်လေးငုံ ဘယ်သွားနေသနည်း။

ဘုရား. . ဘုရား။ သူမမှာ ချစ်သူရည်းစားတွေ ဘာတွေများ ရှိနေသလား။ မိမိများ နောက်ကျနေပြီလား။

ကျောင်းသွားတာပဲ ဖြစ်ပါစေ။

မေအောင်သည် အတွေးကို စိုးမိုးနိုင်လွန်းသော မြတ်လေးငုံကို သက်ပြင်းချကာ ဖယ်ရှားလိုက်ပြီး ကားကို မောင်းထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

"ဟော သမီးငုံတောင် ပါလာတယ်၊ အတော်ပဲ အရှင့်သမီးငုံ သူ့ကိုကြည့်စမ်း၊ မှတ်မိလားလို့"

မြတ်လေးငုံတို့ ဗဟိုအမျိုးသမီးဆေးရုံရှိ ဒေါ်ခင်ဇော် ဆေးရုံတက်ရာ အခန်းသို့ ရောက်လျှင်ရောက်ခြင်း ဂျူတီကုတ် အင်္ကျီအဖြူနှင့် လူတစ်ယောက်ကို ရည်ညွှန်းကာ မေးမြန်းလိုက်သည်။

မြတ်လေးငုံကို ထိုသူအား ကြည့်လိုက်သည်နှင့် ဖျတ်





ခနဲ မှတ်မိလိုက်သည်။

ချောင်းဆုံ အထက်တန်းကျောင်းမှ မိမိထက် အတန်း တစ်တန်းကြီးသော ကျောင်းသားတစ်ဦးဖြစ်သည်။ ထို့အပြင် ဖခင်ကြီး၏ တပည့်လည်း ဖြစ်သည်။ ထို့ကြောင့် သူ၏ နာမည်ကို မြတ်လေးငုံ စွဲစွဲမြဲမြဲ မှတ်မိနေသည်ဖြစ်ရာ. .

"သမီးငုံသိပါတယ် မေဆုံ၊ ချောင်းဆုံက မင်းရဲမွန် မှုတ်လား"

"ဟုတ်ပါတယ် မမြတ်လေးငုံ၊ မမျှော်လင့်ဘဲ ခုလို ပြန်တွေ့ရတာကိုပဲ ကျွန်တော်အထူး ဝမ်းသာပါတယ်"

မင်းရဲမွန်၏ ချောမောသောမျက်နှာက ယခုအခါ ခန့်ညားမှုပါ ဖြည့်စွက်လိုက်သဖြင့် အလွန်ကျက်သရေ ရှိနေသည်ဟု မြတ်လေးငုံ အကဲခတ်လိုက်မိသည်။

ထို့အတူ မင်းရဲမွန်ကလည်း ငယ်စဉ်က ပညာသင်ချိန် ဖြစ်သဖြင့် ဆန့်ကျင်ဘက် မိန်းမသားများ၏ အလှတရားကို ဥပက္ခာပြုထားခဲ့လေသည်။ ဒီကြားထဲက မြတ်လေးငုံ၏ အလှကို သူသတိပြုခဲ့မိလေသည်။

ယခုငယ်စဉ်ကထက်ပင် ပို၍အလှတိုးကာ ကျက်သရေ အပြာဖြာဖြင့် အရောင်ဝင်းလက်နေသော မြတ်လေးငုံကိုကြည့်ပြီး တသိမ့်သိမ့်ရင်ခုန်ကာ နှလုံးသား၌ စွဲငြိသွားလေပြီ။

"ကျွန်မလဲ ဝမ်းသာပါတယ် ကိုမင်းရဲမွန်၊ အထူးသဖြင့် ကျွန်မရဲ့ဇာတိချက်မြှုပ်ဒေသက လူတွေကို တွေ့ရတဲ့အခါ ပိုဝမ်းသာပါတယ်"

"ပိုဝမ်းသာရဦးမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မမြတ်



www.burmeseclassic.com

www.burmeseclassic.com



လေးငုံတို့အိမ်ကို ဝယ်လိုက်တဲ့ ဦးမင်းဇေယျာနဲ့ ဒေါ်ခင်ထွေးထွေးရီဆိုတာ ကျွန်တော့် မိဘတွေပါပဲ”

“ရှင်”

မြတ်လေးငုံ အံ့အားသင့်သွားသည်။

“ဒေါ်လေးမိ ဝယ်ထားတာ မဟုတ်ဘူးလား”

“ဒေါ်လေးမိဆိုတာ ကျွန်တော့်အဘွားပါ၊ ရန်ကုန်မှာ အဘွားတို့က အခြေချပြီး နေခဲ့တာ ကြာပါပြီ၊ ဇာတိကတော့ ချောင်းဆုံ ဇာတိပါပဲ၊ ဒါပေမယ့် ဖေဖေက ချောင်းဆုံမြို့နယ်ကို အင်ဂျင်နီယာအဖြစ် ပြောင်းလာပြီး ကျွန်တော်ဆယ်တန်းနှစ်မှာပဲ ပြန်ပြောင်းရတယ်လေ”

“ဟုတ်ကဲ့ ကိုမင်းရဲမွန်ပါ လိုက်သွားတာပဲ မှတ်လား”

“ဟုတ်ကဲ့ နောက်ဆရာကြီး ဆုံးပြီး အိမ်ရောင်းမယ် သတင်းကြားတော့ ဖေဖေကော မေမေပါ ပင်စင်ယူရင် ချောင်းဆုံမှာပဲ အေးအေးလူလူနဲ့ အခြေချချင်တယ်ဆိုပြီး အဘွားကို သွားဝယ်ခိုင်းလိုက်တာ၊ အဲဒီတုန်းက ကျွန်တော်တို့က ကလေး ရောက်နေလို့ပါ”

“ဪ ဟုတ်လား၊ ဒါကြောင့် မောင်မင်းရဲမွန်တို့ ဝယ်တယ်လို့ တို့များ မသိခဲ့ကြတာကိုး”

ဒေါ်ခင်ဆုံက ဝင်ပြောလိုက်သည်။

ထိုစဉ် မင်းရဲမွန် ဘေး၌ ယှဉ်တွဲလျက်ရှိနေသော ဆရာဝန်တစ်ဦးက မင်းရဲမွန်ကို

“ဒါ့ကြောင့် မင်းက ပိုစတင်ကိုချောင်းဆုံမြို့နယ်ပဲ လျှောက်မယ်လို့ ပြောတာကိုး”





“ဟုတ်တယ်၊ ဪ မြတ်လေးငုံနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူကကျွန်တော့်နဲ့ အတူတူပဲ၊ ဒေါက်တာညီအောင်တဲ့၊ ဒေါ်လေးဒေါ်ခင်အုံ့ကို မွေးပေးတာ သူပဲ”

မြတ်လေးငုံက ဒေါက်တာညီအောင်ကို သတိပြုမိလိုက်ပြီး ပြုံးပြကာ. . .

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါက်တာ”

“ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ ဝတ္တရားပါ”

မြတ်လေးငုံက ကလေးကို အသာကြည့်ပြီးမှ ဒေါ်ခင်အုံ့အား. . .

“မေအုံ့ ဘာစားချင်လဲ၊ သမီးငုံ ဘာလုပ်ပေးရမလဲ”

“သမီးငုံ နားမလည်ပါဘူး၊ ခုချိန်မှာ မေအုံ့စားချင်တာတွေထက် စားသင့်တာတွေကို မမဆုံနဲ့ အရင်လုပ်ပေးလိမ့်မယ်”

“ဒါဖြင့် သမီးငုံ သက်သာတာပေါ့”

“အင်း မထင်နဲ့၊ မေအုံ့ ခွင့်စေ့ရင် ကျောင်းသွားချိန်မှာ ကလေးကို သမီးငုံတို့ဆီ ပို့ထားမှာ”

“မှားပါတယ်”

မြတ်လေးငုံက ကျေနပ်သော ပြင်းဆန်မှုလေးဖြင့် တုံ့ပြန်လိုက်သည်။

“ကိုင်း. . မေဆုံ ပြန်ကြရအောင်၊ ဦးလေးဝင်းကော ...ကိုကြည့်လို့ မဝသေးဘူးလား၊ ဆရာနဲ့ ချိန်းထားလို့”

“မမြတ်လေးငုံ အလျှင်လိုရင် ကျွန်တော် လိုက်ပို့ပေးမယ်လေ၊ ကျွန်တော်တို့လဲ နိုက်ဂျူတီဆိုတော့ ခုအိမ်ပြန်မလို့ပဲ”

“ရပါတယ်၊ ကျွန်မတို့လဲ ပြန်မှာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ဝင်းလည်း မနေသာတော့ဘဲ. . .

"သွားကြရအောင်၊ ဒေါက်တာတို့ကိုလဲ ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ၊ ကိုင်းအတူတူ ထွက်ကြတာပေါ့"

မြတ်လေးငုံက မိခင်နှင့် အဒေါ်အား နှုတ်ဆက်ပြီး နောက်မှ လိုက်ပါလာသည်။ ညီအောင်က မြတ်လေးငုံ၏ ရှည်လျားတုတ်ခိုင်သော ဆံပင်အုံကြီးနှင့် မြန်မာပီသသော ဝတ်စားဆင်ယင်မှုကို ကြည့်ကာ အံ့အားသင့်လျက် လိုက်ပါလာသည်။







# အခန်း (၁၁)

"အတော်ပဲ တော်မီ၊ မင်းကို မတွေ့ရတာလဲ အတော်ကြာပြီ"

"ဟုတ်လိုက်လေ၊ ကိုကိုကြီးရာ တော်မီလဲ ကိုကိုကြီးကို ဆောင့်ဖမ်းနေချင်တာနဲ့ အတော်ပဲ"

"ဘာလဲ ရေပြတ်နေပြီလား"

"ဒါကလဲ တစ်လိုင်းပေါ့၊ တစ်လိုင်းကလဲ ရှိသေးတယ်"

"ဘာရှိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေးစရာ"

"ကိုင်း မေးချင်ရင် မြန်မြန်မေး"

ညီအောင်က ပြုံးဖြဲဖြဲကလေး လုပ်နေသည်။ ပြီးတော့မှ...

"ကိုကိုကြီး ရည်းစားထားဖူးသလား"

"ဗုဒ္ဓေါ"

မေအောင် မျက်လုံးပြူးသွားသည်။

ညီအောင်အား သူ့အနေဖြင့် နို့နံ့မစင်သေးဘူးဟု ထင်ထားခြင်းမှာ မှားသွားလေပြီ။

"ကိုကိုကြီးကလဲဗျာ၊ ဒါအံ့သြစရာလား၊ သစ်ပင်မှန်ရင် အမြစ်နဲ့ မကင်းဘူး၊ လူမှန်ရင် အချစ်နဲ့ မကင်းဘူး၊ ဒါကို အထူးအဆန်း ဖြစ်နေရသလား"

"ကိုကိုကြီးက မထားဖူးဘူးဆိုရင်ကော"

"ညံ့သေးတာပဲ ဒီလိုဆိုရင် မေးလဲ မထူးတော့ပါဘူး"

ညီအောင်က ပြောပြောဆိုဆိုဖြင့် ဆက်တီမှထကာ အပေါ်တက်ဟန် ပြင်လိုက်ရာ မေအောင်က ပါးနပ်စွာဖြင့် ဟ...ားလိုက်သည်။

"ဟ. . ရည်းစားမထားခဲ့ပေမယ့် အချစ်အကြောင်းတော့ သိတာပေါ့ တော်မီရာ"

ညီအောင်က ဆတ်ခနဲ ပြန်လှည့်သွားသည်။ သူ့မျက်နှာ၌ မျှော်လင့်ချက် ရောင်ခြည်တို့ဖြင့် ဝင်းပသွားသည်။

"ဒါဖြင့် အချစ်ဆိုတာ ဘာလဲ ကိုကိုကြီး၊ ဘယ်ကစ ပေါက်ဖွားလာတာလဲ"



"အဲဒီမေးခွန်းက ခက်တယ်၊ အများအပြောအရ အချစ်ဆိုတာ အာဒမ်နဲ့ ဧဝက စတယ်လို့ ပြောလဲရတယ်၊ ဖြဟ္မာကြီးလေးဦးက စတယ်ပြောလဲ ရတယ်၊ ဒါက သဘာဝမနှ်အတွေးလေးနဲ့ တွေးယူလိုက်ရင်လဲ ဖြစ်တဲ့သဘော၊ ဘာလဲ တော်မီက အချစ်တွေ့နေပြီလား"

ညီအောင်က ရှက်ပြုံးဖြင့် ပြုံးလိုက်ပြီး. . .

"ရင်ခုန်တာကို အချစ်လို့ကော ယူဆလို့ ရသလား"

"ကြောက်လန့်ရင်လဲ ရင်ခုန်တတ်တာပဲ၊ စိုးရိမ်ပူပန်လဲ ရင်ခုန်တတ်တာပဲကွ၊ မင်းက ဆရာဝန်ပဲ ပိုသိမှာပါ၊ ရောဂါကြောင့်လဲ ရင်ခုန်သံမြန်တာမျိုး"

"မတူဘူး ထင်တယ် ကိုကိုကြီး၊ ကြောက်လန့်စိုးထိတ်ခြင်းနဲ့ မတူညီတဲ့ ရင်ခုန်မှုမျိုး၊ အဲ. . မိမိကိုယ်တိုင် လိုလားနှစ်သက်ပြီး တသိမ့်သိမ့်နဲ့ကို ကျေကျေနပ်နပ် ခံစားပီတိဖြစ်တဲ့ ရင်ခုန်မှုမျိုးကို ပြောတာ"

မေအောင်က ညီအောင်၏ ချောမောသော ရုပ်ရည်ကို စိုက်ကြည့်ပြီး. . .

"တော်မီ ဘယ်သူ့ကို"

"ဟာ ကိုကြီးနဲ့ ကိုယ်အတော်ပဲ၊ ဝမ်းသာစရာသတင်း ပြောရဦးမယ်"

မေအောင်၏ မေးခွန်းရပ်တန့်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ညီမငယ် ဒါလီအောင်သည် ထမင်းစားခန်းဆက်မှနေ၍ ဘီးတပ်ကုလားထိုင်လေးကို တွန်းပြီးထွက်လာသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကို နှစ်ယောက်စလုံး အာရုံသည် ဒါလီအောင် ဆီသို့ ရောက်သွားကြသည်။

"ဘာလဲ ဘေဘီ"

"ဘေဘီကိုလေ နိုင်ငံခြားမှာ သွားကုပေးမယ်တဲ့"

"ဘယ်တော့တဲ့လဲ"

"ဒယ်ဒီ အားမှတဲ့"

မေအောင်က သက်ပြင်းသူခိုးလေး ချလိုက်သည်။ ဖခင် ၏ချွေးသိပ်စကားဟု သူနားလည်လိုက်သည်။ ထို့အတူ ညီ အောင်ကလည်း ရိပ်မိပုံရသည်။ ညီမဖြစ်သူ၏ခေါင်းကို အသာ ပုတ်လိုက်ပြီး. . .

"တို့မြန်မာပြည်မှာလဲ ပိုလီယိုတို့၊ အကြောဆိုင်းတို့ ခွဲစိတ်ပြီး ကုသပေးနေတဲ့ ဆရာကြီးတစ်ဦးရှိပါတယ်ကွာ၊ ကိုယ် ဟောက်စ်ဆင်းပြီး ပို့စတင် မချခင် လိုက်ပို့ပေးမယ်ကွ သိလား ဘေဘီသာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျန်းကျန်းမာမာနေ"

"တကယ်လား ကိုငယ်"

"တကယ်ဖြစ်ရမှာပေါ့၊ နေဦး တော်မီ၊ မင်းဆရာဝန်ကြီး သာဘယ်မှာ ရှိတယ်ဆိုတာ စုံစမ်းလိုက်၊ ငါကိုယ်တိုင် ဘေဘီ လိုက်ကုပေးမယ်"

"ဖြစ်ပါ့မလား ကိုကိုကြီး အလုပ်တွေက"

"စိတ်ချ မပူနဲ့ ငါ့ဆက်ခက်တေရီက အားလုံးမျက်နှာ ထားလို့ ရတယ်၊ ကိုင်း. . ကိုကိုကြီး သွားတော့မယ်၊ ဘေ ဘာမှာဦးမလဲ"

"မဂ္ဂဇင်းအသစ်ထွက်ရင်သာ ဝယ်ခဲ့ပေးပါ ကိုကိုကြီး





"အေး. . အေး"

မေအောင် အိမ်ထဲမှ ထွက်ခဲ့လေသည်။ နောင်ဆံတင်း လျက်ရှိသည်။ မိခင်က ခရီးထွက်သွားသည်။ ခင်ပွန်းဖြစ်သူကို မကျေနပ်၍ဆန္ဒပြသော ခရီးဟု မိဘနှစ်ပါး၏အရိပ်အကဲကို အကဲခတ်နေသော မေအောင်က သိရှိလိုက်သည်။

ပြိုကွဲလုလု ဖြစ်နေသော မိဘနှစ်ပါး၏ အိမ်ထောင်ရေး အခြေအနေကို သူမည်ကဲ့သို့ ရင်ကြားစေ့ပေးရမှန်း မသိအောင် ခင် ဖြစ်နေသည်။

သူ့ကားထွက်လာတော့ ဒါလီအောင်သည် ပေါ်တီကို အောက်အထိ ဘီးကလေးကို လှိမ့်လာပြီး ရပ်ကြည့်လျက် ကျန် ရစ်ခဲ့လေသည်။

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

ပြည်ဆောင်၌ အဆောင်မှူးချုပ် လုပ်နေသော ဆရာမ ထံမှ အကြံဉာဏ်များနှင့် လိုအပ်သော စာအုပ်များကို ရှာဖွေ ယူငင်ပြီး အိမ်ပြန်ရန် စိုက်ပျိုးရေးမှတ်တိုင်၌ ဘတ်စ်ကားစောင့် နေစဉ်. . .

"မမြတ်လေးငုံ"

မမျှော်လင့်ဘဲ မင်းရဲမွန်ကို တွေ့လိုက်ရသည်။

"ဪ. . ကိုမင်းရဲမွန်"

"ဘယ်သွားမလို့လဲ မမြတ်လေးငုံ"





"အိမ်ပြန်မလို့ပါ"

"ရပ်ဆွေရပ်မျိုးဟောင်းတွေပဲဗျာ၊ ကျွန်တော်ကို ခင်မင် ရင်းနှီးတယ်ဆိုရင် အိမ်လိုက်ပို့ခွင့်ပြုပါ"

"ရပါတယ် ကိုမင်းရဲမွန်၊ ကျွန်မက ဒီခရီး သွားနေကြပါ"

"ရှေးဟောင်းနှောင်းဖြစ်ကလေးတွေ ပြောရင်း မမြတ် လေးငုံတို့အိမ်လဲ လိုက်လည်ချင်လို့ပါ"

မြတ်လေးငုံ ကိုယ်တိုင် ချောင်းဆုံက သူငယ်ချင်းမိတ် ဆွေတွေ အကြောင်းသိချင်လာသည်။ အထူးသဖြင့် မိမိ၏ မွေးဖွားချက်မြှုပ်ရာ အိမ်ကြီး၏အကြောင်း. . .။

"မစဉ်းစားပါနဲ့ မမြတ်လေးငုံရာ၊ တစ်ကျောင်းတည်း သားချင်းတွေပဲ"

"ကောင်းပြီလေ၊ ကိုမင်းရဲမွန်ကလဲ အိမ်လိုက်လည်ချင် တယ်ဆိုတော့ ကျွန်မ လမ်းပြတဲ့အနေနဲ့ လိုက်ခဲ့ပါ့မယ်"

မင်းရဲမွန်ရင်ထဲ ထခုန်မတတ် ဝမ်းသာသွားလေသည်။ ထီပေါက်လျှင်တောင် ဒီလောက် ပျော်လိမ့်မည် မဟုတ်။

မင်းရဲမွန်က မြတ်လေးငုံအတွက် နောက်ခန်းတံခါးကို ဖွင့်ပေးပြီး မြတ်လေးငုံတက်သွားမှ တံခါးကိုပိတ်ကာ ရှေ့ခန်း ယာဉ်မောင်းနေရာ၌ ဝင်ထိုင်လိုက်ပြီး ကားမောင်းထွက်ခဲ့လေ သည်။

"ကိုမင်းရဲမွန်တို့ ချောင်းဆုံအိမ်ကို ဒီအတိုင်း ပစ်ထား တာပဲလား"

"ခြံစောင့်နဲ့ ထားထားတယ်၊ ကျွန်တော် ပိုစတင်ကျရင် အဲဒီမှာနေမယ်၊ ချောင်းဆုံပြည်သူ့ဆေးရုံမှာတာဝန်ချိန် တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ပြီး အားလပ်ချိန်အတွက် အိမ်ရှေ့မှာ ဆေးခန်းဖွင့်မယ်၊ အချိန်မရွေး နေရာမရွေး လူနာလာပင့်ရင် လိုက်နိုင်တဲ့ ဆရာဝန်မျိုး ကုသခကိုလည်း သက်သက်သာသာပဲ ယူမယ်၊ ဆင်းရဲသူ၊ အသက်အရွယ်ကြီးရင့်သူတွေဆိုရင် အခမဲ့ ကုပေးမယ်၊ ဒါတွေဟာ ကျွန်တော်ရဲ့ ရည်မှန်းချက်တွေပဲ"

မြတ်လေးငုံရင်ထဲ နွေးထွေးသွားရာမှ ကြေကွဲစိတ်ကလေး ဝင်သွားသည်။

မိမိနှင့် ရည်ရွယ်ချက်တူညီသောသူကို တွေ့လိုက်ရပြီ။

သူက ကျန်းမာရေးဝန်ထမ်း။

မမက ပညာရေးဝန်ထမ်းဖြစ်လိုသူ၊ ရည်ရွယ်ချက်က အတူတူပင်။

သို့သော် မတူညီနိုင်သေးသည့် အချက်က ရှိနေသည်။

သူက သူ၏ရည်ရွယ်ချက်ကို အကောင်အထည် ဖော်ခွင့် ရှိနေသည်။

မိမိကတော့ အိမ်မက်ရှည်တစ်ခု မက်ကောင်းတုန်း ရှိနေသေးသည်။

မြတ်လေးငုံ သက်ပြင်းချလိုက်သည်။ ပြီးမှ. . .

"ကိုမင်းရဲမွန်ကို ချီးကျူးပါတယ်၊ ကိုမင်းရဲမွန်ရဲ့ ရည်မှန်းချက်တွေ ချောချောမောမော အောင်မြင်ပါစေလို့လဲ ကျွန်မ ဆုတောင်းပေးမှာပါ"

"ကျေးဇူးတင်ပါတယ် မမြတ်လေးငုံ၊ ကျွန်တော်တောင် ဒေါ်လေးအုံကို ပြောပြပါတယ်၊ ချောင်းဆုံကို ကိစ္စရှိလို့ပဲဖြစ်ဖြစ်၊ အလည်အပတ်သွားချင်ရင်ပဲဖြစ်ဖြစ် အခြားမှာ မတည်းပဲ မြတ်လေးငုံတို့ အိမ်ကြီးဆီမှာပဲ တည်းပါ၊ ကျွန်တော့်အိမ်သော့နဲ့ ခြံစောင့်ကို စာရေးပေးလိုက်ပါ့မယ်"

"ကျွန်မက ကျေးဇူးတင်ရမှာပါ၊ ကိုမင်းရဲမွန် သွားဖြစ်ရင် ကျွန်မ ပြောပါ့မယ်"

ရင်ထဲ၌ ချောင်းဆုံအိမ်ကြီးကို လွမ်းသော လွမ်းစိတ်ကလေး ဝင်ရောက်လာလေသည်။

မိမိတောင် ဤမျှအထိ စွဲလမ်းနေပါလျှင် မေဆုံနှင့် မေရုံကမည်မျှအထိ စွဲလမ်းမည်ကို မိမိ မမှန်းဆတတ်အောင်ပင် ဖြစ်မိသည်။

"မမြတ်လေးငုံ ကျောင်းဘယ်တော့ပြီးမှာလဲ"

"သီး(စ်)စစ် ပြီးရင် ပြီးပါပြီ"

"ပြီးရင် ဘာလုပ်မလဲ"

မြတ်လေးငုံရင်ထဲ တလှပ်လှပ်ဖြစ်လာသည်။

ရုတ်တရက် အဖြေမပေးနိုင်။

"ခုလို ပုဂ္ဂလိက ကုမ္ပဏီမှာ အလုပ်လုပ်လို့က ရေရှည်မဖြစ်ဘူးထင်တယ်၊ ဘဝအာမခံချက်ကို အမြဲတမ်းပေးနိုင်တဲ့ အလုပ်မျိုး မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်၊

"ကျွန်မလဲ ယာယီဝင်လုပ်တာပါ၊ ဒါပေမယ့် ကျွန်မ ဖြစ်ချင်တာတွေကို ကျွန်မသဘော တစ်ခုတည်းနဲ့ မပြီးဘူး၊ မေဆုံနဲ့ မေရုံတို့ကို တိုင်ပင်ပြီးမှ ဖြစ်မှာမျိုးဆိုတော့ ကျွန်မဘာမှ မပြောချင်သေးဘူး"

မင်းရဲမွန်သည် မြတ်လေးငုံ့အပေါ်၌ ကရုဏာသက်သွားသည်။ မြတ်နိုးခြင်းအပေါ် ကရုဏာပါဆင့်လာပြီဆိုတော့







www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံကို သူ့ဘဝတစ်သက်တာအတွက် ပိုင်ဆိုင်ချင်လာပြီ ဖြစ်ရာ သူ့ဘဝ စာမေးပွဲတစ်ခု ထပ်ဖြေဖို့ ကြိုးစားရဦးတော့ မည်။

"မမြတ်လေးငုံတို့ ရန်ကုန်မှာ ပြောင်းရွှေ့နေထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ကိုမင်းရဲမွန်တို့ကော မိဘတွေ ဒီမှာပဲ လား"

"ဖေဖေတို့က မကွေးမှာပါ၊ ဒီမှာ ကျွန်တော် တစ် ယောက်တည်းပဲ၊ ဘွားဘွားကလဲ ဆုံးပါးသွားပြီလေ"

"ဘွား ဒေါ်မိထားလား"

"ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်ကပါ၊ ဒီမှာ ခြောက်မိုင် ခွဲမှာ အိမ်တစ်လုံးရှိတယ်၊ အဲဒီမှာ ကျွန်တော်နေတယ်၊ ကျွန် တော် ပို့စတင်ကျရင်တော့ သံရုံးတစ်ခုခုကို ငှားခဲ့လိုက်မယ်"

"ကိုမင်းရဲမွန်တို့ မိဘတွေကကော ဘယ်မှာနေမှာလဲ"

"ဖေဖေက ပင်စင်ယူဖို့ လိုပါသေးတယ်၊ ဒါကြောင့် သံရုံကိုငှားလိုက်တာ၊ အဲ. . . ရန်ကုန်ကို ကိစ္စရှိလို့ ဖေဖေတို့ လာလာ၊ ကျွန်တော်ပဲလာလာ နေဖို့အတွက်က စမ်းချောင်းမှာ တိုက်ခန်း ငါးခန်းနဲ့ တစ်ခြမ်းဆိုပါတော့၊ အဲဒါရှိသေးတယ် လေးခန်းကို နှစ်ချုပ်တွေနဲ့ ငှားထားပြီး တစ်ခန်းကိုတော့ ဒီတိုင်း ထားပြီး လာတဲ့အခါ နေမယ်. . ၊ အခုလဲ သံရုံး၊ ဒါမှမဟုတ် ဒေါ်လာနဲ့ ကုမ္ပဏီတစ်ခုခုကို ငှားပြီးရင် ကျွန်တော်လဲ စမ်း ချောင်း တိုက်ခန်းကို ပြောင်းနေရမှာ"

မြတ်လေးငုံက မင်းရဲမွန်တို့ ကုသိုလ်ကံကောင်းမှု





အားကျ၍ နေလေသည်။ ပြည်လမ်းမှအိမ်၊ စမ်းချောင်းမှ တိုက် ခန်းများကို မြတ်လေးငုံ စိတ်မဝင်စားသော်လည်း ချောင်းဆုံမှ အိမ်ကြီးကိုတော့ စိတ်ဝင်စားသည်။

"ချောင်းဆုံဆေးရုံကို ကိုမင်းရဲမွန် ရလိမ့်မယ်လို့ မျှော် လင့်ထားသလား"

"ယုံကြည်ထားတာပါ မြတ်လေးငုံ"

"ကျွန်မလဲ ဆုတောင်းပေးပါတယ်၊ ကျွန်မတို့လဲ လာ လည်ဦးမှာပါ၊ ဟိုမှာ အမျိုးတွေ ကျန်သေးတယ်၊ ကိုမင်းရဲ မွန် ပို့စတင်ကျရင်သာ ကျွန်မတို့အမျိုးတွေနဲ့ ဆက်ပေးလိုက်မယ်၊ စားရေးသောက်ရေး အစစအရာရာ အဆင်ပြေသွားရအောင်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မြတ်လေးငုံတို့ အိမ် ကြီးကို ရှေးလက်ရာပုံစံမပျက် ဒီအတိုင်းပဲ ထားသွားမှာပါ"

မြတ်လေးငုံသည် မိမိ၏ စွဲလမ်းစိတ်ကို တရားသဘော လေးဖြင့် ဖြေဖျောက်လိုက်သည်။

မင်းရဲမွန်အား မြတ်လေးငုံသည် မိမိတို့နေထိုင်ရာ တိုက် ခန်းသို့ လမ်းညွှန်ပြသည်။

မင်းရဲမွန်က မြတ်လေးငုံကို တိတ်တခိုး ကြည့်ရင်း သက် ပြင်းသူခိုးလေး ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

"မြတ်လေးငုံ၊ ဒီညရှစ်နာရီ လေဆိပ်မှာ ဧည့်သည်ကြိုဖို့ ရှိတယ်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒါ မင်း အလုပ်ပြီးရင် ပြန်နားလိုက်ပါ၊ ကိုယ့်ကားနဲ့ ပဲမင်းကို ပြန်ပို့ခိုင်းလိုက်မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပေမယ့် ကျွန်မ ရုံးဆင်း ချိန်မှပဲ ပြန်ပါ့မယ်၊ ဒီစာရင်းလေး အပြီးလုပ်ချင်လို့ပါ"





မေအောင်က မြတ်လေးငုံ၏ အလုပ်ကြိုးစားမှုနှင့် မခိုတပ်မှုကို သဘောကျသွားသည်။

"နောက်နေ့ ဆက်လုပ်လို့မရဘူးလား"

"ရပါတယ်,ဆရာ၊ ဒါပေမယ့် ကျွန်မကိုက အလုပ်အကြွေးမထားတတ်တဲ့ ဝါသနာရှိနေလို့ပါ ဆရာ"

"ကောင်းပြီလေ၊ မင်းသဘောပါပဲ၊ မင်းခုလို 'အောင်' လုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းလို သဘောထားပြီး လုပ်ဆောင်ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ် မြတ်လေးငုံ"

"မလိုပါဘူး ဆရာ၊ အောင်ကုမ္ပဏီက ကျွန်မရဲ့ ထမင်းရှင်ပဲ၊ ကိုယ့်ထမင်းရှင်အတွက် ကိုယ်ကလဲ မခိုမကပ် ကျေးဇူးပြန်ပြုရမှာပါ။ ရသမျှ အခွင့်အရေးကို ကျွန်မ မယူတတ်ပါဘူး၊ ကျွန်မ အလုပ်ကိုအလုပ်နဲ့ပဲတူအောင် လုပ်တတ်လို့ပါ၊ ကျွန်မကို ခွင့်ပြုပါဦး ဆရာ"

"ကောင်းပြီ"

မေအောင်သည် မြတ်လေးငုံ ထွက်ခွာသွားမှ သက်ပြင်းချလိုက်သည်။

အလုပ်ရှင်နှင့် အလုပ်သမားပုံစံမျိုးနှင့် မြတ်လေးငုံအပေါ် ဆက်ဆံရခြင်း၊ မြတ်လေးငုံက ဆက်ဆံခြင်း၊ ဒီအတွက် သူ့ ဘဝင်၌ မချမ်းမြေ့နိုင်ပါချေ။

လွတ်လပ်သော ပြင်ပလူတစ်ယောက်လို မြတ်လေးငုံအပေါ်၌ ချဉ်းကပ်ပြီး သူ့ရင်တွင်း ခံစားနေရသမျှကို ဖွင့်ဟပြောပြလိုက်ချင်သည်။

တယ်လီဖုန်း မြည်လာသဖြင့် မေအောင်က ကိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အမိန့်ရှိပါ"

"ဆန်နီ"

"ဟာ. . မာမီ"

"ဟုတ်တယ်၊ မာမီပဲ ဆန်နီ"

"မာမီ ဘယ်က ဆက်တာလဲ"

"မာမီ ပြန်ရောက်လာပြီ ဆန်နီ၊ အဲဒါ မာမီ့မှာ အကြွေး ဆပ်စရာရှိလို့၊ သိန်းတစ်ရာလောက် မာမီ လိုချင်တယ်၊ မာမီ လာယူရမလား၊ ပစ္စည်းတစ်ခုခုကိုပဲ ဖြော့လိုက်ရမလား"

"ဟာ. . မလုပ်နဲ့ မာမီ၊ ကျွန်တော် ခု ပြန်လာခဲ့မယ်၊ မာမီ လိုချင်တာ သိန်းတစ်ရာနော်၊ ပေးမယ် မာမီ၊ ပစ္စည်းတွေကိုတော့ လျှောက်မလုပ်ပစ်နဲ့၊ ခုပဲ လာမယ်"

"အိုကေ၊ ဒါဖြင့် မြန်မြန်လာ"

မေအောင် ဖုန်းချလိုက်သည်။ လူတစ်ကိုယ်လုံး နုံးအေး ကာ စိတ်မောလူမောဖြင့် နောက်ကျောသို့မှီချလိုက်ပြီး ဆုံလည် ကုလားထိုင်ကို လှည့်ကားနောက်ကျောသို့ လှည့်လိုက်သည်။

မျက်မှောင်ချိုးကာ တစ်စုံတစ်ခုကို သူ တွေးတောလိုက် သည်။

မိသားစု၏ ဒုက္ခပြဿနာ အစုလိုက်အပြုံလိုက်သည် မိမိ၏ခေါင်းပေါ်သို့သာ ပုံ၍ကျရောက်နေသည်။

"မောင်အေး"

နှုတ်မှ အော်ခေါ်သည်။ အသံလုံ လေးအေးစက် တပ် ထားသော အခန်းတွင်းမှ အသံကို ပြင်ပမှ မောင်အေး မကြား





ပါချေ။

ဒါကို အတန်ကြာမှ မေအောင် သတိရပြီး လျှပ်စစ် ခေါင်းလောင်းကို နှိပ်လိုက်သည်။

ချက်ချင်းပင် မောင်အေး ဝင်လာသည်။

"အမိန့်ရှိပါ ဆန်နီ"

"ရော့ ဒီမှာ သိန်းတစ်ရာပါတယ်၊ အဲဒါ မာမီကို သွားပေး လိုက်"

"ဟုတ်ကဲ့ ဆရာ"

"ပြီးရင် အပြင်ဘက်က တံခါးပိတ်သွား၊ ငါ့ကို ဘယ်သူ မေးမေး မရှိဘူးသာ ပြောလိုက်၊ မောင်ထူးကို မှာထားလိုက်"

"ဟုတ်ကဲ့ ဆရာ"

မောင်အေး ထွက်သွားသည်နှင့် မေအောင်သည် ဆိုဖာ ဆက်တီရှည်ကြီးပေါ်သို့ လဲလျောင်းချလိုက်သည်။

မေအောင် မိသားစုအတွက် စိတ်ညစ်နေသည်။ မေ အောင်၏ ဖခင်သည် နောက်အိမ်ထောင်နှစ်ဆက် ရှိနေသည်ဟု မေအောင် စုံစမ်း၍ သိရှိပြီးဖြစ်နေသည်။

မေအောင် မိခင်ကလည်း ဖဲကစားခြင်းဖြင့်သာ ပျော် မွေ့နေသူဖြစ်ရာ အိမ်၏ကိစ္စ၊ မိသားစုကိစ္စဟူသမျှကို လုံးဝ ဥပေက္ခာပြုထားသူဖြစ်သည်။

မိခင်နှင့်ဖခင်ကို သူရင်ဆိုင်မှ ဖြစ်တော့မည်လား။

ညီအောင်ကတော့ အလတ်ပီပီ လတ်နေပြီး သူ ဝါသ နာပါသော ဆေးကုသမှုမှလွဲ၍ အခြားဘာကိုမှ စိတ်မဝင်စား ချေ။ သို့သော် ဒါလီအောင် ဆေးကုသဖို့အတွက် သူ တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ပြောထားသဖြင့် သူဝမ်းသာရသည်။

ဘာပဲဖြစ်ဖြစ် မိဘနှစ်ပါးကို သူ အသိပေးသလိုလိုနှင့် သတိပေးပြီး ရင်ဆိုင်လိုက်တော့မည်။

အတွေးစများဖြင့် နပန်းလုံးရင်း အိပ်ပျော်သွားလေသည်။







# အခန်း (၁၄)

"မြတ်၊ မပြင်သေးဘူးလား"

မြတ်လေးငုံသည် ရုံးဆင်းချိန် သူများတကာ ပြင်ဆင်နေချိန်၌ မပြင်ဆင်နိုင်သေးဘဲ နောက်ဆံတင်းလျက်ရှိသည်။

"ဆရာကော မပြန်သေးဘူးလား"

"ညနေ ခြောက်နာရီမှာ သူ သွားစရာတစ်ခုရှိသေးတယ်ဆိုတာ"

ကွန်ပျူတာ လက်နှိပ်စက်စာရေးမလေး မတ်ပယ်အား



www.burmeseclassic.com

www.burmeseclassic.com



ဖြေရင်း မြတ်လေးငုံ တစ်စုံတစ်ခု စဉ်းစားလိုက်သည်။ အန်တီဒေါ်သက်သက်ခိုင်ကလည်း ညနေအထိ ဘယ်တော့မှမနေ၊ နှစ်နာရီအထိသာနေပြီး ပြန်နေကြဖြစ်သည်။ အန်တီခိုင်သာရှိလျှင် မြတ်လေးငုံက ဦးမေအောင်အတွက် စိတ်ပူစရာ မလိုချေ။

"မောင်မြင့်ထူး၊ ဆရာက ဘယ်လိုလဲ"

မြတ်လေးငုံက ရုံးလုလင် မောင့်မြင့်ထူးကို လှမ်းမေးလိုက်သည်။

မောင်မြင့်ထူးက ခေါင်းကုတ်ကာ. . .

"ကျွန်တော်လဲ မသိဘူး ဆရာမ၊ ဘာလုပ်ရမှန်းကို မသိဘူး"

"ကိုအေးကော"

"ပြန်မလာသေးဘူး၊ ကားပါ မယ်တော်ကြီး ဆက်သုံးနေပြီထင်တယ်"

"အင်း. . တို့ဆရာဒုက္ခကလဲ မသေးပါလားနော်"

မောင်မြင့်ထူးက ညည်းညည်းညူညူနှင့် ပြောလိုက်သည်။

မြတ်လေးငုံက. . .

"သီတာတို့သွားနှင့်တော့၊ တို့ကတော့ ဝတ္တရားရှိတဲ့အတိုင်း သူခြောက်နာရီအမီသွားဖို့ သတိပေးလိုက်ဦးမယ်၊ ဖယ်ရီကို မစောင့်ခိုင်းနဲ့တော့၊ အချိန်မလေးစားရာ ရောက်မယ်၊ တို့ဘာသာတို့ အဆင်ပြေသလိုပဲ ပြန်လိုက်မယ်"

"အင်း. . . မြတ် ဒုက္ခလဲ မသေးပါလား"

သီတာက ပြောပြောဆိုဆို ထွက်သွားသည်။





သီတာက ပြောပြောဆိုဆို ထွက်သွားသည်။ မြတ်လေးငုံသည် ပထမဦးဆုံး ဦးမေအောင်၏ နေအိမ်သို့ ဖုန်းဆက်ရန် သတိရလိုက်သည်။

ညနေခြောက်နာရီ ဦးမေအောင် လေလံပွဲတစ်ခုသို့ သွားရန်ရှိသည်။ ထိုမှ ညရှစ်နာရီခွဲ ဆိုက်ရောက်မည့် လေယာဉ်ဖြင့် လိုက်ပါလာမည့် ဧည့်သည်များကို ကြိုရဦးမည်။

"ဟဲလို"

"ဟဲလို. . . ဦးမေအောင် အိမ်ကပါလားရှင်"

"ဟုတ်ပါတယ်"

"ဦးမေအောင် ကိစ္စနဲ့ ခိုင်းလိုက်တဲ့ ကိုအေး ရောက်လာပါခဲ့လားရှင်"

"ရောက်လာပါတယ်"

"ခု စကားပြောတာ ဘယ်သူပါလဲ ရှင်၊ ကျွန်မ အောင်ရဲ့ [illegible]တ်ခက်တွေရှိပါ"

"ဟုတ်လား၊ မမြတ်လေးငုံပေါ့"

မြတ်လေးငုံ အံ့အားသင့်သွားသည်။ မိန်းကလေးသံကြောင့် ဦးမေအောင်နှင့် မည်ကဲ့သို့ ပတ်သက်နေသနည်း။ ဦးမေအောင် ဘာများပြောထား၍ မိမိအမည်ကို တရင်းတနှီး သိရှိနေရသနည်း။

"ဟုတ်ပါတယ်"

"ဒါလိုက ဒါလီအောင်ပါ၊ ကိုကိုကြီး ညီမလေ"

"သြော်. . ညီမ. ကိုအေး ဘယ်အချိန်က ပြန်သွားသ



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါလီ သိမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုအေးလာတော့ ကားကို မာမီ ဆက်ယူသွားလို့ပဲ"

"အင်းလေ၊ အချိန်မီ ပြန်ရောက်မလာတော့လဲ အခြား ကားတစ်စီးနဲ့ ပို့ပေးရမှာပေါ့လေ၊ ကျေးဇူးတင်ပါတယ် ဒါလီ"

"ခဏနေဦး မမ၊ ဖုန်းမချပါနဲ့ဦး၊ ဒါလီက မမနာမည် ကြားကတည်းက မမကို တွေ့ဖူးချင်နေတာ၊ ခုလို အသံလေးပဲ ကြားရတာကို အားမရနိုင်သေးဘူး၊ မမ ဒါလီတို့ဆီ ဘယ်တော့ လိုက်လည်မလဲ"

"မမ မအားသေးပါဘူး ဒါလီ၊ အားတော့ လိုက်လည်မယ်နော်၊ ဒါပဲနော် ညီမ၊ မမမှာ စီစဉ်စရာကိစ္စလေးတွေ ရှိနေ သေးလို့"

"ဟင်း. . "

ဒါလီအောင်ထံမှ မကျေမနပ် ညည်းညူသံလေး ထွက် ပေါ်လာခြင်းကို ဥပေက္ခာပြုလိုက်ပြီး တယ်လီဖုန်းကို ချလိုက် သည်။

"ကိုင်း. . မောင်မြင့်ထူးရေ၊ ကျွန်မတို့ ဆရာဆီကိုဝင်ပြီး အကြောင်းကြားမယ်"

"ဖြစ်ပါ့မလား၊ ဆရာ ဆူနေဦးမယ်"

"ဆူရင် ကျွန်မပဲ ခံပါ့မယ်"

မြတ်လေးငုံ ပြောပြောဆိုဆိုနှင့် တံခါးလက်ကိုင်ကို အ သာလှည့်ဖွင့်လိုက်သည်။

မြတ်လေးငုံရင်ထဲ ကရုဏာအိုင်ကလေး ဖြစ်ထွန်းသွား သည်။





ဆိုဖာဆက်တီရှည်ပေါ်ဝယ် ကလေးတစ်ဦးသဖွယ် နှစ် နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ဦးမေအောင်ကို သူ မနှိုး ရက်နိုင်အောင် ဖြစ်သွားရသည်။

"ဆရာကလဲ ဘယ်နှနှစ် ဘယ်နှလကများ အိပ်ပျက်နေ တယ် မသိဘူး"

"ရှူး. . နိုးသွားဦးမယ်"

"ဟင်. . မနှိုးတော့ဘူးလား"

"လာ. . လာ"

မောင်မြင့်ထူးကို မြတ်လေးငုံက အသာပြန်ထွက်ရန် လက်ပြလိုက်ပြီး သူကိုယ်တိုင်လည်း ထွက်လိုက်သည်။ တံခါးကို အသာအယာ ပြန်ပိတ်ပြီးမှ. . .

"မောင်မြင့်ထူး၊ မင်းလုပ်စရာရှိတာတွေသာ ဆက်လုပ် တော့"

မောင်မြင့်ထူး မြတ်လေးငုံကို နားဝေတိမ်တောင် နား မလည်ဟန်ဖြင့် ကြည့်လိုက်သည်။ မြတ်လေးငုံက ထွက်ရန် မျက် စပြပြီး သူပါ လိုက်ထွက်လိုက်သည်။ အခန်းပြင်ရောက်မှ. .

"အခုမှ လေးနာရီခွဲပဲ ရှိသေးတာ၊ သူ အိပ်ပါစေ၊ ကျွန်မ ငါးနာရီနှစ်ဆယ်လောက်မှ နှိုးပြီး လေလံပွဲကို တန်းပြီးသွား အောင် စီစဉ်ပေးလိုက်မယ်၊ ဪ. . ကိုမြင့်ထူး၊ ဓာတ်ဘူး ထဲ ရေနွေးအဖြည့်ထည့် ရှိရဲ့လား"

"မရှိဘူးထင်တယ်"

"မရှိရင် တည်ထားလိုက်၊ ဆရာနိုးလာရင် ဘလက်ကော် ဖီတစ်ခွက် တိုက်လိုက်မယ်၊ ဒါမှ လန်းဆန်းသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာမ"

ရုံးလုလင်နှင့် စာရေး အများစုက မြတ်လေးငုံအား ဆရာမဟု ခေါ်ကြသည်။ ဒေါ်သက်သက်ခိုင်ကိုတော့ အားလုံးက အန်တီ၊ ဦးဝဏ္ဏကို အန်ကယ်လ် ဟုခေါ်ကြသည်။ မြတ်လေးငုံက မိမိအား ဆရာမဟုမခေါ်ရန် ပြောသော်လည်း မရ။

ဘာကြောင့်ခေါ်သလဲ မေးသောအခါ အန်တီကခေါ်ခိုင်းသည်ပြောသဖြင့် မြတ်လေးငုံစိတ်တွင်း ကသိကအောက် ဖြစ်ရသည်။ သို့သော် ဒေါ်သက်သက်ခိုင်က. . .

"သမီးငုံကငယ်တော့ အများလေးစားအောင် အန်တီက တမင်ခေါ်ခိုင်းတာပါကွယ်"

ဆိုသဖြင့် မြတ်လေးငုံ ဘာမှ ပြန်မပြောသာအောင် ရေငုံနှုတ်ပိတ် ဖြစ်သွားရသည်။ အတွင်းရေးမှူးဆိုသော ရာထူးကလည်း ပြင်ပရော ရုံးတွင်းပါ မပါလျှင် မပြီး တောက်လျှောက် ပါနေရသည်။

ရသမျှအချိန်အတွင်း မြတ်လေးငုံ လုပ်စရာအလုပ်များကို ရှာဖွေပြီး ဇယ်ဆက်သလို လုပ်လိုက်သည်။

ငါးနာရီဆယ့်ငါးတွင် မြတ်လေးငုံ ဘလက်ခ်ကော်ဖီ တစ်ခွက် ဖျော်လိုက်သည်။ ပြီးမှ. . .

"မောင်မြင့်ထူး ဆရာကို သွားနှိုးလိုက်ပါ"

"ဗျာ"

"ဘာကြောင်နေတာလဲ၊ မင်းဟာလေ ဆရာ့ကို နှိုးလိုက်တော့"

ထိုအချိန် တယ်လီဖုန်းမြည်လာသဖြင့် မြတ်လေးငုံက





ကိုင်လိုက်သည်။

"အောင် ကုမ္ပဏီကပါရှင်"

"ဟင်. . . ဆရာမလား၊ မပြန်သေးဘူးလား"

"ကိုအေး၊ ရှင် ပြန်မလာသေးဘူးလား၊ ဒီမှာ ဆရာသွား စရာရှိတယ်လေ၊ ရှင့်ကို အချိန်ဇယား အတိအကျပေးထားလျက် အခု ဘယ်ကဆက်တာလဲ"

"ဒီမှာ ပြဿနာဖြစ်နေလို့"

"ဘာပြဿနာလဲ"

"မယ်တော်ကြီးက စောင့်ခိုင်းထားပြီး တစ်အိမ်ပြီးတစ်အိမ် ကူးနေလို့"

"ဒီလိုဆိုရင် ဒီက ကားနဲ့ပဲ စီစဉ်လိုက်တော့မယ်၊ ရှင် ဆရာ့ကို ဘာပြောစရာရှိသေးသလဲ"

"မယ်တော်ကြီး လွှတ်ရင် ဘယ်ကို လိုက်ခဲ့ရမလဲ"

"လေလံပွဲမီရင် လေလံပွဲကို လာခဲ့လိုက်"

"ဟုတ်ကဲ့၊ ဟော. . မယ်တော်ကြီး ထွက်လာပြီ၊ ဒါပဲ ဆရာမ"

မောင်အေးဘက်မှ ဖုန်းချလိုက်သဖြင့် မြတ်လေးငုံလည်း ဖုန်းချလိုက်သည်။ ကိုအေးနှင့် မြင့်ထူးသည် ဦးမေအောင် ရုံးခန်းတာဝန်ခံဖြစ်သဖြင့် ဦးမေအောင်၏ မိသားစုကိစ္စကိုပါ သိနိုင်သည်။ မြတ်လေးငုံက မစပ်စုသဖြင့် သူတို့ ပြောမပြခြင်း ဖြစ်မည်။ ဦးမေအောင်၌ မိသားစု ပြဿနာတော့ ရှိနိုင်သည်ဟု မြတ်လေးငုံ သဘောပေါက်လိုက်သည်။

မောင်မြင့်ထူး ဦးမေအောင်အခန်းမှ ထွက်လာသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်. .

"နိုးပြီးလား"

"ဟုတ်ကဲ့၊ ခုမှ နိုးရသလားလို့ အပြစ်တင်သေးတယ် ကျွန်တော်က ဆရာမ အစီအစဉ်လို့ ပြောလိုက်တော့မှ ငြိမ်သွားတယ်၊ ခု မျက်နှာသစ်နေတယ်"

မြတ်လေးငုံက ဦးမေအောင် ထွက်လာသည်နှင့်. .

"ဆရာ၊ ဘလက်ခ်ကော်ဖီ သုံးဆောင်လိုက်ပါဦး"

"မင်း မပြန်သေးဘူးလား"

"ဟုတ်ကဲ့၊ ဆရာအိပ်နေတုန်း ဖုန်းတွေဘာတွေ ဝင်ရင် စီစဉ်ပေးနိုင်အောင်လို့ပါ၊ နောက်ပြီး လေလံအတွက် ကိုအေး ကား ပြန်မလာသေးလို့ တစ်စီး စီစဉ်ထားပါတယ်"

မေအောင်ရင်ထဲ အေးသွားသည်။ မိမိအပေါ်၌ ဂရုစိုက်မည့်သူ ဤကမ္ဘာလောကကြီး၌ ရှိနေပါသေးသလားဟု သိလိုက်ရခြင်းကြောင့်ပင်။

"မင်း. . ညဘက်လဲ လိုက်ရမှာဆိုတော့ မင်း သိပ်ပင်ပန်းနေမှာပေါ့ မြတ်လေးငုံ၊ ခု ကားနဲ့ မင်းပြန်လိုက်ပါ၊ ကိုယ် ကားငှားပြီး သွားလိုက်မယ်"

"ရပါတယ် ဆရာ၊ ကျွန်မ ကားငှားပြီး ပြန်လိုက်ပါ့မယ်"

"မဟုတ်တာကွာ၊ ဒါဖြင့် ဒီလိုလုပ်၊ ကိုယ့်ကို အရင်ချပေးပြီး မင်းကို ပို့ခိုင်းလိုက်မယ်၊ ကော်ဖီ သောက်ဦးလေ"

"မသောက်တော့ပါဘူး ဆရာ"

"မဟုတ်တာကွာ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မအိမ်ရောက်ရင် ထမင်းစားမှာလို့ပါ၊ ဆရာသာ လေလံပွဲပြီးရင် ဆက်သွားရမှာ မှတ်လား"





"ဒီလိုဆိုရင် မင်း ကိုယ့်ကို တစ်ခု ကူညီပါလား မြတ်လေးငုံ"

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

"မင်း ညနေစာ မစားခဲ့ပါနဲ့လား"

"ရှင်"

မြတ်လေးငုံသည် တအံ့တသြဖြင့် ဦးမေအောင်၏ မျက်နှာကို စူးစမ်းလိုက်သည်။ ဦးမေအောင်၏ မျက်ဝန်းတွင် အသနားခံသော အရေးအကြောင်းများကိုသာ တွေ့လိုက်ရသည်။

တိတ်တခိုး သက်ပြင်းကလေး ချလိုက်မိသည်။

"ကိုယ်တို့ ဧည့်သည်ကိုစောင့်ရင်း အိုအေစစ်မှာ ညနေစာ စားရအောင်လား မြတ်လေးငုံ"

အသနားခံသောလေသံဟု မြတ်လေးငုံ နားလည်လိုက်သည်။ ဦးမေအောင်နှင့် ပတ်သက်လာလျှင် မြတ်လေးငုံ နှလုံးသားက ယိုင်နဲ့နဲ့ဖြစ်နေတတ်သည်။

"ကောင်းပါပြီ ဆရာ"

ဦးမေအောင်ရင်ထဲ လှိုက်ခုန်သွားပြီး. . .

"ကျေးဇူးတင်ပါတယ် မြတ်လေးငုံ"

အပြုံးဖြင့် ပြောလိုက်သည်။

မြတ်လေးငုံအတွက် ဒီနေ့တွင် ရှားရှားပါးပါး မြင်လိုက်ရသော ဦးမေအောင်အပြုံးကို အမှုမဲ့ အမှတ်မဲ့ ငေးလိုက်မိသည်။ ရွှန်းပပသာနေသော လမင်း၏ တင့်တယ်မှုကို တွေ့မြင်လိုက်ရသကဲ့သို့ ရင်တွင်းအေးမြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင့်ထူး၊ ကား အဆင်သင့် ဖြစ်ပြီလား"

"ဟုတ်ကဲ့၊ ဖြစ်နေပါပြီ ဆရာ"

"ဒါဖြင့် သွားမယ်"

မြင့်ထူးက ဦးမေအောင်၏ အတက်ချိုကွေ့စ်ကို ယူကာ ရှေ့မှ ထွက်သွားလေသည်။ နောက် မြတ်လေးငုံ၊ နောက်ဆုံး ဦးမေအောင်လိုက်ခဲ့သည်။ ရုံး ညစောင့်နှစ်ဦး ရောက်လာပြီ နေ့စောင့်ရုံးဂိတ်မှူးနှင့် စကားပြောနေရာမှ သူတို့အား လှမ်း နှုတ်ဆက်လိုက်သည်။

"တံခါးတွေ သေသေချာချာ စစ်လိုက်ကြဦးဗျ"

"ဟုတ်ကဲ့ ဆရာ"

မြတ်လေးငုံကတော့ ဘာမှာမမှာတော့ဘဲ တည်ကြည် ရှင်းသန့်သော အပြုံးဖြင့်သာ တစ်ချက် ပြုံးပြလိုက်ပြီး မတ်တူး လွန်းကား၏ နောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။

ဦးမေအောင်က ရှေ့ခန်းယာဉ်မောင်းသူ၏ ဘေးတွင် ထိုင်လိုက်သည်နှင့် မြင့်ထူးက တံခါးပိတ်ပေးလိုက်သည်။

မြင့်ထူးက ကားဖြင့် မလိုက်ချေ။

"ဆရာ၊ လေလံပွဲကို ဘယ်သူမှ မခေါ်ဘူးလား"

"နေပါစေ၊ မြင့်ထူး ပြန်ပါစေတော့၊ သူ့ခမျာ ကျောင်း သားဆိုတော့ အချိန်ရသရွေ့ အိမ်ကိုစောစောပြန်ချင်ရှာလိ မယ် မြတ်လေးငုံ"

"ဒါဖြင့် ကျွန်မ လိုက်ခဲ့မယ် ဆရာ"

"ရပါတယ် မြတ်လေးငုံ၊ မင်း သိပ်ပင်ပန်းနေပါပြီ၊ ဈေ ကြိုတောင် မလွဲသာလို့ မင်းကိုခေါ်ရတာ၊ ကိုယ် အားနာပါတယ်





ဦးတော့ ကိုယ်က သုံးနာရီကျော်လောက် အိပ်ထားတဲ့လူ၊ မင်း က တစ်နေ့လုံး မင်းအလုပ်တာဝန်ကော ကိုယ်အိပ်နေချိန်မှာ ကိုယ့်အလုပ်တာဝန်ပါ ထမ်းဆောင် နေရတဲ့သူဆိုတော့ မင်း အနားလိုက်ပါ"

လေလံပွဲရှိရာ ယုဇနဟိုတယ်ရှေ့၌ ဦးမေအောင်ကို ဆုံပေးလိုက်သည်။

ဦးမေအောင်က မြတ်လေးငုံရှိရာ နောက်ခန်းတံခါးကို ကိုင်ကာ ခါးကို ညွတ်ကိုင်းကာ ကုန်းလိုက်ပြီး. . .

"မြတ်လေးငုံ"

"ရှင်. . ဆရာ"

"မင်း ပန်းပန်တတ်သလား"

"ရှင်"

"ဪ. . မြန်မာဆန်ဆန် ဆံမြိတ်ချထားတဲ့ ဆံထုံးမျိုး ထုံးခဲ့ပြီး ပန်းလေးတစ်ပွင့် ပန်ခဲ့ပါ။ နေဦး. . ပန်းအတွက်က မင်း အခက်အခဲဖြစ်နေမယ်၊ ကိုယ်ပဲ ယူလာခဲ့မယ်၊ ကိုင်း. . . သွားတော့"

မြတ်လေးငုံ အံ့ဩမှုဖြင့် တွေဝေကာ ခွန်းတုံ့မပြန်နိုင်မီ အချိန်ဘာကလည်း အမိန့်ရသည်နှင့် ကားကို မောင်းထွက်ခဲ့လေ သည်။ မြတ်လေးငုံ၏ ရင်ခုန်သံစဉ်တို့သည် ဦးမေအောင် ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်လာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

မြတ်လေးငုံကို မြင်လိုက်ရသည်နှင့် မေအောင်၏ ရင်ထဲ လှုပ်ခတ်သွားသည်။

"ကျက်သရေရှိလိုက်တာ . . 'လေး'ရယ်" ဟု ရင်တွင်း အမှတ်တရ ကမ္ပည်းတင်ထားသော အသုံးအနှုန်းဖြင့် ရေရွတ်လိုက်သည်။

မြတ်လေးငုံနှင့် သူ နှစ်ဦးတည်း လွတ်လွတ်လပ်လပ် သွားချင်သဖြင့် မောင်အေးကို တမင်ထားခဲ့ခြင်းဖြစ်သည်။





ညွှဲ့ကြိုရန် ကုမ္ပဏီမှညွှဲ့ကြို ကိုမောင်မောင်တာ ကတော့ ကားတစ်စီးဖြင့် သွားနှင့်ကာ စီစဉ်စရာ ရှိသည်တို့ကို အသေးစိတ် ဆောင်ရွက်ထားပေလိမ့်မည်။

"ဟင် . . . ဆရာကိုယ်တိုင် မောင်းလာတယ်၊ ကိုအေး ကော"

"ဒီကောင်လဲ တစ်နေ့လုံး ပြေးလွှားနေရတော့ ဖားနေပြီလေ့၊ ဒါကြောင့် မခေါ်ခဲ့တော့ဘူး။ လာလေ . . မြတ်လေးငုံ ရှေ့မှာပဲ ထိုင်ပါ၊ ကိုယ်တို့ စကားပြောသွားရအောင်"

မြတ်လေးငုံ မငြင်းသာပါချေ။

ဦးမေအောင်၏ ဂုဏ်သိက္ခာကိုလည်း ယုံကြည်သည်။ မိမိကိုယ်မိမိလည်း ယုံကြည်ခြင်းကြောင့်လည်း ပါသည်။

ငုဝါရောင် ပိုးသားအကျီကလေးနှင့် ပန်းထိုးကြယ်သီး လေးများ တပ်ထားသော ရင်ဖုံးအကျီ၊ အနက်ခံပေါ်၌ အဝါ ရောင်ချိတ်အဆင်ပါသော လုံချည်၊ ကတ္တီပါ ပုံတော်ဖိနပ်ကလေး နှင့် အဆင်အပြင်သည် ဝင်းမွတ်သော သူမ၏ အသားအရေနှင့် ပန်ရလွန်းလှသည်။

"ကိုယ့်ရွေးချယ်မှု မှန်သွားပြန်ပြီ မြတ်လေးငုံ"

"ဘာကိုပါလဲ ဆရာ"

"မင်းအတွက် ပန်းလေ"

"ရှင်"

"ကားဒက်ချ်ဘုတ်ကို ဖွင့်လိုက်ပါ၊ မင်း နားလည်သွား လိမ့်မယ်"

မြတ်လေးငုံသည် သူပြောသည့်အတိုင်း ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဆတ်သော နှင်းဆီဝါလေးတစ်ပွင့်ကို တွေ့လိုက်ရသည်။ မြတ်လေးငုံ ရင်ခုန်သွားသည်။

"မင်း ပန်ဖို့လေ"

"ကျေးဇူးတင်ပါတယ် ဆရာ"

"မင်းရင်ထဲက တကယ် ကျေးဇူးတင်တာမှ ဟုတ်ရဲ့လား မြတ်လေးငုံ"

"ဟုတ်ပါတယ် ဆရာ"

"တော်ပါသေးရဲ့ မြတ်လေးငုံ၊ ကိုယ့်စိတ်ထဲမှာ အဖိုးတန် သစ်ခွတွေကို မပေးဘဲ နှင်းဆီကိုမှပေးလို့ ကိုယ့်ကိုများ ကပ်စေးနဲ့တယ်လို့ ထင်နေမလားလို့ စိုးရိမ်နေတာ"

ကားမောင်းရင်း စကားအမျှင်မပြတ် ပြောနိုင်သော ဦးမေအောင်ကို ငဲ့စောင်းကြည့်ပြီး မြတ်လေးငုံက ပန်းကို ဆံထုံးတွင် အသာကပ်ပြီး ကလစ်ဖြင့် ရိုးတံကို ဆံပင်အုံ၌ တွယ်ကပ်လိုက်သည်။

"သိပ်ကို ပြည့်စုံသွားပြီ မြတ်လေးငုံ"

မြတ်လေးငုံက ပြုံးလိုက်သည်။ ထိုအပြုံးသည် ရှက်ပြုံးဖြစ်နေမှာကို မြတ်လေးငုံက စိုးရိမ်သော်လည်း ရှက်ပြုံးဖြစ်သွားပြီဟုတော့ အတတ်သိလိုက်သည်။

"ကိုယ်က ပန်းဆိုရင် လှရုံနဲ့ မကြိုက်ဘူး၊ အနံ့အသက်ပါရှိမှ ကြိုက်တာ၊ မွှေးလွန်းတဲ့ပန်းမှ သဘောကျတယ် ဆိုပါတော့"

"ဒီအချက်တော့ ကျွန်မနဲ့ တူသွားပြီ ဆရာ၊ ကျွန်မကို ဆရာက သစ်ခွပန်းပေးမယ်ဆိုရင်တောင် ကျွန်မက ငြင်းပယ်မိ





မှာ အမှန်ပဲ"

စိတ်တွင်း ရှိနေသော စကားကို မြတ်လေးငုံ အမှန်အတိုင်း ဖွင့်ဟ ဝန်ခံလိုက်မိသည်။

မေအောင်စိတ်ထဲ ကျေနပ်သွားမိသည်။ သူ မြတ်နိုးမိနေသော မိန်းမသည် သူနှင့် စိတ်ဓာတ်ခြင်း တူညီနေဖြင်းအတွက် သူ ဝမ်းသာသွားသည်နှင့်အမျှ သူပေးသော မငုံ့တငုံ၊ မအာ့တအာ နှင်းဆီပန်းဝါကလေးနှင့် ပိတုန်းရောင်ကေသာ ထက်၌ ပန်ရနေမှုကို ငဲ့စောင်းကြည့်ကာ. . .

"ကျေးဇူးတင်ပါတယ် မြတ်လေးငုံ"

"ဘာအတွက်ပါလဲ ဆရာ"

"ကိုယ်ပေးတဲ့ပန်းကို ပန်ဆင်ပေးတဲ့အတွက်ပါ"

"ဒီအတွက်တော့ ကျေးဇူးတင်စရာ မလိုပါဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"ကျွန်မက အလုပ်သဘောအရ၊ အဲ. . . တာဝန်အရ ပန်ဆင်တာပါ"

"ဘယ်လို"

မေအောင်ရင်ထဲ အောင့်သက်သက်နှင့် မရှင်းမလင်း ဖြစ်သွားလေသည်။ ထို့ကြောင့် သေချာစွာ သဘောပေါက်စေရန် ထပ်မေးလိုက်ခြင်း ဖြစ်သည်။

မြတ်လေးငုံက မိမိစကားအတွက် ဦးမေအောင်ကိုများ ထိခိုက်သွားစေမလားဟု စဉ်းစားလိုက်သည်။ သို့သော် နောက်မှ ဆုတ်တတ်သည့် ဉာဉ်ကလေးကြောင့်. . .

"မြန်မာအမျိုးအမီးတွေရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို



www.burmeseclassic.com

www.burmeseclassic.com



ပြသချင်တဲ့ ဆရာ့ရဲ့ လုပ်ငန်းသဘောကို ကျွန်မနားလည် သဘောပေါက်ပါတယ်၊ ဒါကြောင့် ပန်းပန်ခြင်းရဲ့ အလေ့စရိုက်ကို မြန်မာအမျိုးသမီးတွေသာ မြတ်မြတ်နိုးနိုး တန်ဖိုးထား ပန်ဆင်ခြင်းဖြစ်ကြောင်း ကျွန်မကလဲ ကျေနပ်စွာနဲ့ လက်တွေ့ပန်ဆင်ပြီး နိုင်ငံခြားသား မိတ်ဆွေတွေကို ဂုဏ်ယူဝင့်ကြွားစွာ ပြသချင်ပါတယ်၊ ဒါပေမယ့် ညဘက်ဖြစ်နေတော့ ပန်းကို ဘယ်ဈေးမှာ ဆင်းဝယ်ရမလဲ စဉ်းစားဖို့ အချိန်ပေးဖို့ မရနိုင်တော့ဘူး မှတ်လား၊ ဒီတော့ ဆရာပေးတဲ့ပန်းကို ကျွန်မပန်မိတာပါ၊ ဒီအတွက် ကျေးဇူးတင်စရာ မလိုပါဘူး ဆရာ၊ အလုပ်ဝတ္တရားအရ ကျွန်မ ပန်ခြင်းပါ"

ဦးမေအောင် ကွက်ခနဲ မျက်နှာပျက်သွားသည်ကို မြတ်လေးငုံ စိတ်မကောင်းစွာ သတိပြုမိလိုက်လေသည်။ သို့သော်. .

"မြတ်လေးငုံရဲ့ စိတ်ဓာတ်ကို ကိုယ် သဘောကျပါတယ် နောက်ကိုလဲ အဲဒီလိုစိတ်ဓာတ်မျိုးနဲ့ အရာရာကို ကျော်ဖြတ်နိုင်ပါစေလို့ ကိုယ်ဆုတောင်းနေပါတယ်"

"စိတ်ဓာတ်ဆိုတာ မွေးရာပါ သန္ဓေဗီဇပါ ဆရာ၊ မပြောင်းလဲတတ်ဘူးလို့ ကျွန်မစိတ်နဲ့ကျွန်မ ယုံကြည်ပါတယ် ဆရာ"

မေအောင် ရင်တွင် တစ်စုံတစ်ရာကို ခက်ရာခက်ဆစ် မျှသိပ်ထားလိုက်ရသည်။ သူ့ရင်ထဲ၌ မြတ်လေးငုံကို ပြောစရာ စကားများ ရင်တွင်းပြည့်နှက်လျက်ရှိသည်။

မြတ်လေးငုံက ငြိမ်သက်သွားသော မေအောင်ထံမှ စကားများကို မျှော်လင့်နေမိသည်။





သူ့ဘာဝအတွက် မေအောင် သည် သူ့ဖခင်ပြီးလျှင် ဒုတိယအရင်းနှီးဆုံး၊ စိတ်ဝင်စားစရာ အကောင်းဆုံးနှင့် လေးစားစရာ အကောင်းဆုံးယောကျ်ားတစ်ယောက်ဖြစ်သည်။

ကုမ္ပဏီတစ်ခုလုံးကို အုပ်ချုပ်နေသော်လည်း ဂုဏ်မောက်သော အပြုအမူမျိုး လုံးဝမတွေ့ရပါချေ။ လုပ်ငန်းတစ်ခုလုံး၏ ဝန်ထမ်းကြီးငယ်ဟူသမျှ၏ လူမှုရေးကိစ္စ အသေးအဖွဲဘလေးမှအစ အလေးထားကာ ဆောင်ရွက်ဖြေရှင်းပေးတတ်သည်။ မိန်းမကိစ္စနှင့်ပတ်သက်၍ အင်မတန်ကင်းကွာသော လူတစ်ယောက်ဖြစ်၍ လူပျိုကြီးမှာ အသည်းကွဲဇာတ်လမ်းရှိဖူးပြီ ထင်တယ်ဟုတောင် မှတ်ချက်ချထားခြင်းခံရသူ ဖြစ်သည်။

"မြတ်လေးငုံ"

"ရှင်. . ဆရာ"

"ကိုယ် နေ့ခင်းက အိပ်ပျော်သွားတဲ့အတွက် မင်းမှာ အလုပ်ပိုသွားသလား"

"မပိုပါဘူး ဆရာ၊ ကျွန်မ ဆောက်ရွက်နေကျ အလုပ်တွေပါပဲ"

"အေးဗျာ၊ တစ်ခါတစ်ရံ ရှုပ်ထွေးလှတဲ့ လောကကြီးကို အိပ်စက်ခြင်းနဲ့ ကျောခိုင်းထားလိုက်တာ အကောင်းဆုံးပဲ မှတ်လား"

"ရှုပ်ထွေးနေတာကို ရှင်းလင်းလိုက်တာ အကောင်းဆုံး နည်းလမ်းမဟုတ်ဘူးလား ဆရာ"

"ရှင်းလင်းလို့ မရနိုင်တဲ့ အရှုပ်တော်ပုံတွေလဲ ရှိတတ်ပါသေးတယ် မြတ်လေးငုံ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံသည် သောကကြေကွဲရိပ်များ ယှက်သန်းနေသော ဦးမေအောင်၏ မျက်နှာကို ငဲ့စောင်းအကဲခတ်ရင်း သူ့ရင်တွင်းသို့ပါ ဝေဒနာများ ကူးသန်းစိမ့်ဝင်လာသကဲ့သို့ ခံစားလိုက်ရသည်။

"ရုံးကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မတို့ဝန်ထမ်းတွေဘက်က ချွတ်ယွင်းမှုတွေများ ရှိနေပါသလား ဆရာ"

"မဆိုင်ပါဘူး၊ မင်းတို့အားလုံး ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြပါတယ်၊ ကိုယ့် ကိုယ်ရေးကိုယ်တာကိစ္စတွေက ရှင်းလေရှုပ်လေ ဖြစ်နေလို့ပါ၊ ကိုင်း. . .ဒါတွေ မေ့ထားလိုက်ရအောင်"

ဦးမေအောင်က ကြေကွဲရိပ်မျက်နှာကို ချက်ချင်း ပြင်ဆင်ပြီးကားကို အိုအေစစ်အတွင်း ကားရပ်နေရာ၌ ရပ်လိုက်သည်။

မြတ်လေးငုံက အိုအေစစ်မှ ဝန်ထမ်းဖွင့်ပေးသော တံခါးမှ ညင်သာစွာ ဆင်းခဲ့သည်။ စိတ်ထဲ၌ ဖခင်ကို သတိရလိုက်သည်။ ခုလိုသူစိမ်းယောကျ်ားတစ်ဦးနှင့် ဟိုတယ်တက်ကာ ညနေစာကို သုံးဆောင်ခြင်းသည် မြန်မာအမျိုးသမီးတွေရဲ့ ယဉ်ကျေးမှုအကျင့်စရိုက် မဟုတ်ဘူးဟုဆိုကာ တားမြစ်လိမ့်မည် ထင်ပါသည်။ သို့သော် ပြောင်းလွဲလာသော ခေတ်ရေစီးကြောင်းအရ၊ လုပ်ငန်းတာဝန်အရ ကြွေရရ သွားလာခြင်းဆိုလျှင် ခေတ်ပညာတတ် ဖခင်က နားလည်ခွင့်လွှတ်မည်ဟု မြတ်လေးငုံ စိတ်သက်သာရာ သက်သာကြောင်း တွေးလိုက်မိသည်။

"လာ. . . မြတ်လေးငုံ"





မေအောင်က မြတ်လေးငုံအား ဂရုတစိုက် စောင့်ဆိုင်းကာခေါ်လိုက်သည်။

မြတ်လေးငုံကို ဂရုတစိုက် ယှဉ်တွဲ ခေါ်လိုက်သည်။

မြတ်လေးငုံ၏ ရင်ခုန်သံတို့သည် ခြေလှမ်းချက်များနှင့်အတူ ငြိမ့်ငြိမ့်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ဆန့်ကျင်ဘက်လူသားအချင်းချင်း အနေနီးစပ်မှုကြောင့် ရင်ခုန်သံစဉ် ဖြစ်ပွားလာခြင်းသည် အချစ်ခရီးလမ်း အစပေများလား။

"ဘာမှာမလဲ မြတ်လေးငုံ"

"အသီးအရွယ်ကြော် တစ်ခွက်နဲ့ ပုစွန်ပါရင် ကျွန်မအတွက် အဆင်အပြေဆုံးပါ ဆရာ"

မေအောင်က ပြုံးလိုက်သည်။ ပြီးမှ. . .

"ဟုတ်သားပဲ ဆောရီး၊ ကိုယ်မေ့သွားလို့၊ မြတ်လေးငုံဟာ ပုစွန်ကြိုက်တာပဲ"

ယခင် ညစာစားပွဲနှစ်ခုကို ဒေါ်သက်သက်ခိုင်၊ ဦးသီလတို့ပါ အပါအဝင် မြတ်လေးငုံ တက်ရောက်ခဲ့ဖူးသည်။ ထိုပွဲများတွင်လည်း မြတ်လေးငုံသည် အစိမ်းကြော် တစ်ပွဲနှင့်ပုစွန်လုံးကြော်များကိုသာ နှစ်ခြိုက်စွာ စားသုံးခဲ့သည်ကို မေအောင် အမှတ်ရလိုက်သည်။ ထို့ကြောင့်ပုစွန်နှင့် ပတ်သက်သော ဟင်းလျာသုံးလေးမျိုးနှင့် ဟော့ပေါ့ ပွဲသေးတစ်ပွဲ မှာလိုက်သည်။

"များလှချည်လား ဆရာ"

"ထမင်းနည်းနည်းနဲ့ ဟင်းချည်းပဲ ထိုင်စားကြတာပေါ့"

မေအောင် စဉ်းစားလိုက်မိသည်။ မြတ်လေးငုံကို ယခု



www.burmeseclassic.com

www.burmeseclassic.com



နေချစ်ပွင့်ပန်လိုက်လျှင် အခွင့်အရေးသမားတစ်ဦးအဖြစ် ထင်သွားလိမ့်မည်။ ဒီယုန်မြင်၍ ဒီချုံထွင်ခဲ့ခြင်းဟု စွပ်စွဲလိုက်လျှင် သူ့ရင်ထဲမှ အချစ်၏တန်ဖိုး လျှော့ကျသွားပေလိမ့်မည်။ ရင်ထဲမှာပဲ ခေတ္တ မျိုသိပ်ထားလိုက်ရန် ဆုံးဖြတ်လိုက်သည်။

"မြတ်လေးငုံ ကိုယ်တို့နဲ့ အလုပ်လုပ်ရတာ နှစ်လကျော်လာပြီနော်"

"ဟုတ်ကဲ့ ဆရာ၊ နှစ်လနဲ့ခြောက်ရက်ပါ"

"ပျော်ရဲ့လား"

"မပျင်းပါဘူး ဆရာ"

"မပျင်းပါဘူးဆိုတော့ မပျော်ဘူးဆိုတဲ့ သဘောလား"

မြတ်လေးငုံက ဦးမေအောင်၏ ပြုံးယောင်သန်းသော မျက်နှာကို ကြည့်လိုက်သည်။ ပြီးမှ. . .

"ကျွန်မက အလုပ်ကို အပျော်သဘော လာလုပ်တဲ့ လူတန်းစားမှ မဟုတ်ဘဲ ဆရာရယ်၊ ဘဝအတွက် အလုပ်လာလုပ်တာပဲ၊ ဒီတော့မပျင်းဘူးဆိုတဲ့ အဖြေနဲ့တင် လုံလောက်သင့်တယ် ထင်ပါတယ် ဆရာ"

မေအောင်က သက်ပြင်းချလိုက်ပြီး. . .

"မြတ်လေးငုံက ခဏတဖြုတ် လာရောက်လုပ်တဲ့ သဘောလား"

"အဲ့ဒီလိုဆိုရင်လည်း မမှားပါဘူးဆရာ၊ အခြေအနေနဲ့ အချိန်အခါသာပေးခဲ့ရင် ကျွန်မရည်ရွယ်ချက်ကို ကျွန်မအောင်အထည်ဖော်မှာပါ ဆရာ"

မေအောင်က မြတ်လေးငုံ၏ ရည်ရွယ်ချက်ကို စတင်





သွေသည့် အင်တာဗျူးနေ့ကတည်းက သိရှိထားပြီးဖြစ်သည့်အတွက် မြတ်လေးငုံအပေါ် ကရုဏာမိုးလေးပါ ရွာသွန်းမိသည်။

ထိုစဉ် စားပွဲထိုးများက မှာထားသော ဟင်းလျာများကို သာရောက်ချသဖြင့် စကားစပြတ်သွားသည်။

သို့သော် မေအောင်၏ ရင်ထဲ၌မြတ်လေးငုံ စိတ်ချမ်းသာစေချင်သည်။ ထို့ကြောင့် မြတ်လေးငုံ၏ ရည်ရွယ်ချက်ကလေးကိုအကောင်အထည် ဖော်ပေးလိုသောဆန္ဒ ဖြစ်ထွန်းသွားလေသည်။

"မြတ်လေးငုံရဲ့ဆန္ဒ မကြာခင် ဖြစ်ထွန်းလာမှာပါ"

"ဒါဖြင့် ဆရာ့ဆီမှာ ကျွန်မ မရှိမှာကို ဆရာလိုလားသယ်ပေါ့"

မြတ်လေးငုံ ရင်ထဲ၌ ရုတ်တရက် ဖြစ်ပွားလာသော ဆဒနာအစိုင်အခဲကို ချက်ချင်းချေဖျက်လိုက်သော မေးခွန်း တစ်ချက်ကို ကောက်ကာငင်ကာ မေးလိုက်လေသည်။

မေအောင် မြတ်လေးငုံကို အံ့အားသင့်စွာ အကဲခတ်ကြည့်ကြည့်လိုက်သည်။

မြတ်လေးငုံ၏ ကြွေမျက်နှာအောက်မှ အတွင်းမနော ညှိုးနွမ်းလိုက်သည်နှင့် မေအောင့်ရင်၌ သိမ့်ခနဲ ဖြစ်သွားသည်။

"ဘယ့်နှယ် ပြောလိုက်တာလဲ မြတ်လေးငုံ၊ မင်းလိုသည်အချင်းပြည့်ဝတဲ့ ဆက်ခက်တေရီတစ်ယောက် မရှိတော့ ကိုယ့်ရဲ့လုပ်ငန်းတွေမှာ ထိခိုက်နစ်နာမှုတွေ ရှိသွားနိုင်တယ်၊ ဒီအတွက်နဲ့တော့ ကိုယ်က တစ်ကိုယ်ကောင်းဆန်စွာ မင်းကို မတားမြစ်ချင်ပါဘူး၊ မင်းစိတ်ချမ်းသာဖို့ အနစ်နာခံစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် ကိုယ်ပဲ အနစ်နာခံလိုက်မယ့်သဘောပါ မြတ်လေးငုံ”

မေအောင် ရင်ထဲ ဆက်စရာစကားရှိနေပါသေးသည်။ ထိုစကားသည် ရှင်းရှင်းပြောရရင် “လေးရယ်၊ မင်းကို ကို... အပါးမှာ၊ ကိုယ့်ရင်ခွင်ထဲမှာ တစ်သက်လုံး သိမ်းဆည်းထား... တဲ့ လူပါ” ဟု။

သို့သော် သက်ပြင်းတစ်ချက် ချကာ မျိုသိပ်လိုက်ပြီး...

“ဘာမှ မတွေးနဲ့၊ မင်းဖြစ်ချင်တာတွေရှိရင် ကိုယ့်... အစ်ကိုတစ်ယောက်လို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောနော် မြ... လေးငုံ၊ ကိုင်း. . စား. . စား မြတ်လေးငုံ၊ ကိုယ်တော့ ဆာနေပြီ...

မေအောင်က စကားကို လျှောချလိုက်ပြီး မြတ်လေး... ပန်းကန်ထဲသို့ ဟင်းများ ခပ်ထည့်ပေးသည်။

မြတ်လေးငုံ တိတ်တခိုးလေး သက်ပြင်းချလိုက်မိသေ... သည်။







# အခန်း (၁၆)

“မြတ်လေးငုံ”

မိန်းထဲမှ မြတ်လေးငုံ ထွက်ထွက်ခြင်း အဝ၌ ရပ်စောင့်...သော မင်းရဲမွန်က ကိုယ်ထင်ပြကာ ခေါ်လိုက်သည်။

“ဩော်. . . ကိုမင်းရဲမွန်”

မြတ်လေးငုံ သိပ်တော့ မအံ့ဩတော့ပါချေ။ မြတ်လေး...ပါး၌ ပျားပိတုန်းတွေ ရစ်ဝဲနေပြီဟု အတပ်သိလိုက်သည်။

“ကျွန်တော် ချောင်းဆုံဆေးရုံကို ပို့စ်စတင်ကျပြီ မမြင်...



www.burmeseclassic.com

www.burmeseclassic.com



လေးငုံ"

မြတ်လေးငုံ အမှန်တကယ်ပင် အံ့သြကြည်နူးဝမ်းသာ သွားသည်။

လေးငါးခြောက်လ ဆိုသောအချိန်ကာလအတွင်း ခမ်းနား မင်စွာဖြင့် အိမ်ကိုမကြာခဏ ဝင်ထွက်သွားလာခဲ့သော မင်းရဲမွှန် ၏ ရည်မှန်းချက်ပြည့်ဝမှုအတွက် မြတ်လေးငုံ အမှန်တကယ် ကြည်နူးသွားသည်။

"ဟင်. . တကယ်"

"တကယ်ပေါ့ မြတ်လေးငုံ"

"ဒါဖြင့် ဘယ်တော့ သွားမှာလဲ"

"တစ်ပတ်အတွင်း"

"အို. . ဟုတ်လား၊ မြန်လိုက်တာ"

"ဒီအထိမ်းအမှတ်အတွက် မြတ်လေးငုံကို တစ်ခုခုပေး ချင်လို့ပါ၊ လက်ခံပါနော်"

မြတ်လေးငုံ တဒင်္ဂအတွင်း စဉ်းစားလိုက်သည်။

"ကိုမင်းရဲမွှန်ရဲ့ အောင်မြင်မှုအထိမ်းအမှတ်ကို အ ပေးချင်ပါတယ်၊ ဒါပေမယ့် မေရုံတို့က ကျွန်မအိမ်ပြန်နောက်ကျ ရင် စိတ်ပူနေလိမ့်မယ်"

"ကျွန်တော် အမြန်ဆုံး ပြန်ပို့ပေးပါ့မယ်၊ မြတ်လေးငုံကို လဲ ကျွန်တော်ပြောစရာရှိနေလို့ပါ၊ နောက်ဆိုရင် မြတ်လေးငုံ တွေ့ဖို့က အတော်ဝေးသွားပြီဆိုတော့"

"ကဲပါ ကိုမင်းရဲမွှန်ရယ်၊ ကျွန်မ လိုက်ပါ့မယ်၊ ဒါပေမယ့် သိပ်တော့ ဝေးဝေးလံလံတော့ မသွားဘူးနော်"





"ဖူဆန်လောက်ပါပဲ"

"ကောင်းပြီလေ"

မင်းရဲမွှန်မျက်နှာသည် မှီရသောမျက်နှာကဲ့သို့ ဝင်းပ သွားလေသည်။

မြတ်လေးငုံကတော့ တိတ်တခိုး သက်ပြင်းချလိုက်မိ သည်။ မိမိ၏အရွယ်သည် အိမ်ထောင်ရေးကို စဉ်းစားရမည့်အ ရွယ်သို့ ရောက်နေပြီလေ။

အိမ်ထောင်ဘက်ကို ရွေးချယ်ရာ၌ စိတ်တူကိုယ်တူ ရည်မှန်းချက် တူညီသောသူကို ရွေးချယ်ရမည်လား။

မိမိ နှလုံးသားကို စွဲကိုင်လှုပ်နိုင်မည့် သူကို ရွေးချယ် ရမည်လား။ စဉ်းစား၍ မရနိုင်အောင် ဖြစ်နေသည်။

ဖူဆန်သို့ရောက်သောအခါ စားစရာ မှာထားပြီး စောင့် ဆိုင်းနေချိန်၌ မြတ်လေးငုံ မှန်းဆတွက်ဆထားသည့် အတိုင်း ပင်. . .

"မြတ်လေးငုံ ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်ပြီး ကျွန်တော့်စကားကို အလေးအနက် နားထောင်စေချင်ပါတယ်"

"ပြောပါ ကိုမင်းရဲမွှန်၊ ကျွန်မ ကိုမင်းရဲမွှန် စကားတွေ ကို နားထောင်ဖို့ လိုက်ခဲ့တာပဲ"

"ကျေးဇူးတင်ပါတယ် မြတ်လေးငုံ၊ အဲ. . နားထောင်ရုံနဲ့ မပြီးဘူးနော်၊ ပြီးရင် အဖြေပြန်ပေးရဦးမှာ"

မြတ်လေးငုံက နှုတ်ခမ်းလေး တွန့်ရုံပြုံးလိုက်ပြီး ခေါင်း ညိတ်လိုက်သည်။

မင်းရဲမွှန် အားတက်သွားသည်။ သို့သော် မြတ်လေးငုံ၏

www.burmeseclassic.com



တည်ကြည်သော မျက်နှာထားကြောင့် မင်းရဲမွန်၏ ရင်တွင်း စကားတို့ကို မဝံ့မရဲ ဖွင့်ဟလိုက်သည်။

"မြတ်လေးငုံ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ဖို့ ရည် မှန်းထားသူများ ရှိနေပြီလားဆိုတာ ကျွန်တော် အရင်သိပါရစေ"

"လက်စသတ်တော့ ကိုမင်းရဲမွန်က ကျွန်မကို အင်တာ ဗျူးလုပ်ဖို့ ခေါ်လာတာကိုး"

"လိုအပ်လို့ပါဗျာ"

"မရှိသေးဘူးဆိုရင်ကော"

မင်းရဲမွန်မျက်နှာ ဝင်းပသွားပြီး တက်ကြွစွာဖြင့်. . .

"ဒီလိုဆိုရင် ကျွန်တော့်ကို ပထမဦးဆုံးအနေနဲ့ စဉ်းစား ပေးပါလို့ ပြောပါရစေ"

မြတ်လေးငုံ ရင်ထဲ၌ ရယ်ချင်သွားသည်။ ဘယ်လိုလဲ ဘဝတစ်သက်တာလုံးနှင့် ပတ်သက်သောစကားဖြစ်ပါလျက် ရင်မခုန်ရပါလားဟု တွေးမိကာ ရယ်ချင်သလိုလိုပင်ဖြစ်မိသည်။ သို့သော် ရယ်ခြင်းကို ထိန်းချုပ်တတ်သော အလေ့အကျင့်ကရ နေပြီး ဖြစ်သဖြင့်ပြုံးရုံ ပြုံးကာ. . .

"ဟုတ်ကဲ့ စဉ်းစားပေးပါ့မယ်"

မင်းရဲမွန် ရင်ထဲ ဟာခနဲဖြစ်ကာ ဘဝင်မကျနိုင်အောင် ဖြစ်သွားသည်။ သူက စိတ်လှုပ်ရှားနေသလောက် မြတ်လေးငုံမှာ တုန်လှုပ်မှုကင်းမဲ့နေသည်ဟု သူယူဆသည်။ ထို့ကြောင့်. . .

"ကျွန်တော် မြတ်လေးငုံကို အမြန်ဆုံးလက်ထပ်ချင် တယ်၊ ပြီးရင် ကျွန်တော်နဲ့အတူ လက်တွဲပြီး မြတ်လေးငုံရဲ့ ဇာတိ မြေမှာ နိုင်ငံ့တာဝန်ကို အတူထမ်းရွက်ချင်တယ်ဗျာ၊ ဒါက ကျွန်





တော့်ဆန္ဒပါ"

မြတ်လေးငုံရင်သည် ယခုမှ လှုပ်ရှားလာသည်။ မြတ် လေးငုံရဲ့ဇာတိမြေ။ ဟုတ်သည်. . ။ ရေနံချေးဝနေသော ရှေး ဟောင်း လက်ရာနှစ်ထပ် အိမ်ကြီးတစ်လုံး၊ ပန်းမျိုးအစုံအလင်၊ စားသုံး သီးပင်အစုံအလင်နှင့် ခြံကြီး၊ မြင်းမိုရ်တောင်ဘုရား၊ ပြီးတော့ ချောင်းဆုံ၏ အထက်တန်းကျောင်းကြီး၊ ဒါတွေအား လုံး မြတ်လေးငုံ၏ အာရုံရိပ်ဝယ် ထင်ဟပ်လာပြီး သွေးခုန်နှုန်း မြန်ဆန်လာသည်။

"ကျွန်တော် မြတ်လေးငုံကို ငယ်ကတည်းက စွဲလမ်းခဲ့ တာပါ၊ ဒါပေမယ့် ပညာရေးကို ဦးစားပေးနေရတဲ့ အချိန်ကာလ ဖြစ်နေခဲ့လို့ နှလုံးသားကို ရှေ့တန်းမတင်နိုင်ခဲ့တာပါ"

မင်းရဲမွန်က ရင်ထဲမှာစကားတွေ ပွင့်အံလာသည်။

မြတ်လေးငုံက နားနှင့်နားထောင်သည်။ ရင်နှင့်နားမ ထောင်ချေ။

"ကျွန်တော် ရည်မှန်းထားတာက (ဆမ)ရပြီး ချောင်းဆုံ မှာ အမှုထမ်းတာနဲ့ မြတ်လေးငုံတို့ အမျိုးတွေဆီမှာ မြတ်လေးငုံ ကိုပ်စာတောင်းယူမယ်၊ ပြီးရင် မြတ်လေးငုံကို ချဉ်းကပ်ပြီး လက် ထပ်ခွင့်တောင်းယူဖို့ ဆုံးဖြတ်ခဲ့တာ၊ ယခုလို မမျှော်လင့်ဘဲ ဖူးစာ နတ်မင်းက မျက်နှာသာပေးလို့ မြတ်လေးငုံနဲ့ပြန်ဆုံခွင့်ရ တော့ ကျွန်တော်အရမ်းကို ဝမ်းသာခဲ့ရတယ်"

မြတ်လေးငုံသည် နားထောင်သမားသက်သက် ဖြစ်ခဲ့ သည်။

"ဘယ်လိုလဲ၊ ကျွန်တော့်မိဘတွေကို နားဖောင်းခိုင်းရ



www.burmeseclassic.com

www.burmeseclassic.com



တော့မလား"

"ကျွန်မကို အချိန်ပေးပါဦး ကိုမင်းရဲမွန်၊ ကျွန်မအမေ တွေနဲ့ တိုင်ပင်ပါရစေဦး"

မင်းရဲမွန် ပို၍ကျေနပ်သွားသည်။ မြတ်လေးငုံ၏ မေရှံ၊ မေအုံ၊ မေဆုံတို့သည် သူ့အပေါ်၌ ကျေနပ်ပြီးသားဆိုခြင်းကို သူရိပ်မိနေခဲ့ခြင်းကြောင့် ဖြစ်သည်။

"တိုင်ပင်ပါ မြတ်လေးငုံ၊ ခု ပြန်ရင် မြတ်လေးငုံကို ပို့ပေးရင်း ကျွန်တော် တစ်ခါတည်း ခွင့်ပန်ခဲ့ပါ့မယ်"

"ဒီလိုဆိုရင် ကျွန်မအနေခက်ပါဦးမယ်၊ မေရှံတို့က ကျွန်မကို ကလေးလိုပဲ မြင်နေကြတာ"

"ဘယ်မိဘမဆို ကိုယ့်သားသမီးအပေါ် ဒီလိုချည်းပဲ မြင်တတ်ကြတာချည်းပါပဲ"

"ကျွန်မဘာသာ ဖွင့်ပြောပါ့မယ်"

မြတ်လေးငုံသည် ဘဝတစ်သက်တာအတွက် အရေးကြီးသော အိမ်ထောင်ရေးကိစ္စကို သွေးအေးအေးဖြင့် ရင်ဆိုင်နိုင်လိုက်သည့် မိမိကိုယ်မိမိ အံ့အားသင့်၍ မဆုံးအောင် ဖြစ်မိသည်။

မင်းရဲမွန်လို လူစားမျိုးကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ခြင်းသည် မှားယွင်းသောလုပ်ရပ်တစ်ခု မဟုတ်ဟု မြတ်လေးငုံ ယုံကြည်သည်။

သို့သော် ဤကိစ္စကို လွယ်လင့်တကူ မဆုံးဖြတ်ချင်။ ထို့ကြောင့် မင်းရဲမွန်ကို မယုတ်မလွန် လွှဲပြောလိုက်ခြင်းဖြစ်သည်။





မေရှံ၊ မေဆုံ၊ မေအုံတို့၏ နှုတ်ဖျားမှ. . .

"ရွှေစွန်ညိုတော့ ဝဲနေပြီ သမီးငုံ၊ ဘာပဲဖြစ်ဖြစ် မေဆုံကတော့ မင်းရဲမွန်လေးနဲ့ဆို သဘောတူတယ်ဟေ့"

ဟု ပြောဆိုပြီးသား ဖြစ်သည်။

"မြတ်လေးငုံ၊ ကျွန်တော် ဝမ်းသာရမှာလားဟင်"

"ကံကြမ္မာဆိုတာ ဘယ်သူမှ ကြိုမမြင်တတ်ကြဘူးလေ"

မြတ်လေးငုံ၏ အပြုံးလေးနှင့် ငြင်းဆိုလိုက်မှုကို မင်းရဲမွန်က မချင့်မရဲနှင့် ကျေနပ်လိုက်ရလေသည်။ သူက ချစ်မိခြင်းကြောင့် ဖြစ်သည်။

မင်းရဲမွန်က တစ်ခါတစ်ရံ မြတ်လေးငုံကိုကြည့်ပြီး စိုးရိမ်စိတ်ဝင်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူ လိုလားထားသည်က အချစ်နှင့် ဖွဲ့စည်းထားမည့် အိမ်ထောင်ရေးဖြစ်သည်။

သူလိုလားနေသော အနေအထားကို မြတ်လေးငုံက ဖန်တီးပါ့မလားဟု သူ စိုးရိမ်သည်။

တည်တည်ငြိမ်ငြိမ်နှင့် အပြုံးအရယ်နည်းသော မြတ်လေးငုံ၏ ရင်ထဲ၌ ချစ်တတ်သောနှလုံးသားမှ ရှိပါလေစဟု သူ တစ်ခါတစ်ရံ သံသယပွားမိသည်။

သို့သော် မြတ်လေးငုံကို မြင်တွေ့လိုက်ရလျှင်ပင် သူ့မအား မပိုင်ဆိုင်ဘဲ မနေနိုင်၊ ပိုင်ဆိုင်ရယူချင်စိတ်က သူ့အလိုလို ဖြစ်ပေါ်လာလေသည်။

"ကျွန်တော် သတင်းပို့ပြီး ပြန်လာခဲ့ရင်"

"ဟုတ်ကဲ့၊ ကျွန်မ အဖြေပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မြတ်လေးငုံ"

မင်းရဲမွန်ကတော့ ကျေနပ်လိုက်ရသည်။

သို့သော် စိတ်ထဲမှာတော့ သူလိုလားနှစ်သက် မျှော်မှန်းထားသော ရင်ခုန်ဖွယ်ရာ ကိစ္စဖြစ်မလာခြင်းအတွက် ရင်ထဲဘဝမကျနိုင်အောင် ခံစားလိုက်ရသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

ကံဆိုးခြင်းသည် ဘယ်သောအခါမှ ထီးတည်းမလာတတ်၊ အပေါင်းအဖော်များကို လက်တို့ခေါ်လာတတ်ကြသည်ဆိုခြင်းကို မေအောင် နားလည် သွားလေသည်။

မေအောင်၏ မိခင်သည် ကျောက်ကပ်ရောဂါဖြင့် အိပ်ရာထဲလဲချိန်တွင် ဖခင်က ကားအက်ဆီဒင့်ဖြင့် ရုတ်တရက် ကွယ်လွန်သွားသည်။

မေအောင် အသုဘကိစ္စ၊ မိခင်ကို ဆေးတိုက်တစ်ခုသို့





ဆောင်ရန်ကိစ္စဖြင့် အလုပ်များနေသည်။ ဒေါ်သက်သက်ခိုင်က ဆွေရင်းပီပီ မေအောင်၏ အိမ်သို့ ညအိပ်သွားကာ အကူအညီ ပေးခဲ့သည်။

မြတ်လေးငုံကတော့ ရုံးအပြန် သတင်းမေးရုံသာ ဝင်မေးနိုင်သည်။ မေအောင်၏ မိသားစုပြဿနာကို မြတ်လေးငုံ ကရုဏာသက်စွာ သိရှိလိုက်ရသည်။

"ဆရာ၊ ကျွန်မ ဘာအကူအညီပေးရဦးမလဲ ဆရာ"

မေအောင် စိတ်ရောကိုယ်ပါ ပင်ပန်းသမျှတို့ ပျောက်ကွယ်သွားလေသည်။

"ရပါတယ် မြတ်လေးငုံ၊ ကိုယ်မရှိတော့ မင်းကနှစ်ယောက်စာ ပိုပင်ပန်းနေတဲ့သူပါ"

"ကိစ္စမရှိပါဘူး ဆရာ၊ အလုပ်ကိစ္စဆိုတာ အပန်းကြီးတဲ့ကိစ္စမှ မဟုတ်တာ၊ ဆရာသာ စိတ်ရောကိုယ်ရော ပင်ပန်းတာပါ။ ကျွန်မဘာအကူအညီပေးရမလဲ၊ ဘာတွေလိုအပ်သေးသလဲ ဆရာ"

တစ်ဦးနှင့်တစ်ဦး ငဲ့ညှာမှုကို ဒေါ်သက်သက်ခိုင်က အကဲခတ်ကာ. . .

"မေးမနေနဲ့ မြတ်လေးငုံ၊ သူ့မှာလိုအပ်ချက်တွေက အများကြီးပဲ၊ အဲဒီ အများကြီးကို မျှဝေခံစားနိုင်တဲ့ အဖော်တစ်ဦးပဲ အဓိကလိုနေတယ်၊ အဲဒီ လိုအပ်ချက်ကိုသာ သမီး ကူညီနိုင်မနိုင်သာ စဉ်းစားပေတော့"

မြတ်လေးငုံ မျက်နှာအထားရခက်သွားသည်။ စတော်ဘယ်ရီရောင်ပြေးသွားသော မျက်နှာလေးကို ငုံ့ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေအောင်မှာ မြတ်လေးငုံကို မကြည့်ရဲတော့ဘဲ မျက်နှာလွှဲလိုက်လေသည်။ ရှက်ရွံ့အားနာခြင်းနှင့်အတူ. . .

"အန်တီခိုင်ကလဲဗျာ" ဟုဆိုကာ ရှောက်ထွက်သွားလေသည်။ ဒေါ်သက်သက်ခိုင်က မြတ်လေးငုံအား တိုးကပ်ထိုင်ကာ. . .

"ဟုတ်တယ်၊ အဲဒီလို ဆွဲပေးမှ၊ ဘေးတီးပေးမှ၊ ဒီအတိုင်း လွှတ်ထားလို့ကတော့ ငဲ့ကွက်မှုတွေ၊ ယောက်ထားမှုတွေ၊ သိက္ခာဆည်မှုတွေနဲ့ ငုံးဆူ လူသိမှာ မဟုတ်တော့ဘူး"

မြတ်လေးငုံ ရှက်ရွံ့စွာဖြင့် မဝံ့မရဲ ခပ်တိုးတိုး ဟန့်တားလိုက်သည်။

"အို. . အန်တီခိုင်ရယ်၊ တိုးတိုးပြောပါ. . သူများတွေကြားသွားရင် တလွဲထင်နေပါဦးမယ်"

"ဟုတ်တယ်၊ ကြားက မနေနိုင်တော့ဘူး၊ သနားလဲသနား၊ လေးလဲလေးစားပါတယ်၊ ဒါပေမယ့် မလှုပ်တလှုပ်နဲ့ အားကိုမရဘူး၊ ကိုယ့်တူသားလို့ ဖြစ်နေတော့ အန်တီ မနေနိုင်လို့ ပြောတာပါ။ တကယ်တော့ သူက သမီးကို. . ."

ပြောလေ ကဲလေ. . မန်းလေ ပြလေ ဖြစ်လာသော. . ဒေါ်သက်သက်ခိုင်ကြောင့် မြတ်လေးငုံက. . .

"တော်ပါတော့ အန်တီခိုင်ရယ်၊ ကျွန်မနောက်ဖေးမှာ သွားဝိုင်းကူလိုက်ဦးမယ်နော်" ဟု စကားစကို ဖြတ်အတင်းဖြတ်တောက်ကာ ဒေါ်သက်သက်ခိုင်အပါးမှ ထပြေးခဲ့လေသည်။

မြတ်လေးငုံရင်ထဲ ထူးကဲသောလှုပ်ရှားမှုက တုန်ယင်လှုပ်ရှားနေသည်။





"မမြတ်လေးငုံပါလား"

ထမင်းစားခန်းထဲ၌ မနက်ဖြန်ရက်လည်ဆွမ်းကျွေးအတွက် လိုအပ်သော ပြင်ဆင်မှုများကို အလုပ်သမားများနှင့် ဝိုင်းဝန်းပြင်ဆင်ပေးနေသော ညီအောင်က မြတ်လေးငုံကို တွေ့သောအခါ အံ့ဩဝမ်းသာဖြစ်သွားသည်။

မြတ်လေးငုံကလည်း ညီအောင်ကိုတွေ့လိုက်ရသောအခါ အံ့ဩသွားသည်။

"သြော်. . ဒေါက်တာ၊ သတင်းစာထဲမှာ ဒေါက်တာ ညီအောင်လို့ တွေ့လိုက်သား၊ ဒါပေမယ့် နာမည်တူ လူတူမရှားဖြစ်မှာပါလို့ ထင်နေတာ"

"ဟုတ်တယ် မမြတ်လေးငုံ၊ ဒါနဲ့ မမြတ်လေးငုံက. ."

"ဦးမေအောင်ရဲ့ ဆက်ခက်တေရီပါ"

"သြော်"

ညီအောင်က ကိုကို ချီးကျူးနေသော သူ့ဆက်ခက်တေရီ မှာမြတ်လေးငုံမှန်း သိလိုက်ရသည်နှင့် ရင်ထဲ၌ မတင်မကျဖြစ်သွားသည်။ အစ်ကိုဖြစ်သူ၏နှုတ်မှ သူ၏ဆက်ခက်တေရီတော်ကြောင်း၊ လုပယဉ်ကျေးကာ ကျက်သရေရှိကြောင်း အမြဲတစေ ချီးမွမ်းပြောဆိုနေခြင်းကိုက သူ၏ရင်တွင် သူ၏ဆက်ခက်တေရီ အမြဲတစေ ရှိနေပြီဟု သူတွက်ဆမိသောကြောင့် ဖြစ်သည်။

"အသုဘ ပို့တဲ့နေ့က မတွေ့မိပါဘူး"

"ဟုတ်ကဲ့၊ ကုမ္ပဏီအတွက် အများကြီးအကျိုးအမြတ်ဖြစ်စေမယ့်ကိစ္စတစ်ခုအတွက် ဦးမေအောင်ကိုယ်စား ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်နေရတဲ့ အချိန်ဖြစ်နေလို့ပါ။ ဒါပေမယ့် နေ့တိုင်း ဒီလိုအချိန် ကျွန်မအမြဲရောက်ပါတယ်"

"ဪ. . ဒါကြောင့်ကိုး၊ ကျွန်တော်ကလဲ အပြင်အလုပ်တွေကိုပဲ ဒိုင်ခံတာဝန်ယူထားရလို့ မတွေ့မိကြတာကိုး၊ ထိုင်ပါဦး မြတ်လေးငုံ"

"ကျွန်မ ဘာအကူအညီ ပေးရဦးမလဲလို့ လာတာပါ။ နောက်ပြီး ဒါလီလေးကိုလဲ မတွေ့လို့"

"အိပ်နေတယ် ညည မအိပ်ဘူးလေ၊ အားနည်းပြီး ပရက်ရှာ သိပ်ကျနေတာနဲ့ ကျွန်တော် ဒရစ်ချိတ်ပေးထားတာ အိပ်ပျော်နေရှာပြီ ထင်ပါတယ်"

မြတ်လေးငုံသည် ထမင်းစား စားပွဲဝိုင်း၌ ညီအောင် ဆွဲပေးသော ကုလားထိုင်၌ အသာအယာ ဝင်ထိုင်လိုက်သည်။

ညီအောင်က သူကိုယ်တိုင်ပင် ရေခဲသေတ္တာအတွင်းမှ ဆန်းကစ်တစ်ဘူးကိုယူကာ ဖွင့်ပေးပြီး ဖန်ခွက်တွင်းထည့်ကာ မြတ်လေးငုံကို ဧည့်ခံသည်။

ဤမြင်ကွင်းကို ထမင်းစားခန်းသို့ဝင်လာသော မေအောင်က လှမ်းမြင်လိုက်သဖြင့် သူ့ခြေလှမ်းသည် တုံ့ခနဲဖြစ်သွားသည်။ သူ့ညီနှင့် မြတ်လေးငုံ ဘယ်အချိန်ကများ ရင်းနှီးသွားပါလိမ့်။ ရိုးရိုးသားသား ရင်းနှီးခြင်းမှ ဟုတ်ပါလေစ။

ထမင်းစားခန်းသို့ ဆက်မဝင်တော့ဘဲ အပေါ်ထပ်ဘက်သို့ ဦးတည်လိုက်သည်။ ညဘက် အိပ်ပျက်သည့်ရက်ပေါင်းကလည်း များနေသဖြင့် ဧည့်သည်ပါးတုန်း အနားယူအိပ်စက်လိုက်ဦးမည်ဟု ရည်ရွယ်လိုက်သော်လည်း အိပ်မပျော်နိုင်ချေ။





နာမည်ကြီးဆေးခန်းတစ်ခု၌ နေ့ည သူနာပြုနှင့်အတူ အိမ်မှအဖော်တစ်ယောက်ကိုပါ ပူးတွဲပြီး တင်ထားရသည့်မိခင်ထံသို့ ညပိုင်းမှသာ ခဏတစ်ဖြုတ် သွားနိုင်သည်။

နောက် ဒါလီအောင်အတွက် သူ့မှာတာဝန်ကရှိနေသေးသည်။

ညီအောင်ကလည်း မြစ်ကြီးနားဆေးရုံ၌ တာဝန်ကျသဖြင့် သတင်းပို့ပြီးရုံရှိသေးသည်နှင့် ခွင့်တစ်ပတ်ယူကာ ခေတ္တပြန်လာခြင်းသာ ဖြစ်သည်။ မနက်ဖြန် လေယာဉ်ဖြင့် ပြန်တော့မည်။

မိခင်ကျန်းမာရေးကောင်းသွားမှ ဒါလီအောင်ကို သွားရောက်ကုသရမည်လား။ '

အလုပ်တွေကလည်း ပစ်ထားရတာ ကြာနေပြီ။

"ဆရာ အိပ်နေပြီလား၊ အောက်မှာ ဆရာကြီးမိတ်ဆွေ ဆွေ ရောက်လာတယ်"

အိမ်မှ အလုပ်သမားတစ်ဦးက လာခေါ်သဖြင့် အနားမယူနိုင်တော့ဘဲ ထလိုက်ရလေသည်။

"အေး. . အေး ခုပဲလာခဲ့မယ်"

မိသားစုတစ်စုတွင် သိတတ်သော သားအကြီးတစ်ဦးဖြစ်ရခြင်းကပင်လျှင် တာဝန်ကို ပိုစေသည် ထင်ပါသည်။ မေအောင် သက်ပြင်းချကာ အိမ်ခန်းတွင်းမှ ထွက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

"သမီး ငုံ"

"ရှင်. . မေရှံ၊ မအိပ်သေးဘူးလား"

ကုမ္ပဏီမှ ပါလာသော စာရင်းဇယားများကို ညဉ့်နက်သည်အထိ မအိပ်သေးဘဲ ထိုင်လုပ်နေသော မြတ်လေးငုံ အ... သို့ မိခင်ဒေါ်ခင်ရှံရောက်ပြီး ကရုဏာသက်စွာ ခေါ်လိုက်သည်

"သမီး ငုံအလုပ်တွေကလဲ အိမ်အထိတောင် ပါ... တယ်ဆိုတော့ တော်တော်ပင်ပန်းတဲ့ အလုပ်ပဲ"





"မပင်ပန်းပါဘူး၊ ဒီနေ့ နောက်ဆုံးပါပဲ၊ သူဌေးအဖေ ...်လည်ကလဲ ဒီနေ့ပြီးသွားပြီဆိုတော့ မနက်ဖြန် သူပြန်ရောက် ...ရင် အပြင်ကိစ္စတွေအတွက်တော့ သမီးငုံ သက်သာသွားပြီ၊ ...ယ့်အလုပ်ကိုယ် အေးအေးဆေးဆေး လုပ်ရုံပဲရှိတော့တာပေါ့ ...ရှံ"

မြတ်လေးငုံက မိခင်အား ရှည်လျားစွာ ရှင်းပြလိုက်ပြီး ...်လက်စ စာရင်းစာအုပ်ကိုလည်း ပိတ်လိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် သမီးငုံရယ်၊ မေရှံတို့က သမီးညဘက် ... ညစာ စားပွဲသွားတာတို့ ဘာတို့ကို သိပ်သဘောမကျဘူး"

"အန်တီခိုင် ပါတာပဲ မေရှံရယ်၊ နောက်ပြီး သူဌေးကလဲ ...သာက်အစားနဲ့ ဟော့ဟော့ရမ်းရမ်းသမား မဟုတ်ပါဘူး၊ ...ာသမာမိနဲ့ တည်ကြည်တဲ့လူပါ"

"အင်းလေ၊ သူ့ခေတ်နဲ့သူ့အခါ ခေတ်ရေစီးကြောင်းပါပဲ ... မေရှံတို့ ခွင့်ပြုနေရပေမယ့် စိတ်ထဲမှာတော့ မကောင်းနိုင် ... ဘာပဲဖြစ်ဖြစ် သမီးငုံ အသက်လဲမငယ်တော့ဘူး၊ အိမ် ...င်ပြုမယ်ဆိုရင်လဲ ပြုနိုင်ပြီ"

"ဟာ. . . မေရှံကလဲ"

"မေရှံကလဲတွေ ဘာတွေလုပ်မနေနဲ့တော့၊ ဟုတ်တယ် ...ဟာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ပဲ ကောင်းတယ်၊ ကျုပ် ...အမျိုကြီးများတော့ မလုပ်နဲ့၊ ညီမတွေကလေး ထိန်းရတဲ့ ...နေ့ ကျွတ်တော့မှာမဟုတ်ဘူး"

"ဒါကတော့ မေဆုံက ကိုယ့်အပူ ကိုယ်ရှာတာကိုး၊ မဲ ...ိုက်ရင်လဲ ရသားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံက အိပ်ရာမှ တရေးနိုး ထလာပြီး ဝင်[...]
သော ကြီးဒေါ်ခင်ဆုံကို ပြုံးပြုံးလေး ပြန်ပြောလိုက်သည်။

"နေလို့ရမလားဟဲ့၊ မှားပါတယ်၊ တို့ကလဲ ခင်အုံစ[...] အတိုင်း ယုံစားပြီး လိုက်လုပ်မိတာကိုက မှားတာ၊ ကိုယ့်ရွာကို[...] ဒေသမှာ သမီးငုံနဲ့ ခွဲနေရတဲ့ဒုက္ခကို လေးငါးရှစ်နှစ်လော[...] ခံလိုက်ရရင် ခုဆိုရင် သမီးငုံလဲ သူ့အဖေကျောင်းမှာပဲ ဆရာ[...] လုပ်ခွင့်ကြုံနေမှာ"

မြတ်လေးငုံ စိတ်ထိခိုက်သွားရပြန်သည်။ တမင်[...] ပျောက်ထားသော အကြောင်းအရာတို့သည် ခေါင်းထဲသို့ရော[...] ရှိလာပြန်သည်။

"အို. . အခုကော ပြန်နေချင်ရင် နေလို့ရတာပဲ၊ အ[...] တွေရှိတာပဲ၊ ဒီတိုက်ခန်းရောင်းပြီး သမီးငုံတို့အိမ်ကို ကိုမင်းရဲ[...] ဆီက ပြန်ဝယ်လိုက်ရင်လဲ ဖြစ်တာပဲ"

"မင်းရဲမွန်က ပြန်ရောင်းပါ့မလား သမီးငုံရဲ့"

"ဒါကတော့. . ."

"ဒါကတော့ လုပ်မနေပါနဲ့ သမီးငုံရယ်၊ တစ်ချက်[...] နှစ်ချက်ပြတ်သွားအောင်သာ လုပ်လိုက်တော့၊ မင်းရဲမွန်လ[...] ခေါင်းသာ ညိတ်လိုက်တော့"

မေဆုံကတော့ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်[...] ပြောချလိုက်သည်။

မြတ်လေးငုံရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

မိမိ နှလုံးသားအပေါ် မိမိ မတရားကျသွားမလာ[...]

နောက်ပြီး မင်းရဲမွန်အပေါ်ကော တရားပါ့မလာ[...]





မေရုံကတော့. . .

"မဆုံကလဲ အလျင်စလို မဆုံးဖြတ်ပါစေနဲ့၊ ဒီကိစ္စမျိုး [...]တာ ခေါင်းအေးအေးထားပြီး ဆုံးဖြတ်မှဖြစ်တာမျိုး၊ သမီးငုံ [...]ားပါစေ၊ ကိုင်း. . သမီးငုံ ညဉ့်နက်လှပြီ အိပ်တော့၊ သမီးငုံ [...]ချင်တဲ့ ဆရာအလုပ်လဲ လုပ်တော့၊ မေရုံတို့ကတော့ သမီး [...]နေကျတဲ့ဆီကို လိုက်နေမှာပဲ၊ တိုက်ခန်းက မရောင်းဖြစ်သေး [...]နှစ်ချုပ်နဲ့ငှားထားရင် ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ သမီးငုံ စဉ်းစားပါ့မယ်"

မေရုံတောင် ရန်ကုန်မှာ အနေကြာ၍ ထင်ပါသည်။ [...]တော်တောင် အမြင်ကျယ်လာပြီပဲ။

"အေးလေ၊ ညည်းတို့သဘောပါပဲ၊ ကျုပ်ကတော့ ကိုယ့် [...]ကိုယ့်ရွာမှာပဲ ခေါင်းချချင်တာပါပဲအေ၊ မြို့ကြီးပြကြီးမှာများ [...]နေကြပ် အသေကြပ်နဲ့"

မြတ်လေးငုံ စဉ်းစားရမယ့်အချက်တွင် ဒီအချက်တွေ [...] ပါဝင်လေသည်။ မေဆုံနှင့်မေရုံသည် ရန်ကုန်မှာအနေ [...]ဖြစ်သော်လည်း ပျော်ပိုက်ပုံမရချေ။

ညီအစ်မနှစ်ယောက် တိုင်ပင်ဖော်တိုင်ပင်ဖက်ရှိနေ၍ [...] နေနိုင်ကြခြင်းဖြစ်ပေမည်။

မြတ်လေးငုံ အိပ်ရာထဲ ဝင်ခဲ့လေသည်။ ညီအစ်မနှစ် [...]တ်ခန်းဘက်မှ တီးတိုးသံများကိုတော့ ကြားနေရဆဲ ဖြစ် [...] ဘာတွေများ တိုင်ပင်နေပါလိမ့်။

မိမိကို မင်းရဲမွန်နှင့် သဘောတူနေကြသည်မှာတော့ [...]ာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးကို ခေါင်းနှင့်ဆုံးဖြတ်ရမလား၊ ရင်ဘတ်နှင့် ဆုံးဖြတ်ရမလား၊ တစ်ခုခုတော့ ရွေးချယ်ရလိမ့်မည် ဖြစ်သည်။







# အခန်း (၁၉)

"အငုံ. . . အားသလား၊ ရော့. . . ရော့ အားရင် ဒီစာ တ်လိုက်ဦး"

ဒီနေ့ ရုံးကို ဒေါ်သက်သက်ခိုင် စောရောက်လာခြင်းက င်လျှင် အံ့ဩစရာကောင်းနေသည်ဟု မြတ်လေးငုံ စဉ်းစား၍မှ ဆုံးခင် ဒေါ်သက်သက်ခိုင်သည် ရောက်ရောက်ချင်း မိမိထံ န်းလာကာ စာအိတ်တစ်အိတ် လှမ်းပေးလေသည်။

"ဘယ်သူ့စာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖတ်ကြည့်လေ"

စာအိတ်ထောင့်မှ ပေးပို့သူနေရာတွင် လက်မှတ်သာ ထိုးထားသည်။ လက်မှတ်ဆိုသည်မှာ သင်္ကေတတစ်ခုသာဖြစ်၍ ပေးပို့သူကို မိမိမသိနိုင်။ စာတိုက်တံဆိပ်မပါဘဲ မမြတ်လေးငုံဟု သာ လိပ်မူထားသော စာအတွက် သယ်ဆောင်လာသူ ဒေါ် သက်သက်ခိုင်သာ အသိဆုံးဖြစ်ပေမည်ဖြစ်ရာ. . .

"ဘယ်သူ့ စာမှန်း မသိဘဲနဲ့တော့ ကျွန်မ လက်မခံနိုင်ဘူး အန်တီခိုင်၊ ပေးသူကိုသာ ပြန်ပေးလိုက်ပါ"

ဒေါ်သက်သက်ခိုင်က မြတ်လေးငုံ၏ စိတ်ဓာတ်ကို သိပြီးဖြစ်သဖြင့် စာအိတ်ကို ပြန်ကမ်းပေးနေသော မြတ်လေးငုံ ၏လက်ကိုအသာ တွန်းဖယ်ကာ. . .

"စိတ်အေးအေးသာ ဖတ်ပါ၊ အခြားလူ မဟုတ်ဘူး ဒေါက်တာ ညီအောင်ရဲ့ မေတ္တာစာပဲ"

"ရှင်"

မြတ်လေးငုံ အံ့အားသင့်သွားသည်။ ညီအောင်၏ မျက်လုံးများကို မရိုးသားဘူးဟု မြတ်လေးငုံစိတ်ထဲ ထင်လိုက် သော်လည်း ဤမျှအထိ မြန်ဆန်လိမ့်မည်ဟု မထင်မှတ်ခဲ့။

"မရှင်နဲ့ အငုံ၊ တစ်နေ့ညက တို့များကို အငုံအကြောင်း မေးလိုက်တာ စုံနေတာပဲ၊ နောက်ဆုံး အိပ်ပါရစေဆိုပြီး စကား စကို မနည်းဖြတ်လိုက်ရတယ်"

"ဘာအကြောင်းတွေ မေးလို့လဲ"

"အငုံနဲ့ သူ့အစ်ကိုရဲ့ အခြေအနေက ဘယ်လိုလဲ၊ ဘာ ညာပေါ့"





"အန်တီသက်က ဘယ်လိုပြောလိုက်လို့လဲ"

"ဘယ်လိုပြောရမှာလဲ၊ ကိုသိက္ခာနှင့် မက္ကန္ဒြေတို့ရဲ့ ညည်းကမ်းကြီးမှုတွေနဲ့ နှလုံးသားကို သော့ခတ်ထားကြပုံရတယ်၊ တို့များအကဲခတ်ရတာကတော့ ဘာမှ မဖြစ်ကြဘူး၊ လုပ်ဖော် ဆောင်ဖက်အချင်းချင်း ရင်းနှီးတဲ့အဆင့်ထက်ကို ကျော်မလာ ဘူးလို့"

"ဒါ အမှန်ပဲလေ၊ ပြောပေါ့"

"ဒါနဲ့ ကိုတော်ချောက နောက်နေ့ လေဆိပ်ဆင်းခါနီး မှာ ကျွန်မကို ဒီစာပေးပြီး ကျွန်တော် နောက်မကျချင်ဘူး၊ ကိုကို ကြီးလိုလဲ လူပျိုကြီးလုပ်ဖို့ ဝါသနာမပါဘူး၊ ဒါကြောင့် အန်တီပဲ များနတ်မောင်လုပ်ပြီး ဒီစာကို မြတ်လေးငုံကို ပေးပေးပါဆိုပြီး ပေးသွားလေရဲ့"

မြတ်လေးငုံက သက်ပြင်းချပြီး စာကို ဖွင့်ဖောက်လိုက် သည်။

မြတ်လေးငုံ

ကျွန်တော်ကတော့ စိတ်ကူးယဥ်သမား မဟုတ်ဘူး၊ ဘယ်အရာမဆို လက်တွေ့ကျကျပဲ လုပ်ဆောင်တတ်တယ်. . ၊ နောက်ကျသွားလို့ လက်လွှတ်ဆုံးရှုံးရတာမျိုးလည်း အဖြစ်မခံ နိုင်ဘူး၊ ဒါကြောင့် မြတ်လေးငုံကို ဆေးရုံမှာတွေ့ကတည်းက စိတ်ဝင်စားမိလို့ မင်းရဲမွန်ဆီမှာ မြတ်လေးငုံရဲ့ လိပ်စာကို တောင်းတယ်၊ ဒီကောင်က မပေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ငယ်ကတည်းက စွဲခဲ့တဲ့အချစ်ဖြစ်နေတဲ့အတွက်လို့ သူက



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံတယ်၊ ဒါကြောင့် ကျွန်တော်လက်လျှော့လိုက်တယ်၊ ဒါကလည်း ကျွန်တော်တောင် တဒင်္ဂလေးမှာ မြတ်လေးငုံကို စွဲလမ်းပြီး ချစ်စိတ်ဝင်သွားခဲ့သေးတာပဲ၊ သူက အနှစ်နှစ်အလလ စောင့်စားနေခဲ့သူဆိုတော့ ကျွန်တော်လက်လျှော့လိုက်ပါတယ်၊ ဒါပေမယ့် လွယ်လွယ်ကူကူတော့ မဟုတ်ဘူးနော်၊ သူ့ကိုခြောက်လအချိန်ပေးလိုက်တာ၊ ဒီခြောက်လအတွင်း မြတ်လေးငုံရဲ့အချစ်ပန်းကို ဒီကောင်မဆွတ်လှမ်းနိုင်ဘူးဆိုရင် ကျွန်တော့်ကို ခွင့်လွှတ်ဖို့ပါပဲ၊ အခု ခုနစ်လပြည့်တော့မယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ မြတ်လေးငုံနဲ့ ပြန်ဆုံရတယ်၊ ဖူးစာရေးနတ်မင်းရဲ့ စောင်မမှုကြောင့် ထင်ပါတယ်၊ ဖခင်ရဲ့ နာရေးကိစ္စရှိနေခဲ့လို့သာ မြတ်လေးငုံကို နှုတ်ကဖွင့်ဟ ခွင့်မတောင်းနိုင်ခဲ့တာကိုလည်း နားလည်ပေးပါ။

ကျွန်တော့် မြတ်လေးငုံကို မြတ်မြတ်နိုးနိုး ချစ်တယ်၊ ဘဝခရီးဖော်အဖြစ် လက်ထပ်ချင်တယ်၊ အိမ်ထောင်ရှင်မတစ်ယောက်လို ကျွန်တော့်ကို ပါရမီဖြည့်ပေးရုံသက်သက်အတွက် မဟုတ်ဘူး၊ မြတ်လေးငုံ ဝါသနာပါတဲ့ လုပ်ငန်းကို လွတ်လွတ်လပ်လပ်လုပ်ဆောင်နိုင်ပါတယ်၊ နိုင်ငံတာဝန်ကို ကိုယ့်ကဏ္ဍနဲ့ ကိုယ်အသီးသီး ဆောင်ရွက်ရင်း ဘဝတစ်ခုကို လက်တွဲသွားဖို့ပါပဲ မြတ်လေးငုံ၊ ဒီအတွက် ကျွန်တော့်ကို စဉ်းစားပေးပါ၊

နောက်လလောက်ဆိုရင် ကျွန်တော့်အတွက် အဖြေတစ်ခုမြတ်လေးငုံမှာ ရှိနေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ကျွန်တော် မြတ်လေးငုံဆီ ရောက်အောင်လာပြီး အဖြေယူလာယူပါ့မယ်၊ ဒီအခွင့်အရေးတော့ ကျွန်တော့်ကို ပေးနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒါပါပဲ မြတ်လေးငုံ။

မျှော်လင့်လျက်
ညီအောင်





မြတ်လေးငုံသက်ပြင်းချလိုက်သည်။ ညီအောင့်စာကပြတ်သားသည်။ အဖွဲ့အနွဲ့မပါ။ သို့သော် ရင်ထဲကစကားဟုတော့ ထင်ရှားသည်။

စာကို ပြန်ခေါက်ထည့်ကာ စာအိတ်ကို ပိုက်ဆံအိတ်အတွင်းသို့ ထည့်လိုက်သည်။

"ဘယ်လိုသဘောရလဲ အငုံ"

"စဉ်းစားရမယ့်အထဲ တစ်ဦးတိုးတာပေါ့"

"မဖြစ်ချေဘူး၊ တို့မျှားသူဌေးလေးကိုတော့ ကျန်ရစ် အဖြစ်မခံနိုင်ဘူး၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာ အကောင်းဆုံးပဲ၊ တို့မျှားကတော့ မောင်မေအောင်နဲ့ပဲ သဘောတူတယ်"

"အန်တီသက်က ကျောက်ဆစ်ရုပ်ကို အသက်သွင်းပေးဦးမလို့လား"

"သွင်းသင့်ရင် သွင်းပေးရမှာပဲ၊ တကယ်တော့ သူ့ချစ်ဒိုင်ပြာလေး တောင်ပံခတ်နေတာ ကြာပြီ၊ သူ့ရဲ့မိသားစုဒုက္ခန့်ထည်းကို ဆွဲမသွင်းရက်လို့သာ"

"အန်တီသက် အလုပ်ပြောင်းသင့်ပြီ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရှေ့နေ အလုပ်လေ"

"တကယ်ပြောနေတာ၊ ကိုင်း . . ကိုင်း . . မကြာခင် တစ်ယောက်တိုးစေရမယ်"

မြတ်လေးငုံ ခေါင်းခါလိုက်သည်။ ဦးမေအောင်က ဖွင့်ဟလာသည်ပဲ ထားပါဦး၊ မိမိသည် ဦးမေအောင်၏ ဒုက္ခကို မျှဝေခံစားရရုံသာရှိမည်။

မိမိလိုလားသော၊ မျှော်မှန်းထားသော စိတ်ကူးယဉ်အိပ်မက်ကို အထောက်အထည်ဖော်နိုင်ပါ့မလား။ မိမိဘက်၌လည်း အမေနှင့်ကြီးတော်ရှိသေးသည်။

မြတ်လေးငုံ သက်ပြင်းချလိုက်သည်။

ညီအောင်ကတော့ ဦးမေအောင်လောက် တာဝန်ရှိပုံမရချေ။ မင်းရဲမွန်ကတော့ နောက်ကြောင်းရှင်းသည်။ ဦးနှောက်နှင့်သာ ဆုံးဖြတ်မည်ဆိုပါက . . .







# အခန်း (၂၀)

"မြတ်လေးငုံ"

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

"ဂျပန်က ဧည့်သည်တွေနဲ့ မန္တလေးကို လိုက်သွားနိုင်မလား၊ အန်ကယ်ဝဏ္ဏရယ်၊ မင်းအတွက် မိန်းကလေးအဖော်တစ်ယောက်၊ စံပယ်ဖြစ်ဖြစ် ခေါ်သွားဖို့ စီစဉ်ပေးမယ်"

"ဘယ်နှရက်လောက် ကြာမလဲ ဆရာ"

မြတ်လေးငုံက ယခင်ကနှင့် မတူဘဲ စိတ်ပင်ပန်းမှုတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မျက်နှာချောင်ကျနေသော ဦးမေအောင်ကို ကရုဏာသက်စွာကြည့်ရင်း မေးလိုက်မိသည်။

"နှစ်ညအိပ် သုံးရက်ခရီးပဲ၊ မနက်ဖြန်ည သွားရလိမ့်မယ်၊ ဟိုမှာ ဦးမောင်မောင်ဇင်တို့ အားလုံး စီစဉ်ပေးလိမ့်မယ်၊ မြတ်လေးငုံက ကိုယ့်ကိုယ်စား အစည်းအဝေးတက်ပြီး ဆုံးဖြတ်ချက်ပေးမယ်၊ စီစဉ်စရာရှိတာ စီစဉ်ပေးဖို့ပဲ၊ နောက်. . ဧည့်သည်တွေနဲ့အတူ ဘုရားလိုက်ဖူး ပေးဖို့ပါပဲ၊ သြော်. . အမရပူရမှာရှိတဲ့ ရက်ကန်းရုံကိုလဲ သူတို့ သွားလေ့လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မအကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးပါမယ်၊ ဒါထက် အန်တီကော သက်သာရဲ့လား"

"ဆေးနဲ့ အစားအသောက် ရှောင်နေရင်တော့ သက်သာပါတယ်၊ ဆီနဲ့ဆား လုံးဝမစားရတာ၊ အချို လုံးဝမစားရတာ ဆိုတော့ အိမ်ကိုခေါ်လို့ မဖြစ်ဘူး၊ အိမ်မှာဆို စားချင်ရာစားမယ်၊ လုပ်ချင်ရာ လုပ်မှာ၊ ဒါကြောင့် ကိုယ် ဆေးရုံပဲ တင်ထားလိုက်တာ"

"ကျွန်မ ညနေလိုက်ခဲ့မယ်လေ"

"မလိုက်ပါနဲ့၊ မင်း ပင်ပန်းလိမ့်မယ်၊ မနက်ဖြန် ခရီးသွားဖို့သာ ပြင်ဆင်ပါ"

ဦးမေအောင်က ပြောပြောဆိုဆို ထွက်သွားလေသည်။

ဦးမေအောင်သည် မိမိနှင့် ပတ်သက်၍ ခံစားချက်တကယ်ပဲ မရှိလေဘူးလား။

မြတ်လေးငုံ သိချင်လာသည်။ ထို့ကြောင့်. . .

"စံပယ်ရေ ဖုန်းလာရင် ခဏကိုင်ထားလိုက်နော်၊ ကိုယ်





အန်တီသက်အခန်း သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ မမငုံ"

"သြော်. . စံပယ်၊ မန္တလေးသွားရင် စံပယ်ပဲ လိုက်မယ် မှတ်လား"

"အား. . လိုက်တာပေါ့၊ စံပယ်က ဘုရားကြီးကို သိပ်ဖူးချင်နေတာ"

စံပယ်၏ မှိုရသော မျက်နှာလေးကိုကြည့်ကာ မြတ်လေးငုံက ချစ်စနိုး ပါးကို ဆွဲလိမ်ပြီး. . .

"ဆရာကလဲ ညည်းကိုပဲ ထည့်ပေးမှာပါ"

"ကျေးဇူးတင်ပါတယ် မမငုံရာ"

"မနက်ဖြန် ညသွားမှာ၊ ရုံးအပြန် ရေချိုး၊ အိတ်ဆွဲထွက်ရုံပဲ အချိန်ရမှာမို့လို့ ဒီနေ့အပြန် ညကတည်းက အဆင်သင့်လုပ်ထား"

"ဟုတ်ကဲ့"

မြတ်လေးငုံသည် ပြောပြောဆိုဆိုဖြင့် စံပယ့်စားပွဲနားမှ ခွာခဲ့ပြီး ဒေါ်သက်သက်ခိုင်ရှိရာ ငွေစာရင်းအရာရှိခန်းသို့ ထွက်ခဲ့လေသည်။

"အတော်ပဲ အငုံ၊ ကျုပ်လဲ ဒီစာရင်းလက်စသတ်ပြီး မင်းအခန်းကူးလာတော့မလို့"

"ပြီးအောင် လုပ်ပါဦး"

"ပြီးပြီ၊ လက်မှတ်ထိုးရုံပဲ"

ပြောပြောဆိုဆိုနှင့် ဒေါ်သက်သက်ခိုင်က စာရင်းစာအုပ်တို့ ပိတ်လိုက်ပြီး ရုံးလုလင်လေးကို ခေါ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ဘော့စ် စားပွဲပေါ် တင်ထားလိုက်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ကိုင်း . . လက်ဖက်စားဦး၊ လူကြီးသုပ်လေးပဲ၊ မောင် မေအောင်အကြိုက်လေ"

"ဟုတ်လား၊ ဆရာက လက်ဖက်ကြိုက်သလား"

"ကြိုက်တယ်ဆိုတာ . . နယ်ဖတ်ပြီး သုပ်ထားတာမျိုး မဟုတ်ဘူး၊ ဒီလို . . ဒီလို"

စတီးလ်ထမင်းဘူးပြားလေးထဲ၌ မိုးကုတ်လက်ဖက် အညွန့်ကလေး တစ်ပုံ၊ ကြက်သွန်ကြော်၊ နှမ်း၊ ပုစွန်ခြောက် တစ်ပုံစီကို ဆီဆမ်းထားသည်မှ အပ အထူးအထွေ မရှိ။

"အင်း . . . ဆရာကလဲ အဘိုးကြီးကျနေတာပဲ၊ မြတ် လေးငုံ တို့ဘွားဘွားတုန်းကလဲ ဒီအတိုင်းပဲ စားတယ်"

"အင်းလေ . . အဲဒါပြောတာပါ၊ ငယ်ငယ်ကတည်းက ဒီအတိုင်းပဲ၊ အဘိုးကြီးအိုသေလို့ ဝင်စားတဲ့ အဘိုးကြီးအိုပေါက် စလေးလို့ အန်တီက ပြောခဲ့တာပေ့ါ"

ဒေါ်သက်သက်ခိုင်သည် ဦးမေအောင်ဘက်က ဆွေမျိုး နီးစပ်တော်စပ်သူလည်းဖြစ်သည်။ ထို့ကြောင့် ဦးမေအောင်၏ မိသားစုအကြောင်း အတွင်းသိ အစင်းသိဖြစ်၍ ပြောရေးဆိုခွင့် ရှိသူလည်း ဖြစ်သည်။

"အခုလည်း ကြည့်လေ၊ အဘိုးကြီးအိုပေါက်စကလေး က ညီအောင်က အငုံကို စာပေးတယ်ဆိုတာကို . . အန်တီ သတင်းပေးလိုက်တယ်လေ၊ ရုတ်တရက်တော့ မျက်နှာပျက်သွား တယ်"





မြတ်လေးငုံရင်ထဲ လှုပ်ခတ်သွားသည်။ မိမိနှလုံးသားကို ...ပ်ရှားအောင် အများဆုံးပြုလုပ်နိုင်သူမှာ ဦးမေအောင်ဖြစ် ...သည်ကို သတိပြုမိလိုက်သည်နှင့် တုန်လှုပ်သွားသည်။

"နောက်တော့ ချက်ချင်းပဲ ထိန်းနိုင်တယ်"

"သူ့ . . ဘာပြောလဲ"

"လွတ်လပ်တဲ့ ယောက်ျား မိန်းမ အချင်းချင်း ချစ်ရေး ...ဘာဟာ အဆန်းမှ မဟုတ်ဘဲ အန်တီရယ်၊ သူတို့သဘောပါ၊ ...တို့အချင်းချင်းပြေလည်သွားတော့လဲ အစ်ကိုကြီး အဖအရာ ...သလို စီစဉ်ပေးရတာပေ့ါ အန်တီရယ်လို့ပြောပြီး . . ချာခနဲ ...ည့်ထွက်သွားတာပဲ"

မြတ်လေးငုံ ခံပြင်းသွားသည်။ အချစ်ကို ညီအတွက် ...ပ်ရဲခြင်းကို မိမိက ကျေနပ်မည်လား။

ညီလောက်ပင် မိမိအပေါ်၌ ချစ်ခင်စွဲလမ်းခြင်း မရှိနိုင် ...ဆိုသည့်သဘောလား။ ရင်ထဲ၌ ဘဝင်မကျနိုင်အောင် ဖြစ် ...

"အန်တီသက်ကသာ ထင်ရာပြောနေ၊ မြတ်လေးငုံကို ...စိတ်မဝင်စားဘဲ၊ သူ့ညီ မကဘူး၊ ဘယ်သူနဲ့ပဲယှဉ်ယှဉ် သူ့အပူမှ ...တ်တာ သူ့အပူက သူ့လုပ်ငန်းမှာ အမြတ်အစွန်းများများ ...စိတ်ဝင်စားနေတာ၊ ကျွန်မကလဲ ကိုယ့်ဆရာ သမားတစ် ...တ်၊ ကျေးဇူးရှင်တစ်ယောက် အနေနဲ့ စိတ်ဝင်စားမှုမျိုးက ...ဘာမှ မခံစားရဘူး၊ ကဲပါ . . အန်တီသက်ရယ်၊ ကျွန်မလဲ ...ခင် မိဘသဘောတူတဲ့လူနဲ့ အင်ဂေ့ချ်လုပ်တော့မှာဆို ...ဒီကိစ္စတွေ ရပ်တန်းက ရပ်လိုက်တာပဲ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဘုရားရေ၊ အငုံ့ရယ် မလုပ်လိုက်ပါနဲ့၊ ဖိတ်ခွင်း ဖိတ် တို့များကတော့ မောင်မေအောင်နဲ့ပဲ. . ."

"တော်ပါတော့ အန်တီသက်ရယ်၊ အိမ်ထောင်ရေးဆို တာ အချစ်နဲ့ တည်ဆောက်တာပဲ ကောင်းပါတယ်"

"မဟုတ်ပါဘူး၊ မောင်မေအောင်က အငုံ့ကို. . ."

"ကျွန်မ သွားတော့မယ် အန်တီသက်"

မြတ်လေးငုံ့၏စိတ်တို့သည် တစ်ခါမှ ဤကဲ့သို့ မြန်မြ ဆန်ဆန် ယောက်ယက်မခတ်ဘူးပါ။

မခံချင်စိတ်တို့ဖြင့် ဦးမေအောင်ကို စိန်ခေါ် လိုက်မိသည့် သို့ ဖြစ်သွားလေသည်။ တဒင်္ဂအတွင်း၌ပင် မင်းရဲမွန်ကို လက်ဆ လိုက်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်သွားလေသည်။

ရင်ထဲ၌ ဒေါသစိတ်က ပြူထနေသည်။

ဦးမေအောင်အပေါ်၌ မိမိ ဘာကြောင့် ဒေါသထွက် သလဲ။

မြတ်လေးငုံ့ မိမိကိုယ်ကို မဆန်းစစ်တတ်အောင် ဖြ သွားသည်။

မိမိစားပွဲ၌ ငြိမ်သက်စွာဖြင့် ငူငူကြီး ထိုင်နေမိ သည်။







# အခန်း (၂၁)

"သမီး ငုံ့၊ ဧည့်သည်လာတယ်"

ညနေ အိမ်ပြန်ရောက်ပြီး ရေချိုးပြီး သနပ်ခါးလိမ်းနေ သည့် မေရုံ၏အသံက ဧည့်ခန်းဆီက်မှ ပျံ့လွင့်လာသဖြင့်. . .

"ဟုတ်ကဲ့၊ မေရုံ လာပါပြီ"

အကျီလုံချည် အမြန်လဲပြီး ထွက်ခဲ့လေသည်။

ပါးပြင်မှ သနပ်ခါးပါးကွက်ကျားလေး မခြောက်တ ခြောက်၊ ဆံစမှ ရေစက်ကလေး စို၏သို့ မစို၏သို့ မြန်မာ အမျိုး

www.burmeseclassic.com



သမီးတစ်ယောက်၏ ကျက်သရေရှိသော အလှတရားကိုမှ မြတ်နိုးတတ်သော မင်းရဲမွန်သည် မြတ်လေးငုံကို ပြုံးလျက် ငေးကြည့်နေမိသည်။

မြတ်လေးငုံက. . .

"ဟော-ကိုမင်းရဲမွန်တောင် ရောက်လာပြီကိုး၊ ကျွန်မထဒီလောက် မြန်မြန်ဆန်ဆန် ရောက်လာလိမ့်မယ် မထင်ဘူး၊ ခွင့်ယူလာတာလား"

"အွန်ဂျူတီပဲ ဆိုပါတော့၊ တစ်ပတ်လောက်တော့ အချိန်ရပါတယ်"

မြတ်လေးငုံက မင်းရဲမွန်နှင့် မလှမ်းမကမ်းထိုင်ခုံ၌ ဝင်ထိုင်လိုက်လေသည်။

မေရုံက. . .

"မောင်ရဲမွန်၊ ထမင်းစားပြီးမှ ပြန်နော်"

"ကျွန်တော် စားခဲ့ပြီးပါပြီ အန်တီ"

"ဒါဖြင့် ကော်ဖီသောက်လိုက်ဦးကွယ်"

"ဒုက္ခမရှာပါနဲ့ အန်တီ"

"အိုကွယ်. . . အရည်ပဲ၊ ကိုင်း. . မင်းညီမနဲ့ စကားပြောနှင့်ဦး"

"ဟုတ်ကဲ့ အန်တီ"

မြတ်လေးငုံ စိတ်လှုပ်ရှားသွားသည်။ နေ့ခင်းက ဒေါ်သက်သက်ခိုင်ကို မိမိအနေဖြင့် ကြေညာချက်တစ်ခုကို ပြတ်ပြတ်သားသား ပြောလိုက်မိသည်။ ထို့အတွက် မှန်ကန်ကြောင်း အမြန်ဆုံးအဖြေတစ်ခုကို မင်းရဲမွန်အား ပေးလိုက်ရတော့မည်။





"ဘယ်လိုလဲ မြတ်လေးငုံ၊ ကျွန်တော် ဝမ်းသာရမှာလား"

မင်းရဲမွန်က မချင့်မရဲ မေးလိုက်သည်။ မြတ်လေးငုံက ခေါင်းငုံ့ထားသည်။ မိမိ၏ ရင်ခုန်သံကို မင်းရဲမွန် ကြားသွားမှာ စိုးရိမ်သည်။ မိမိ ဘဝတစ်သက်တာလုံးအတွက် စကားတစ်ခုကို အလေးအနက်ထား၍ ပြောချင်သည်။

"မြတ်လေးငုံ၊ ကျွန်တော် အိမ်ကို မရောက်သေးဘူး၊ နယ်ကနေထဲ ဝင်လာတာနဲ့ ဒီကို တန်းလာတာ၊ ကျွန်တော် မြတ်လေးငုံရဲ့အဖြေကို သိပ်ကြားချင်နေပြီ၊ ကျွန်တော့်ကို ထပ်ပြီး သည်းဆဲပါနဲ့တော့လား"

မြတ်လေးငုံ ခေါင်းငုံ့ထားရာမှ မင်းရဲမွန်ကို မော့်ကြည့်လိုက်သည်။ မင်းရဲမွန်၏မျက်နှာသည် စိတ်အားထက်သန်မှု၊ မျှော်လင့်မှုတို့ကြောင့် နီရဲလျက်ရှိသည်။

"ကို. . ကိုမင်းရဲမွန်ကို ကျွန်မ လက်ခံနိုင်ပါတယ်"

"ဟာ. . . တကယ်"

မင်းရဲမွန်သည် ဝမ်းသာအားရဖြင့် ရုတ်တရက် ထလိုက်သည်။

"ဟင်. . မောင်ရဲမွန်၊ ပြန်တော့မလို့လား၊ ချက်ချင်းကြီးကွယ်၊ ကော်ဖီလေးတော့ သောက်သွားပါဦး"

"မဟုတ်ပါဘူး အန်တီ"

မင်းရဲမွန်သည် ရှက်ကိုးရှက်ကန်းဖြင့် ပြန်ထိုင်လေသည်။

မြတ်လေးငုံမှာ ငိုအားထက် ရယ်အားသန်ရမလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မပြုံးဘဲ မနေနိုင်အောင်ဖြစ်ကာ သွားပေါ်သွားသည် တိုင်အောင် ပြုံးမိလေသည်။

မင်းရဲမွန်က ရှက်ရယ်ရယ်လေသည်။

ဟုတ်မှာပါ။ မင်းရဲမွန်၏ နှလုံးသား၌ အချစ်သည် ယခု သန့်စင်စွာ မွေးဖွားလာပုံ ရလေသည်။

မိမိ ချွေးချယ်မှုသည် အမှားအယွင်း မရှိနိုင်ဘူးဟု စိတ် ရှင်းသန့်စွာ မွေးဖွားလာပုံရလေသည်။

"ဒါဖြင့် ဖေဖေတို့ကို ခုချက်ချင်း ဖုန်းဆက် အကြောင်း ကြားလိုက်တော့မယ်နော်"

မင်းရဲမွန်က မြတ်လေးငုံကို မဝံ့မရဲ ခွင့်ပန်သည်။

မြတ်လေးငုံက ခေါင်းညိတ်ကာ. . .

"ကိုမင်းရဲမွန် သဘောပါဘဲ၊ ဒါပေမယ့်. . မနက်ဖြန် ကျွန်မ မန္တလေးကို သွားရဦးမယ်"

"ဘယ်နှရက် ကြာမှာလဲ"

"တစ်ညအိပ်ပြီး နောက်နေ့ည ပြန်လာမှာ"

"တော်ပါသေးရဲ့"

"ကော်ဖီလေး သောက်လိုက်ပါဦး မောင်မင်းရဲမွန်"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော့်မိဘတွေကို ဒီည ဖုန်း ဆက်ခေါ်လိုက်ပါ့မယ်"

"ဟင်. . ဘာဖြစ်လို့လဲကွယ်"

မေရုံက ဒီကလေးနှစ်ယောက်ကြည့်ရတာ တစ်စုံတစ် ရာတော့ တစ်စုံတစ်ရာပဲ ထူးခြားနေသည်ဟု ထင်ထားပြီး မည် ကဲ့သို့ မေးရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေစဉ် လမ်း





ဘွားကာ မေးခွန်းပြန်ထုတ် လိုက်သည်။

မြတ်လေးငုံက မိခင်ကို လှမ်းကြည့်လိုက်သည်။

မင်းရဲမွန်က. . .

"အန်တီတို့ဆီမှာ လာရောက် ကြောင်းလမ်းဖို့ပါပဲ"

မေရုံက မြတ်လေးငုံကို လှမ်းကြည့်လိုက်သည်။

မြတ်လေးငုံက. . .

"မေရုံကိုတောင် သမီးငုံ ဆုံးဖြတ်ချက်ကို ဖွင့်မပြောရ သေးဘူး၊ သမီးငုံ ညက ဆုံးဖြတ်ပြီးတာပါ မေရုံ"

မြတ်လေးငုံ လိမ်ညာလိုက်မိသည်။ အမှန်စင်စင် ထိုဆုံး ဖြတ်ချက်သည် နေ့ခင်းက ဒေါ်သက်သက်ခိုင်၏ ရုံးခန်းတွင်းမှာ ချလိုက်သော ဆုံးဖြတ်ချက်ဖြစ်သည်ကိုတော့ မိမိမှတစ်ပါး အ ခြားမည်သူမှ မသိရှိစေရန် မိမိတစ်သက်လုံး ဖုံးဖိထားရ ပေ တော့မည်။

"အလုပ်က ခုမှပြန်လာပြီး ရေချိုးပြီးခါစပဲရှိသေးတော့ မေရုံကို ပြောမပြရသေးဘူးဖြစ်နေတယ် ကိုမင်းရဲမွန်၊ မေရုံ သဘောတူပါတယ်နော်"

မေရုံက ပြုံးရွှင်ကာ. . .

"သဘောတူပါတယ်၊ အရင်စလို့များ ဖြစ်နေမလား ကွယ်၊ မောင့်မိဘတွေအတွက် သိပ်များ ကသီလင်တနိုင်နေမ သားလို့ မေရုံတို့က စိုးရိမ်မိတယ်"

မင်းရဲမွန်က တက်ကြွစွာဖြင့်. . .

"ဒီအတွက် လုံးဝမပူပါနဲ့ မေရုံ၊ အဲ. . ကျွန်တော့်ကိုပါ မေရုံလို့ပဲ ခေါ်ခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံ မျက်စောင်းထိုးလိုက်ချင်ပြီ။ သို့သော် မျ[...] စောင်းသည် ချစ်မျက်စောင်းများ ဖြစ်သွားမလား၊ ကလက်တ[...] တက်များ ဖြစ်သွားမလားဟု စိုးရိမ်ကာ မျက်နှာလွှဲလိုက်[...] သည်။

"ဖေဖေနဲ့ မေမေကို ကျွန်တော်ကြိုတင်ပြီး ခွင့်တော[...] ပြီးသားပါ၊ ဖေဖေတို့ကလည်း ဆရာ့ကိုသိနေကြပါတယ်၊ ဆ[...] အပေါ်လဲ ကျွန်တော်နဲ့ ပတ်သက်ပြီး လေးစားချစ်ခင်တာဖြစ်[...] အတွက် ဆရာ့သမီးကို လက်ထပ်ချင်တယ်ဆိုတော့ ဝမ်းမြော[...] ဝမ်းသာပဲ စီစဉ်ပေးဖို့ အသင့်ရှိနေကြပါတယ်"

"ဩော် . . ဒီလိုဆိုရင် မေရုံတို့ဘက်က ဘာမှကို မြော[...] ရာမလိုတော့ပါဘူး၊ မေရုံဝမ်းသာဝမ်းနည်းပါပဲ၊ ဘာမှလဲ မ[...] တတ်ဘူး၊ ဒီတော့မောင်ကပဲ သမီးငုံရဲ့ ဆန္ဒကိုယူပြီး ဆောင်ရွ[...] ပေးပေတော့၊ ကိုင်း . . စကားပြောကြဦး၊ မေရုံ လုပ်စရာ[...] တွေ ရှိနေလို့"

မေရုံ၏ မျက်နှာပြင်ရိပ်သည် အမှန်တကယ်ပင် ဝ[...] သာဝမ်းနည်းပုံစံသို့ ပြောင်းလဲသွားပြီး အတွင်းခန်းဘက်သို့ ထ[...] သွားလေသည်။

မြတ်လေးငုံ ရင်ထဲ ကြေကွဲသွားသည်။

မိမိသည် ဘာကြောင့် အိမ်ထောင်ပြုရန် အဆော[...] လျှင် ဆုံးဖြတ်လိုက်ရတာလဲ။

မိခင်နှင့် ကြီးတော်ကိုယ်တိုင် အိမ်ထောင်ပြုရန် တို[...] တွန်းကြသည်။ တကယ်တမ်းကျတော့ သူတို့က သမီးကိုနှမြော[...] ကြသည်။ ဒါ သဘာဝပေပဲလား။





"မြတ်"

"ရှင် . . . ကိုမင်းရဲမွန်၊ ကျွန်မကို ဘယ်လို ခေါ်လိုက်တယ်"

မင်းရဲမွန်က ပြုံးကာ . . .

"ကိုယ်နဲ့ မကြာခင်လက်ထပ်ရတော့မယ့် မိန်းကလေးတစ်ယောက်ကို နာမည်အပြည့်အစုံ မခေါ်ချင်တော့ဘူး၊ ဒါကြောင့် ရင်ထဲမှာအမြဲတမ်း မြတ်နိုးတန်ဖိုးထားပြီး ချစ်ခဲ့ရတဲ့ မြတ်ပန်းတော်ဝင်လေးဖြစ်လို့ မြတ်လို့ပဲ ခေါ်ချင်ခဲ့တာ ကြာပါပြီ၊ ခုမှ ခေါ်ခွင့်ရတာ၊ ခွင့်ပြုတယ်မှတ်လား"

မြတ်လေးငုံ အံ့ဩသွားသည်။ လောကကြီး၌ အချစ်ချင်းပြိုင်ကြစတမ်းဆိုလျှင် မိန်းမသားတွေကသာ သာစမြဲဖြစ်သည်ဟု ထင်ထားခဲ့သည်။ ယခုတော့ မင်းရဲမွန်တို့ကို ယောကျ်ားမျိုးတွေလည်း ရှိတတ်ပါသေးသလားဟု ပထမဦးဆုံးအကြိမ်အဖြစ် အံ့အားသင့်သွားခြင်းဖြစ်သည်။

မြတ်လေးငုံ ခေါင်းညိတ်ခြင်းဖြင့်သာ မင်းရဲမွန်ကို အဖြေပေးလိုက်သည်။

တကယ်တမ်း မိမိလက်ထပ်ရတော့မည့် ယောကျ်ားတစ်ဦး၏ ရှေ့မှောက်သို့ ရောက်နေပါလားဟု သိလိုက်ရသောအခါ ရင်ထဲခံစားမှုက တစ်မျိုးဖြစ်လာသည်။ ကြောက်ရွံ့တုန်လှုပ်မိသကဲ့သို့ ရှိနေသည်။ ရဲတင်းခြင်းတို့ပင်လျှင် တုံ့နှေးစပြုနေပါလား။

"မြတ်ကော ကိုယ့်ကို ဘယ်လိုခေါ်မယ် စဉ်းစားထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ခွင့်လွှတ်ပါ ကိုမင်းရဲမွန်၊ ကျွန်မ မစဉ်းစား ရသေးပါဘူး"

မင်းရဲမွန်ရင်ထဲ ကျင်ခနဲဖြစ်သွားသည်။ မြတ်လေးငုံသည် မိမိအားချစ်တာမှ ဟုတ်ပါလေစ။ ဘာပဲဖြစ်ဖြစ် ချစ်ခြင်းမေတ္တာဆိုသည်မှာ ရောင်ပြန်ဟပ်တတ်သည့်သဘော ရှိသည်ဆိုခြင်းကို မင်းရဲမွန်ယုံကြည်သည်။ ထို့ကြောင့် မြတ်လေးငုံ ဘာပြောပြော ခွင့်လွှတ်ကာ. . .

"ကောင်းပြီလေ၊ မြတ် သဘောပါပဲ၊ စေ့စပ်ရက်မှာ လက်ထပ်ရက်ပါ တစ်ခါတည်း ကြေညာနိုင်အောင် စဉ်းစားပေးပါဦး မြတ်၊ ကိုယ်ကတော့ သိပ်ကွာဟမှု မရှိစေချင်ဘူး"

မင်းရဲမွန်က အေးဆေးစွာ တောင်းဆိုသည်။

အမှန်တော့ မင်းရဲမွန်သည် လူအေးတစ်ယောက် ဖြစ်သည်။ ဒီနေ့မှ စကားတွေ အများကြီးပြောခြင်းဖြစ်သည်ကို မြတ်လေးငုံ သတိပြုမိသည်။

"ကောင်းပြီလေ၊ ကျွန်မစဉ်းစားပေးပါ့မယ်၊ လူကြီးတွေ ရဲ့သဘောထားကိုလဲ ထည့်စဉ်းစားပြီးမှ ဆုံးဖြတ်ကြရင် ပိုမကောင်းဘူးလား"

"ကောင်းတာပေါ့"

ပြောစရာစကားစ မရှိသလို တိတ်ဆိတ်သွားပြီးမှ မင်းရဲမွန်က. . .

"ကိုင်း. . ဒီလိုဆိုရင် ကိုယ်ပြန်တော့မယ်၊ မြတ်လဲ နားရဦးမှာ မဟုတ်သေးဘူး၊ ကိုယ်လဲ ဖေဖေတို့ဆီကို ဖုန်းခေါ် လိုက်ဦးမယ်"





"ဟုတ်ကဲ့"

"မေရုံကို နှုတ်ဆက်ရဦးမယ်"

"မေရုံ၊ ကိုမင်းရဲမွန် ပြန်တော့မယ်တဲ့"

မြတ်လေးငုံက လှမ်း၍ အသံပြုလိုက်သည်။

"အေး. . အေး လာပြီ"

မေရုံက အတွင်းခန်းဘက်မှ ထွက်လာလေသည်။

"ကျွန်တော် ပြန်တော့မယ် မေရုံ၊ ဖေဖေတို့နဲ့ စကားပြောပြီးရင် မနက်ဖြန် ကျွန်တော် အကျိုးအကြောင်း လာပြောပါ့မယ်"

"အေးပါကွယ်၊ မင်းညီမ ကျေနပ်ရင် ပြီးတာပါပဲ"

မြတ်လေးငုံကို မင်းရဲမွန်က ပြုံးကြည့်လိုက်လေသည်။ နောက်မှ. . .

"မနက်ဖြန် မန္တလေးသွားဖို့ ကားဂိတ်ဆင်းရင် ကိုယ် လိုက်ပို့ပေးမယ်လေ"

"ဒုက္ခ. . ."

မြတ်လေးငုံ၏ "ဒုက္ခမရှာပါနဲ့" ဟူသော စကားမဆုံးမီ မေရုံက. . .

"ကောင်းတာပေါ့ကွယ်၊ လိုက်ပို့ပေးလိုက်ပါ၊ မေရုံတို့ပါ လိုက်ပို့နိုင်တာပေါ့"

မြတ်လေးငုံဘာမှ မပြောသာတော့ချေ။ အင်းလေ. . ဘဝတစ်သက်တာအတွက် လက်တွဲပါမည်ဟု ကတိပေးမိထားသော လူတစ်ယောက်နှင့် အတူတွဲသွားလာဖို့အရေး တွန့်ဆုတ်နေခြင်းသည် အဓိပ္ပာယ်မရှိဟုထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန် ဆင်းမှာလဲ"

"ည. . . ခြောက်နာရီပါ"

"ဒါဖြင့် မနက်ဖြန်မနက် တစ်ခေါက် မေရုံတို့ကို အကျိုး အကြောင်းလာပြောပြီးရင် ညနေ ဘူတာဆင်းခါနီးတစ်ခေါက် လာခဲ့မယ်"

"ပင်ပန်းနေမှာပေါ့"

မြတ်လေးငုံ၏ အမှုမဲ့အမှတ်မဲ့ ပြောလိုက်သောစကား ဖြစ်သော်ငြား မင်းရဲမွန်၏ ရင်တွင်း၌ ချမ်းမြေ့သွားလေသည်။ အကြင်နာစကားသာ ဖြစ်ပါစေတော့ဟုလည်း ဆုတောင်းလိုက် မိလေသည်။

"ရပါတယ် မြတ်၊ ဒါလောက်ကိစ္စလေးဟာ ပင်ပန်းတဲ့ ကိစ္စမဟုတ်ပါဘူး. . သွားမယ်"

မင်းရဲမွန်ကို မြတ်လေးငုံ ခေါင်းညိတ်ပြလိုက်သည်။

မင်းရဲမွန် တိုက်ခန်းအတွင်းမှ ထွက်သွားသောအခါ မြတ်လေးငုံ သံပန်းတံခါးကို သော့ခတ်လိုက်သည်။

မင်းရဲမွန်၏ ခြေသံပျောက်ကွယ်သွားသည်အထိ မြတ် လေးငုံတွေဝေစွာ ရပ်နေမိသည်။

"ကတိ" စကားသည် ဘဝတစ်ခုလုံး ပြောင်းလွဲဖြစ်နိုင် စွမ်းရှိလိမ့်မည်ကို မိမိကြိုတင် မျှော်လင့်ထားခြင်း မရှိခဲ့ပါချေ။







# အခန်း (၂၂)

". . . . . ဒါကြောင့် အန်ကယ် မလိုက်နိုင်တော့ဘူး"

ဦးဝဏ္ဏ မလိုက်ဖြစ်ချေ။ သူ့သား အငယ်ဆုံးလေးသည် သွားလွန်တုပ်ကွေးဖြစ်နေသဖြင့် ကလေးဆေးရုံကြီးသို့ တင် [illegible]ရသည်။ စံပယ် စကားမဆုံးခင်. . .

"ဒီလိုဆိုရင်"

"ဆရာပဲ လိုက်ဖြစ်လိမ့်မယ်"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံသည် စံပယ်အား ဝင်ခေါ်တော့မှ ဦးဝဏ္ဏ မလိုက်ဖြစ်ဘဲ ဦးမေအောင် လိုက်ဖြစ်ကြောင်း သိရှိရခြင်းမှ ဖြစ်လေသည်။

မင်းရဲမွန်က. . .

"ဖေဖေတို့ မနက်ဖြန် ရောက်လာလိမ့်မယ်"

"ဒါဖြင့်. . ."

"လာမယ့် ဆန်းဒေးမှာ ဆီဗိုးနားဖြစ်ဖြစ်၊ ထရိတ်တား ဖြစ်ဖြစ် အားတဲ့ခန်းမမှာ အမြန်ဆုံး စီစဉ်ထားဖို့ ဖေဖေကပြော တယ်"

"ရှင်"

မြတ်လေးငုံ အံ့အားသင့်သွားသည်။ စေ့စပ်ပွဲ၌ ဤ လောက် အကုန်အကျခံမည်ဆိုခြင်းကို လက်မခံနိုင်အောင် ဖြစ် သွားရသည်။

"အဲဒါ ကိုရဲ သဘောလား"

မင်းရဲမွန် အံ့အားသင့်သွားသည်။ မြတ်လေးငုံ သူ့အ ပေါ်၌ ပထမဦးဆုံး ပြောင်းလွဲခေါ်ဝေါ်သော အခေါ်အဝေါ်အ တွက် ရင်ထဲလှုပ်လှုပ်ရှားရှားတော့ ဖြစ်သွားသည်။

"ကိုယ့်သဘော မဟုတ်ပါဘူး၊ ဖေဖေတို့ သဘော"

"ဒါဖြင့် ကိုရဲ သဘောက"

"ကိုယ့်သဘောက ဒီနေရာမှာ မိန်းမသားရဲ့ဆန္ဒကို ဦး စားပေးချင်တဲ့ သဘောပဲရှိတယ်၊ မြတ်ဖြစ်ချင်တဲ့ ဆန္ဒမှန်သ၍ ကိုယ်ဖြစ်အောင် ဖန်တီးပေးချင်တယ်"

"ကောင်းပြီလေ၊ ဒါဖြင့်ရင် စေ့စပ်တာပဲဖြစ်တဲ့အတွက် ကိုရဲဘက်က မင်္ဂလာရှိတဲ့ စုံတွဲ သုံးတွဲလောက်နဲ့ ကျွန်မတို့ဘက် က သုံးလေးတွဲလောက်ဆိုရင် ကျွန်မတို့တိုက်ခန်း ဆံ့ပါတယ် ထင်တယ်၊ အိမ်မှာပဲ အကျဉ်းချုံး စေ့စပ်ပွဲလေး ကျင်းပလိုက် ချင်တယ်"

မင်းရဲမွန်က ပကာသနမဖက်သော မြတ်လေးငုံ၏ သဘောထားကို ကျေနပ်သွားသဖြင့် ခေါင်းညိတ်ကာ. . .

"မြတ်သဘောကျ ဖြစ်စေရပါမယ်၊ ကိုယ်စီစဉ်လိုက်ပါ့ မယ်၊ ဒါပေမယ့် လက်ထပ်တဲ့အခါမှာတော့ မြတ်သဘောကျ ကော ကိုယ့်သဘောကျကော စီစဉ်မယ်၊ ဒါကို မြတ်ခွင့်ပြုရမယ်"

မြတ်လေးငုံ စိတ်ဝင်စားသွားသည်။ သူ ဘာသဘော ကျသလဲ။

"ကိုရဲ သဘောကျက"

"ဒီမှာ မြတ်တို့မိဘတွေ သဘောကျ ခမ်းခမ်းနားနား လက်ထပ်ပြီးရင် ချောင်းဆုံမှာ လက်ဖွဲ့မယ့်ဥယျာဉ် မြို့လုံးကျွတ်. . ခေါ်လာဆွမ်းကျွေးချင်တယ်၊ အဲဒီဆန္ဒ ကိုယ့်မှာရှိနေတယ်"

မြတ်လေးငုံရင်ထဲ သိမ့်ခနဲ လှုပ်ခတ်သွားသည်။ မင်းရဲ မွန်၏ ဆန္ဒသည် မိမိ၏ဆန္ဒနှင့် ထပ်တူထပ်မျှ ရှိနေပါလား။

"ဘယ်လိုလဲ မြတ်"

"ကောင်းပါတယ်"

"သိပ်ကောင်းတာပေါ့၊ စံပယ်လဲ လိုက်မယ်နော်"

"သြော်. . မိတ်ဆက်ပေးဖို့ မေ့နေလိုက်တာ၊ ကိုရဲ ဒါ စံပယ်တဲ့၊ ကျွန်မတို့ ကုမ္ပဏီက၊ ကွန်ပျူတာကျွမ်းကျင် မစံပယ် ပေါ့"







www.burmeseclassic.com

www.burmeseclassic.com



စံပယ့်ထံမှ အသံထွက်မှ မြတ်လေးငုံသည် စပယ်အား မင်းရဲမွန်နှင့် မိတ်ဆက်ပေးရမှန်း သိလေသည်။

"တွေ့ရတာ ဝမ်းသာပါတယ် မစံပယ်"

"စံပယ်၊ မမရဲ့ ကိုရဲပါ"

မင်းရဲမွန် ရင်ထဲ စိမ့်ဝင်သွားလေသည်။ မြတ်လေးငုံရဲ့ နှလုံးသားမှာ သူနေရာယူနေလောက်ပြီ ထင်ပါသည်။

"သိပ်ဝမ်းသာပါတယ်၊ မမငုံနဲ့လိုက်တယ်၊ ရွှေနဲ့မြ နေနဲ့လပဲ"

မြတ်လေးငုံရင်ထဲ တစ်စုံတစ်ဦးကို သွား၍သတိရလိုက်သည်။ ဦးမေအောင်နှင့်ဆိုလျှင်ကော. . .

"ဟော. . . ရှေ့မှာ ဆရာ့ကား"

အဝေးပြေးကားဝင်းအတွင်းသို့ ချိုးဝင်သွားသော ဦးမေအောင်ကားကို စပယ်ညွှန်ပြလိုက်သဖြင့် မြတ်လေးငုံ လှမ်းမြင်တွေ့လိုက်ရသည်။

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ကြသည်။

"ကိုရဲ လိုက်မပို့နဲ့တော့၊ ကျွန်မတို့ဆရာ တွေ့ပြီ"

"အိုကေ. . အစစအရာရာ အဆင်ပြေပါစေ၊ ဂွတ်နိုက် မြတ်"

"ဟုတ်ကဲ့၊ ပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ သွားမယ်နော်ကိုရဲ"

မြတ်လေးငုံနှင့် စံပယ်ကို ပေါ်တီကိုအောက်၌ ချထားခဲ့ပြီး မင်းရဲမွန်ထွက်ခဲ့သည်။ သို့သော် ကားနောက်မှန်မှတဆင့် ဖြူဖြူချောချောခန့်ခန့် လူတစ်ဦးနှင့် မြတ်လေးငုံတို့ ပူးပေါင်းသွားသည်ကို မြင်လိုက်ရသောအခါ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား





သည်။

ထို "ထိတ်ခနဲ"၏ နောက်ကွယ်မှ ကပ်ငြိပါလာသည်က "မနာလိုဝန်တိုစိတ်" ဖြစ်လေသည်ဟု သူ့ကိုယ်သူ သုံးသပ်မိသောအခါ မြတ်လေးငုံကိုသူ လက်လွှတ်အဆုံးအရှုံး မခံနိုင်အောင် ချစ်နေမိနေပြီဟု။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၃)

သွားသွားလာလာ နေနေ ဂျပန်ဧည့်သည်များပါ ရှိနေသောကြောင့် မြတ်လေးငုံနှင့် ဦးမေအောင် မျက်နှာချင်းဆိုင်ခွင့်မရချေ။ သို့သော် စပယ်က. . .

“မမ. . ဆရာ့ကို သတိထားမိရဲ့လား”

“ဘာဖြစ်လို့လဲ”

“ဆရာ့မျက်နှာက လုံးဝ မလန်းဆန်းဘူးနော်. . ၊ နေကောင်းရဲ့လား မသိဘူး”





“အင်းလေ၊ အမေကလဲ နေမကောင်းဆိုတော့ ပင်ပန်းရှာမှာပေါ့”

“အားပေးစကားလေး ဘာလေး ပြောလိုက်ပါဦး၊ ဟိုမှာ ဆရာတစ်ယောက်တည်း”

မြတ်လေးငုံနှင့်စံပယ်သည် ဦးမေအောင်အနားသို့ ချဉ်းကပ်လိုက်သည်။

ဦးမေအောင်က စစ်ကိုင်းတောင်ရိုးပေါ် မှတစ်ဆင့် တငြိမ့်ငြိမ့်နှင့် သိမ်မွေ့စွာ စီးရစ်နေသော မြစ်ဧရာဝတီကို ငေးကြည့်နေသည်။

“ဆရာ”

ဦးမေအောင်က မျက်မှောင်တွန့်ကာ သူတို့နှစ်ဦးအား ရင်ဆိုင်လိုက်သည်။

သူ၏မျက်လုံးသည် ညှိုးရိပ်ဆင်နေသည်။ မြတ်လေးငုံကိုကြည့်လိုက်သော အကြည့်က တသသလွမ်းမောသော အကြည့်မျိုးဖြစ်သည်။

မြတ်လေးငုံရင်ထဲ ကြေကွဲသွားသည်။

ဦးမေအောင်၏ အကြည့်ကို သူမနှလုံးသားက အလိုလို သိရှိနေသည်။ သိရှိပါလျက် မခံချင်သောစိတ်ဖြင့် မိမိ၏ တဇွတ်ထိုးဆုံးဖြတ်ချက်က တစ်သက်တာအတွက် ပြင်မရသော အမှားတစ်ခုကို ကျူးလွန်လိုက်မိလေပြီထင်သည်။

စံပယ်က ယောင်လည်လည်ဖြင့် ကင်မရာတစ်လုံးနှင့် ဆိုသည် ဓာတ်ပုံလိုက်ရိုက်သလိုလိုနှင့် ရှောင်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ စိတ်နည်းနည်း ပင်ပန်းသွားလို့ပါ"

မေအောင်က မျိုသိပ်လိုက်သည်။ မနက်ဖြန်သဘက် ခေ့စပ်တော့မည့် မိန်းမသားတစ်ဦးအတွက် သူ့ရင်ထဲ၌ သည်းကြွေမတတ် ခံစားနေရကြောင်းကို သူဖွင့်ဟဝန်ခံလိုက်ချင်သည်။ သို့သော် ထိုဖွင့်ဟမှုကြောင့် မိမိရင်၌ ပေါ့ပါးသွားကောင်း သွားပေမည်။ သို့သော် တစ်ဖက်သူမှာတော့ တစ်သက်တာအတွက် ဖျက်မရနိုင်သော အမာရွတ်တစ်ခုကို နှလုံးသား၌ ထင်ကျန်ရစ်မည် ဆိုပါက. . .

"မာမီရဲ့ အခြေအနေက မျှော်လင့်လို့ မရဘူး၊ နိုင်ငံခြားကို သွားကုဖို့လဲ လက်မခံဘူးဆိုတော့ ထားပါတော့လေ၊ ဒါက တစ်ကဏ္ဍ၊ နောက်တစ်ကဏ္ဍက ဒါလီပဲ၊ ဒါလီဟာ တွယ်တာရာရှာပြီး မဖြစ်သင့်တဲ့လူနဲ့ ဖြစ်သွားမှာ စိုးရိမ်တယ်၊ ဒီအပူတွေနဲ့ စိတ်ပင်ပန်းသလို ဖြစ်နေတယ်"

မှုသားမပါ လက်ာမချော ဆိုသည့်အတိုင်း သူ၏ခံစားနေရသော ဝေဒနာများအနက် တစ်စိတ်တစ်ဒေသကိုသာ ဖွင့်ဟလိုက်လေသည်။ မြတ်လေးငုံ သက်ပြင်းချလိုက်သည်။

"မဖြစ်သင့်တဲ့သူနဲ့ ဖြစ်မှာစိုးတယ်ဆိုတာ မောင်မြင့်ထူးကိုပြောတာမှတ်လား"

ဖင်ပေါ့စွာဖြင့် အလုပ်လုပ်တတ်ပြီး နှုတ်ရေးလည်းကြွယ်သော ဦးမေအောင်၏ ရှုံးလုလင်မြင့်ထူးသည် ဦးမေအောင်၏ နာရေးကိစ္စ၌ ထိုအိမ်၌ပင် နေထိုင်ကာ အောက်ခြေသိမ်း လုပ်ကိုင်ပေးခဲ့သည်။ ဒါလီအောင်နှင့်လည်း နီးနီးကပ်ကပ်





အနေမျှားသည်ကို မြတ်လေးငုံ အမှတ်မထင် မြင်တွေ့ခဲ့သည်။

သို့သော် မြင့်ထူးသည် အဝေးသင်တက္ကသိုလ် တတိယနှစ်စီးပွားရေးကျောင်းသား ဖြစ်သဖြင့် ရှေ့အလားအလာ ရှိသောလူငယ်ဖြစ်သဖြင့် မြတ်လေးငုံသည် ထိုကိစ္စကို မသိကျိုးကျွန်ပြုခဲ့သည်။

"မင်း သိနေသလား"

"ရိပ်မိတာလောက်ပါ"

"ဒီကိစ္စအတွက်လဲ ကိုယ်ဘယ်လို ကိုင်တွယ်ရမှန်းမသိဘူး၊ အစ်ကိုနဲ့ညီမဆိုတော့ ပြောရခက်တယ်၊ မာမီကလဲ"

"ဒီကိစ္စမျိုးကို အကြမ်းမကိုင်သင့်ဘူး၊ အန်တီခိုင်ကို အကျိုးအကြောင်း ပြောပြပြီး ကိုယ်ဖြစ်ချင်တဲ့ပုံစံမျိုး နားသွင်းခိုင်းလို့လဲ ရပါတယ် ဆရာ"

"မြတ်လေးငုံ မြင့်ထူးကို ဘယ်လိုမြင်သလဲ"

"အလားအလာရှိတဲ့ လူငယ်တစ်ယောက်ပဲလေ၊ အဓိက အရေးကြီးတာက သူက ဒါလီလေးကို ထားရှိတဲ့ မေတ္တာအဆိမ်အနက်က အဓိကပဲ၊ တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တယ်ဆိုတာ သေချာရင်တော့လဲ. . . ဆောရီးပဲ ဆရာ၊ ကျွန်မ ဆိပ်ပြီး ကိုယ်ချင်းစာမှု ကင်းမဲ့သွားသလား"

"ရပါတယ်၊ မင်းပြောတာ ကိုယ်လက်ခံပါတယ်၊ လောကကြီးမှာ အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ ချစ်ခြင်းမေတ္တာဟာ အဓိကဆိုပေမယ့် အလွှာမတူတဲ့ လူတန်းစားနှစ်ခုပေါင်းစုံတဲ့နေရာမှာ နားလည်မှုမရှိရင် ကြွေကွဲစရာတွေအများကြီး ဖြစ်ပေါ်သွားလေ့ရှိတယ် ဆိုတာလဲ ကိုယ်တွေ့ကြုံ



www.burmeseclassic.com

www.burmeseclassic.com



ထားတော့ ကိုယ် ဘယ်လိုဆုံးဖြတ်ရမှန်း မသိအောင် ဖြစ်နေတယ်"

မြတ်လေးငုံ သက်ပြင်း တိတ်တခိုး ချလိုက်မိလေသည်။

ဦးမေအောင်သည် အစ်ကိုကြီး အဖအရာ ပီသလွန်းစွာဖြင့် မိသားစုကို သံယောဇဉ်ကြီးလွန်းသောသူ ဖြစ်လေသည်။ တစ်ဦးတည်းသောသမီး မိမိကတော့ အချစ်တွေအားလုံးကို စုံရရှိ ခံစားနေရသူဆိုတော့. . .

'ဟင်. . မင်းရဲမွန်ကကော တစ်ဦးတည်းသော သားပါလား' ဟူသော အတွေးသည် ရုတ်တရက် ဝင်ရောက်လာသည်။ သူသည်လည်း မိမိကဲ့သို့ပင် အချစ်အားလုံးကို စုပြုံရရှိ ခံစားထားရသူဆိုတော့ ချစ်ခြင်းကို မိမိကသာလျှင် ရယူခံစားလို့သူများ ဖြစ်လေမလား။ မျှဝေခံစား နားလည်နိုင်သူမှ ဟုတ်ပါ့လား။

"ဟင်. . မြတ်လေးငုံ၊ ဒါလီတို့ပြဿနာကို ဘယ်လို ဆုံးဖြတ်ပေးသင့်သလဲ"

"စောပါသေးတယ် ဆရာ၊ မောင်မြင့်ထူး ဘွဲ့ရသွားပြီးသူနဲ့ ထိုက်တန်တဲ့ နေရာတစ်ခုကို ဆရာကပဲ ဖန်တီးပေးလိုက်ပြီးမှ သင့်တော်တယ် ထင်တယ်၊ ဒါလီလေးအပေါ်လဲ တကယ့်မေတ္တာကရုဏာနဲ့ ချစ်တာမှန်တယ်ဆိုရင်တော့ ဆရာ မငြင်းသင့်ဘူးလို့ ထင်ပါတယ်၊ ကျွန်မ ဒီလိုပြောတာကလဲ ဒါလီ့အပေါ်မှာ သံယောဇဉ်ရှိလို့ပါ၊ ကိုယ့်ညီမတစ်ယောက်လိုပဲ သဘောထားပြီး ဒါလီ့အတွက် ပြောတယ်ဆိုတာ ဆရာနားလည်စေချင် ပါတယ်"





"ကျေးဇူးတင်ပါတယ် မြတ်လေးငုံ၊ ရုတ်တရက်တော့ ကိုယ်လဲ ထူပူပြီး မြင့်ထူးကို ဆွဲထိုးခဲ့မိတယ်၊ ဦးဝဏ္ဏကိုလဲ အလုပ်ထုတ်လိုက်ဖို့တောင် ပြောခဲ့မိတာထင်တယ်"

"ဒီလောက်အထိ စိတ်လိုက်မာန်ပါ မဖြစ်သင့်ဘူးထင်တယ်ဆရာ"

"ဟုတ်ပါတယ်၊ ခေါင်းအေးအေးနဲ့ ပြန်စဉ်းစားကြည့်တော့မှ ကိုယ့်ကိုယ်ကိုယ် မှားသွားမှန်း သိရတယ်၊ အခုတလော ကိုယ် ဒေါသအရမ်းကြီးနေတယ်"

မြတ်လေးငုံ ဦးမေအောင်ကို လှမ်းကြည့်လိုက်သည်။

မျက်လုံးချင်း တစ်ဒင် ဆုံစည်းမိကြသည်။ ကြေကွဲရိပ်များ ယှက်သန်းနေသော ဦးမေအောင်၏ မျက်ဝန်းရိပ်ကို မြတ်လေးငုံ အမိအရ ဖမ်းဆီးကာ အဖြေထုတ်ကြည့်လိုက်သည်။ သို့သော် ဦးမေအောင်က အရင် မျက်နှာလွှဲကာ. . .

"မြတ်လေးငုံ အင်္ဂျင်ချက ဘယ်နေ့လဲ"

"ခုလာမယ့် ဆန်းဒေးပါ"

မြတ်လေးငုံ လေသံမျှသာ ဖြေလိုက်သည်။

"ဟင်. . ကြားမှာ သုံးရက်ပဲ ရှိတော့တာပဲ၊ စောစောကသာ ကြိုပြောခဲ့ရင် ကိုယ် မင်းကို ဒီခရီးစဉ်ကို တာဝန်ပေးမိမှာမဟုတ်ဘူး"

"ရပါတယ် ဆရာ၊ ကျွန်မမှာ ဘာတာဝန်မှ မရှိပါဘူး"

အမျိုးသားက ဘယ်သူလဲ၊ ဘာလုပ်သလဲ စသည်ဖြင့် မေးခွန်းတွေ ဆက်တိုက်မေးလာလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း ထွက်မလာသောအခါ တိတ်ဆိတ်ခြင်းက ကြီးစိုးသွား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြတ်လေးငုံက. . .

“အဲဒီနေ့ရောက်ရင် ဆရာလာခဲ့ဖို့ အချိန် အတိအကျ သိမှ ကျွန်မ ထပ်ဖိတ်ပါဦးမယ်”

ဦးမေအောင်က မနှိပ်စက်ပါနဲ့တော့လား မြတ်လေး ရယ်. . . ဟုရင်တွင်း၌ တောင်းပန်တိုးလျှိုးလိုက်သည်။

ညှိုးရိပ်ဆင်နေသော ဦးမေအောင်မျက်နှာပြင်ပေါ်၌ ဟန်ဆောင်ပြုံးကလေး လှစ်ခနဲ ဖြစ်ပေါ်လာသည်။

“လာပေးရမှာပေါ့ မြတ်လေးငုံ၊ ကြောင်းလမ်းစကား တော့ ကိုယ်ပြောတတ်မှာ မဟုတ်ဘူးနော်”

“ကိစ္စမရှိပါဘူး၊ မေအုံခင်ပွန်းက စကားပြောကောင်း တယ်၊ သူပဲ ပြောလိမ့်မယ် ထင်တယ်”

“လာ. . သွားကြရအောင် မြတ်လေးငုံ၊ ဟိုပုဂ္ဂိုလ်တွေ တောင် ဓာတ်ပုံရိုက်လို့ ပြီးစီးကြပြီ ထင်တယ်”

ဦးမေအောင်ကပင် ဦးဆောင်ကာ မြတ်လေးငုံအား ခေါ်ဆောင်ပြီး ဧည့်သည်ဂျပန်လူမျိုးများဘက်သို့ လှမ်းလိုက် လေသည်။ မြတ်လေးငုံ သက်ပြင်း တိတ်တခိုးသာ ချလိုက်သည်။

ငုံးဆူ လူမသိသလို အံ့ပုန်းပူကိုလည်း လူမသိနိုင်ဘူး ထင်ပါသည်။ ဦးမေအောင်သည် အင်မတန် ဟန်ဆောင်ကောင်း သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု မြတ်လေးငုံ ကောက်ချက်ချ တော့မလား။







# အခန်း (၂၄)

“ယူပါ မြတ်လေးငုံ. . ၊ ဆရာက ကိုယ့်လက်အောက် ဝန်ထမ်းတွေကို ညီအစ်ကိုမောင်နှမတွေကိုပဲ သဘောထားပါ တယ်၊ ကိုယ့်ဝန်ထမ်းတစ်ယောက်ရဲ့ မင်္ဂလာပွဲကို ချီးမြှင့်တဲ့ သဘောပါ၊ ဒါ လက်ဖွဲ့မဟုတ်သေးပါဘူး၊ ကိုယ့်စေတနာကို တန်ဖိုးထားရင် လက်ခံပါ မြတ်လေးငုံ”

မြတ်လေးငုံရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ နှလုံးသားအ

www.burmeseclassic.com



ရေးကို သော့ခတ်ထားပြီး မိသားစုအရေးအတွက် စီးပွားရေးကို လုံးပန်းနေရရှာသော ဦးမေအောင်၏ စေတနာကို တန်ဖိုးထားရမည်တဲ့လား။

လူကြီးလူကောင်း ဆန်သော၊ အခွင့်အရေး မယူတတ်သော ယောကျ်ားကောင်းတစ်ယောက် အနေဖြင့်တော့ လေးစားမိပါသည်။ ထို့ကြောင့် စက္ကူကတ်ထူဘူး နှစ်ဘူးဖြင့် ထည့်ထားသော ပိုးထည်ဘူး နှစ်ဘူးကို လက်ခံယူလိုက်သည်။

"သတို့သားကော သတို့သမီးပါ ဆင်တူဝတ်နိုင်အောင် တစ်ဆင်တည်း ဖြတ်ခိုင်းထားတာ"

BURMESE CLASSIC .com

"ကျေးဇူးတင်ပါတယ် ဆရာ"

မြတ်လေးငုံရင်ထဲ ကြေကွဲဝမ်းနည်းနေသည်။ ဖြစ်နိုင်လျှင် ကလေးတစ်ယောက်လိုသာ ငိုကြွေးလိုက်ချင်တော့သည်။

"ပြန်လိုက်ဦးမယ် အန်တီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ သားရယ်"

ဒေါ်ခင်ရုံက ဦးမေအောင်ကို ပြန်လည်နှုတ်ဆက်လိုက်သည်။ ရုံးမှာပေးလျှင်လည်း ရရဲ့သားနှင့် အိမ်တိုင်ရာရောက် လက်ဆောင်ပစ္စည်း လာပို့သော သူဌေး ဦးမေအောင်က သမီးငုံ အပေါ် ထားရှိသော မေတ္တာစေတနာမှာ မသေးလှကြောင်း ဒေါ်ခင်ရုံမှာ ငယ်ရာမှကြီးလာသူပီပီ ရိပ်မိလေသည်။

မြတ်လေးငုံ ငူတူတူ ငိုင်တိုင်တိုင်ကလေး ရပ်နေသဖြင့် ဒေါ်ခင်ရုံက တံခါးပိတ်လိုက်သည်။

"သမီးငုံ သူဌေးက လူငယ်ပဲ ရှိသေးတာပဲ၊ ဒီအရွယ် အထိ အိမ်ထောင်ရက်သား မကျသေးတာကိုပဲ တော်ရှာသားပဲ"





မြတ်လေးငုံက ကတ်ထူစက္ကူဘူး နှစ်ဘူးကို ဖွင့်ကြည့်လိုက်သည်။ ပန်းနုရောင် လွန်းသုံးရာ ပိုးချိတ်ဆင်တစ်ဆင်တည်း ဖြစ်နေသည်။ သတို့သားနှင့် သတို့သမီး ဝတ်ဆင်ရန်တဲ့လား။

"တန်ဖိုးလဲ နည်းမှာမဟုတ်ဘူး၊ အဆင်လေးကလဲ လှမှလှပဲ၊ မောင်ရဲကိုတော့ ပြကြည့်လိုက်ပါဦး၊ သူကလဲ သူ့သတို့သမီးကို သူ့ကိုယ်တိုင် ဆင်ချင်မှာပေါ့၊ သူကျေနပ်မှ ဖြစ်မှာ"

"ဟင်. . . ဘာဆိုင်လို့လဲ"

အနှောင်အဖွဲ့၏ ရစ်ပတ်မှုကို မြတ်လေးငုံ စတင် ခံစားလိုက်ရသည်။ ရင်ထဲ မွန်းကြပ်သွားမှုကြောင့် အသက်ရှူကျပ်သတဲ့သို့ ခံစားလိုက်ရသည်။ မင်းရဲမွန်အား ဦးမေအောင်နှင့် ပတ်သက်၍ မိမိဘာမှ ပြောစရာအကြောင်း မရှိဘူးဟု ထင်ပါသည်။

"ဆိုင်တာပေါ့ သမီးငုံ၊လက်ထပ်တော့မယ် ဆိုကတည်းက ဘဝနှစ်ခု ပေါင်းစပ်လိုက်တာပဲ၊ ဘာပဲလုပ်ချင်လုပ်ချင် ကိုယ့်သဘောတစ်ခုတည်းနဲ့ မပြီးဘူး၊ သူ့ဆန္ဒကိုလဲ ယူမှဖြစ်မှာ၊ သမီးငုံမှာ စဉ်းစားဆင်ခြင် ဉာဏ်ရှိအောင် ဖေဖေသင်ပေးခဲ့တယ် မှတ်လား"

"ဟုတ်ကဲ့ပါ မေရုံ"

မြတ်လေးငုံက ဘူးလေးကို ပြန်ပိတ်ပြီး ဗီရိုအတွင်းသို့ ထည့်လိုက်သည်။ မိခင်ကို တုံ့ပြန်စကားမပြောသော်လည်း ရင်ထဲမှာတော့ ပြောနေမိသည်။

"ဖေဖေ သင်ကြားဆုံးမပေးသွားတာက လောကအကြောင်းပါ မေမေ၊ နှလုံးသားအကြောင်း မပါဘူး ထင်တယ်၊ အခု သမီးငုံ ရင်ထဲမှာ ရှုပ်ထွေးနေတာက နှလုံးသား ပြဿနာပါ။



www.burmeseclassic.com

www.burmeseclassic.com



သမီးငုံ ကိုမင်းရဲမွန်ကိုမှ ချစ်ရဲ့လား၊ ချစ်နိုင်ပ့ါမလား၊ ဒီ အတွက် သမီးငုံ့ရင်ထဲမှာ လေးလံနေတာပါ" ဟု. . .

"မနက်ဖြန်ဘဲ စေ့စပ်ရတော့မှာ သမီးငုံရယ်၊ ဘာတွေများ တွေးတောနေရတာလဲ၊ မောင်ရဲဟာ သမီးအပေါ် တကယ့်ကို မြတ်နိုးတန်ဖိုးထားတဲ့ လူ့အဖိုးတန်လေးပဲကွယ်၊ မေရှုံတို့တော့ သူ့ထက်ကောင်းတဲလူတောင် သူ့လောက် ကောင်းနိုင်မယ် မထင်ဘူး"

ဒေါ်ခင်ရှုံက ခပ်အေးအေးလေးဖြင့် မြတ်လေးငုံ နားဝင်သာရန် ပြောလိုက်သည်။

ဒါကို မြတ်လေးငုံ သဘောပေါက်ပါသည်။ မိမိ၏ စိတ်မပြတ်သားမှုကို မိခင်အပါအဝင် လူတွေရိပ်မိလောက်အောင် ရုပ်ပျက်နေပြီလားဟု တွေးမိကာ အပြုံးတန်ဆာဆင်ကာ ဖုံးကွယ်လိုက်သည်။

"ဘာမှ မတွေးပါဘူး၊ ကိုရဲက ခွင့်ပြုပ့ါမလားလို့ပါ"

ထိုအချိန်၌ လျှပ်စစ်ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ မြတ်လေးငုံက နံရံ၌ ရပ်နေသော မင်းရဲမွန်ကို တွေ့လိုက်သည်။ မင်းရဲမွန်က နွေးထွေးသော အပြုံးနှင့် ပြုံးပြလိုက်သည်။

မြတ်လေးငုံက နှုတ်ခမ်းကို တွန့်ရှုံပြုံးကာ သော့ဖွင့်လိုက်သည်။

မင်းရဲမွန်က. . .

"တံခါးကို ဖွင့်ထားလိုက် မြတ်၊ မနက်ဖြန်အတွက် ဆက်တီခုံတွေ သယ်လာကြလိမ့်မယ်"

"ဟင်-ဘာလုပ်ဖို့လဲ၊ ငှားလာတာလား၊ ဒီမှာလဲ ရှိသားနဲ့"





"မဟုတ်ဘူး ဝယ်လာတာ၊ ချောင်းဆုံအိမ်အတွက်လဲ လိုနေတယ်လေ၊ အဲဒီတော့ တစ်ခါတည်း အဆင်ပြေအောင် ဝယ်ထားလိုက်တယ်"

ပြောပြောဆိုဆိုနှင့် မင်းရဲမွန်က နေရာတကျဖြစ်ရန် အတွက် အခန်းမှ ပစ္စည်းများကို စနစ်တကျ လိုအပ်သလို ဖယ်ရွှေ့လိုက်သည်။

ဆက်တီခုံများကို မြင်လိုက်ရသောအခါ မြတ်လေးငုံရင်တွင်း၌ ခံစားမှုနက်နဲသော ဝမ်းသာမှုမျိုး ဖြစ်ထွန်းသွားသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာမှုအနုလက်ရာမြောက်လွန်းလှသော ကနုတ်ပန်းတပ်ထားသော ဆိုဖာဆက်တီခုံများဖြစ်သောကြောင့်ပင်တည်း။

အမေရှုံကလည်း. . .

"သားရယ် ဘာဖြစ်လို့ ဒီလောက်ကြီးတာတွေ ဝယ်လာရတာလဲ အိမ်ကကျဉ်းကျဉ်းလေးနဲ့"

"မြတ် နှစ်သက်မယ်ထင်လို့ပါ၊ လိုလဲလိုနေတာပဲ"ဟု ပြောရင်း မြတ်လေးငုံအား တစ်ချက်ကြည့်လိုက်ရာ မျက်လုံးချင်းဆုံမိသောအခါ မြတ်လေးငုံက. . .

"ကျေးဇူးတင်ပါတယ် ကိုရဲ"

ဟု ပြောပြီး စနစ်တကျ ဖြစ်စေရန် နေရာချလိုက်သည်။

ပစ္စည်း လာပို့ပေးတာ အလုပ်သမားများ ပြန်သွားသောအခါ. . .

မြတ်လေးငုံက အိမ်နောက်ဖေးသို့ဝင်ကာ သံပရာရည်တစ်ခွက် ဖျော်နေစဉ် မင်းရဲမွန်က နောက်ဖေး လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြတ်လေးငုံက ရုတ်တရက် အံ့အားသင့်ကာ မျက်လုံး လှကလေးတစ်စုံဖြင့် ပြူးတူးကြောင်တောင် ကြည့်နေစဉ် . . .

"မြတ် ကိုယ့်ကို လက်ကလေး ပေးဆေးနော်"

"ရပါတယ်၊ ဆေးပါ"

မြတ်လေးငုံ၏ ရင်ထဲတွင် အမည်မဖော်တတ်သော ဝေဒနာတစ်ရပ် ဖြစ်ထွန်းသွားသည်။ သို့သော် . . ဪ . . နတ် ဖြုန် ငါနဲ့စေ့စပ်တော့မယ့် လူတစ်ယောက်အား တရင်းတနှီးဖြစ် ရန် ပြောင်းလဲသင့်သည်ဟု ယူဆကာ . . .

"သိပ်ပင်ပန်းသွားပြီလား ကိုရဲ"

ဟု မေးလိုက်သည်။

မင်းရဲမွန်က ကျေနပ်ဝမ်းသာသွားသည်။ မကြာခင် လက်ထပ်တော့မယ့် မိန်းမသားတစ်ယောက်၏ ရင်းနှီးမှုသည် အိမ်ထောင်တစ်ခု၏ အလိုအပ်ဆုံးသော အချက်တစ်ချက် ဖြစ် သည်ဟု ယူဆမိသည်။

"မပင်ပန်းပါဘူး၊ မြတ်ကော ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး၊ မြတ်က ဘာလုပ်ရတာ မှတ်လို့၊ ကိုရဲပဲ အစစ အဆင်ပြေအောင် လုပ်နေရတာ၊ ကိုရဲသာ ပင်ပန်းမှာ ပေါ့"

"ပင်ပန်းတယ်ရယ်လို့လဲ မဟုတ်ပါဘူး၊ ကိုယ်တို့ရဲ့ဘဝ သစ်တစ်ခု တည်ဆောက်တဲ့နေရာမှာ ဒီနေ့လိုနေ့မျိုးဟာ တစ် စိတ်တစ်ဒေသ ပါဝင်နေတယ်လေ၊ ဆက်တီတွေကို မြတ် ကြိုက် ရဲ့လား"





"ကြိုက်ပါတယ် ကိုရဲ"

မင်းရဲမွန်အတွက် လက်သုတ်ပဝါကို မြတ်လေးငုံက ကမ်းပေးလိုက်သည်။

"ဘာတွေ လိုအပ်သေးသလဲ မြတ်"

"ဘာမှ မလိုပါဘူး"

"လိုအပ်တာရှိရင် ပွင့်ပွင့်လင်းလင်းသာ ပြောနော် . .၊ ကိုယ် တို့တစ်တွေဟာ အရင်းအနှီးဆုံး သူစိမ်းတွေ ဖြစ်ကြရ တော့မှာပဲ"

မြတ်လေးငုံ ပြုံးလိုက်မိသည်။ စိတ်တွင်း၌ ထောက်ခံ လိုက်မိသည်။ လောကကြီးမှာ မိမိနှင့်အရင်းနှီးဆုံး ဖြစ်ရတော့ မည့် သူစိမ်း၊ မင်းရဲမွန်ကို ရင်းနှီးရန် အတတ်နိုင်ဆုံး ကြိုးစား သင့်သည်ဟု ယူဆမိသည့်အလျောက် . . .

"ကိုရဲ . . ထမင်းကော စားပြီးရဲ့လား"

"ဘယ်စားရဦးမှာလဲ"

"မစားရသေးရင် စားသွားပါလား၊ ကျွန်မ ထမင်းပွဲ ပြင် လိုက်မယ်လေ"

မင်းရဲမွန်ရင်ထဲ အပျော်နတ်သားတို့ ကခုန်မြူးတူးနေ လေပြီ။

"မစားတော့ပါဘူး မြတ်၊ ကိုယ့်ကို ဖေဖေတို့ ထမင်းစား စောင့်နေကြလိမ့်မယ်၊ မေမေက ဘယ်လောက်ပဲ မအားမအား ရသမျှ ရက်ကလေး၊ ရသမျှ အချိန်ကလေးတွေမှာ ကိုယ်တို့သား အဖ အကြိုက်ကို ဖန်တီးပေးရှာတာဆိုတော့ ကိုယ် ပြန်တော့မယ် နော်၊ ကိုယ် ထမင်းမစား နိုင်တဲ့အတွက်လဲ ကိုယ့်ကို ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



နော် မြတ်"

စကားရှည်ရှည်ဝေးဝေးပြောကာ တောင်းပန်ရှာသော မင်းရဲမွန်ကို မြတ်လေးငုံက ရယ်ချင်သွားသည်။ ဘာဖြစ်လို့ ခွင့်မလွှတ်ရမှာလဲ၊ အလုပ်ရှုပ်တောင် သက်သာသေးတယ် ဟူသော စကားကို ရင်တွင်း၌ ပြောလိုက်သည်။

သို့သော် နှုတ်မှတော့. . .

"ရပါတယ် ကိုရဲရဲ၊ ဒါပေမယ့် သံပရာရည်လေး တစ်ခွက်တော့ သောက်သွားနိုင်ပါတယ်နော်"

"ဩော်. . မြတ်ရယ်၊ သောက်မှာပေါ့၊ လာ. . အိမ်ရှေ့သွားရအောင်"

မင်းရဲမွန်က အိမ်ရှေ့ဧည့်ခန်း၌ ခင်းကျင်းထားသော ဆက်တီနှစ်ဆုံကို ကြည့်ကာ. .

"ဆယ့်နှစ်ဦးတော့ ကောင်းကောင်းဆံ့တယ်"

"လိုအပ်ရင် ယိုးဒယားခေါက်ကုလားထိုင်တွေ ထိုးပေးဖို့ရှိပါသေးတယ်"

မြတ်လေးငုံက ပြောလိုက်သည်။

"မြတ်တို့ ပင်ပန်းနေပြီ၊ ခန်းမတစ်ခုခုမှာသာ စေ့စပ်လိုက်ရင်"

"ပကာသနဖက်တဲ့အလုပ်မျိုးကို ကျွန်မ ဝါသနာ မပါဘူး ကိုရဲ၊ ကိုရဲတို့ဘက်က တတ်နိုင်မှန်း ကျွန်မ သိပါတယ်၊ ဒါပေမယ့် အကျိုးရှိရှိပဲ ကုန်ချင်တယ်၊ ဝဲလ်ဒင်ကျရင်လဲ ရုံးတက်လက်မှတ်ထိုးပြီး ကျောင်းမှာ သံဃာကုန် ဆွမ်းကပ်ပြီး လက်ဖွဲ့မယ့်တဲ့ မင်္ဂလာဆွမ်းကျွေးကိုပဲ ကျွန်မ လိုလားပါတယ်၊ ဘယ်အရာကိုမှ





အကျိုးအမြတ် မျှော်ကိုးပြီး လုပ်ရတဲ့ အလှူအတန်းမျိုး မလုပ်ချင်ဘူး"

မင်းရဲမွန်၏ မျက်လုံးအစုံသည် ရွှန်းလက်တောက်ပလာသည်။ သူ့စိတ်ထားနှင့် ထပ်တူထပ်မြတ်ဖြစ်နေသော မြတ်လေးငုံကို သူ ချစ်မြတ်နိုးရကျိုးနပ်ပြီး ထင်ပါသည်။ ဤမိန်းမကို သူ အန်ဖိုးထားပိုင်ဆိုင်ခွင့် ရရှိခြင်းအတွက် သူ ကံကောင်းခြင်းကိုပါ နှစ်တွဲပိုင်ဆိုင်ရတော့မည် ထင်ပါသည်။

"ကိုယ်လဲ ဒီသဘောပဲရှိတယ် မြတ်၊ ဒါပေမယ့် မြတ်တို့ မိန်းမသားတွေအတွက် တစ်သက်မှာ တစ်ခါပဲ လုပ်ရတဲ့ မင်္ဂလာအတွက်မြတ် စိတ်တိုင်းကျ ဖန်တီးပေးဖို့က ကိုရဲတို့ဘက်က တာဝန်ရှိပါတယ်"

မြတ်လေးငုံက တာဝန်ကျေဖို့ ကြိုးစားနေသော သတို့သားလောင်း မင်းရဲမွန်ကို ပြုံးပြကာ. . .

"ကျေးဇူးတင်ပါတယ် ကိုရဲ၊ သံပရာရည်လဲ ခါးသွားမယ်နော်၊ သောက်လိုက်ပါဦး"

"မြတ်နဲ့တွေ့ရင် အရာရာကို မေ့လျော့စေတယ် ထင်ပါရဲ့"

ဟု မင်းရဲမွန်က ပြောပြီး သံပုရာရည်ပန်းကန်ကို လှမ်းယူသောက်လိုက်သည်။ ထိုအချိန်၌ မြတ်လေးငုံ၏ ခေါင်းအတွင်း၌ ဦးမေအောင်ပေးသွားသော ပိုးထည်များကို သတိရကာ ထ, ထွက်ပြီး. . .

"ကျွန်မရဲ့ ကုမ္ပဏီပိုင်ရှင်က ကျွန်မတို့မင်္ဂလာဆောင်မှာ ဝတ်ဖို့ဆိုပြီး လွန်းသုံးရာ ကြိုးကြိုးချိတ်ကို လက်ဆောင်ပြုပေး



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ အဲဒါ ကိုရဲ ဘယ်လို ဖြစ်ချင်သလဲ"

မင်းရဲမွန်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဦးမေအောင် ကို ညီအောင်၏ အစ်ကိုမှန်း သိလိုက်ရချိန်ကတည်းက မြ လေးငုံအတွက် စိုးရိမ်ပူပန်မှု ရတက်မအေးနိုင်အောင် ဖြ သည်။ ဦးမေအောင်၏ မိန်းမများ ကျလောက်သည့် ရုပ်ရည် ခန့်ညားထည်ဝါမှုကို သူလန့်ခဲ့သည်။ သို့သော် မြတ်လေးငုံသည် ဆင်ခြင်တုံတရား ကင်းမဲ့သော မိန်းမတစ်ယောက် မဖြစ်နိုင် ဟု သူယုံကြည်ထားသဖြင့်. . .

"ပြပါဦး မြတ်၊ ကိုယ်က ကိုယ့်သူငယ်ချင်းတွေရှိ အမရပူရက ရက်ကန်းစင်ကို လှမ်းမှာထားပြီးပြီ"

မြတ်လေးငုံက ပိုးထည်ဘူး နှစ်ဘူးကို ယူပြလိုက်သည်

မင်းရဲမွန်က. . .

"အဆင်ကကြီးပြီး သိပ်တောက်ပနေတော့ ဘုန်းကြီး ကျောင်းနဲ့ လိုက်ပါ့မလား၊ ကိုယ်က အဆင်နုပ်နုပ်စိတ်စိတ် လေး မှာထားတာ၊ ဒါက ထိုင်မသိမ်းနဲ့မှ လိုက်တဲ့အဆင်မျိုး"

"ဟုတ်ပါတယ်လေ၊ ကျွန်မလဲ တွေးမိပါတယ်၊ ဒီလို ရင် ဒါတွေ သိမ်းထားလိုက်မယ်နော်"

"မြတ် သဘောလေ"

မြတ်လေးငုံက သက်ပြင်းသူခိုးလေး ချလိုက်မိသည်

"ကိုယ်ပြန်လိုက်ဦးမယ်၊ မေမေတို့ ထမင်းစားစောင့် လိမ့်မယ်"

"ဟုတ်ကဲ့ပါ ကိုရဲ"

မြတ်လေးငုံက မင်းရဲမွန်ကို တံခါးဝလိုက်ပို့ရင်း





က်မိသည်။

နောက်များမကြာခင်. . မိန်းမ ထမင်းစား စောင့်နေ ယ် ဟုဆိုကာ ထမင်းစားချိန်အမီ ခပ်သုတ်သုတ် သူပြန်လာ ည်လားဟု. . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၆)

စေ့စပ်ပွဲ အောင်မြင်စွာ ပြီးဆုံးသွားလေပြီ။ လက်ထပ်ရန်ရက်ကိုလည်း ရွေးချယ်ပြီးလေပြီ။ စေ့စပ်ပြီးရက်မှ တွက်လျှင် တစ်လနှင့်ငါးရက်အကြာတွင် မင်းရဲမွန်နှင့် မြတ်လေးငုံလက်ထပ်ရတော့မည် ဖြစ်သည်။

မြတ်လေးငုံကို အလုပ်မှထွက်ရန်တော့ မင်းရဲမွန်က တောင်းပန်လိုက်သည်။ တစ်ဆက်တည်း အခြေခံပညာဦးစီးဌာနသို့ သွားရောက်၍လျှောက်လွှာ တင်ထားရန်ကိုပါ ပြောသည်။





မြတ်လေးငုံ ခေါင်းညိတ်လိုက်သည်။ မြတ်လေးငုံ၏ စိတ်ကူးယဉ်အိပ်မက်သည် ယခုမှ အကောင်အထည်ပေါ်လေပြီ။

ညနေခင်းဘက် မင်းရဲမွန် တစ်ခေါက် ပြန်ရောက်လာပြီး မနက်ဖြန် ချောင်းဆုံသို့ ပြန်တော့မည့်အကြောင်း နှုတ်ဆက်ပြီးပြန်သွားလေသည်။

မြတ်လေးငုံသည် ပန်းကန်များကို ဗီရိုအတွင်း သိမ်းဆည်းနေစဉ်. . .

"သမီးငုံ အိမ်ထောင်ဖက် အရွေးမှန်တယ်"

ဒေါ်ခင်ဆုံက အနားလာထိုင်ကာ ပန်းကန်များကို ဝိုင်းသိမ်းပေးရင်း ပြောလိုက်သည်။

"မေဆုံက ဘာကို ကြည့်ပြီး ပြောနိုင်တာလဲ"

"ဩော် . . မောင်ရဲရဲ့ မိဘများဟာ ပညာတတ်ပေမယ့် မာန်မာနမရှိကြဘူး၊ ရိုးရိုးသားသားနဲ့ ဗမာပီပီ ပွင့်ပွင့်လင်းလင်းရှိကြတယ်၊ ဟန်ဆောင်မှု ကင်းတယ်၊ ပြီးတော့. . သမီးငုံကိုလဲ သဘောကျနေကြတယ်၊ သူ့သားဟာ ရွေးတတ်တယ် ရွေးတတ်တယ်နဲ့ ပီတိဖြစ်နေကြတယ်"

မြတ်လေးငုံရင်ထဲ၌ အမည်မဖော်နိုင်သော ဝေဒနာတစ်ရပ်ဖြစ်ထွန်းသွားသည်။

"ဒါဟာ သမီးငုံအတွက် မင်္ဂလာပဲ၊ သတို့သားဘက်က ဆွေမျိုးအသိုင်းဝိုင်းအားလုံးရဲ့ ချစ်ခင်နှစ်သက် တန်ဖိုးထားမှုကို ခံရတဲ့သတို့သမီးရဲ့ ကုသိုလ်ကံဟာ နည်းတဲ့ကုသိုလ်ကံ အရား မဟုတ်ဘူး၊ တစ်ရာမှာတစ်ယောက် ရခဲလှတဲ့ များသော



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ကိုယ့်ဘက် ကိုယ့်သား ကိုယ့်တူကို နှမြောတတ်ကြပြီး တစ်ဘက်ကို အပြစ်မြင်တတ်ကြတဲ့ လူ့သဘာဝတွေလဲ ရှိတယ် ကြတယ်၊ ဒီလိုပါပဲ၊ မေဆုံတို့လဲ သမီးငုံကို နှမြောကြပေမယ့် ခုလိုမောင်ရဲ အပါအဝင် မောင်ရဲမိဘများနဲ့ အသိုင်းအဝိုင်းနဲ့ လိုလားမှုကို တွေ့ရပြန်တော့လဲ သမီးငုံအတွက် စိတ်ချမ်းသာ ရတယ်လေ"

မြတ်လေးငုံ ရင်ထဲ၌ ပြောစရာစကား မရှိသကဲ့သို့ ခံ စားနေရလေသည်။

"ဘာပဲဖြစ်ဖြစ် သမီးငုံ လိမ္မာပါ၊ အစစအရာရာ ဘာပဲ လုပ်ချင်လုပ်ချင် ကိုယ့်လင်ကို အသိပေးပါ၊ ခွင့်တောင်းပါ၊ ဗမာလေ့ထုံးစံအတိုင်း ဗုဒ္ဓဘာသာတို့ရဲ့ ကျင့်ဝတ်အတိုင်း သားကိုသခင်၊ လင်ကိုဘုရားတဲ့၊ ကိုယ့်ခင်ပွန်းကို အိမ်ဦးနတ် သဖွယ် လေးစားပါ၊ သမီးငုံ"

လေးစားခြင်းမှ ချစ်ခြင်းမေတ္တာ ပေါက်ဖွားလာတယ် သည်ဟူသော မြတ်လေးငုံ၏အစွဲသည် ယခု ပျောက်ကင်း တော့မည်လား။

လေးစားမြတ်နိုးခြင်းကိုကော မွေးဖွားယူ၍ ရသလား

"ကိုင်း. . . သမီးငုံလဲ ပင်ပန်းတယ်၊ သွားအိပ်တော့ မနက်ဖြန်ဦးမေအောင်ကို ပြောပြီး တစ်ခါတည်းသာ နုတ်ထွက်လိုက် တော့"

"ဟင်. . လတစ်လပြည့်ဖို့ နှစ်ပတ်လိုသေးတယ်လေ မေဆုံ၊ အဲဒီကာလလေးတော့ လုပ်ပါရစေ၊ သမီးငုံမှာလဲ အခြား ကိစ္စရှိတာမှ မဟုတ်ဘဲ၊ ပြီးတော့ အခြားဆက်ခက်တေရီတော်





ယောက် မရခင်သူတို့မှာ အခက်အခဲ ဖြစ်နေမှာပေါ့"

"ငကန်းသေရင် ငစွေပေါ်လာပါလိမ့်မယ် သမီးငုံ၊ နေ့ ခင်းကပဲ ဦးမေအောင်ကိုတောင် ပြောလိုက်ပြီးပြီပဲ၊ ဦးမေအောင် က ရပါတယ်လို့တောင် လက်ခံပြီပဲ"

မြတ်လေးငုံရင်ထဲ၌ နင့်ခနဲဖြစ်သွားလေသည်။ ဦးမေ အောင်၏ အပြုံးအရယ်မရှိသော မျက်နှာပြင်ပေါ်၌ မကောင်း တတ်၍ ပြုံးရသော အပြုံးသည်ပင်လျှင် အသက်မဝင်ဘဲ မချိပြုံး ဖြစ်နေသည်ဟု မြတ်လေးငုံထင်မြင်မိလေသည်။

မြတ်လေးငုံ သက်ပြင်းချလိုက်ပြီး. . .

"ဒီလိုဆိုရင်လဲ တစ်ရက်နှစ်ရက်လောက်တော့ လုပ်ငန်း တွေသွားလွှဲပါရစေဦး"

"အင်းလေ၊ ဒီလောက်ကတော့ သွားရမှာပေါ့၊ ကိုင်း. . အိပ်တော့ သမီးငုံ"

"ဟုတ်ကဲ့ မေဆုံ"

မြတ်လေးငုံက ပြောပြောဆိုဆို ဒေါ်ခင်ဆုံကို ဦးသုံး ကြိမ်ချလိုက်ပြီးမှ မိခင်ရှိရာ အိပ်ခန်းသို့ဝင်လိုက်သည်။ မိခင် ခုတင်တွင် ခြင်ထောင်ချထားပြီး သူမအား ကျောပေးထားသဖြင့် အိပ်ပျော်နေဟန်တူသည်။ မြတ်လေးငုံက ကြမ်းပြင်၌ ပုဆစ် ဒူးတုပ်ထိုင်ကာ ဦးချလိုက်သည်။

မေရုံသည် စောစောမအိပ်ဖူးပါ၊ ဒီနေ့မှ ဘာကြောင့် စောစောအိပ်သလဲ ဟူသော အတွေးကလေးတော့ မြတ်လေးငုံ ခေါင်းထဲ ရုတ်တရက်ဝင်ရောက်လာခဲ့သည်။

သို့သော် ထိုအတွေးကို ဒီနေ့ ခါတိုင်းထက် ပိုလုပ်ပို



www.burmeseclassic.com

www.burmeseclassic.com



များ၍ ဖြစ်မှာပါ ဟူသောအတွေးဖြင့် လက်စသတ်လိုက်ေ
သည်။

တကယ်တမ်းတော့ ဒေါ်ခင်ရုံအိပ်မပျော်ပါ။ သူမသည်
လည်းပဲ သမီးဘဝမှ အမေဘဝသို့ ရောက်ရှိခဲ့ခြင်းသာ ဖြစ်သည်
သမီးအား တစ်ပါးသူ၏ ရင်ခွင့်ကို ပေးအပ်ရမည်ဆိုပြန်တော့
လည်း အဘယ်မျှပင် သဘာဝတရားကို နားလည်သည် ဆို
ကာမူ တကယ်တမ်း ရင်ဆိုင်လိုက်ရသောအခါ ဆုံးရှုံးမှုတစ်
နှမြောမှုတစ်ခုအတွက် သူမ၏ရင်မှာထိရှ နာကျင်လျက်ရှိသည်
ကိုတော့ မြတ်လေးငုံ သိနိုင်အံ့ မထင်ပါ။







# အခန်း (၂၆)

"ဦးမေအောင်ကော မလာသေးပါလား"

မြတ်လေးငုံက ခါတိုင်းရောက်နေကျ အချိန်များထက် ပိုလွန်သောအချိန်ကို ရောက်ရှိလာသည့်တိုင်အောင် ဦးမေအောင်၏ အရိပ်အယောင်ကို မမြင်တွေ့ရသဖြင့် မြတ်လေးငုံ မနေသာတော့ပဲ မစပယ်ကို မေးလိုက်သည်။

"ဟုတ်ပါရဲ့ ဘာများဖြစ်လို့ပါလိမ့်၊ နေမှကောင်းရဲ့လား မသိဘူး၊ မနေ့က မမငုံတို့အိမ်မှာကတည်းက သူ့မျက်နှာ သိပ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး"

ထိုစဉ် ဦးဝဏ္ဏ ရောက်လာပြီး. . .

"မြတ်လေးငုံရေ၊ ညည်းဆရာတော့ ခရီးထွက်သွားတယ်၊ ညည်းအတွက် စာတစ်စောင်လဲ ပေးခဲ့တယ်၊ ညည်းကိစ္စအဝဝကိုလဲ စံပယ်ကိုလွှဲခဲ့ဖို့ မှာသွားတယ်၊ စံပယ်နေရာမှာ ကွန်ပျူတာစာရေးတစ်ဦး ထပ်ခန့်ဖို့ အန်ကယ်ကို တာဝန်ပေးသွားတယ်"

မြတ်လေးငုံ၏ရင်ထဲ ဟင်ခနဲ ဖြစ်သွားသည်။

ဦးဝဏ္ဏကမ်းပေးသော စာအိတ်ကို လှမ်းယူလိုက်သည်။ ဤစာကို လူအများရှေ့၌ ဖတ်ရဲသောအင်အား မြတ်လေးငုံ၌ မရှိချေ။ ထို့ကြောင့် စာအိတ်ကို ကိုင်ထားပြီး. . .

"ဘယ်ကို သွားမယ် ပြောသွားပါသလဲ အန်ကယ်"

"သူ့ညီမကို ဆေးသွားကုမယ် ပြောတာပဲ"

"မြိုင်ကလေးဆေးရုံကနေ မနုဖြူဆေးရုံကို ပြောင်းသွားတဲ့ ဦးထွန်းနေအောင် ထင်တယ်"

"ဟုတ်တယ်နဲ့ တူတယ်"

"သူ့အမေကကော"

"အမျိုးတွေနဲ့ လွှဲထားခဲ့တယ် ထင်တယ်"

"ဟုတ်ပ. . ဟုတ်ပ. .၊ ကျုပ်ပါ အဆစ်ပါသေးတယ် ကိုဝဏ္ဏရေ၊ မနေ့ကလဲ မပြောချင်ပါဘူး၊ သူ့အမေကို ဆေးရုံမှာ မထားတော့ဘဲ အိမ်ပြန်ခေါ်တယ်၊ အိမ်မှာပဲ နပ်စ်နဲ့ ဖန်မလီဒေါက်တာနဲ့ပဲ ကုတော့မယ်တဲ့"

မြတ်လေးငုံ စာအိတ်၏ လက်ယာအစွန်းကို ကတ်





ကြေးဖြင့် အသာဖြတ်ကာ ဖောက်လိုက်သည်။ အပြာရောင်ရေမွှေးစာရွက်ကလေး၏ သင်းရနံ့က သင်းထုံနေသည်။

မြတ်လေးငုံ နှုတ်ခမ်းကို တွန့်ရုံပြုံးလိုက်မိသည်။

အလှအပကို နှစ်သက်တတ်သော၊ ကိုယ်တိုင်လည်း စတိုင်ကျကျ စမတ်ကျကျ နေတတ်သော ဦးမေအောင်၊ ဘာကိုပဲလုပ်လုပ် သုံးစွဲစွဲ တန်ဖိုးကြီးတာမှ နှစ်သက်တတ်သော ဦးမေအောင်ကို မြင်ယောင်လာမိသည်။

ချစ်သော "လေး"

မြတ်လေးငုံရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ မိမိအား "လေး" ဟု ခေါ်သူသည် ဤကမ္ဘာလောကကြီး၌ တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါချေ။ ရင်မှာဆိုးရွားသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

ချစ်သော "လေး"

ကိုယ့်ရင်ထဲမှာ ဘယ်လိုမှ သိမ်းဆည်းထားလို့ မရနိုင်တော့တဲ့အတွက် ကိုယ် ဖွင့်ဟဝန်ခံစာကို ပထမဦးဆုံးနဲ့ နောက်ဆုံးအနေနဲ့ ရေးလိုက်မိတာပါ။ ဒီအတွက် လေးရဲ့စိတ်ကို အနှောင့်အယှက်ဖြစ်မိသွားတယ်ဆိုရင်လည်း ကိုယ့်ကို နားလည်ပြီးခွင့်လွှတ်ပေးပါ လေး။

ကိုယ့်ခံစားချက်တွေကို လေး သိစေဖို့ အဆင့်ဆင့်ပြောပြပါရစေ။

ကိုယ် လေးကို ဘယ်အချိန်မှာ စိတ်ဝင်စားခဲ့သလဲဆိုရင် အလုပ်လျှောက်လွှာမှာပါတဲ့ လေးရဲ့ဓာတ်ပုံကလေးကို မြင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ချင်းပဲ စိတ်ဝင်စားမိတယ်။

လူတွေ့မှာ လေးကို မြင်လိုက်ရပြီး၊ လေးရဲ့ ရုပ်ရည် လေးရဲ့ အသံ၊ လေးရဲ့ ရဲရင့်ပြတ်သားတဲ့ စိတ်ဓာတ်တွေ၊ အား လုံးကို ကိုယ်သဘောကျမြတ်နိုးပြီး အဲဒီအထဲက လေးကိုချစ် သွားခဲ့မိတယ် လေး။

လေးနဲ့အတူသွား၊ အတူလာ၊ အတူအလုပ်လုပ်ရင်းနဲ့ ပဲ လေးကို ပိုင်ဆိုင်ချင်စိတ်တွေဟာ အချိန်နဲ့အမျှ ဖြစ်ပေါ်လာ ခဲ့တယ်။

ကိုယ်ဖွင့်ပြောဖို့ ရည်ရွယ်လိုက်တိုင်း လေးဟာ ကိုယ့် အပေါ်အထင်အမြင်သေးသွားမှာကို စိုးရိမ်တယ်၊ ငွေရှင်ကြေး ရှင်ပီပီ အိုင်တွေ့တိုင်း ခြေဆေးတတ်တဲ့လူစားလို့ ထင်ပြီး ကိုယ့် မေတ္တာအပေါ် နားမလည်မှာလည်း စိုးရိမ်တယ်။

နောက်တစ်ချက်က ကိုယ့်မိသားစုရဲ့ ပြဿနာပဲ. . . မိသားစုဒုက္ခက သိပ်ကြီးမားလွန်းတယ်။ ဒီပြဿနာရဲ့ ပြဿနာ ထဲ လေးကို ဆွဲမနှစ်ရက်တာလည်း ကိုယ့်ရဲ့ စေတနာပဲ။

အကြောင်းကြောင်းတွေကြောင့် ကိုယ်နှောင့်နှေးခဲ့ တယ်။ တွေဝေခဲ့တယ်။ ဒီတွေဝေမှုတွေကြီးထဲမှ ညီညီက လေးကို မေတ္တာသက်ဝင်နေတာ သိလိုက်ရတဲ့အတွက် ကိုယ့်ရဲ့ မျှိုသိပ်မှုတွေဟာ ပိုမိုခိုင်ခံ့လာခဲ့ရတယ်။

လေးရယ်၊ တကယ်တော့ ကိုယ်ဟာ သိပ်ကို စိတ်ထွေ ယဉ်ဆန်လွန်းတဲ့ လူပျော့လူညံ့ တစ်ယောက်ပဲဆိုတာ မနေ့က ပဲ ကိုယ့်ကိုယ်ကိုယ် သိရှိလိုက်ရပြီ။

တကယ်တော့ ကိုယ်လေးကို အဆုံးအရှုံး မခံနိုင်ဘူး





ချစ်ခြင်းမေတ္တာဟာ စွန့်လွှတ် အနစ်နာခံခြင်း မဟုတ်ဘူး၊ ရယူ ပိုင်ဆိုင်ခြင်းပဲ ဖြစ်သင့်တယ်လို့ ကိုယ်ခံယူလိုက်ပြီ။

အချိန်ရှိပါသေးတယ် လေး။

လေး ကိုယ့်အပေါ် နားလည်ခွင့်လွှတ်နိုင်မယ်ဆိုရင် ကိုယ့်ဖုန်းကို အချိန်မရွေး ဆက်လိုက်ပါ။ ကိုယ် လေးရှိရာကို အရောက်လာပြီး ကိုယ်တို့ လက်ထပ်လိုက်ကြအောင်။

ဒီအတွက် လေး သိက္ခာတွေ၊ ဂုဏ်တွေ ညှိုးနွမ်းမသွား ရအောင် ကိုယ်ပဲ လူဆိုးလူမိုက်အဖြစ်ခံပြီး လေးအပေါ် အ တင်း အဓမ္မ အနိုင်ကျင့် ပေါင်းသင်းသူ လူယုတ်မာအဖြစ်မျိုး ကိုယ်အဖြစ်ခံပါ့မယ်။ ဒီသတင်းဖြစ်ပွားအောင် ကိုယ်ဖန်တီး ပြီး လေးရဲ့သိက္ခာကို ဆယ်တင်ပေးပါ့မယ်။

လေးရယ်. . . တောင်းပန်ပါတယ်။

လေးကို ကိုယ်သိပ်ချစ် ပါတယ်။

ရှုးသွပ်မတတ် ခံစားနေရပြီ။

ဘဝသေခါနီး လူတစ်ယောက်ရဲ့ သွေးရူးသွေးတန်း စကားကို ကိုယ် ပြောရရင်. . .

ကိုယ် လေးကို လက်ထပ်ပါရစေ။

လေးဆီက တုံ့ပြန်မှုကို ဒီစာရပြီး ငါးရက်အထိ ကိုယ် စောင့်နေပါ့မယ်။

ငါးရက်ကျော်လွန်သွားမှ လေးရဲ့တုံ့ပြန်သံ မကြားရရင် ကိုယ် နားလည်လိုက်ပါပြီ လေး။ ကိုယ့်ဘဝဟာ ရှင်လျက်နဲ့ သေလူအဖြစ်ကို ရောက်ရှိသွားပြီဆိုတာကိုပါ။

ကိုယ် နောက်ဆုံးစကား တစ်ခွန်းကို ထပ်ပြောပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကိုယ်သိပ်ချစ်ခဲ့ပါတယ်။ သိပ်ချစ်နေဆဲပါ။ သိပ်ချစ်သွားဦးမှာပါ။

ချစ်တဲ့. . .

မေအောင်

မြတ်လေးငုံ မျက်ရည်စီးကြောင်းတို့က စာရွက်ပေါ်သို့ တစ်ပေါက်ခြင်း ကျလာသည်။

ပျော့ညံ့လွန်းသော ယောကျ်ားတစ်ယောက်အတွက် မျက်ရည်မကျသင့်ဘူးဟု ထင်ပါသော်လည်း နှလုံးသားသည် အထိန်းအသိမ်း အောက်မှာပါ ဖွတ်ရုန်းထွက် လွင့်စင်ပေါက်ကွဲခြင်းကိုတော့ မြတ်လေးငုံ မတတ်နိုင်ပါ။

မြတ်လေးငုံသည် နှလုံးသားအလိုကို မိုက်မဲစွာ၊ အဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် လိုက်တတ်သော. . မိန်းမ မဟုတ်ကြောင်းကို ဦးမေအောင် သေချာစွာ သိရှိသေးဟန် မတူ။

မြတ်လေးငုံ မျက်ရည်များကို သုတ်ပစ်လိုက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

မိုးသောက်ယံတေးကို သီဆိုတတ်သော ငှက်ကလေးများတို့သည် နိုးထကျူးရင့် သီဆိုလျက် ရှိချေပြီ။

ဖျတ်ခနဲ အိပ်ရာမှနိုးလာသော မြတ်လေးငုံသည် ပထမဦးဆုံး ကြည့်လိုက်မိသည်က မိမိ၏လက်ယာဘက်ဘေးသို့ ဖြစ်သည်။ သေသပ်မှုပျက်နေသော ခေါင်းအုံးကလေးနှင့် ဆန့်ပြန့်မှုယိုယွင်းနေသော အိပ်ရာခြေရင်းထက်၌ ပုံလျက်သား ကျန်ရစ်ခဲ့သော စောင်ပုံကလေး။





"ဟင်"

မြတ်လေးငုံထက်ဦးစွာ သူ ထသွားပြီလား။ နံရံကပ်နာရီကို လှမ်းကြည့်လိုက်သည်။

နံနက် ခြောက်နာရီကို စွန်းစွန်း ရှိလေပြီ။

ခြေရင်းနားရှိ အဝတ်စင်တွင် သူ ညက ဝတ်သွားသော ညအိပ်အကျႌကြီးက တိုးလိုးတန်းလန်းနှင့် တင်ကျန်ရစ်လေသည်။

မြတ်လေးငုံ သက်ပြင်းချလိုက်သည်။

ခုတင်ပေါ်မှဆင်းကာ စောင်များကို ခါ၍အိပ်ရာခင်းများကို ဆန့်ပြန့်သွားအောင် သေချာစွာ ပြင်ခင်းလိုက်သည်။

ပြီးမှ ခေါင်းဖြီး၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ခြင်းအမှုကို ပြုလုပ်ပြီးမှ အိပ်ခန်းထဲမှ ထွက်ခဲ့သည်။

တိတ်ဆိတ်ခြင်းက ကြီးစိုးနေသည်။ ဧည့်ခန်းတွင်လည်း ခင်းရဲမွန်ကို မတွေ့ရချေ။ မီးဖိုဘက်၊ ထမင်းစားခန်း ဘယ်နေရာမှ မရှိ။ အိမ်ရှေ့တံခါးမကြီးကို ကြည့်လိုက်သည်။ ကလန့်ထိုးမထားဘဲ စေ့ထားသည်ကို တွေ့လိုက်ရသောအခါမှ အပြင်သွားသည်မှာ သေချာလေပြီဟု သိကာသက်ပြင်းတစ်ချက် ချလိုက်ပြီး အိမ် တံခါးများကို ဖွင့်လိုက်သည်။

သန့်ရှင်းလတ်ဆတ်သော လေပြည်ညင်းက စံပယ်ရနံ့၊ မြတ်လေးရနံ့များကို ဆောင်ကြဉ်းလာလေသည်။

စံပယ်ရုံ၌ စံပယ်ပန်းတို့ လှိုင်လှိုင် ပွင့်နေလေပြီ။

မြတ်လေးငုံ ခြံထဲသို့ ဆင်းခဲ့သည်။

မပြောင်းမလွဲ ရှိနေသော ပန်းရုံတို့နံဘေး ခုံကာပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးစွာဖြင့် ခူးဆွတ်လိုက်သည်။

ရေနံချေးဝနေပြီးဖြစ်သော ရှေးဟောင်းပြတိုက်နှယ်[…] နေသည့် အိမ်အိုကြီးကို လွမ်းမောသလို ကြည့်လိုက်မိသည်။

ဤအိမ်ကြီးကို လက်လွှတ်လိုက်ရပြီ ထင်ထားခဲ့ပြီး လွ[…] တသသဖြစ်ခဲ့ရသော လေးငါးခြောက်နှစ်တို့ကို လွန်မြောက်[…] ပိုင်ဆိုင်ခွင့်ရလေပြီ။

ပိုင်ဆိုင်ခွင့် ရပုံချင်းကတော့ မတူညီ။ ယခင်တုန်း[…] ဤအိမ်ကြီး၏ ဆည်းလည်းအနေဖြင့်. . .၊ ယခု အိမ်ကြီး[…] အိမ်ရှင်မအနေဖြင့် ဖြစ်သည်။

မြတ်လေးငုံသည် မနေ့ညနေမှ ဤအိမ်သို့ ပြန်လည်[…] ရောက်ရှိလာသည်။ ညဘက်ဖြစ်ခြင်းကြောင့် ဘာမှ မတွေ့မြ[…] ရဘဲ ခရီးပန်းသဖြင့် ရေချိုးပြီး တန်းအိပ်ရာဝင်ခဲ့ခြင်း ဖြစ်သည်[…]

မြက်ပေါင်းတို့မှာ သုတ်သင်ပြီးကာစသာ ဖြစ်ပေမည်[…] မြေသားတို့မှာ သစ်လွင်နေသည်။ မိမိလာမည်ဆို၍ တစ်စုံတစ်[…] ကိုခေါ်၍ ရှင်းခိုင်းထားဟန်တူသည်။

"ကလင်. . ကလင်. ."

စက်ဘီးဘဲလ်သံနှင့်အတူ ခြံတံခါးကို တွန်းဖွင့်ဝင်လာ[…] သော လူတစ်ယောက်ကြောင့် မြတ်လေးငုံ လှမ်းကြည့်လိုက်[…] သည်။

"ဟင်"

လူစိမ်းတစ်ယောက်ဟု ရုတ်တရက် ထင်လိုက်သော်[…] လည်း ပြုံးပြလိုက်သော အပြုံးနှင့် မျက်နှာကို လှမ်းမြင်လိုက်ရ[…] မိမိ၏ခင်ပွန်း ဖြစ်ကြောင်းကို အံ့ဩစွာ သိမြင်လိုက်ရသည်။





အနွေးထည် အပြာရင့်ရောင် ကွက်တုံးအကျႌကို လက် ခေါက်တင်ကာ ဝတ်ဆင်ထားပြီး လယ်သမားတွေ ဆောင်းလေ့ ဆောင်းထရှိသော ဝါးဦးထုပ်ကို ဆောင်းထားသည်။ ပုဆိုးတိုတို တုတ်တုတ်နှင့် စက်ဘီးကိုတွန်းဝင်လာသူကို သူစိမ်းတစ်ဦးသ ဖွယ် အံ့အားသင့်စွာဖြင့် ငေးကြည့်မိစဉ်. .

"မြတ်. . ဆာပြီလား၊ ကိုယ်ကွာ. . ကိုယ့်လူနာတစ်ဦး အခြေ အနေသွားကြည့်ရင်းနဲ့ မြတ်အတွက် လက်ဖက်ရည်နဲ့ အီကြာကွေးဝယ်ခဲ့တယ်၊ ကိုယ်ကတော့ လူနာအိမ်က တိုက်တာ နဲ့ အားနာပြီး သောက်ခဲ့ပြီးပြီ၊ အိပ်ရေးကော ဝရဲ့လား၊ ဘာဖြစ် လို့ အစောကြီးထတာလဲ"

ရေပက်မဝင်သော စကားများနှင့်အတူ စက်ဘီးကို ခေါက်ထောက်လိုက်ပြီး စက်ဘီးလက်ကိုင်တွင် ချိတ်ထားသော လက်ဖက်ရည်အိတ်နှင့် အီကြာကွေးအိတ်ကို ဖြုတ်ယူကာ မိမိ ထံသို့ လျှောက်လာသည်။

"လာလေ မြတ်၊ ပူတုန်းလေး သောက်လိုက်ရအောင်"

မြတ်လေးငုံကို လက်ဖက်ရည်သောက်တတ်သော အ လေ့ကို မေရုံတို့က မလုပ်ထားသဖြင့် စိတ်ပျက်သွားသည်။

မြတ်လေးငုံ ကော်ဖီကိုသာ သောက်တတ်သည်။ သို့ သော်ဝယ်လာသူ စိတ်ပျက်သွားစေမည့် စကားကို မြတ်လေးငုံ မပြောလိုသဖြင့် အလိုက်သင့်ပင် မင်းရဲမွန်နှင့်အတူ အိမ်ဘက်သို့ လျှောက်ခဲ့သည်။

အိမ်ရှေ့လှေကားထစ်များကို လှမ်းတက်ရန်ခြေလှမ်းရုံ သာရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . အတော်ပဲဆရာ၊ အရေးပေါ်လူနာ ရောက်လာလို့ အဲဒါနိုက်ဂျူတီဆရာကလဲ ပြန်သွားပြီ"

"ဟင်. . ဟုတ်လား၊ ဘယ်သူမှ မရှိကြဘူးလား"

"မရှိကြဘူး၊ မနေ့ညက ဆရာပြန်ရောက်တယ်ကြားလို့ ဆရာ့ဆီပဲ"

"ကောင်းပြီလေ၊ ရှေ့. . မြတ်"

မြတ်လေးငုံသည် ယောင်တီးယောင်တဖြင့် မင်းရဲမွန် လှမ်းပေးသော လက်ဖက်ရည်နှင့် အီကြာကွေးကလေးများကို လှမ်းယူလိုက်သည်။

"မြတ်. . ခဏလေးနော်၊ လိုက်သွားလိုက်ဦးမယ်"

အဖြစ်အပျက်တို့သည် မြန်ဆန်လွန်းလှသည်။ မြတ်လေးငုံခေါင်းညိတ်လိုက်ချိန်၌ပင် မင်းရဲမွန်သည် သူ၏စက်ဘီးပေါ်သို့တက်ကာ နင်းထွက်သွားလေပြီ။

မြတ်လေးငုံသည် လက်ထဲမှ အထုပ်နှစ်ထုပ်ကို လွှင့်ပစ်လိုက်မိလေသည်။

မိမိမကြိုက်သော အစားအစာအတွက် မိမိဘာလုပ်ရမည်နည်း။ ဤနည်းကလွဲ၍ အခြားနည်း မတွေ့ချေ။

အိမ်ထဲသို့ စိတ်ပျက်လက်ပျက် ဝင်လိုက်သည်။







# အခန်း (၂၈)

မင်းရဲမွန်၏ ခဏသည် နေ့ခင်းတစ်ချက်တီး သွားလေသည်။

ပြင်ပလူနာရှင်းချိန်၌ မင်းရဲမွန် အိမ်သို့ စက်ဘီးကို သုတ်ချေတင် နင်းကာ ပြန်ခဲ့လေသည်။ အိမ်ရှေ့၌ ပုရွက်ဆိတ်များတက်နေသော အီကြာကွေးနှင့် အခွံသာကျန်သော လက်ဖက်ရည်ထည့်ထားသော ပလတ်စတစ်အိတ်ပါးကို တွေ့လိုက်ရသောအခါ မင်းရဲမွန်ရင်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com



မိမိအပေါ်၌ သူမစိတ်ကောက်နေပြီလား။ သူ၏အလုပ်တာဝန်ဝတ္တရားကို သူမ နားလည်လိမ့်မည်ဟု ထင်ထားခြင်းသည် မှားများမှားသွားပြီလား။

စက်ဘီးကို အိမ်ရှေ့၌ ရပ်ထားပြီး အိမ်ထဲသို့ အသာဝင်လိုက်သည်။

မြတ်လေးငုံသည် နှစ်ယောက်ထိုင် ဆက်တီခုံရှည်ဝယ် ကွေးကွေးကလေး အိပ်ပျော်နေသည်။

မင်းရဲမွန် သနားသွားသည်။ သူ ဖျင်းနေရှာပြီထင်ပါသည်။ မနေ့က ဧည့်ခံပွဲအပြီး၌ မေဆုံနှင့်မေရုံကိုပါ ချောင်းဆုံသို့ တစ်ပါတည်း လိုက်ခဲ့ရန် ခေါ်သော်လည်း. . .

"တို့များ သမီးငုံရဲ့ နောင်ရေးလဲ စိတ်အေးရပြီဆိုတော့ တို့များညီအစ်မ တစ်လလောက် မြန်မာပြည်အနှံ့ ဘုရားဖူးလိုက်ဦးမယ်၊ တို့များ ပြန်ရောက်မှပဲ ချောင်းဆုံမြို့လုံးကျွတ် မင်္ဂလာဆွမ်းကျွေးဖို့ စီစဉ်ပေတော့၊ ခုတော့ မင်းတို့ပဲ လွတ်လွတ်လပ်လပ် သွားနေကြဦးကွယ်" ဟု ညီအစ်မ နှစ်ယောက်စလုံး ငြင်းပယ်နေသဖြင့် နှစ်ယောက်သား ထွက်ခဲ့ခြင်းဖြစ်သည်။

မြတ်လေးငုံ နိုးမှာစိုးသဖြင့် အသံမကြားစေရန် ခြေဆင်းခဲ့ အိမ်ဘေးရေတွင်း၌ ရေကိုအားပါးတရ ခပ်ချိုးလိုက်သည်။

ရေစုပ်စက်ဖြင့် အိမ်တွင်းရေချိုးခန်း၌ ရေတင်ပေးထားသော်လည်း သူ မချိုးချင်၊ ရေတွင်းရေကို ကိုယ်တိုင်ငင်ကာ တဗွမ်းဗွမ်း လောင်းချိုးရသော အရသာကို သူနှစ်သက်သည်။ ညောင်းချိနေသမျှတို့ ပြေပျောက်သွားသည်။





မြတ်လေးငုံက ရေသံကြားသဖြင့် ထ,ကြည့်လိုက်သည်။

အံ့ဩဖွယ်ရာပင် သူမယောကျ်ားသည် ရေခပ်ကာ တဗွမ်းဗွမ်းရေချိုးပြီး ရေစိုပုဆိုးကို ညှစ်ကာ ဝါးတန်းပေါ်သို့ ပစ်တင်လှမ်းလိုက်လေသည်။

ပြီးတော့ အိမ်ဘက်သို့ လှမ်းလိုက်ရာ မြတ်လေးငုံကို မြင်လိုက်သဖြင့် ဟဲခနဲ ရယ်ပြပြီး. .

"ကိုယ့် ရေချိုးသံကြောင့် မြတ် နိုးသွားတာလား၊ ဆောရီးပဲမြတ်ရယ်"

ဟု တောင်းပန်လိုက်သည်။

မြတ်လေးငုံက အေးတိအေးစက်ဟန်ဖြင့်

"ရပါတယ်" ဟု ဆိုပြီး ပြန်လှည့်၍ အတွင်းခန်းသို့ ဝင်သွားလေသည်။

မင်းရဲမွန်က ပခုံးတစ်ချက် တွန့်လိုက်ပြီး မြတ်လေးငုံနောက်ပါးမှ ကုပ်ချောင်းချောင်း လိုက်ပါသွားရာ. . .

"ထမင်းစားပြီးပြီလား"

"မစားရသေးဘူး"

"ဒါဖြင့် ခူးလိုက်မယ်"

"ဘယ်သူလာချက်ပေးတာလဲ၊ ဒေါ်မိငွေးလာမချက်ပေးဘူးလား"

"လာပါတယ်"

"ခု မမြင်ပါလား"

"ကျွန်မက ဈေးပဲ ဝယ်ခိုင်းပြီး ပြန်လွှတ်လိုက်တယ်"

မြတ်လေးငုံက ထမင်းခူးနေရာမှ ဖြေလိုက်သည်။ မင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



မွန်က စွပ်ကျယ်ကောက်စွပ်ပြီး ထမင်းစားပွဲ၌ ထိုင်လိုက်သည်။

"ဟင်. . ခေါင်းက ရေစိုကြီးနဲ့ မသုတ်တော့ဘူးလား"

"နေပါစေ၊ သူ့ဟာသူ ခြောက်သွားလိမ့်မယ်၊ ကိုယ် ထမင်းဆာနေပြီ"

သူမ ချထားပေးသော ဇွန်းခက်ရင်းကို မကိုင်ဘဲ ထမင်းပန်းကန်ထဲသို့ ထမင်းအုပ်ထဲမှ ထမင်းတစ်ဇွန်းကို ထပ်ဖြည့်ကာ. .

"ကိုယ်လေ၊ ဒီရောက်ပြီးမှ ကြောင်စာ မစားတော့ဘူး ဝက်စာ စားနေပြီ"

မြတ်လေးငုံက ကြက်သားဟင်း ခပ်ထည့်ပေးလိုက်သည်။

"ရတယ် မြတ်၊ ကိုယ်က တို့စရာနဲ့ ငပိရည်ကို ကောင်းကောင်း စားတတ်နေပြီ"

မြတ်လေးငုံက ငါးပိ တို့စရာနှင့် အားပါးတရ စားနေသော မင်းရဲမွန်ကို ကြည့်ကာ အံ့သြနေသည်။

သူမ ဆေးရုံပေါ်မှ ပြန်လည်ဆုံတွေ့စဉ်က ဖြူဖြူနွဲ့နွဲ့ ဂျူတီကုတ် အင်္ကျီဖြူဖြူစင်စင်ပေါ်၌ နားကြပ်ကလေး ရင်မှာချိတ်လျက် အပြုံးမြမြနှင့် မင်းရဲမွန်သည် ယခု မင်းရဲမွန်နှင့် ကွာခြားလွန်းလှသည်။

"မြတ်ကော စားပြီးပြီးလား"

"ဆာလို့ စားနှင့်ပြီ"

"ဟုတ်တယ်၊ ဆာရင် စားသာ စားနှင့်၊ ကိုယ့်ကို မစောင့်နဲ့နော် မြတ်၊ ကိုယ်က အလုပ်များတယ်၊ ခု ကိုယ်နဲ့ တွဲဖက်ကျတဲ့





ဆရာက အမျိုးသမီးဆရာဝန်လေ၊ ဒီကြားထဲ ပရက်ရှာက ရှိနေပြန်တော့ ခွင့်ယူပြီး ရန်ကုန် ပြန်လေရဲ့၊ ဒီတော့ ကိုယ့်တာဝန်ပဲ ဖြစ်လာတယ်"

မြတ်လေးငုံ သက်ပြင်းချလိုက်သည်။

မိမိအတွက် အလုပ်ရှိနေလျှင်တော့ မထောင်းသာ၊ ခု အလုပ်က စာသင်နှစ် ကုန်ဆုံးခါနီး ဖြစ်နေ၍ မကိုင်ဘဲ နောက်နှစ် စာသင်နှစ် အစပိုင်း၌ ခန့်မည်ဆိုသဖြင့် မြတ်လေးငုံအတွက် ဤနေ့ရက်များကို မည်ကဲ့သို့ ကျော်ဖြတ်ရမည်ကို မသိနိုင်အောင် ဖြစ်နေသည်။

"မြတ်. . ပျင်းလို့လား၊ ပျင်းရင် မြတ်သူငယ်ချင်းတွေ ရှိသားပဲ၊ လျှောက်လည်ပေါ့"

"မလည်ချင်ပါဘူး"

မင်းရဲမွန်က ထမင်းကို ထပ်ဖြည့်လိုက်သည်။

"ဒါဖြင့် ကိုယ်နဲ့ ဆေးရုံကို လိုက်ခဲ့မလား"

"မလိုက်ချင်ပါဘူး၊ ဆေးရုံနံ့ နံတယ်"

မြတ်လေးငုံ၏အဖြေကြောင့် မင်းရဲမွန် သဘောကျစွာ ပြုံးလိုက်မိသည်။

မြတ်လေးငုံကို ကလေးဆန်လိမ့်မည်ဟု သူ မထင်ထားခဲ့။

ယခုတော့ မြတ်လေးငုံသည် ကလေးဆိုးကြီးလို သူ့အား ဂျစ်တိုက်ချင်နေပြီ။

"ဒီလိုဆိုရင် စာဖတ်လေ၊ ဟို. . သုံးလေးအိမ်ကျော်မှာ မြတ် သူငယ်ချင်းပဲထင်တယ်၊ ကိုယ့်ထက် တစ်တန်းငယ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကျော်လေ၊ သူ စာအုပ်အငှားဆိုင် ဖွင့်ထားတယ်၊ အဲ. . သူ့မိန်းမကို ကိုယ်မွေးပေးလိုက်ကတည်းက ကိုယ့်အတွက်ဆိုရင် စာအုပ်ငှားခ ရာသက်ပန် ကင်းလွတ်ခွင့် ပေးထားတယ်၊ ကိုယ်က မအားတော့ စာမဖတ်ဖြစ်လို့ မတန်ဘူး ဖြစ်နေတယ်၊ မြတ်သွားသာ ယူဖတ်"

ထမင်းစားရင် စကားလှမ်းပြောနေသော မင်းရဲမွန်၏ အကျင့်စရိုက်ကို မြတ်လေးငုံ မနှစ်သက်နိုင်။

တစ်ဦးတည်းသောသား၊ ဌာနဆိုင်ရာ အကြီးအကဲ ပညာတတ် မိဘနှစ်ပါးမှ ပေါက်ဖွားလာသော ပညာတတ် ဆရာဝန်တစ်ဦး၏ ပုံပန်းသဏ္ဌာန်သည် မင်းရဲမွန်ထံမှ ပျောက်ဆုံးလျက် ရှိနေသည်။

"ဗျို့. . ဆရာရေ. . ဆရာ"

"ဗျို့. . လာပြီ"

ထမင်းလုတ်တန်းလန်းကို ချပြီး ကပျာကယာ ထွက်သွားသော မင်းရဲမွန်ကိုကြည့်ကာ မြတ်လေးငုံ စုတ်တစ်ချက် သပ်လိုက်မိလေသည်။

"ကျွတ်"

လက်မဆေးဘဲ ထွက်သွားသဖြင့် ထမင်းစေ့အချို့က ကြမ်းပြင်ဘက်သို့ ကျရောက်သွားသည်။

"မွေးလူနာရောက်လာလို့ ဆရာ၊ လူနာကမြော့တောင် မြော့နေပြီ"

မြတ်လေးငုံ လိုက်ထွက်၍မှ မဆုံးခင် အိမ်ရှေ့အုတ်ကန်ထဲမှရေဖြင့် လက်ဆေးကာ. . ကားထုတ်ပြီး ထွက်သွားသော





မင်းရဲမွန်၏ နောက်ကျောကိုလှမ်းမြင်လိုက်ရသည်။ စောစောက တန်းပေါ်တွင် တင်ထားခဲ့သော အင်္ကျီကွက်ကတော့ သူ၏ကိုယ်ပေါ်၌ ပါသွားလေသည်။

ဤကဲ့သို့ ဗရုတ်သုတ်ခနိုင်သော လူတစ်ဦးသည် မိမိ၏ လင်ယောက်ျားအဖြစ် ရောက်ရှိလာခြင်းသည် အိပ်မက်ပမာပေလားဟုပင် မိမိမျက်လုံး မိမိမယုံကြည်နိုင်အောင် ဖြစ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

"မြတ် . . . ပျင်းနေပြီလား ဟင်"

မြတ်လေးငုံအား မင်းရဲမွန်က မျက်နှာချိုသွေးကာ မေး လိုက်လေသည်။

မြတ်လေးငုံက ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်ပြီး မင်းရဲမွန်ကို လှမ်းကြည့်လိုက်သည်။

မင်းရဲမွန်က ထပ်မံကာ . . .

"လေးနာရီကတည်းက ပြန်လာတာပဲ၊ ဒီကြားထဲမှာ





လမ်းကြုံတုန်း ကုလက်စလူနာတွေရဲ့ သတင်းဝင်မေးရင်း လို အပ်တာ ကုပေးရင်းနဲ့ ဒီအချိန်အထိ ဖြစ်သွားတယ်၊ မြတ် ထမင်း စားပြီးပြီလား"

"စားပြီးပြီ . . ကိုရဲကော"

"မစားရသေးဘူး၊ ကျွေးတော့ ကျွေးကြပါတယ်၊ မြတ် ချက်ထားတာတွေ အလဟဿ ဖြစ်သွားမှာစိုးလို့ ကိုယ် မစားခဲ့ တာ"

မြတ်လေးငုံက အငေါ်တူးလေးဖြင့် . . .

"ကျေးဇူးတင်ပါတယ်"

မင်းရဲမွန်က ပြုံးဖြဲဖြဲနှင့် . . .

"လင်မယားချင်း ပြောရမယ့်စကား မဟုတ်ဘူးလေကွာ"

မြတ်လေးငုံ ဘာမှမပြောဘဲ မီးဖိုဘက်သို့ ဝင်ခဲ့လေ သည်။

မင်းရဲမွန်က ရေလဲပုဆိုးယူကာ ရေတွင်းဘက်သို့ ဆင်း သွားလေသည်။

ရေတွင်းရေကို ခပ်ပြီး သူ့အဝတ်များကို တဗုန်းဗုန်း တဒိုင်းဒိုင်း ရိုက်လျှော်နေရာ မြတ်လေးငုံက ထမင်းခူးရာမှ စိတ် မဖြောင့်တော့ဘဲ ဘေးပြတင်းကို ဖွင့်လိုက်ပြီး ရေတွင်းဆီသို့ လှမ်းအော်ပြောလိုက်သည်။

"ကိုရဲ ထားလိုက်လေ၊ မနက်ရောက်မှ ကျွန်မလျှော် မှာပေါ့"

ပြောပြောဆိုဆို စွပ်ကျယ်နှင့် သူ၏ကွက်တုံးအကျီကို



www.burmeseclassic.com

www.burmeseclassic.com



ရေညှစ်ကာ တန်းပေါ်သို့ လှမ်းတင်လိုက်သည်။ လရောင်နှင့် အိမ်ဘေးမီးရောင်တို့ကြောင့် မင်းရဲမွန်၏ လှုပ်ရှားမှုကို မြတ်လေးငုံ မြင်တွေ့နေရသည်။

သူရေမချိုးသေးဘဲ ကားနှင့် စက်ဘီးကို ရေအရင် ချိုးပေးလိုက်သေးသည်။

ပြီးမှ သူ ရေချိုးသည်။ လမ်းသွားလမ်းလာတို့က. . .

"ဆရာ-ရေချိုးပြီလား၊ အားရင် လက်ဖက်ရည်သောက်လေးကြွခဲ့ပါဦး၊ ဆရာကတော်ကောပေါ့"

"ထမင်းတောင် မစားရသေးဘူး ဦးအနိုင်ရေ၊ နောက်မှ . . နောက်မှ"

"ကြီးတော်စိန်ပုကြီးက ဆရာကို တစ်မေးတည်း မေးနေတာ"

"ဟုတ်တယ်၊ ကျွန်တော် ညနေကပဲ ဝင်ခဲ့ပြီးပြီ"

မြတ်လေးငုံ သူမ၏ဖခင်ကို သတိရသွားသည်။

ဖေဖေရှိတုန်းကလည်း ယခုကဲ့သို့ပင် အိမ်မကပ်၊ ကပ်ပြန်လျှင်လည်း မိတ်ဆွေ အပေါင်းအသင်းများက ပါလာတတ်သည်။ လက်ဖက်ရည် အကြမ်းအိုး တစ်ကရားပြီး တစ်ကရား မေရုံတို့က လဲလှယ်ထည့်ပေးရသည်။ လက်ဖက်အစ်ကလေးကလည်း ပွဲလယ်တွင် မျက်နှာပန်းပွင့်လျက် ရှိခဲ့သည်။

ကလေးဘဝကတော့ ဖေဖေတို့စကားဝိုင်းတွင် လက်ဖက်နှိုက်စားရင်း ဖခင်ပေါင်ကို ခေါင်းအုံးကာ အိပ်ပျော်သွားခဲ့တတ်သည်ပင်။ အရွယ်ရောက်လာတော့လည်း အပေါ်ထပ်တွင် မိမိဘာသာ စာကြည့်၊ စာဖတ်နှင့် စကားဝိုင်းနား မသီတတ်





တော့။

ယခု သံသရာတစ်ပတ်လည်သကဲ့သို့ ဤအိမ်ကြီး၏ အိမ်ရှင်မတစ်ဦးဘဝကို မိမိရောက်ရှိလာလေပြီ။ အိမ်ဦးနတ်အတွက် ရေပူရေချမ်း ကမ်းလှမ်းပေးရပေဦးတော့မည်။

မြတ်လေးငုံ သက်ပြင်းချလိုက်မိသည်။

မင်းရဲမွန်က ကိုယ်ခန္ဓာအပေါ်ပိုင်း ဗလာကျင်းလျက် ရေစက်လက်နှင့် အိမ်ပေါ်သို့ တက်လာသည်။

မြတ်လေးငုံက အဆင့်သင့်ယူထားပြီးဖြစ်သော မျက်နှာသုတ်ပဝါကို ကမ်းပေးလိုက်သည်။

မင်းရဲမွန်က ထိုအပြုအမူအတွက် ရုတ်တရက် အံ့အားသင့်သွားသည်။ ရင်ထဲ၌ နွေးခနဲ ဖြစ်သွားသည်။

နှစ်ကိုယ့်တစ်စိတ်ဖြင့် ဘဝတစ်ခုကို အတူကွတည်ဆောက်ရတော့မည့် ဘဝခရီးဖော်အချင်းချင်း ရင်းနှီးမှုက ဤမျှတော့ ရှိရမည်ပေါ့။

မြတ်လေးငုံကို လှမ်းကြည့်လိုက်သည်။ ကျေးဇူးတင်သော ချစ်မြတ်နိုးသော အကြည့်။

သို့သော် မြတ်လေးငုံက ထိုအကြည့်ကို ရှက်စနိုး လွှဲဖယ်ကာ. . .

"အကျီသွားဝတ်လိုက်ဦးနော်၊ ထမင်းပွဲ ပြင်ထားလိုက်မယ်"

ဟုပြောပြီး ထမင်းစားခန်းဘက်သို့ ချာခနဲလှည့်ထွက်သွားလေသည်။

မင်းရဲမွန်က ပြုံးကာ အပေါ်ထပ်သို့ ပြေးတက်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အကျီကို ခုတင်ပေါ်၌ ထုတ်ထားသည်ကို တွေ့ရသည်။ မြတ်လေးငုံကို လက်ထပ်ခြင်းအတွက် သူ့လောက် ကံကောင်းသူ ဤကမ္ဘာလောကၾ ရှိနိုင်ပါ့မလားဟု သူ့သူငယ်ချင်းများ အနီး ကပ်သာရှိလျှင် ခေါ်ကြွားလိုက်ချင်သည်။

အဝတ်လဲပြီး အောက်သို့ ဆင်းလာစဉ် မြတ်လေးငုံသည် စောစောက သူ့ကြောင့် ရေစိုသွားသော ကြမ်းပေါ်မှ ရေကွက်များကို အဝတ်စုတ် တစ်ခုဖြင့် လိုက်လံသုတ်နေသည်ကို တွေ့မြင်ရလေသည်။

"ဟာ. . ဆောရီး မြတ်ရယ်၊ ကိုယ် မေ့သွားလို့၊ နောက် မဖြစ်စေရဘူးနော်၊ မြတ်အတွက် လက်တိုလက်တောင်းခိုင်းရအောင် ဆယ်နှစ်ကျော်ကျော် ကောင်မလေးတစ်ယောက်ကို ရွာဘက်က ရှာခိုင်းထားတယ်"

"ရပါတယ်၊ ကျွန်မမှာ အခြားအလုပ်ရှိတာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် မြတ် သက်သာတာပေါ့၊ ကိုယ် ထမင်းစားတော့မယ်နော်"

မင်းရဲမွန်က မိမိ ထမင်းစားနေစဉ် အနားမှာ နေစေချင်သည်။ ထို့ထက်ပို၍တောင့်တမိသည်က ထမင်းလက်ဆုံ စားချင်သည်။ သို့သော် ထိုတောင့်တချက်က မဖြစ်နိုင်ပါ။

သူလို ဆရာဝန် တစ်ယောက်အတွက် ထမင်းစားချိန်မမှန်ခြင်းကို မြတ်လေးငုံသည်အဆာခံကာ စောင့်ဆိုင်းခိုင်းခြင်းသည် သူမအပေါ် မညှာတာရာ ရောက်သည်။

ထမင်းစားပွဲ၌ တစ်ယောက်တည်းထိုင်ပြီး မြတ်လေးငုံ





း ခိုးကြည့်စဉ် မြတ်လေးငုံသည် အိမ်ခြံဝင်းတံခါးကို သွားပိတ်နေ ကျက်ရှိသည်၊ ပြီးတော့ အိမ်တံခါးများ၊ ပြတင်းပေါက်များကို ပိတ်သည်။

သူက အိမ်တံခါးမကြီးကို မပိတ်ပါနဲ့၊ အရေးပေါ် လူနာလာလျှင် အဆင်သင့်ဖြစ်အောင်ဟု ဟန့်တားချင်သည်။

သို့သော် မတားရက်။ သူမကတော့ ခြင်ဝင်မှာစိုး၍ ပိတ်ခြင်းဖြစ်ပေမည်။

သူ ထမင်းကို အားပါးတရ စားလိုက်သည်။ မြတ်လေးငုံ လက်ရာကို သူ မဝေဖန်နိုင်။ ငပိနှင့် တို့စရာကောင်းကောင်း နေလျှင် သူထမင်းမြိန်သည်။

အတန်ကြာမှ မြတ်လေးငုံ ရောက်လာသည်။

"ကိုရဲ. . ဒီလိုပဲ အလုပ်များတတ်သလား"

"အမြဲတစေတော့လဲ ဟုတ်မယ် မထင်ပါဘူး၊ ဒါပေမယ့် ဟိုယ်ဒီကို ပို့စတင်ကျကတည်းက ဒီလိုပဲ အလုပ်များနေတော့ တာပဲ"

မြတ်လေးငုံသည် ဘာမှဆက်မမေးတော့ဘဲ လိမ္မော်သီး ခွာကာ အမြွှာလေးများမှ အကြောမျှင်များကို သင်ပေးလိုက်သည်။

မင်းရဲမွန်က စားပြီးသည်နှင့် ဟင်းပန်းကန်များမှ ဇွန်းနှုတ်ယူပြီး ထမင်းပန်းကန်ကိုပါ ရေစင်သို့ ယူသွားသည်။ မြတ်လေးငုံက သူဘာလုပ်မည်နည်း ဟူသောသဘောနှင့် ကြည့်လိုက်သည်။

မင်းရဲမွန်က ပန်းကန်ကို ဆေးသောအခါမှ မနေသာ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ. . .

"ထားလိုက်ပါ ကိုရဲ၊ လက်ပဲဆေးပါ၊ ကျွန်မမှာ ဘာအ လုပ်မှရှိတာ မဟုတ်ဘူး၊ လိမ္မော်သီး လာစားပါ"

"ရပါတယ်၊ လက်ဆေးရင်း ဆေးတာပဲ၊ ပြီးပြီ. . ပြီးပြီ"

မိန်းမသားအပေါ် ညှာတာမှုရှိသော ယောက်ျားထ ယောက်ဟု မြတ်လေးငုံ အမြတ်တမ်းကျေနပ်သွားရတော့မည် လား။

မြတ်လေးငုံက ကျန်သော ဟင်းပန်းကန်များကို သိမ်း လိုက်ပြီး စားပွဲများကို သုတ်လိုက်သည်။

"မြတ်သူငယ်ချင်း မိအေးဇန်နဲ့တောင် တွေ့ခဲ့သေး မြတ်ရောက်နေတဲ့အကြောင်း ပြောလိုက်သေးတယ်"

"ဟုတ်လား၊ ကိုရဲ. . ကျွန်မ သူငယ်ချင်းတွေကိုပါ သိ တယ်"

"သိတာပေါ့၊ ကိုယ်က မင်းရဲ့ အရိပ်တစ်ရိပ် ဖြစ်ခဲ့တာ ပဲ"

မြတ်လေးငုံက ရှက်စနိုးဖြင့် လိမ္မော်တစ်မြွှာကို ယူစား ကာ မျက်နှာလွှဲလိုက်သည်။

အဲဒါ. . အချစ်ပဲလား၊ သူသည် မိမိအား ချစ်ကြောင်း ပြောတာလား။

မင်းရဲမွန်က မြတ်လေးငုံအနီးသို့ ကုလားထိုင်တစ်လုံး ဆွဲယူကာ ကပ်ထိုင်လိုက်သည်။

"မြတ်. ."

"ပြောလေ"





"ညက မေးထားတဲ့မေးခွန်း မင်း မဖြေသေးဘူးလား"

မြတ်လေးငုံ တစ်ကိုယ်လုံး ထူပူသွားသည်။

ညက. .

ဟုတ်သားပဲ။ မိမိတို့နှစ်ဦး၏ မင်္ဂလာဦးညကို မြတ်လေး ငုံသည် တုန်လှုပ်ဖွယ်ကောင်းသော အိပ်မက်တစ်ခုလို ဖြတ် ကျော်ခဲ့သည်ထင့်။

သူမေးခွန်းတစ်ခုကို ထပ်ခါတလဲလဲ မေးသည်. . ။

ထိုမေးခွန်းသည်။

"မြတ်. . ကိုယ့်ကို ချစ်လို့ လက်ထပ်ခဲ့တာလား ဟင်၊ ပြောပါ မြတ်ရယ်" ဟု. . . ။

ထိုမေးခွန်းကို မိမိသည် 'မသိဘူး. . မသိဘူး'ဟု ရှက်ရွံ့ ကြီးစွာ ကြောက်လန့်ဖွယ်ကောင်းသော သူ၏ရင်ခွင်ဝယ် ပုန်းခို ရင်း ဖြေခဲ့သည် ထင်ပါသည်။

မြတ်လေးငုံ၏ စတော်ဗယ်ရီရောင်ပြေးနေသော မျက် နှာလေးကို မင်းရဲမွန်က မချင့်မရဲ ကြည့်ရင်း. . .

"ပြောပါ. . မြတ်ရယ်၊ မြတ်ရင်ထဲမှာ ရှိတာကိုသာ ပွင့် ပွင့်လင်းလင်း ဖြေပါ၊ ကိုယ် အပြစ်ယူမှာ မဟုတ်ဘူး"

"ကျွန်မ မဖြေတတ်ဘူး၊ ကျေးဇူးပြုပြီး အဲ့ဒီမေးခွန်းကို မမေးပါနဲ့ ကိုရဲရယ်၊ ကျွန်မ မဖြေတတ်လို့ပါ"

မင်းရဲမွန်ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။

ဘဝတစ်ခုလုံး၏ အရေးပါသော အစိတ်ပိုင်းဖြစ်သည့် အိမ်ထောင်ရေးအတွက် အချစ်သည် အလိုအပ်ဆုံးသော အရာ တစ်ခုကို သူသည် အပြည့်အဝ ပိုင်ဆိုင်ရလိမ့်မည်ဟု သူ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ယခုတော့. . .

"မြတ်. . မင်းမှာ ချစ်ဦးသူ မရှိပါဘူးဆိုတာ ကိုယ် သိထားပါတယ်"

"ချစ်ဦးသူဆိုတာ ဘာလဲ၊ ရည်းစားကို ပြောတာလား"

ဤစကားကိုတော့ မဝံ့ရဲ ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"မြတ်ရယ်"

မင်းရဲမွန်က မြတ်လေးငုံ၏ ပခုံးထက်သို့ လက်တင်ကာ မိမိဘက်သို့ ညွတ်ကိုင်းလာစေရန် အသာဆွဲခေါ်လိုက်သည်။

မြတ်လေးငုံ ရှက်လန့်တကြားဖြင့်. . .

"အို"

ထိုစဉ်. .

"ဆရာ. . ဆရာ၊ ဆရာ အိပ်ပြီးလား၊ ဆရာ ဦးကြီးဝကြီး အမောဖောက်နေလို့ပါ"

မင်းရဲမွန်သည် မြတ်လေးငုံပခုံးပေါ်မှ လက်ကို ဆတ်ခနဲ ရုပ်သိမ်းပြီး ကိုယ်ခန္ဓာကလည်း မတ်တတ်ရပ်ပြီးသား ဖြစ်သွားသည်။

မြန်ဆန်လွန်းလှသည်။

"လာပြီ. . လာပြီ. . ဗျို့"

အသံနှင့်အတူ လူပါ ရွေ့လျားသွားသည်။

"မြတ်. . . သံပန်းတံခါးကို သော့ခတ်ထားလိုက်နော်၊ ကိုယ့်မှာ သော့ပိုပါတယ်၊ မြတ် အိပ်ချင်အိပ်နှင့်တော့"





ဟု နောက်ကို လှည့်မကြည့်ဘဲ ဆေးအိတ်ဆွဲကာ တံခါးဖွင့်၍ လိုက်ပါသွားလေသည်။

ဟင်းလင်းဖွင့် ကျန်ရစ်ခဲ့သော တံခါးနှယ် မြတ်လေးငုံ၏ ရင်ထဲမှာလည်း ခံစားမှုတို့သည် ဟင်းလင်းပြင်နှယ် ဖြစ်ကျန်ရစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

ပုံမှန်အတိုင်း နိုးနေအချိန်တွင် မြတ်လေးငုံ နိုးလာခဲ့သည်။

အိပ်ရာထ တေးသီတက်သော ငှက်ကလေးများသည် ယနေ့အတွက် ကြည်နူးဖွယ်ရာ မင်္ဂလာတေးကို သီဆိုနေသည်။

မိမိဘေးနားဝယ် နှစ်ခြိုက်စွာ အိပ်မောကျနေသော. . မင်းရဲမွန်ကို တွေ့မြင်လိုက်ရသည်။

မြတ်လေးငုံ အညင်သာဆုံး လှုပ်ရှားလိုက်သည်။





ညက စာဖတ်ကာ စောင့်ရင်း မြတ်လေးငုံ အိပ်ပျော်သွားခဲ့သည်။ မင်းရဲမွန် မည်သည့်အချိန် ပြန်လာသည်ကို မသိလိုက်။

မြတ်လေးငုံ မီးဖိုထဲသို့ ရောက်ခဲ့ပြီ။ ဘာက စလုပ်ရမည်သိ။ သူကြိုက်တတ်သော အရာတွေကို မြတ်လေးငုံ မသိသေးပါချေ။

မိမိခင်ပွန်း ကြိုက်တတ်သော အရာများကို မိမိ လုပ်ပေးသင့်သည်။ ဒါကို မြတ်လေးငုံ နားလည်သည်။

ထမင်းစားက အချိန်မမှန်တတ်၊ ထမင်းကြော်ပေးရန် ဦးစားလိုက်ပြီး ထမင်းကြော်လိုက်သည်။ ပဲပြုတ်သည်က. . .

"ဆံရာလေးရေ၊ ပဲပြုတ်လာပြီ"

ဟု အသံပြုသဖြင့် မြတ်လေးငုံး ကပျာကယာပင် ပန်းကန် ဆွဲယူကာ. . .

"လာပြီ. . ခဏလေး"

ပဲပြုတ်သည်သည် မျက်နှာသစ်မဟုတ်၊ ဒေါ်အေးရှင် ဖြစ်နေသည်။ မိမိတို့ နေသွားကတည်းက တစ်သက်လုံး ပဲပြုတ် ရောင်းစားနေသူ ဖြစ်သည်။

"ဟဲ့. . . သမီးငုံလေး မဟုတ်လား"

"ဟုတ်ကဲ့၊ ဒေါ်အေးရှင်က မှတ်မိသားပဲ"

"မှတ်မိတာပေါ့၊ ပိုလှသွားတာကလွဲရင် ဘာမှ မပြောင်းဘူးတဲ့၊ ဒါထက် ညည်းက ဘယ်က ဘယ်လို"

မြတ်လေးငုံက ရယ်ချင်သွားသည်။

ကျီစယ်လိုသဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



လာလည်တာလေ၊ ဆရာလေးနဲ့ ကျွန်မက မောင်နှ
ဝမ်းခွဲတော်တာ"

"သြော်. . သြော်"

ပဲပြုတ်ကို ခပ်ထည့်ပေးပြီး တောင်းကို ရွက်လိုက်သ
ဖြင့်. . .

"ဟင်. . . ဘယ်လောက်လဲ"

"အိုအေ. . ကြံကြီးစည်ရာ၊ ကျုပ်ရဲ့အသက်သခင် ဖေ
ဖူးရှင် ဆရာလေး စားရဖို့အတွက် ဒီလောက်ကလေးပဲ ကျွေ
ပြုရတာတောင် ကျုပ်အားမရနိုင်ပါဘူး၊ အားမှ ဆရာလေးတော
တွေ၊ ခြင်ထောင်တွေ လာလျှော်ပေးဦးမယ်၊ သွားပြီ. . သမီး
ဒါထက် ညည်း မေရုံတို့ မေဆုံတို့ကော ပါလား"

"မပါဘူး"

"နေကောင်းကြတယ် မှတ်လား"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုဖြင့်. . .

"တောဒီက ပဲပြုတ် ပူပူလေး. ."

ဒေါ်အေးရှင်အသံ ရုတ်တရက် မပျောက်သော်လည်
ခြံဝန်းထဲမှ ပျောက်ကွယ်သွားလေသည်။

မြတ်လေးငုံ ခေါင်းထဲသို့ အတွေးတစ်ခု ထည့်သွားလေ
သည်။

လက်ထဲ၌ နှစ်ရာတန်အခေါက်ကလေးကို ကျစ်ကျစ်
ပါအောင် ဆုပ်ထားပြီး စတီးပန်းကန်ထဲ၌ အငွေ့တစ်ထောင်
ထောင်းထနေသော ပဲပြုတ်များကို ကြည့်လိုက်ပြီး သက်ပြင်းထ





ချက်ချကာ အိမ်ဘက်ဆီသို့ဦးတည်လိုက်သည်။

"ကလင်. . . ကလင်"

ကျောခိုင်းထားသော မြတ်လေးငုံသည် ဆတ်ခနဲ တွန့်
သွားသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရှာသူကို လာနှိုးတော့
မှာလား။

"သြော်. . ဆရာကတော်၊ ဆရာ မနိုးသေးဘူးထင်
တယ်၊ ဆရာနဲ့ဆရာကတော်စားဖို့အတွက် အုန်းထမင်းနဲ့ ကြက်
သားလာပို့တာပါ၊ ဒီနေ့မနက်စာမချက်ခင် အမီသွားပို့ပေးထား
ပါဆိုလို့ သူများပဲ ဝင်လှယ်လိုက်မယ်နော်"

ဘယ်သူမှန်းတော့မသိ၊ မြီးကောင်ပေါက်မလေး ဖြစ်
သည်။ စက်ဘီးကို ဒေါက်ထောက်၊ ကြွေရည်သုတ် ငါးဆင့်ချိုင့်
ကို ဆွဲကာ အိမ်ထဲသို့ ဖျိုးဖျိုးဖျတ်ဖျတ်ပင် ဝင်သွားလေသည်။

မြတ်လေးငုံက နောက်မှလိုက်ဝင်ရင်း. . .

"ကျေးဇူးပါပဲ ညီမရယ်၊ အိမ်မှာ အလှူရှိလို့လား"

"ဒီနေ့ ဥပုသ်နေ့လေ၊ အမေတို့ ဆွမ်းချိုင့်အတွက်ချက်
တိုင်း ဆရာလေးအတွက်ပါ ပို့ပေးနေကြပါ ဆရာကတော်"

"သြော်. . . ညီမ နာမည်က"

"သူများကို အားလုံးကတော့ မိရှည်လို့ပဲခေါ်ကြတယ်၊
နာမည်က သင်းမြတ်ကြည်"

"နာမည်လေးက လှသားပဲ၊ လူနဲ့လိုက်သားပဲ"

"အဲဒီလိုမပြောလဲ အပတ်တိုင်း ပို့ပေးနေမှာပါ၊ အမေက
အတော်ချောတာပဲ၊ ဒါကြောင့် ဆရာလေး အရှူးအမူးဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်၊ မမ ဆရာလေးနောက် လိုက်လာတာပဲ ကောင်းတယ်၊ ဆရာလေးက ချောလည်းချော၊ သဘောလဲကောင်းတော့. . သမက်ဖမ်းချင် နေတဲ့သူတွေကတစ်ပုံကြီးပဲ၊ အဟီး. . ဒီကြားထဲ ဒေါ်အေးဇန်က အဆိုးဆုံး"

မြတ်လေးငုံရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။

မြတ်လေးငုံနှင့် ငယ်ငယ်ကတည်းက တွဲခဲ့သော သူငယ်ချင်း ခုနစ်တန်းလောက်မှ စတင်ကာ အတန်းကွဲသွားခဲ့သည်။ သို့သော် အတွဲမပျက်ခဲ့၊ ဆယ်တန်းအောင်ပြီး မိမိက ရန်ကုန်ပြောင်းသွားသောအခါမှ အဆက်အသွယ် ပြတ်ခဲ့သည်။ သူမကတော့ မော်လမြိုင် တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်ကိုတော့ မြတ်လေးငုံ သိထားသည်။

မြတ်လေးငုံက ဆိုးဆိုးဆတ်ဆတ်နှင့် လဲလှယ်ပေးနေသော မိရှည်(ခေါ်)မိသင်းမြတ်ကြည်၏ နုနယ်သော ရုပ်သွင်ကလေးကို ကြည့်ကာ. . .

"မိအေးဇန်က ခု ဘာလုပ်သလဲ"

"ဆရာမလေ၊ အလယ်တန်းပြ ဆရာမ"

"အို. . ဟုတ်လား၊ သူက မမ သူငယ်ချင်းလေ"

မိရှည်သည် လျှာကလေးတစ်လစ် ဖြစ်သွားသည်။

"အဲတော်. . ."

"မမကပဲ မမခင်ပွန်းကို သူ့ကိုစောင့်ရှောက်ထားခိုင်းလို့ ပါကွယ်"

"ဒီလိုဆို ဘွာတေး. . ဘွာတေး၊ သူများသွားတော့မယ် နော်၊ အဘွားကို ဘုန်းကျောင်းကြီး လိုက်ပို့ရဦးမှာ"





မြတ်လေးငုံက သူငယ်ချင်းဘက်မှ အတတ်နိုင်ဆုံး ကာကွယ်ပြောလိုက်သော်လည်း ညက မင်းရဲမွန်ပြောစကားထဲတွင် မိအေးဇန် ပါလာခြင်းအတွက်တော့ ဘဝင်မကျနိုင်အောင် ဖြစ်မိလေသည်။

ထမင်းကြော်ထဲသို့ ပဲပြုတ်ကလေး ရောမွှေလိုက်သည်။

ရေနွေးအိုးတည်ပြီး ဓာတ်ဘူးထဲသို့ဖြည့်ပြီး ဘုရားပန်းလဲ၊ သောက်တော်ရေချမ်း၊ ဆွမ်း ကပ်ပြီးသည်တိုင်အောင် မင်းရဲမွန် မနိုးသေး။

အိမ်ကိုလှဲ့ကျင်းကာ သန့်ရှင်းရေးလုပ်ပြီးချိန်တွင် နံနက် ရှစ်နာရီခွဲ ကျော်သွားလေပြီ။

ဒီနေ့တော့ လာခေါ်သူ မရှိပါလားဟု မြတ်လေးငုံ တွေးမိကာ မင်းရဲမွန်အပါး ချဉ်းကပ်လိုက်သည်။

နှိုးရန် သင့်,မသင့် စဉ်းစားလိုက်သည်။

ကိစ္စမရှိ၍သာ သူသည် လွတ်လပ်စွာ အိပ်နေခြင်း ဖြစ်သည်။ အိပ်ပါစေ ဟူသော စေတနာဖြင့် ပြန်ဆင်းခဲ့သည်။

ခြံထဲဆင်းကာ ပန်းပင်များ ရေလောင်းနေစဉ်. . .

"ဒုက္ခပါပဲ မြတ်ရယ်၊ ကိုယ့်ကို ဘာဖြစ်လို့ မနှိုးတာလဲ"

အသံနှင့်အတူ ဖိုသီဖတ်သီ ဆင်းလာပြီး ရေခပ်ချိုးနေသောမင်းရဲမွန်ကို မြတ်လေးငုံက စိတ်တိုစွာဖြင့်. . .

"ဘာဖြစ်လို့ နှိုးရမှာလဲ"

ဟု ဝေါက်ဆတ်ဆတ်ပင် တုံ့ပြန်လိုက်ရာ. . .

"ရှစ်နာရီမှာ ကိုယ့်ဂျူတီလေ၊ ပြင်ပလူနာတွေ စောင့်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှ မသိဘဲ၊ ကိုရဲ ဂျူတီတွေဟာ သတ်မှတ်ချက် အချိန်ရှိတယ်လို့မှ ကျွန်မ မသိဘဲ"

"မြတ်ရယ် သဘောထားကြီးဖို့လိုတယ်၊ ကိုယ်တို့ လုပ်ငန်းက ကုမ္ပဏီလုပ်ငန်းလို မဟုတ်ဘူး၊ ကုန်ပစ္စည်းတို့ အမြတ်ငွေတို့နဲ့ ဆက်ဆံရတဲ့ ကိစ္စမျိုး မဟုတ်ဘူး၊ လူနာနဲ့ ဆက်ဆံရတဲ့ ကိစ္စ"

မြတ်လေးငုံ့ရင်ထဲ ထောင်းခနဲဖြစ်သွားသည်။ သို့သော် တုံ့ပြန်ပြောရန်စကား မစနိုင်မီ သူသည် အိမ်ပေါ်ပြန်တက်သွားလေသည်။ မကြာလိုက်သောအချိန်၌ပင် ပြန်ဆင်းလာကာ ကားကို စက်နှိုးကာ မောင်းထွက်သွားလေသည်။

မြတ်လေးငုံ့ရင်ထဲ တနုံ့နုံ့ ဖြစ်ကျန်ရစ်ခဲ့လေသည်။

မိမိ၏စေတနာကို သူ စော်ကားသွားလေပြီ။

လျှာနဲ့သွားရဲ့ ပထမဦးဆုံး ထိခိုက်မှုပေလား။







# အခန်း (၁၁)

မြတ်လေးငုံ့သည် ထမင်းကြော်၊ အုန်းထမင်း၊ ကြက်သားဟင်း၊ သရက်ချဉ်သုပ်၊ ငါးခြောက်ထောင်းကြော်တို့ကို ငါးဆင့်ချိုင့်ထဲသို့ ထည့်လိုက်သည်။ ကော်ဖီကိုဖျော်ကာ ဓာတ်ဘူးထဲထည့်၊ ရေကျက်အေးပုလင်း၊ လက်သုတ်ပုဝါတို့ကို ပလတ်စတစ်ခြင်းတောင်းထဲသို့ သေသပ်စွာထည့်ပြီး အိမ်ကိုသော့ခတ်၊ စက်ဘီးရှေ့ခြင်းထဲသို့ ခြင်းကိုထည့်လိုက်သည်။

ထို့နောက် စက်ဘီးကို တွန်းကာ ခြံဝန်းထဲမှ ထွက်လိုက်သည်။ ဝန်းတံခါးကို စေ့ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံ ဆေးရုံဆီသို့ ဦးတည်လိုက်သည်။

သူငယ်ချင်းအချို့ လှမ်းနှုတ်ဆက်သည်ကို. . .

"ပြီးမှ လာခဲ့မယ်၊ ဆေးရုံ ခဏသွားလိုက်ဦးမယ်" ဟု လှမ်းအော်ပြောကာ စက်ဘီးကို မနားတမ်း နင်းခဲ့လေသည်။

ပြင်ပလူနာစမ်းသပ်ခန်း၏ ပြင်ပ၌ လူနာများသည် တန်းစီထိုင်ကာ စောင့်ဆိုင်းနေကြသည်။

သူနာပြုဆရာမလေးက ခြင်းတောင်းဆွဲကာ တံခါးကို တွန်းဖွင့်ဝင်သွားသော မြတ်လေးငုံကို အံ့အားသင့်စွာ ကြည့်ကျန် ခဲ့သည်။

စမ်းသပ်ခုတင်ပေါ်တွင် လူနာတစ်ဦးကို သွေးပေါင်ချိန် ရင်း မေးမြန်းနေသော မင်းရဲမွန်သည် ရိပ်ခနဲမြင်လိုက်ရသည့် အရိပ်ကြောင့် လှမ်းကြည့်လိုက်ရာ မြတ်လေးငုံကို တွေ့လိုက်ရ သောအခါ အံ့အားသင့်သွားသည်။

"ဟင်. . . မြတ်"

"ကိုရဲ. . ဘာမှ စားမသွားရသေးဘူးမှတ်လား၊ ထမင်း ကြော်နဲ့ ကော်ဖီလဲ ပါတယ်၊ ထမင်းစားချိန် မအားလို့ ပြန်မလာ ချင်ရင်လဲ စားနိုင်အောင် နေ့လယ်စာပါ ထည့်လာခဲ့တယ်၊ မြတ် သွားတော့မယ်"

မင်းရဲမွန် ပါးစပ်အဟောင်းသားနှင့် ဘာမှ ပြန်မပြော နိုင်ခင် မြတ်လေးငုံ ထွက်ခဲ့သည်။

မြတ်လေးငုံစိတ်ထဲ ချေပလိုက်ရသော မိမိအပြုအမူ အတွက် ကျေနပ်သွားသည်။

ဆေးရုံဝန်းထဲမှ ပြန်ထွက်လာပြီးသည့်တိုင်အောင်





ဘယ်ကိုသွားရမှန်းမသိ၊ ယောင်ချာချာဖြစ်နေရာမှ မိအေးဇန်ကို သတိရလိုက်သည်။ ထို့ကြောင့် မိအေးဇန်တို့ အပိုင်းဘက်သို့ ဦးတည်လိုက်သည်။

ကျောင်းစာမရှိ၊ ပြင်ပလုပ်ငန်း မရှိဘဲ အိမ်အလုပ်နှင့် ပျင်းရိငြီးငွေ့ခြင်းကို အိမ်လည်သောအလုပ်နှင့် ဖြန်းတီးပစ်ရ မည်ကို မြတ်လေးငုံမလိုလားချေ။

သို့သော် ဒီနေ့ တစ်နေ့တော့ သူငယ်ချင်းများ၊ အမျိုး များအိမ်သို့ တစ်နေကုန် သွားရောက်လည်ပတ် နှုတ်ဆက်လိုက် မည်။

"ဒေါ်ကြီး၊ ကျွန်မကို မှတ်မိလား"

မိအေးဇန်၏အိမ်သို့အရောက် မိအေးဇန်ကို မတွေ့ရဘဲ သူ့အမေကိုသာ တွေ့လိုက်ရာ. . .

"ဟဲ့. . . အငုံ မှတ်လား"

"ဟုတ်ကဲ့. . . အဒေါ်ကြီး၊ မိဇန်ကော"

"ကျောင်းသွားပြီလေကွယ်၊ ငါ့နှယ် မနည်းရုပ်ဖမ်းယူ ရတယ်၊ တစ်သွေးတစ်မွေးနဲ့ လှလို့ ပလို့ပါလား"

"နေကောင်းရဲ့လား ဒေါ်ကြီး"

"ကောင်းပါတယ်၊ ထိုင်လေကွယ်"

"မထိုင်တော့ပါဘူး၊ ကျွန်မ လာသွားတယ်လို့သာ မိဇန် ကိုပြောလိုက်ပါ၊ ကျောင်းဆင်းရင် ကျွန်မဆီကို လာခဲ့ဖို့ ပြော ပေးပါ"

"အေးလေ၊ သူကျောင်းဆင်းပြီး ကျူရှင်မရှိရင်တော့ လာခဲ့လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျူရှင်"

မြတ်လေးငုံ မရှိသည့် ခုနစ်နှစ်အတွင်း ပြောင်းလွဲမှုကို စတင်ရင်ဆိုင် လိုက်ရသည်။ မိမိ ဖခင်လက်ထက်က ကျူရှင်မရှိဘဲ အချိန်ပိုဖြင့် အားသွန်ခွန်စိုက် သင်ကြားပေးခဲ့သော ဖခင်ကဲ့သို့သော ဆရာ၊ ဆရာမများကို သတိရလိုက်သည်။

"အေးလေ. . ကျူရှင်ပြနေတယ်လေ၊ အားရင်တော့ လာမှာ. . လာမှာ၊ ဆရာကလဲ အငုံရောက်နေပြီ ပြောလို့ သူလာချင်နေတာ"

"ဟုတ်ကဲ့၊ ကျွန်မ ပြန်တော့မယ် ဒေါ်ကြီး"

"အေး. . အေး လွှတ်လိုက်မယ်. . လွှတ်လိုက်မယ်၊ သူငယ်ချင်းနှစ်ယောက် စကားတွေ တဝကြီးသာ ပြောကြပေတော့"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

မြတ်လေးငုံ အိမ်များ ဆက်လည်ချင်စိတ်ပင် မရှိအောင် ဖြစ်သွားသည်။ ချက်ချင်းပင် ကျောင်းဘက်သို့ စက်ဘီးကို ဦးတည်လိုက်လေသည်။

ဘာပဲဖြစ်ဖြစ် ဤကျောင်းသည် မိမိ သူငယ်တန်းကနေ ဆယ်တန်းအထိ ပညာနို့ချိုသောက်ခဲ့ရာ ကျောင်းဖြစ်သည့်အတွက် မိမိနှင့် မစိမ်းကားချေ။ မိမိအတွက် ဤကျောင်းတံခါး အမြဲဖွင့်ထားပေးလိမ့်မည်ဟု မိမိယုံကြည်ချက်နှင့် စက်ဘီးကို အားကုန်နင်းလိုက်လေသည်။







# အခန်း (၃၂)

မြတ်လေးငုံ အိမ်ပြန်ရောက်တော့ အိမ်တံခါး ပွင့်နေသည်။

မင်းရဲမွန်သည် မီးဖိုချောင်တွင် ဆန်ဆေးနေသည်။

"ကိုရဲတောင် ပြန်ရောက်နေပြီလား"

"ဟုတ်တယ် မြတ်၊ ဒီနေ့ အရေးပေါ် လူနာ မရှိဘူးလေ၊ ...ောင်းလှည့်ပြီး ပြန်ခဲ့တာ"

"ဖယ်လေ၊ ကျွန်မ ဆေးမယ်"

"နေပါဦး. . နားလိုက်ပါဦး၊ ဆန်ဆေးတာလောက်က



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုပ်နေကြပါ၊ လျှပ်စစ်ထမင်းအိုးလေးထဲ ထည့်တာ လောက်လဲ ကိုယ်လုပ်တတ်ပါတယ်"

"တတ်မှန်း သိပါတယ်၊ ဒါပေမယ့် ကျွန်မ ရှိနေသရွေ့ တော့ ကိုရဲကို မလုပ်စေချင်ဘူး"

"ဘယ်ဟုတ်မလဲ၊ မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုတာ မျိုး ရှိသင့်တာပဲ"

မင်းရဲမွန်က ပြောပြောဆိုဆို ထမင်းအိုးကို ရေစင်အောင် သုတ်ပြီး လျှပ်စစ်ထမင်းအိုးကို ပေါင်းအိုးထဲသို့ ထည့်ကာ ခလုတ် နှိပ်လိုက်သည်။

"မြတ်၊ ထမင်းလိုက်ပို့ပေးတာ ကျေးဇူးတင်တယ်၊ မနက် က နိုးနိုးချင်း ထူပူပြီး ထွက်သွားလိုက်တာ ဗိုက်အတော် ဆာ နေတာနဲ့ အတော်ဖြစ်သွားတယ်"

မနက်က တုန့်နှံ့ဖြစ်ကျန်ခဲ့သော ဝေဒနာသည် ဘယ် ချောင်၌ သွားရောက်ပုန်းအောင်းနေပြီ မသိနိုင်တော့။

"မြတ်. . . ဘယ်တွေရောက်ခဲ့သလဲ၊ မနက်ဖြန်မနက် စောစော မြင်းမိုရ်တောင် တက်ရအောင်"

"ကောင်သားပဲ"

ငယ်စဉ်ကတည်းက မြင်းမိုရ်တောင်ဘုရားသို့ အပတ် တိုင်း တက်ရောက်ခဲ့သည်ကို အမှတ်ရကာ ဝမ်းသာစွာပင် လက် ခံလိုက်သည်။

"မြတ်. . . မိဇန်ဆီရောက်သေးသလား"

"ရောက်ပါတယ်၊ ကျောင်းကို လိုက်သွားတာ၊ ကျောင်း အုပ်ဆရာကြီးက အသစ်ပြောင်းသွားပြီနော်"





"ဟုတ်တယ်၊ နှစ်နှစ်လောက် ရှိပြီတဲ့"

မိအေးဇန်နှင့်ပတ်သက်၍ စကားစကို မြတ်လေးငုံ ဖြတ် တောက်လိုက်သည်။

ကျောင်း၌ လုပ်အားပေးရန် အခြေအနေကို သွားကြည့် ခဲ့သည်။ ကျောင်း၌ ဆရာဆရာမများ ပြည့်စုံသည်ဟု ဆိုရ သည်။ မိမိ၏ အဓိက မေဂျာဘာသာကလည်း အင်္ဂလိပ်စာ ဖြစ်နေသည်။ အင်္ဂလိပ်စာကို ရှစ်တန်း၌ သင်ကြားနေသူမှာ မိအေးဇန် ဖြစ်နေသည်။ မိအေးဇန်ကလည်း မလိုပါဘူး သူငယ် ချင်းရယ်၊ တန်းခွဲသုံးခုထဲရှိတာ သူများနိုင်ပါတယ်၊ ကိုးတန်း ဆယ်တန်းကလည်း ဆရာနှစ်ယောက်တောင် ရှိပါတယ် ဟူသော စကားများအတွက် မြတ်လေးငုံသည် အောင့်သက်သက်ဖြင့် ပြန်ခဲ့ရသည့်အဖြစ်ကို မင်းရဲမွန်ကို ရင်ဖွင့်ပြချင်သည်။ သို့သော် ဆရာဝန်တစ်ဦးက မိမိ၏ဝါသနာကိုမှ နားလည်နိုင်ပါ့မလားဟု ဆိုကာ ငြိမ်သက်နေလိုက်သည်။

"မြတ်. . . ရေချိုးလေ၊ ဟင်းတော့ထပ်မချက်နဲ့တော့၊ မနက်ကဟင်းတွေ ကျန်သေးတယ်၊ ကိုယ် နွှေးလိုက်မယ်"

"အဲဒါ မိရှည်တို့အိမ်က လာပို့တာ"

"အင်း. . . ဟုတ်သားပဲ၊ ဒီနေ့ ဥပုသ်နေ့ ထင်တယ်၊ သူ့ဘွားအေက ကိုယ့်လူနာလေ၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ ရှိတယ်၊ ကိုယ် ဆေးမှန်မှန်ကုပေးနေရတာ၊ တစ်လက်ကိုင်ပဲ၊ ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ရင်း ကိုယ့်အ တွက်ပါ ပို့ပို့ပေးတက်တယ်"

"အရင်တုန်းကတော့ ဟုတ်ပါတယ်လေ၊ ကိုရဲမှာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မမှ မရှိသေးတာ၊ အခု ကျွန်မ ရှိနေပြီပဲ၊ နောက်မပို့အောင် ပြောလိုက်ပါ"

"ပြောတော့ ပြောကြည့်မယ်၊ ဒါပေမယ့် မရရင်လဲ လက်ခံလိုက်ပါ မြတ်ရယ်၊ အဘွားကြီး စိတ်မကောင်းဖြစ်နေပါ ဦးမယ်"

"မနက်က ပဲပြုတ်သည် ဒေါ်အေးရှင်ကလဲ ဒီအတိုင်းပဲ ပဲပြုတ် အစိတ်သားလောက်ကို ပိုက်ဆံ မယူဘဲ ပေးသွားတယ်"

"မအေးရှင်ရဲ့ နွားအိုနောက်ကျသားလေ၊ လေးဆယ် ကျော်မှာ ကံပေါ်ပြီး မီးဖွားတော့ သွေးလို ဘာလိုနဲ့ မနည်း မိခင်အသက် လုထားရတာ၊ အဲဒါကိုယ့်ကို ကျေးဇူးတင်ပြီး သူ ရောင်းတဲ့ ပဲပြုတ်ကို မနက်တိုင်း ဝင်ပို့ပေးနေကျ၊ ကိုယ်ကလဲ တားမရတော့ ထားပြီး ကလေးအတွက် နို့မှုန့်ကို တစ်လတစ်ကြိမ် ဝယ်ပေးနေကျ၊ အဝတ်အထည်လေးတွေလဲ ကြုံသလို ဝယ်ပေး လိုက်တယ်၊ ဒါ့ပြင် မကသေးဘူး နွားခြံက ဦးမူကီးကလဲ ကိုယ့် အတွက် နွားနို့ကို ညနေတိုင်း လာပို့ပေးနေကျ၊ သူလဲ ကိုယ့် လူနာပဲ၊ ကိုယ် ရန်ကုန်သွားနေတယ်ဆိုလို့ မလာတာ၊ ဒီနေ့ ကိုယ့်ကို မြင်သွားပြီ၊ ညနေတိုင်း လာလိမ့်မယ်"

"ကိုရဲက ဆေးဖိုးမယူလို့လား"

"ဆေးရုံမှာတော့ ဘယ်ယူမလဲ၊ အိမ်ကို လိုက်ကုရင် တော့ ဆေးဖိုးပဲ ယူတယ်၊ ခြေကြွခမယူဘူးလေ၊ အဲဒါကို သူတို့ တုံ့ပြန်ကြတာ၊ အရင်ဆရာဝန်နဲ့ဆိုရင် ခြေကြွခ၊ စမ်းသပ်ခတွေ က နင့်ခနဲတဲ့ ကိုယ်က. . ."

မင်းရဲမွန်က မြတ်လေးငုံကို လှမ်းကြည့်လိုက်သည်။





မိန်းမသည် မိန်းမသာဖြစ်သည်။ လောဘ ရှိသည်။ မိမိ၏ လုပ် ရပ်အပေါ် သူမ ကျေနပ်နိုင်ပါ့မလားဟု အကဲခတ်လိုက်ခြင်း ဖြစ်သည်။

"ကိုယ်က ပညာအားပဲ စိုက်ရတာပဲ မြတ်ရယ်၊ သူတို့ ဘက်ကတုံ့ပြန်ထားမှု စေတနာတွေက ကိုယ်အချိန်မရွေး ဘယ် အိမ်တက်စားစားရတယ်၊ အဝတ်အစားဆိုလဲ ဝယ်ဝတ်စရာမလို ဘူး၊ မုန့်ပဲသရေစာဆိုလဲ ဒီအတိုင်းပဲ၊ တောရွာဓလေ့လေးလို ပါပဲ၊ ပြီးတော့ ကိုယ့်အတွက်က ငွေကို လူနာတွေဆီက ယူစရာ မလိုဘူးလေ၊ အိမ်ကို သံရုံးငှားထားခဲ၊ တိုက်ခန်းတွေ နှစ်ချုပ် ငှားခဲ၊ ကုမ္ပဏီအချို့မှာ ရှယ်ယာဝင်ထားတဲ့ ငွေတွေနဲ့တင် ဖူလုံ နေပြီပဲ၊ မိသားစု . . သားသမီးတွေရဲ့ နောင်ရေးအတွက် ဘာမှ ကို ပူပင်စရာမရှိဘူး မဟုတ်လား မြတ်၊ ကိုယ်တို့ ငယ်တုန်း ကလေးမှာ နိုင်ငံအတွက် အလုပ်လုပ်ပါရစေ၊ ဒီအတွက် မြတ် ကိုယ့်ကို နားလည်ပေးဖို့ လိုတယ်နော်"

မြတ်လေးငုံ မခံချင်စိတ်တို့သည် အုံကြွလာသည်။ မင်း ရဲမွန် စကား ပြီးဆုံးအောင် စောင့်ပြီးမှ. . .

"နေပါဦး ကိုရဲ၊ ကိုရဲ ဒီစကားတွေ ဘာဖြစ်လို့ ကျွန်မကို ပြောပြနေရတာလဲ၊ ကျွန်မရဲ့ပုံစံက အသပြာဆရာဝန်ကတော် ဖြစ်ချင်နေတဲ့ ပုံစံမျိုးများ ပေါက်နေလို့လား"

မင်းရဲမွန် ပျာပျာသလဲ ဖြစ်သွားပြီး. . .

"မဟုတ်ပါဘူး၊ ကိုယ် ဒီလို မဆိုလိုပါဘူး၊ မြတ် ကိုယ့် အပေါ် နားလည်ထားစေချင်လို့ပါ"

"မြတ်အဖေက ကိုရဲတို့ လေးစားရတဲ့ ကျောင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဆိုတာ ကိုရဲ မေ့ထားသလား"

"မမေ့ပါဘူး မြတ်ရယ်၊ အဲဒီအချက်ကိုကပဲ မြတ်ကို ကိုယ့်ဘဝ ခရီးဖော်အဖြစ် ရွေးချယ်ရခြင်းဟာ အဓိကပါပဲ"

မြတ်လေးငုံ၏ နှလုံးသားကို ဆူးတစ်ချောင်း စူးနစ်သွားလေပြီ။ မိမိက ရွေးချယ်သူမဖြစ်ရဘဲ ရွေးချယ်ခံအဖြစ်သို့ ရောက်ရှိသွားစေသော သူ့စကားကို မြတ်လေးငုံ ဘဝင်မကျနိုင်အောင် ဖြစ်မိသည်။

"ရေချိုးလိုက်ဦးမယ်၊ မိုးချုပ်နေပြီ"

သူ့အား တုံ့ပြန်ချေပရန် စကားတို့ကို သိကုံး၍မရသဖြင့် မြတ်လေးငုံ ရှောင်ခွာလိုက်သည်။

မင်းရဲမွန်က မြတ်လေးငုံ၏ စက်ရုပ်ဆန်သော မျက်နှာနှင့် ထွက်ခွာသွားမှုအတွက် ဘဝင်မကျနိုင်အောင် ဖြစ်မိလေသည်။

မြတ်လေးငုံ၏ ဘဝကို သူ ပိုင်ဆိုင်ခွင့်ရခြင်းထက် နှလုံးသားပိုင်ဆိုင်ခွင့်ကို သူမျှော်လင့်ခဲ့သည်။

သို့သော် သူ့မျှော်လင့်ချက်သည် မြတ်လေးငုံကို လက်ထပ်ပြီးနောက်မှ ပိုမိုဝေးကွာလာသကဲ့သို့ သူ ခံစားလာရသည်။

မြတ်လေးငုံ၏ ဝတ္တရားဆန်သော အမူအရာတို့သည် ဆားမပါသော ဟင်းနှယ်၊ ခံစားမှုအရသာ ကင်းမဲ့နေသည်ဟု မင်းရဲမွန် ကြေကွဲစွာ သိမြင်လာသည်။

သူသည် နံနက်မှ မြတ်လေးငုံ စားသောက်ပုံမရသဖြင့် လက်ရာမပျက်ရှိနေသော ကြက်သားဟင်းများကို နွေးလိုက်သည်။





ဟင်းချိုတစ်ခွက် ချက်နေစဉ် မြတ်လေးငုံ ပြန်ရောက်လာသည်။ သနပ်ခါးရေကျဲ၊ ဘီးကျော်ပတ်နှင့်ရှိနေသည့်တိုင်အောင် ယဉ်စစနှင့် အလှမပျက် မြတ်နိုးဖွယ်အတိ ရှိနေသည်။

"မြတ်၊ သန်ဘက်ခါ ကိုယ့်ဂျူတီအောဖ်လေ၊ မော်လမြိုင်ဘက်မယ်၊ ပြီးရင် ကျိုက္ခမီနဲ့ စက်စဲ သွားရအောင်"

"ကိုရဲပဲ အားပါစေဦးလေ"

မြတ်လေးငုံက အေးစက်စွာပင် ဖြေလိုက်သည်။

မင်းရဲမွန်က တိတ်တခိုး သက်ပြင်းချလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၃)

မြတ်လေးငုံ၏ ကြိုတင်တွက်ကိန်းသည် မှန်သွားလေပြီ။ မင်းရဲမွန်၏ ဂျူတီအောဖ် ဖြစ်သော်လည်း အရေးပေါ် လူနာများ ရုတ်တရက် ပေါ်ပေါက်လာသဖြင့် မင်းရဲမွန်သည် ခွဲစိတ်ခန်းသို့ ဝင်ပေးရလေသည်။

မြတ်လေးငုံ၏ သည်းခံနိုင်သော စိတ်တို့ လျော့နည်းလာသည်။ ယောက်ျားဖြစ်သူ၏ မွန်မြတ်သော စေတနာအတွက် မိမိ နားလည်သင့်သည်၊ ဂုဏ်ယူသင့်သည်ကို သိလျက်နှင့် မြတ်





လေးငုံ၏ ငြီးငွေ့နေသောစိတ်တို့က သည်းခံနိုင်မှု စွမ်းအင်တို့ လျော့ပါးစေသည်။

ထို့ကြောင့် မြတ်လေးငုံသည် မိရှည်ကို အဖော်ခေါ်ကာ မော်လမြိုင်သို့ တက်ခဲ့လေသည်။ မော်လမြိုင်မှတစ်ဆင့် ကျိုက္ခမီသို့ရောက်၍ ဘုရားဖူးအပြီး အာရုံခံတန်ဆောင်းမှတစ်ဆင့် ရှုမောမဆုံးသော ပင်လယ်ပြာကြီး၏ အလှတရားကို ငေးမောကြည့်နေစဉ်. . .

"မြတ်လေးငုံ"

မြတ်လေငုံ၏နားဒွ် အရင်းနှီးဆုံးသော ခေါ်သံကို အနားကပ်ကြားလိုက်ရသည်။

ရင်ဝယ် လှုပ်ခါသွားပြီး မိမိအနီး ကပ်ရပ်လာသူကို မော့ကြည့်လိုက်သည်။

"ဆရာ"

"မြတ်လေးငုံရယ်"

နွမ်းလျသော အပြုံး၊ တမ်းတသော အသံတို့သည် မြတ်လေးငုံကို ပို၍ စိတ်လှုပ်ရှားအောင် ဖန်တီးလေသည်။

"ဆရာ ဒီကိုဘာလာလုပ်တာလဲ"

"ဂျပန်ဧည့်သည်တစ်ယောက်က သံဖြူဇရပ် စစ်သင်္ချိုင်းက သူ့အဘိုး အရိုးအိုးဂူကို လာရှာရင်း ဒီဘက်ကိုပါ လိုက်ပို့တာ၊ ဩော်. . . မြတ်လေးငုံ အမျိုးသားကော"

ဦးမေအောင်သည် မပန်ထိုက်၍ မပန်လိုက်ရသော ပန်းကလေးတစ်ပွင့်ကို နှမြောတသသလို ယခုလည်း မျက်စိအောက်မှ ပျောက်ကွယ်သွားမှာကို စိုးရိမ်သလို ငေးကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။

“မပါဘူး. . . သူက အလုပ်များတယ်”

မြတ်လေးငုံသည် လောလောဆယ် မင်းရဲမွန်ကို ခေတ္တ ခဏ မေ့ထားလိုက်ချင်သည်။

မိရှည်ကလည်း ကင်မရာတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ဂျပန်အမျိုးသားတစ်ဦးက မလှမ်းမကမ်းမှာ အဝေးကြည့်မှန်ပြောင်၊ ကင်မရာနှင့် အလုပ်များနေသည်။

“မြတ်လေးငုံ ကိုယ့်စာကို ရသလား”

“ရပါတယ်”

“ဖတ်ရဲ့လား”

“ဖတ်ပါတယ်”

“ကိုယ့်ကို ခွင့်လွှတ်ပါနော်”

“ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မယူပါဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ယူတယ်”

“ဘာဖြစ်လို့လဲ”

“ဘာမှ မဖြစ်ပါဘူး၊ အိမ်ထောင်တစ်ခုကို အချိန်မယူမိခဲ့ခြင်းအတွက်ပါ၊ ဒါထက် ဆရာမာမီကော သက်သာရဲ့လား”

“ဒီလိုပါပဲ၊ နောက်ဆုံးအချိန်ကို စောင့်ဆိုင်းရင်း ဆေးနဲ့ အသက်ဆက်နေရဆဲပဲ”

“ဒါလီအောင်ကော”

“သူ့ကိုတော့ ဓနဖြူဆေးရုံအုပ်ကြီး ဆရာဦးထွန်းနေအောင်နဲ့ ခွဲစိတ်ကုသထားတယ်၊ ကုသနေဆဲပဲ ဆိုပါတော့”

“ဝီးလ်ချဲ သုံးရသေးလား”





“ပတ်တီးမဖြေရသေးဘူး၊ ဖြေပြီးမှပဲ သိရမှာပဲ”

“ညီအောင်တောင် တစ်နေ့က ရောက်လာသေးတယ် ခဏပါပဲ၊ မြတ်လေးငုံတို့အတွက် လက်ဖွဲ့ကို ချောင်းဆုံဆေးရုံကြီးလိပ်စာနဲ့ စာတိုက်က ပို့လိုက်တယ် ထင်တယ်၊ ရပြီလား”

“မရသေးဘူးထင်တယ်၊ ကျွန်မတို့ လက်ဖွဲ့မယူတဲ့အကြောင်း ဆရာ မပြောပြလိုက်ဘူးလား”

“ပြောပြပါတယ်၊ ဒါပေမယ့် သူ လက်မခံဘူး၊ သူ့ရဲ့ မွန်းကြပ်နေတဲ့ နှလုံးသားအတွက် ထွက်ပေါက်တစ်ခုတော့ သူ ပေးပါရစေဆိုလို့ ကိုယ်လဲ ခွင့်ပြုလိုက်ပါတယ်၊ တကယ်တော့ ကိုယ်တို့ညီအစ်ကိုဟာ ကံဆိုးပါတယ်”

“ကံဆိုးခြင်းကို ဆရာတို့ပဲ ဖန်တီးတာလို့ကော မယူဆမိဘူးလား”

“ဒီအတွက် ရင်နာနာနဲ့ နောင်တရနေဆဲပါ လေးရယ်၊ လေးတို့ဘာနဲ့ လာတာလဲ”

“အငှားကားနဲ့ပဲ”

“ဒီလိုဆိုရင် ကိုယ်တို့ လိုက်ပို့ပေးပါရစေလား၊ မစ္စတာ စုကာကီးကိုလည်း ချောင်းဆုံ၊ ရွာလွတ်၊ မုဒွန်းအထိ သွားလိုက်ပို့ပေးရမှာ ဖြစ်နေတယ်၊ တည်းခိုဖို့အတွက်ပါ မြတ်လေးငုံတို့ အကူအညီပေးနိုင်မယ်ဆိုရင် ကိုယ်တို့ ဝမ်းသာရမှာပါ”

မြတ်လေးငုံသည် ဒေသခံလူဖြစ်နေပြီ။ မိရှည်အား လက်ယပ်ခေါ်ကာ. . .

“မိရှည်၊ ဒါ. . မမ အလုပ်လုပ်ခဲ့တဲ့ အောင်ကုမ္ပဏီက ဆုငွေ ဦးမေအောင်တဲ့၊ သူက ဂျပန်အမျိုးသားကို လိုက်ပို့ပေး


www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဒီကပြီးရင် စက်စဲ၊ ပြီးရင် ချောင်းဆုံ ရွာလွတ်ကို သွားမှာ၊ အဲဒါ မမတို့ သူတို့ကို အကူအညီ ဆက်ပေးရလိမ့်မယ်"

"ဟာ. . . သိပ်ကောင်းတာပေါ့၊ ရွာလွတ် ဆေးတန် သောက်ဆေးစက်ရုံမှာ သူများဦးလေးရှိတယ်၊ အဲဒီအထိ သူများပါ လိုက်ပို့ပေးမယ်နော်"

မြတ်လေးငုံ စိတ်အေးသွားသည်။ ပြုံးရွှင်စွာဖြင့်. . .

"ဆရာ သူက သင်းမြတ်ကြည်တဲ့၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ် တက်ဖို့ တာစူနေတဲ့ ကလေးပေါ့"

"လည်ရာပြန်စားရေးလုပ်နေတဲ့သူလေ၊ သူများကို လုံးဝ အားမနာနဲ့၊ ဆရာတို့ သွားချင်တဲ့ဆီကို လိုက်ပို့ပေးမယ်"

ဦးမေအောင်က ကျေနပ်စွာဖြင့်. . .

"ကျေးဇူးတင်ပါတယ် ညီမရယ်၊ ညီမ ကွန်ပျူတာစာရေး လုပ်နိုင်ရင်တောင် ကိုယ်က ခန့်ပေးဦးမှာ"

မိရှည်က လက်ဖျောက်တစ်ချက် တီးကာ. . .

"ဆရာ တကယ်ပြောတာလား၊ သူများက မော်လမြိုင်မှာ ကွန်ပျူတာ သင်တန်းတွေ တက်ပြီးသားနော်"

"တကယ်ပေါ့၊ ခု မင်းမမ ထွက်သွားလို့ ကွန်ပျူတာကျွမ်းကျင်ကို ဆက်ခက်တောရီ ခန့်လိုက်ရတယ်၊ ဒီတော့ သူ့နေရာ လွတ်သွားတယ်၊ တစ်ယောက်တော့ရှိတယ်၊ မနိုင်ဘူး ဖြစ်နေတယ်"

မိရှည်မျက်နှာလေး ဝင်းပသွားပြီး. . .

"ဘွားဘွားကို ပြောကြည့်လို့ရရင် လုပ်မယ်လေ၊ ဟိုမှာ ဒေါ်လေးအိမ် ရှိတယ်၊ ကျောင်းမတက်ခင် မုန့်ဖိုးရတာပေါ့"





မြတ်လေးငုံက ဦးမေအောင်၏ အပြုံးမျက်နှာကို လှမ်းကြည့်လိုက်သည်။ ဦးမေအောင်၏ သောကရိပ်တို့သည် ခေတ္တ ပုန်းကွယ်လျက်ရှိချေပြီ။

မြတ်လေးငုံကော ဘာထူးသေးသနည်း။ ခြောက်လှန့်တက်သော အိပ်မက်တစ်ခုကို မက်နေသူ တစ်ယောက်နှယ် မိမိ၏ ဘဝကို အလိုမကျ ဖြစ်နေခြင်းကို ခေတ္တခဏ မေ့ပျောက်ကာ ရင်ဝယ် ရွှင်လန်းလာသည်။

"ဒီလိုဆိုရင် မိုးချုပ်ခင် ချောင်းဆုံသွားနိုင်အောင် မြန်ကြရအောင်၊ စက်စဲလဲ ဝင်ဦးမှာဆိုတော့. . ."

"ကောင်းပြီလေ၊ ဒီအချိန်ကစပြီး မြတ်လေးငုံတို့က ကိုယ်တို့ရဲ့ ဂိုက်ဒ် ဖြစ်သွားပြီ၊ ကိုယ့်ပုဂ္ဂိုလ်ကို ခေါ်လိုက်ဦးမယ်"

သို့နှင့် မြတ်လေးငုံတို့ ခရီးစဉ်သည် အပေါင်းအဖော် စုံလင်စွာဖြင့် မြိုင်ဆိုင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၄)

မြတ်လေးငုံက အမျိုးနီးစပ်တော်သော ဒေါ်မိပန်ကိုပါ ခေါ်လိုက်သည်။ အသက်ငါးဆယ်ရှိသော အမျိုးသမီးကြီးတစ်ယောက် မိမိနှင့်အတူ ရှိနေခြင်းသည် ပတ်ဝန်းကျင်အမြင် တင့်တယ်စေမည်ဟု ယူဆထား၍ ဖြစ်သည်။

မိမိသည် အိမ်ထောင်ရှင် အမျိုးသမီးဖြစ်နေပြီ။ မိမိ၏ ခင်ပွန်း အထင်အမြင် လွဲမှားစေမည့် ကိစ္စရပ်မျိုးကို အထူးသဖြင့် ရှောင်ရှားရမည်ကို နားလည်ထားပါသည်။





ထင်သည့်အတိုင်း မိမိတို့ ညခုနစ်နာရီ အိမ်သို့ ပြန်ရောက်သည့်တိုင်အောင် မင်းရဲမွန် ပြန်မရောက်သေးချေ။

ညနေစာကို မော်လမြိုင်၌ စားသောက်ပြီးဖြစ်သဖြင့် မြတ်လေးငုံအတွက် တာဝန်အနည်းငယ် ပေါ့သွားသည်။

"ဒေါက်တာ ပြန်မရောက်သေးဘူးလား မြတ်လေးငုံ"

"မရောက်သေးဘူး ဆရာ၊ သူက ဒီလိုပဲ အလုပ်များတယ်"

ဒေါ်မိပန်းနှင့် မိရှည်တို့၏ အကူအညီဖြင့် အောက်ထပ်ဧည့်သည် အိပ်ခန်းမှ ခုတင်နှစ်လုံးကို ပြင်ဆင်ပြီး ခင်းကျင်းနေစဉ် မင်းရဲမွန် ပြန်ရောက်လာသဖြင့် မြတ်လေးငုံ အိမ်ရှေ့ကမန်းကတန်း ထွက်ကာ ကြိုလိုက်သည်။

"ကိုရဲ ဆရာတို့ ပါလာတယ်၊ မနက်ဖြန်ရွာလွတ်ကို သွားမလို့၊ အဲဒါ ဒီည ဒီမှာတည်းဖို့ ကျွန်မ ဖိတ်လာခဲ့တယ်"

မင်းရဲမွန်က အိမ်ရှေ့မှ ဦးမေအောင်၏ လန်ခရူဆာကို မြင်ကတည်းက သိရှိကာ အံ့အားသင့်ပြီးသား ဖြစ်သည်။ မြတ်လေးငုံက ဖိနပ်ချွတ်အထိ ဆီးကြိုကာ ပြောသောကြောင့် ပို၍ အံ့သြရသည်။

"ဘယ်တုန်းက ရောက်ကြတာလဲ၊ အားနာလိုက်တာ ဦးမေအောင်ရယ်၊ ကျွန်တော်ကလဲ မအားလို့"

"ခုပဲ ရောက်ပါတယ် ဒေါက်တာ၊ အားနာရမှာက ကျွန်တော်တို့ပါ ဒေါက်တာ မအားတဲ့ကြားကို လာပြီးများ အလုပ်ပေးသလို ဖြစ်နေပြီလားပဲ"

"ဟာ. . မဟုတ်တာ၊ အိမ်သာလို့ ဧည့်ရောက်တာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ ဗမာလူမျိုးတွေအတွက် မင်္ဂလာတစ်ပါးပဲ မဟုတ်လား"

မြတ်လေးငုံက မိမိယောကျ်ားထံမှ အဆင်ချောသော စကားနှင့်ဖော်ရွေမှုကို တွေ့ရှိရတော့မှ ရင်အေးသွားရသည်။

ဦးမေအောင်က သူ၏မိတ်ဆွေ မစ္စတာ စူကာကီးနှင့် မိတ်ဆက် ပေးသည်။ သူတို့ အင်္ဂလိပ်လိုပြောပြီး စကားလက်ဆုံ ကျရာမှ ရေချိုးခန်းတွင် ရေချိုးရန် မင်းရဲမွန်က စီစဉ်ပေးသော် လည်း မစ္စတာစူကာကီးက မင်းရဲမွန် ရေတွင်းမှာ ရေးချိုးသည်ကို သဘောကျကာ သူပါလိုက်ချိုးသည်။

လရောင်ဆမ်းထားသော ညချမ်းကို မစ္စတာစူကာကီး က သဘောကျလေသည်။

အိမ်ရှေ့ကွပ်ပျစ်ဝယ် လက်ဖက်အစ်၊ ရေနွေးကြမ်းအိုး ကိုချကာ ယောကျ်ားသားသုံးဦးတို့သည် အတွေ့အကြုံများကို ဖလှယ်ကာ စကားလက်ဆုံကျနေကြသည်။

မြတ်လေးငုံက ဒေါ်မိပန်းနှင့် မိရှည်ကို အိပ်စေပြီး သူမ ကတော့စာဖတ်ရင်း မင်းရဲမွန်တို့ကို စောင့်နေလိုက်သည်။

သန်းခေါင်ကျော် ကြက်တွန်သံကြားမှ သူတို့ ကွပ်ပျစ်မှ ထလာကြသည်။

"ဟင်. . မြတ် မအိပ်သေးဘူးလား"

မင်းရဲမွန်လက်မှ ဇန်းကို မြတ်လေးငုံ လှမ်းယူလိုက် သောအခါမှ မင်းရဲမွန်သည် မြတ်လေးငုံကို သတိပြုမိသွား သည်။

"ဟုတ်ကဲ့၊ ကိုရဲတို့ ဘာလိုအပ်ဦးမလဲလို့ပါ"

ဦးမေအောင်က မြတ်လေးငုံ၏ မိန်းမပီသမှုကို ရင်





ှင်း နှမြောတသစွာဖြင့် ကျိတ်၍ ချီးကျူးလိုက်မိသည်။ သနပ်ခါး ါးကွက်ကျားနှင့်ဘီးကျော်ပတ်သော မြတ်လေးငုံ၏ အလှကို စ္စတာ စူကာကီးကသဘောကျကာ. . .

"ဒေါက်တာ ဇနီးက ဗမာပီပီသသ အလှရှိတယ်နော်၊ ွန်တော် ဓာတ်ပုံရိုက်သွားပါရစေ"

ဟု တောင်းပန်သည်။

မင်းရဲမွန်က ခွင့်ပြုသည်။ မြတ်လေးငုံ၏ပုံကို လေးငါးပုံ ရိုက်လိုက်သည်။

မင်းရဲမွန်က မြတ်လေးငုံထံမှ ကြည်သာသောအပြုံးနှင့် က်စနိုးအပြုံးများကို မြင်ရသောအခါ အံ့အားသင့်ခဲ့သည်။

သူမထံမှ ထိုအပြုံးမျိုးကို သူ မရရှိခဲ့ခြင်းအတွက် သူ့ရင် သံသယပိုးမွှင် ရစ်တွယ်လာစေသည်။

မင်းရဲမွန် အိမ်တံခါးမကြီးကို ပိတ်ပြီးချိန်၌ ဦးမေအောင် င့် မစ္စတာ စူကာကီးသည် သူတို့အတွက် ပြင်ဆင်ပေးထား သော အိပ်ခန်းအတွင်းသို့ ဝင်သွားလေသည်။ မြတ်လေးငုံကအ ပေါ်ထပ်သို့ တက်သွားလေသည်။

မင်းရဲမွန်ချက်ချင်း လိုက်မတက်ဘဲ မီးဖိုခန်းဘက်သို့ ကာ ရေသောက်သလိုလို ဘာလိုလိုနှင့် အချိန်ဖြုန်းပြီးမှ ပေါ်ထပ်သို့ တက်ခဲ့သည်။

သူကြိုတင်တွက်ဆထားသကဲ့သို့ မြတ်လေးငုံ၏ ခုတင် ဘယ်ဘက်စွန်းဝယ် သူ့အား ကျောပေးလျက် ငြိမ်သက်နေ ပြီ။

သူမ အိပ်ချင်ယောင်ဆောင်ကောင်း ဆောင်နေမေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။

သူကလည်း ညင်သာစွာပင် ခုတင်ညာဘက်စွန်း ထ
လျှောင်းကာ သူမအား ကျောပေးကာ အိပ်ပျော်စေရန် ကြိုး
လိုက်သည်။

သူ့ရင်ထဲ၌ ဖြစ်ပေါ်ယောက်ယက်ခတ်နေသော သံသ
ယဆူးကို သူ ငယ်စဉ်ကတည်းက လေ့ကျင့်ခဲ့သော အာနာပါ
ခေါ် ထွက်လေဝင်လေကို မှတ်ရင်း သောကကို နှင်ထုတ်
လိုက်လေသည်။

အသက်ရဲရဲပင် မရှူဝံ့သော မြတ်လေးငုံသည် မင်းရွှေ
ထံမှ အသက်ရှူသံ မှန်မှန် ထွက်ပေါ်လာမှ သက်ပြင်းတစ်ချ
ချလိုက်ပြီး အသက်ရဲရဲ ရှူဝံ့တော့သည်။







# အခန်း (၃၅)

"ကျွန်တော် မအားလို့ လိုက်မပို့နိုင်တာ ခွင့်လွှတ်နော် ဦးမေအောင်၊ မြတ်တို့ လိုက်ပို့ပါလိမ့်မယ်"

မြတ်လေးငုံအား "လိုက်ပို့လိုက်ပါ" ဟု သွယ်ဝိုက်၍ ပြော ဆိုခြင်းဟု မြတ်လေးငုံ နားလည်လိုက်သည်။

"နေ့လယ်စာကော ညနေစာကော ဒီမှာပဲ အားလုံးစီ စဉ်ထားပါ့မယ်၊ ဘယ်မှာမှ မစားခဲ့ပါနဲ့လို့လဲ ကျွန်တော် မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ခံပါတယ် ဦးမေအောင်"

မင်းရဲမွန်၏ စိတ်သဘောထားကို မြတ်လေးငုံ မခန့်မှန်းနိုင်အောင် ဖြစ်နေသည်။

"ဒီလိုဆို ကျွန်မ နေခဲ့မယ်လေ၊ မိရှည်ပဲ. . ."

"ဟာ. . ဘယ်ဟုတ်မလဲ၊ မြတ် ကိုယ်တိုင် လိုက်ပို့ပေးမှပေါ့၊ စားသောက်ဖို့ကိစ္စအားလုံး ကိုယ် တာဝန်ယူတယ်၊ ဒေါ်မိပန်းနဲ့ ကိုယ့်တပည့်တစ်ယောက်ဆိုရင် ဖြစ်ပါတယ်၊ စိတ်ချလက်ချသာ သွားပါ၊ ကိုင်း. . မြတ် အဝတ်အစား သွားလဲလေ"

နံနက်စောစော စားသောက်နေသောဝိုင်းမှ မြတ်လေးငုံ ထ၍ထွက်လာခဲ့သည်။ အဝတ်အစားတို့ ဝတ်ဆင်ရေးအတော် စဉ်းစားရသည်။ သိပ်တောက်ပြောင်မှုမရှိသော ပန်းဆီချိတ်နှင့် ပန်းနုရောင်အင်္ကျီကိုသာ ရွေးချယ်လိုက်သည်။

ဦးမေအောင်နှင့်ပတ်သက်၍ မိမိဘက်၌ ရိုးသားကြောင်းကို မင်းရဲမွန်အား ဖွင့်ပြောပြထားချင်ပါသည်။

ယခုလိုကိစ္စမျိုး၌ လူမှုရေးဝတ္တရားအရသာ ကူညီခြင်းဖြစ်ကြောင်း၊ မင်းရဲမွန် နားလည်လျှင် ကျေနပ်ပြီ ဖြစ်သည်။

အိမ်ထောင်ရှင်မိန်းမသား တစ်ယောက်၏ ဂုဏ်သိက္ခာကိုတော့ အစွန်းအထင်း မခံနိုင်ပါ။

အိမ်ရှေ့၌ အဆင်သင့်စောင့်ဆိုင်းနေကြသော သူအားလုံး၏ မျက်ဝန်းအစုံတို့က မြတ်လေးငုံထံသို့ စုပြုံရောက်ရှိလာသည်။ မစ္စတာစူကာသီးက ဓာတ်ပုံတဖျပ်ဖျပ် ရိုက်. . .

ရှေးကျသော ဤအိမ်ကြီးကိုလည်း သဘောကျသည်ဆိုကာ ရှုထောင့် အမျိုးမျိုးမှ ဓာတ်ပုံကို လှည့်ပတ်ရိုက်လေသည်။





မင်းရဲမွန်က သူတို့ထက် အလျင်ပင် ဆေးရုံဆီသို့ ထ နေ့တော့ စက်ဘီးနှင့် ထွက်သွားလေသည်။

"ဒေါက်တာ တာဝန်တော်တော်များပုံပဲ"

"ဟုတ်တယ်၊ ဆရာလေးက အရမ်းစေတနာထားတော့ သူ့မှာ တာဝန်ချိန်ရယ်လို့ကို မရှိတော့ဘူး၊ နှစ်ဆယ့်လေးနာရီဟာ ဆရာလေးတာဝန်ချိန် ဖြစ်နေတော့တာပဲ"

မြတ်လေးငုံအစား မိရှည်ကပင် ဝင်ပြောလိုက်သဖြင့် မြတ်လေးငုံ အသက်ရှူရ ချောင်သွားသည်။ မိမိခင်ပွန်းအပေါ်၌ ဂုဏ်ယူလိုပါသည်။ သို့သော် ကြွားရာရောက်သွားမှာကိုလည်း စိုးရိမ်ပါသည်။ မိမိအတွက် အဆိုးအကောင်းဟူသမျှကို အတူတကွ မျှဝေခံစားရတော့မည့် ခင်ပွန်းဂုဏ်ရှိသောအလုပ်အတွက် အမြဲကျေနပ် ဂုဏ်ယူနေနိုင်အောင် ကြိုးစားရတော့မည်မှာ အိမ်ရှင်မကောင်း ဝတ္တရားသာ ဖြစ်လေသည်။

မြတ်လေးငုံတို့ ရွာလွတ်သို့သွားရန် ကားပေါ်သို့တက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၆)

မင်းရဲမွန်သည် ခွင့်ယူသွားသော ဆရာဝန်တစ်ဦးပြန်ရောက်လာသဖြင့် အလုပ်အနည်းငယ် လျော့ပါးသွားသည်။ ထို့ကြောင့် အိမ်သို့ပြန်လာသည်။

မီးဖိုချောင်ထဲဝယ် ဒေါ်မိပန်းနှင့် သူ ယခင်က ထမင်းစားနေကျ ထမင်းဆိုင်မှ ထမင်းချက် ဦးမာမက်တို့ ချက်ပြုတ်နေကြသည်။

မင်းရဲမွန် အပေါ်ထပ်ရှိ မိမိတို့ နှစ်ယောက်အိပ်ခန်းထဲ





သို့ ဝင်ခဲ့သည်။

ဆေးရုံသို့ရောက်လာသော ပါဆယ်ထုပ်ကို ဖြည်လိုက်သည်။

ညီအောင် ပို့လိုက်သော မင်္ဂလာလက်ဖွဲ့ဖြစ်နေသည်။

စာတစ်စောင်လည်း ပါလာသည်။ ကျွန်းသားဖြင့် ထုတ်လုပ်ထားသော ကိန္နရီ ကိန္နရာ ကချိနေဟန် စုံတွဲ ပန်းပုရုပ်ကလေးမှာ ရုပ်လုံးကြွလျက်ရှိနေသည်။ မင်းရဲမွန်က အသာထုပ် စားပွဲပေါ်သို့ တင်ထားလိုက်သည်။ စာအိတ်ကို အသာဖောက်ဖတ်လိုက်သည်။

ငါ့ကောင် "ရဲ"

မင်းကတော့ အခုချိန်မှာ တစ်လောကလုံးကို မေ့ပြီး အပျော်ကြီး ပျော်နေပြီပေါ့ကွာ။

အေးပေါ့ကွာ၊ မင်းက ငါတို့ညီအစ်ကိုနှစ်ယောက်စလုံး ကိုအောင်နိုင်လိုက်သူဆိုတော့ ပျော်မှာပေါ့ကွာ။

ငါတို့မှာသာ. . . မင်းရဲ့လျှို့ဝှက်မှုတွေ၊ သိုသိပ်မှုတွေကြောင့် မင်းရည်ရွယ်ထားပြီးသား ပန်းမှန်းမသိဘဲ ခူးဆွတ်ဖို့ ကြံရွယ်ခဲ့မိသေးတယ်။ အရူးကို ဖြစ်လို့။

မင်း ငါ့ကို အရူးလုပ်လိုက်တာ မင်းကို ငါ ခွင့်မလွှတ်နိုင်ဘူး သူငယ်ချင်း၊ လက်သီးနဲ့ ဆွဲထိုးပစ်ချင်သေးတယ်။

ဒါပေမယ့် မြတ်လေးငုံ မျက်နှာရှိသေးတယ် မှတ်လား၊ ဒါကြောင့် မင်းဆီ တို့အတွက် နှလုံးသားရာဇဝင်မှာ ကမ္ပည်း မှတ်တမ်း တင်ထားရတဲ့ ကိန္နရာ ကိန္နရီမောင်နှံလေးကို ငါရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ လက်ဆောင်အဖြစ် ပေးပို့လိုက်တယ်။

မင်းတို့မောင်နှံလည်း . . အဲဒီလို ကမ္ဘာ့ည်းတင်နိုင်တဲ့ မောင်နှံဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

တွေ့ရင်တော့ မင်းကို ညှင်းပန်းနှိပ်စက်ရဦးမှာပဲ၊ မြ လေးငုံကိုတော့ သနားသက်ဝင် မေတ္တာရှိရင်းစွဲ ရှိခဲ့တဲ့အတွက် ချမ်းသာပေးလိုက်တယ်။ မင်းတော့ သေဖို့သာပြင်ထားပေတော့

မင်းရဲမွန် မဲ့ပြုံး ပြုံးလိုက်မိသည်။ ညီအောင် မြတ် ငုံကို ပိုးမှုန်း သူသိခဲ့သည်။ ညီအောင်၏ ရွှတ်နောက်နော အရေးအသား၊ ပွင့်လင်းမှုရှိသော အရေးအသားအတွက် သူ လွှတ်သည်။

သို့သော် ငါတို့ညီအစ်ကိုနှစ်ယောက်ဟူသော စ အတွက် သူရင်ထဲ ဘဝင်မကျနိုင်အောင် ဖြစ်မိလေသည်။

ထို့ကြောင့် သူ့ရင်ထဲ မီးတောက်လာသည်။ စာကို ဝတ်ဗီရိုအံဆွဲသို့ ဖွင့်ကာ ထည့်လိုက်သည်။ ထိုအံဆွဲတွင် မြ လေးငုံ၏ မိန်းမကိုင် ပိုက်ဆံအိတ်ကလေးနှင့် သော့ခတ်ရ သော ယွန်းဘူးပြားလေးရှိနေသည်။ သို့သော် သော့ခတ်မထ အသာဖွင့်ကြည့်လိုက်သောအခါ လက်ဝတ်လက်စားများ ထည့် ထားသည်။ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်သောအခါ မှတ်ပုံတင် သန်းခေါင်စာရင်းမိတ္တူနှင့် တိုက်ခန်းအရောင်းအဝယ်စာချုပ်၊ လက်မှတ်များကြား၌ စာအိတ်ပြာလေးတစ်အိတ်ကို တွေ့လိုက် ရသည်။

မင်းရဲမွန် ဖောက်ဖတ်လိုက်သည်။ ဦးမေအောင်၏ ဖြစ်နေသည်။





မင်းရဲမွန်၏ ရင်တွင်း၌ပူလောင်ခြင်းတို့ ကြီးစိုးသော သည်။ မီးဟုန်းဟုန်းတောက်လောင်နေသော မီးပုံကြီးတစ်ပုံ ဟည်းဟည်းထတောက်နေသည့်အလား ခံစားလိုက်ရသဖြင့် လက်များပင် တဆတ်ဆတ်တုန်လာသည်။ တစ်ကိုယ်လုံး အ သားများ တဆတ်ဆတ် တုန်လာသည်။ တစ်ကိုယ်လုံး အသား များ ပူခြစ်တောက်လောင်သကဲ့သို့ပင် ရဲရဲနီလာသည်။

ခံစားမှုကို ပြင်းစွာသော တက်ခေါက်ခြင်းဖြင့် ဖြေရှင်း လိုက်ပြီး စိတ်ကို ငြိမ်းအေးသွားစေရန် အသက်ဝဝရှူပြီး စာအိတ် တွင်း စာကိုပြန်ထည့်လိုက်သည်။ ထို့နောက် အိတ်ကိုပိုက်ဆံ အိတ်အတွင်း ပြန်ထည့်လိုက်သည်။

ဗီရိုတံခါးကိုပိတ်ပြီး ဗီရိုကိုမှီကာ ငြိမ်သက်ခြင်းဖြင့် ဒေါသမီးကို ငြိမ်းသတ်ရန် ကြိုးစားလိုက်သည်။ အသက်ကို မှန် မှန်လေးရှူထုတ် ရှူသွင်းလုပ်လိုက်သည်။

အချစ်ရေးသည် ကြောက်မက်ဖွယ်ရာကောင်းသော အတွင်းရန်သူကြီး ဖြစ်သည်။ ထိုရန်သူကြီးကို စိတ်က မနိုင်နင်း လျှင် မိမိဘဝကို သူက နိုင်နင်းသွားပေလိမ့်မည်။

ဒေါသအပူမီးသည် အနည်းငယ် ငြိမ်းအေးသွားသော် လည်း သောကမီးက စစ်ကူရောက်လာသည်။

လက်ထပ်ခါနီးဆဲဆဲတောင် သိမ်းယူရန်ကြံစည်သော သူတစ်ဦး၏ သစ္စာတရားကို မိမိက ဘယ်အတိုင်းအတာအထိ ယုံကြည်စိတ်ချထားနိုင်ရမည်လဲ။

မင်းရဲမွန်သည် ချက်ချင်းပင် အောက်ထပ်သို့ ပြေးဆင်း ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မိပန်း၊ ဆယ့်နှစ်နာရီလောက်ဆိုရင် ထမင်းပွဲသာ အဆင်သင့်ပြင်ထားလိုက်နော်၊ ကျွန်တော် ရွာလွတ်ကို လိုက်သွား လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာလေး"

မင်းရဲမွန် ကားထုတ်လိုက်သည်။ ဓာတ်ဆီနည်းနေ သဖြင့် လှောင်ထားသော ဓာတ်ဆီပုံးထဲမှ ဓာတ်ဆီကို ဖြည့်လိုက် သည်။

ထို့နောက် မြတ်လေးငုံတို့ရှိရာသို့ အမီလိုက် လိုက်သည်။

မြတ်လေးငုံကို ဘယ်နည်းနှင့်မှ လက်လွှတ်မခံနိုင်ပါ။ ငယ်စဉ်ကတည်းက စွဲလမ်းခဲ့ရသည့် ချစ်ခြင်းအတွက် သူမအား မိမိရင်ခွင်၌ ထာဝရငြိမ်းချမ်းနေစေချင်သည်မှာ မိမိ၏သစ္စာနှင့် မေတ္တာတရားပင်ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

အချစ်နှင့်အိမ်ထောင်ရေးသည် ကင်းကွာနေ၍ မ
စကောင်းဟု မြတ်လေးငုံ နားလည်လိုက်သည်။ တကယ်တော့ မင်းရဲမွန်သည် မိမိ၏ ချစ်သူဖြစ်ခဲ့ပါလျှင် ယခုလို အိမ်ထောင်ရေးမျိုးသည် ပျော်ရွှင်မှုများ၊ ကျီစယ်မှုများနှင့် မွှမ်းထုံတာ တကယ့် သီရိဂေဟာတစ်ခုလို ဖြစ်နေပေလိမ့်မည်။

ယခုတော့ ခြောက်သွေ့သောအိမ်ကြီးဝယ် မိမိတစ်





ယောက်တည်း အထီးကျန်စွာ နေရသည်။

မင်းရဲမွန်သည် ဦးမေအောင်တို့ တစ်ညအိပ်တည်းခိုပြီး ရွာလွတ်သို့သွားရာသို့ မိမိနှင့် မိရှည် လိုက်ပါပို့ဆောင်စေခဲ့သည်။ ဒါကို သူသည် တာဝန်ချိန်မရှိတော့သဖြင့်ဆိုကာ ကားတစ်စီးနှင့် လိုက်ပါလာပြီး ဦးမေအောင်တို့ကို ဦးဆောင် စကားပြောလေသည်။

မိမိကိုကား စကားမပြောချေ။ နောက်အိမ်သို့ပြန်ကာ ဧည့်သည်များကို ထမင်းကျွေးပြီး ကူးတို့ဆိပ်သို့ သူတစ်ယောက်တည်းပင် လိုက်ပို့သည်။ နောက်ရက်များတွင် နံနက် ဘယ်အချိန် ထသွား၍ ညဘက် မည်သည့်အချိန်ပြန်လာသည်ကို မသိနိုင်။ မိမိ ညအိပ်ရာဝင်သည်အထိ သူ ပြန်မလာချေ။ တစ်ခါတစ်ရံ နိုက်ဂျူတီဆိုကာ ပြန်မလာတတ်။ တအုံ့နွေးနွေးနေရခြင်းထက် ပြဿနာရပ်ကိုရှင်းလင်းရန် မြတ်လေးငုံ ဆုံးဖြတ်လိုက်သည်။

ဒီည သူ ပြန်အလာကိုစောင့်ပြီး ရင်ဆိုင်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်စဉ်. . .

"ဟဲ့. . တိတ်ဆိတ်လို့ပါလား၊ သမီးငုံ. . သမီးငုံ. . ၊ မောင်ရဲ. . သမီးငုံ. . "

မေရုံနှင့်မေဆုံတို့အသံကြောင့် မြတ်လေးငုံသည် ဝမ်းသာအားရပင် အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။

ဩော်. . ဘာလိုလိုနှင့် သူတို့လက်ထပ်ပြီးသည်မှာ နှစ်ပတ်တောင် ကျော်သွားပြီကိုး. . .

"မေဆုံတို့က မိုးချုပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မချုပ်ပါဘူးအေ၊ နေဝင်စောလို့ပါ"

အထုပ်အပိုးများကို ဝိုင်းထည့်ပေးရင်း. . .

"ပျော်ခဲ့ရဲ့လား"

"ပျော်တာပေါ့အေ၊ နောက်ကြောင်းအေးသွားတာတို့[illegible] ရင့်ထဲမှာ ပေါ့ပါးသွားတာ၊ ဘုရားစုံ ဖူးခဲ့ရတယ်၊ မေဆုံတို့ [illegible] ခဲ့သမျှ ကုသိုလ်အတွက် အမျှပေးတယ် သမီးငုံ၊ အမျှ. . အမျှ. . အမျှ"

"သာဓု. . သာဓု. . သာဓုပါ မေဆုံ"

အသံမတုန်စေရန် မနည်း သတိထားသည့်ကြားက [illegible] ဖျားခတ် တုန်ခါသွားသည်။

မိဘ စိတ်ချမ်းသာစေရေးအတွက် ရွေးချယ်လိုက်[illegible] လျက် မိမိသည် စိတ်မချမ်းသာရသေးပါလားဟု တွေးကာ စိတ်ထဲ၌ လောကကြီးကို မကျေနပ်သလိုလို ဖြစ်မိလေသည်။

"မောင်ရဲကော သမီးငုံ"

"သူက တာဝန်ပိုဆရာဝန်လေ မေဆုံ"

ဒေါ်ခင်ရုံကတော့ အေးဆေးသူဖြစ်ကာ အစ်မ ဒေါ်ခင်ဆုံမေးမြန်း သမျှကိုသာ သူမေးပြီးသကဲ့သို့ ပြုံးရင်း သမီးဖြစ်သူ၏မျက်နှာလေးကိုသာ ငေးကြည့်နေမိသည်။

"ဒီလိုမပြောနဲ့လေ၊ တာဝန်သိတတ်တဲ့ ဆရာဝန်၊ စေတနာ ဆရာဝန်ကတော် ဖြစ်ရတာကို ဂုဏ်ယူရမှာလေ သမီးငုံ"

"သမီးငုံ အပြစ်ပြောတာ မဟုတ်ဘူး. . ၊ သမီးငုံလဲ စေတနာ ကျောင်းဆရာတစ်ယောက်ရဲ့သမီး ဖြစ်ခဲ့ဖူးတာပဲ ဒါပေမယ့် သူက သူ့မှာ ညားခါစ ဇနီးမယားတစ်ယောက် ရှိ[illegible]





တယ်ဆိုတာကိုတောင် မေ့ထားပုံပဲ"

"ဪ. . သမီးငုံရယ်၊ ဒါကလဲ သူ့မှ မအားတော့တာကိုး"

မိခင်နှင့် ကြီးတော် စိတ်ဆင်းရဲမှာစိုးသဖြင့် မြတ်လေးငုံသည် မိမိကြုံတွေ့ခံစားနေရသမျှတို့ကို ဖွင့်မပြောတော့ဘဲ မိမိဘာသာဖြေရှင်းရန် ဆုံးဖြတ်လိုက်သည်။

"နေကောင်းရဲ့လား သမီးငုံ"

မေရုံ့ မေးခွန်းကြောင့် မြတ်လေးငုံရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ကောင်းပါတယ် မေရုံ"

"ကိုယ်ရည် နည်းနည်း စစ်သွားသလားလို့"

"မတွေ့တာကြာလို့ ထင်ပါတယ်"

မြတ်လေးငုံက ဖုံးကွယ်လိုက်သည်။

သောကစိတ်ဖြင့် အစားအသောက် နည်းပါးလာခြင်းကြောင့်ဟု မြတ်လေးငုံသည် မိမိပိန်သွားမှန်း မိမိသိနေသည်။

"မေရုံတို့ ရေချိုးပြီး ထမင်းစားကြမယ် မှတ်လား"

"တို့ စားခဲ့ပြီ၊ ကူးတို့ဆိပ်မှာပဲ ဆာတာနဲ့ စားလိုက်ကြတယ်၊ တအောင့်နေ ရေချိုးပြီး အိပ်တော့မယ်"

"မောင်ရဲ ဘယ်အချိန် ပြန်လာမှာလဲကွယ့်"

"သူ့ကိုတော့ မေးမနေပါနဲ့၊ အချိန်မှန်သွား အချိန်မှန်ပြန်ဆိုတာသူနဲ့ မဆိုင်ဘူးလေ"

"ဪ. . သမီးငုံရယ်၊ ကိုယ့်လင်သားအပေါ် စိတ်ရှည်နိုင်အောင် ကြိုးစားမှာပေါ့ကွယ်"

ဒေါ်ခင်ရုံက လေပြေအေးသမားဖြစ်၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အား ဖျောင်းဖျပြောဆိုလိုက်သည်။

"ကိုင်း. . ပစ္စည်းတွေ နေရာချလိုက်ပြီး ရေချိုးရအောင် အရှံ့"

မြတ်လေးငုံကပါ အောက်ထပ်တွင်ရှိသော ယခင် ကြီးတော်ဒေါ်ခင်ဆုံ အိပ်နေကျ အိပ်ခန်းသို့ ပစ္စည်းများထည့်ကာ အိပ်ရာပြင်ပေးလိုက်သည်။

"ဒေါ်ညိုသည် လာသွားသေးတယ်လေ"

"ဘယ်သူလဲ"

"ဦးမေအောင်နဲ့ ဂျပန်ဒေါ်ညိုသည်"

"ဟုတ်လား"

"တစ်ညပဲ အိပ်သွားတယ်"

"သြော်. . . သူက ဘာလာလုပ်တာလဲ"

"ဂျပန်ဒေါ်ညိုသည် သွားချင်တဲ့ဆီတွေ လိုက်ပို့ရင်း. . ရောက်လာတာ ဆိုပါတော့"

မြတ်လေးငုံက ပြီးပြတ်စေချင်၍ အကျဉ်းချုံးမျှ ပြောလိုက်ခြင်းဖြစ်သည်။

"မောင်ရဲကော ရှိရဲ့လား"

"ရှိပါတယ်"

"လိုလိုလားလားကော ရှိရဲ့လားကွယ်"

မေရှံ့စကားကြောင့် မြတ်လေးငုံရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မေရှံ့သည် မိမိတို့အခြေအနေကို ရိပ်မိနေသလားဟု။

"ရှိပါတယ်၊ မအားတဲ့ကြားက သွားချင်တဲ့ဆီကို လိုက်ပို့ပေးပါတယ်"





"သြော်. . အေးအေး၊ အိမ်ထောင်ရှိ မိန်းမသားဖြစ်လာတော့ ဘယ်ကိစ္စမျိုးမဆို ကိုယ့်လင်သားမကြိုက်တာ မလုပ်မိစေနဲ့ပေါ့ သမီးငုံရယ်၊ ကိုင်း. . . မေရှံ့ ရေချိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ မေရှံ့"

မြတ်လေးငုံက မိခင်နှင့်ကြီးတော်အတွက် သနပ်ခါးထိုင်သွေးလေတော့သည်။

ဘာပဲဖြစ်ဖြစ် လူကြီးတွေရှိနေလျှင်တော့ မင်းရဲမွန်၏ အချိုးသည် ပြောင်းလွဲသွားနိုင်ကောင်းပါရဲ့။

"ဘယ်လိုယောက်ျားမျိုးလဲ"ဟု မြတ်လေးငုံ တွေးမိကာ ရင်ထဲ၌ တနုံ့နုံ့နှင့် ဒေါသထွက်နေမိသည်။ သို့သော် ဒေါသကို မျိုသိပ်ထားတတ်သော အလေ့အကျင့်ကတော့ မြတ်လေးငုံ၏ အလေ့အထလို ဖြစ်နေလေပြီ။

မိခင်နှင့်ကြီးတော် အိပ်ရာဝင်သွားသည်အထိ ပြင်ဆင်ပေးကာ ကန်တော့ပြီးမှ မိမိအပေါ်ထပ်သို့ တက်ခဲ့သည်။ နာရီကြည့်လိုက်သောအခါ ကိုးနာရီကျော်ရုံသာ ရှိသေးသည်။

လက်ထပ်ပြီး နှစ်ပတ်ကျော်ကာလ၌ လင်ရယ် မယားရယ်ဟူ၍ ချစ်ချစ်ခင်ခင် ကြည်ကြည်နူးနူးနေခဲ့သောရက်မှ ရှိပါလေစ။

မြတ်လေးငုံ ပြန်လည်စဉ်းစား သုံးသပ်နေမိသည်။ ခင်လာဦးတစ်ညတည်းသာ သူ၏နှုတ်ဖျားမှ "ချစ်တယ်. . သိပ်ချစ်တယ် မြတ်ရယ်"ဟူသော ရင်၌ဖြစ်ထွန်းသော အသံကို ကြားခဲ့ရသည်။

သူ၏တယုတယ ထွေးပိုက်နမ်းရှုပ်ခြင်းဖြင့် မိမိ တွန့်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ချောက်ချားနေသည့်ကြားက အချစ်ကမ္ဘာသစ်ဆီသို့ ငှါး ဆောင်ပေးခဲ့သည်။ နောက်ပိုင်း သူ့ကိုစောင့်ရင်း စာဖတ်သည်။ စာဖတ်ရင်း အိပ်ပျော်သွားသည်က များသည်။ သူဘယ်အချိန် ပြန်လာခဲ့သည်ကို မိမိ မသိလိုက်သည်က များသည်။

ယခု အိပ်ပျော်မှာစိုးသဖြင့် မြတ်လေးငုံအိပ်ရာထဲ လဲ လျောင်းမနေတော့ဘဲ လသာဆောင်၌ရှိသော ဒရင်းဘက်၌ ထိုင်နေလိုက်သည်။

မြတ်လေးငုံသည် ဆောင်းညချမ်းကိုလည်း ဂရုမစိုက် နိုင်တော့ချေ။ ဦးမေအောင်နှင့်ပတ်သက်သော ဝေဒနာရပ်တို့ သည်လည်း သူ့ရင်ထဲ၌ ဟင်းလင်းဖြစ်သွားလေပြီ။

မိမိနှင့် ဦးမေအောင်သည် ဘာမှ မဆိုင်တော့။ သာမန် မိတ်ဆွေမျှသာ ဖြစ်သည်။ မိတ်ဆွေ ဝတ္တရားအရ အကူအညီ လိုအပ်လျှင် ပေးမည်။ သူ့၌ ကိစ္စဝိစ္စ အကြောင်းကြီးငယ် ပေါ် လျှင်လည်း သတင်းပေးခြင်း၊ ကိုယ်တိုင်ဆောင်ရွက်ဖွယ်ရာ ကိစ္စ ရှိလျှင်လည်း ဆောင်ရွက်သွားမည် ဖြစ်သည်။

ထိုစဉ်. . .

စက်ဘီးမီးရောင်ကလေးနှင့် စက်ဘီးတစ်စီးသည် မိမိ၏ ခြံဝ၌ရပ်လာပြီး ခြံတံခါးကို အသာတွန်းဖွင့်ကာ စက်ဘီးကိုပင် တွန်းပြီး ဝင်လာသည်။ အိမ်ရှေ့၌ စက်ဘီးကို ရပ်လိုက်သည်။ ဤနေရာပတ်ဝန်းကျင်တွင် သူ့ပစ္စည်းအား ခိုးမည့်သူမရှိ၊ သူ၏ ပင်လျှင် သူ့ပစ္စည်းဆိုလျှင် ရှောင်ရှားသွားလောက်အောင် သူ၏ စေတနာမိုးက ရွာသွန်းဖြိုးလျက် ရှိသည်ကို။

သို့သော် ထိုစေတနာမိုးသည် မိမိအပေါ်တွင်သော





ကွက်၍နေရာချန်ကာ ရွာသွန်းတတ်သည့်မိုးသာ ဖြစ်ချေသည်။

တအောင့်ကြာတော့ သူ အပေါ်တက်လာသည်။ မိမိ အား ခုတင်ပေါ်၌ မတွေ့ခြင်းကို သူ မည်ကဲ့သို့ ထိတ်ထိတ်ပျာ ပျာဖြစ်သွားမည်ကို သူမ ရင်ခုန်စွာဖြင့် စောင့်ဆိုင်းနေမိသည်။

အသက်ပင် ရဲရဲမရှူဝံ့ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၈)

မင်းရဲမွန် မြတ်လေးငုံကို မတွေ့ရသဖြင့် အံ့အားသင့်သွားသည်။

သို့သော် ချက်ချင်းပင် မိခင်နှင့်ကြီးတော် ရောက်နေပြီဖြစ်ကြောင်း ပြန်လာစဉ် လမ်းခရီးရှိ အိမ်များက သတင်းပေးလိုက်သဖြင့် သူတစ်စုံတစ်ရာကို တွေးလိုက်မိသည်။

မြတ်လေးငုံသည် သူ၏မိခင်နှင့်သော်လည်းကောင်း ကြီးတော်နှင့်သော်လည်းကောင်း သွားရောက် အိပ်စက်နေခြင်း





သာဖြစ်ပေမည်ဟု။

ထို့ကြောင့် အိပ်ရာထဲ၌ လှဲချလိုက်သည်။ တစ်နေ့လုံး ပင်ပန်းသမျှတို့သည် ခေါင်းချပြီး တစ်ခဏတွင်းချင်းပင် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၉)

အောက်ထပ်မှ အသံဗလံများကြောင့် မင်းရဲမွန်နိုးလာသည်။

"ညကပဲ ရောက်တယ် အေးရှင်၊ ညည်းက အရင်လိုပဲ ပဲလား"

"အရင်လို မဟုတ်ဘူး ကြီးတော်ဆုံရေ၊ သူများနွားအနောက်ကျသားမွေးလို့ ကံကောင်းလို့ ဆရာလေးပေးထားတဲ့ အသက်ကြောင့် ခုလို ကြီးတော်ဆုံတို့ သူများပဲပြုတ် စားနိုင်





သေးတာ"

"ဟုတ်လား၊ ဘာလေးလဲဟဲ့"

"ယောက်ျားလေးတော့၊ ဆရာလေး တနင်္ဂနွေသားဖြစ်လို့တဲ့ အဓိပတိလို့တောင် နာမည်ပေးထားတယ်၊ တစ်တုံးတစ်ခဲကြီးတော့"

"အေး. . . အားရင် တို့များ လာကြည့်ဦးမယ်"

မင်းရဲမွန် အောက်ထပ်သို့ ဆင်းလာသည်။

ဒေါ်အေးရှင်လည်း ပဲပြုတ်တောင်း ခေါင်းရွက်ကာ ထွက်သွားလေသည်။

"ဟော. . . မောင်ရဲတောင် နိုးလာပြီ၊ သမီးငုံက မထသေးဘူးလား"

"ဟင်. . မြတ်က မေဆုံတို့နဲ့ အိပ်တာ မဟုတ်ဘူးလား"

"အလိုတော်. . ကြံကြီးစည်ရာ၊ သူက တို့များကို ချွဲချင်လို့ အိပ်ချင်တယ်ပဲ ထားပါဦး တို့များက ခွင့်ပြုပါ့မလား"

"ဒါဖြင့်. . ."

မင်းရဲမွန်သည် အပေါ်ထပ်သို့ သုတ်ချေတင် ပြန်ပြေးတက်ခဲ့လေသည်။

ဒေါ်ခင်ဆုံမှ အပေါ်ထပ်သို့ လိုက်တက်ရနိုး၊ အောက်မှာပဲ နေခဲ့ရနိုးနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်ကျန်ရစ်ခဲ့သည်။

အပေါ်ထပ်၌ အခန်းဟူ၍ နှစ်ခန်းသာရှိသည်။ ဘုရားခန်းနှင့်ဧည့်ခန်းကျယ်ကြီးနှင့် မိမိတို့ အိပ်ခန်း၊ ပြီးတော့ လသာဆောင်၊ ဒါပဲရှိသည်။ ဘုရားခန်း၌ ဘုရားစင်ကလွဲ၍ ပြောင်လက်နေသော ကြမ်းပြင်ကြီးသာရှိသည်။ ဘာပစ္စည်းမှ မထား

www.burmeseclassic.com



လသာဆောင်သာ ကြည့်ရန်ရှိသည်။ ထင်သည့်အတိုင်း လသာဆောင်ရှိ ဒရင်းဘက်ပေါ်တွင် အိပ်ပျော်နေသော မြတ်လေးငုံကို တွေ့လိုက်ရသည်။

သူ့ရင်ထဲ ထူပူသွားသည်။ အနား ချဉ်းကပ်ကာ. . .

"မြတ်. . မြတ်"

နဖူးသို့ စမ်းလိုက်ရုံနှင့် သူမဖျားနေပြီဟု သိကာ ပွေ့ချီလိုက်သည်။ သို့သော် မနိုင်ချေ။ သူမ၏ မြန်မာအမျိုးသမီးများထဲ ရှားပါးလှသော ငါးပေခြောက်လက်မရှိ အရပ်အမောင်းကို သူမနိုင်။

မြတ်လေးငုံ နိုးလာပြီး. . .

"ရတယ်"

ဟုလေသံပျော့နှင့်ပြောပြီး ထရန်ကြိုးစားသော်လည်း စိတ်သွားတိုင်း ကိုယ်မပါသဖြင့် မင်းရဲမွန်၏ တွဲခေါ်ရာသို့ လိုက်ပါခဲ့ရသည်။

ခုတင်ပေါ်၌ လှဲလျောင်းစေပြီး. . .

"မေဆုံ. . ရေနွေးဇလုံ ယူခဲ့ပေးပါ၊ ဒီမှာ သမီးငုံ ဖျားနေပြီ"

မင်းရဲမွန်က ပျာယာခတ်ကာ ဆေးသေတ္တာပြေးယူရင်း မီးဖိုဘက်၌ ကျိတ်ကျိတ် ကျိတ်ကျိတ် စကားပြောနေသော ညီအစ်မကို လှမ်းအော်ပြောပြီး အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

သူမကို စမ်းသပ်ကြည့်တော့ အဆုတ်အအေးပတ်ကာ ရိုးရိုးဖျားခြင်းသာ ဖြစ်သဖြင့် အတန်ငယ် စိတ်အေးသွားသည်။

"ဘာဖြစ်တာလဲ"





"လသာဆောင်မှာ ကျွန်တော့်ကို ထွက်စောင့်နေတာ ထင်တယ်၊ ကျွန်တော်ကလဲ မေဆုံတို့နဲ့ အိပ်တယ်ထင်ပြီး မရှာမိလိုက်ဘူး၊ အဲဒါအအေးမိပြီး ဖျားသွားတာ"

"ဪ. . . ဖြစ်ရမယ်"

မင်းရဲမွန်က မြတ်လေးငုံကို ဆေးတစ်လုံး ထိုးပေးလိုက်ပြီး. . .

"ကြက်စွပ်ပြုတ်ပဲ ကျွေးမှဖြစ်မယ်၊ အဖျားက တစ်ရာ့လေးတောင်ရှိတယ်၊ ခု ဟောလစ်တစ်ခွက်လောက် ဖျော်ပေးပါ မေရုံ၊ ဆေးတိုက်ချင်လို့"

"အေး. . . အေး. . ."

ဒေါ်ခင်ရုံ အောက်ထပ်သို့ ဆင်းသွားသည်။ ဒေါ်ခင်ဆုံကလည်း. . .

"မေဆုံ ဘာလုပ်ပေးရဦးမလဲ"

"ရပါတယ် မေဆုံ၊ ကျွန်တော်ပဲ လုပ်ပေးပါ့မယ်"

"ဒီလိုဆိုရင် ဈေးပြေးပြီး ကြက်သားဝယ်လိုက်ဦးမယ်၊ သားကော ဘာစားချင်သလဲ"

"ကျွန်တော် အစားအသောက် မရွေးတတ်ပါဘူး၊ ဪ. . . မေဆုံ ခဏနေဦး"

မင်းရဲမွန်က ဗီရိုဖွင့်ကာ အံဆွဲထဲတွင်ရှိသော ငွေတစ်ထောင်တန်တစ်အုပ်ကို ယူကာ ဒေါ်ခင်ဆုံ လက်ထဲသို့ ရိုသေစွာ ထည့်ပေးလိုက်သည်။

"အိမ်သုံးစရိတ်နဲ့ မေဆုံတို့ သုံးချင်တာသုံးပါ၊ မြတ်နေကောင်းသွားရင် ဆွမ်းကျွေးဖို့အတွက်တော့ မြတ်နဲ့တိုင်ပင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ကြတာပေါ့"

"အေးအေး. . . တစ်သိန်းတောင် များလှချည်လား"

"မများပါဘူး၊ အိမ်သုံးစရိတ်ပေါ့၊ မေဆုံတို့ ဥပုသ်ရက်ထဲ လှူချင်တာ လှူနိုင်အောင်ပါ"

"သာဓု. . သာဓု. . သာဓု"

မေဆုံက ဝမ်းသာ၍ သာဓုခေါ်ရသည်ကိုပင် အတုန်ကယင် ဖြစ်သွားရှာသည်။

မြတ်လေးငုံသည် မျက်စိမဖွင့်နိုင်သည့်ကြားက အားလုံး ကြားနေရသည်။

မင်းရဲမွန်အပေါ် ဤအချက်ကလေးတွေနှင့်ပင် မိမိမှာ ခွင့်လွှတ်နေရဦးမှာပင်။

မင်းရဲမွန်က မျက်နှာသုတ်ပဝါတစ်ထည်ကိုယူကာ ရေသွားနှစ်ပြီး ညှစ်ကာ မြတ်လေးငုံ၏ မျက်နှာနှင့်လည်ပင်း လက်များကို သုတ်ပေးလိုက်သည်။

မြတ်လေးငုံ မျက်စိဖွင့်ကြည့်လိုက်သည်။

မင်းရဲမွန်နှင့် မျက်လုံးချင်း ဆုံမိကြသည်။ စိုးရိမ်သော်လည်း မာနရှိနေသော မျက်ဝန်းဖြစ်သဖြင့် မာကျောသောအသွင် ရှိသည်ဟု မြတ်လေးငုံ အကဲခတ်လိုက်မိသည်။

မင်းရဲမွန်ကလည်း မြတ်လေးငုံကို လျှို့ဝှက်မှုရှိသော မျက်ဝန်းဟု အတတ်ပင် စိတ်တွင်း၌ စွပ်စွဲလိုက်သည်။ တစ်ဆက်တည်း မိမိအပေါ်၌ လိမ်ညာလှည့်ဖျားရက်သူအနေဖြင့် သူမအား နာကြည်းနေမိသည်။

သို့သော် မိမိက သူမကို ချစ်သည်။ ထို့ကြောင့် သူမအား





ခွင့်လွှတ်နိုင်ရန် သူ ကြိုးပမ်းနေသည်။

မင်းရဲမွန် သက်ပြင်းချလိုက်သည်။

"သား. . . ဟောလစ် ရပြီ"

"မေရှုံပဲ တိုက်လိုက်ပါ၊ ဒီဆေးသုံးမျိုးကို ဟောလစ်နဲ့ အတူ တိုက်လိုက်ပါ၊ ကျွန်တော် ဆေးရုံ ခဏသွားလိုက်ဦးမယ်။ အကျိုးအကြောင်း ပြောပြပြီး ပြန်လာခဲ့မယ်"

"ဪ. . . ရပါတယ် သား၊ ခွင့်ယူရမယ်ဆိုရင် မယူပါနဲ့ကွယ်၊ မေရှုံတို့ ရှိတာပဲ"

"ရပါတယ် မေရှုံ၊ အခြေအနေ သွားကြည့်လိုက်ဦးမယ်"

အောက်ထပ်စားပွဲမှာ သားအတွက် မေရှုံ ထမင်းကြော်နဲ့ ကော်ဖီ ပြင်ထားတယ်၊ စားသွားလိုက်ဦးနော်"

"ဟုတ်ကဲ့ မေရှုံ"

မင်းရဲမွန်က မြတ်လေးငုံကို တစ်ချက် လှမ်းကြည့်လိုက်သည်။ သူမမျက်နှာ ညှိုးကျသွားသည်ဟု သူ့စိတ်ထဲ ထင်လိုက်မိသည်။

သို့သော် ထို အတွေးသံသယစူးကြောင့် "နေမကောင်းလို့ညှိုးတာနေမှာပါ၊ သူလား သူ့အနားမှာ ငါရှိနေတာကို ကြိုက်မှာ" ဟူသော အထင်ဖြင့် မျက်နှာလွှဲကာ ထွက်ခဲ့လေသည်။

မြတ်လေးငုံရင်ထဲ နင့်ခနဲ ခံစားလိုက်ရလေသည်။ သူ၏ အချစ်ကို မိမိမည်ကဲ့သို့ ယုံနိုင်တော့မည်လဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄၀)

မြတ်လေးငုံအတွက် မျှော်တလင့်လင့် ဖြစ်နေသည်။

သို့သော် ထိုမျှော်လင့်ခြင်းတို့သည် ဆေးရုံမှသူနာပြု ဆရာမတစ်ဦး ရောက်လာချိန်၌ ကုန်ဆုံးသွားလေသည်။

"ဆရာ မအားဘူး၊ ခွဲခန်းဝင်နေရတယ် ဆရာကတော် အဲဒါ ဆယ့်နှစ်နာရီမှာ အဖျားတိုင်းဖို့နဲ့ ဆေးတိုက်ဖို့ ကျွန်မကို လွှတ်လိုက်ပါတယ်"

မြတ်လေးငုံရင်ထဲ ဖြေသိမ့်နိုင်အောင် ကြိုးစားလိုက်





သည်။

ခွဲခန်းကလူနာအတွက် သူ ရွေးချယ်ခြင်းက မှန်ကန် သည်ဟု။

"ရပါတယ် သက်သာသွားပါပြီ၊ ဘာဆေးသောက်ရ မယ် ဆိုတာသာ ပြောခဲ့ပါ၊ တစ်ရာ့တစ်ပဲ ရှိတော့တယ်"

"ဟုတ်ကဲ့"

သူနာပြုဆရာမလေးက မင်းရဲမွန်၌ရှိနေသော ဆေးများ ထဲမှ ညွှန်ကြားလိုက်သော ဆေးကို ရွေးချယ်ကာ ထုတ်ပေးခဲ့ပြီး ပြန်သွားသည်။ မေရုံက ကြက်စွပ်ပြုတ်ပန်းကန်လေး ယူလာပေး ရင်း. . .

"သောက်လိုက်ဦး သမီးငုံ"

မြတ်လေးငုံက ကြက်စွပ်ပြုတ်ကို ဖြည်းဖြည်းချင်း မှုတ် သောက်နေသည်။

"သမီး ငုံ. . ."

"ရှင်. . ."

မေရုံအား လှမ်းကြည့်လိုက်သည်။ မေရုံမျက်ဝန်း၌ ပြောစရာ စကားများ ရှိသည်ဟု မြတ်လေးငုံ အတတ်သိလိုက် သည်။

"မောင်ရဲနဲ့ သမီးငုံ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဘာဖြစ်လို့မေးတာလဲ မေရုံ"

"သမီးငုံနဲ့ မောင်ရဲရဲ့ ဆက်ဆံရေးဟာ အေးတိအေး စက် ဖြစ်နေသလားလို့"

"မေရုံတို့ရှေ့မှာမို့လို့ သူ ရှိန်နေတာ ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးငုံက မိခင် စိတ်ဆင်းရဲမှာစိုးသဖြင့် မုသားသုံးလိုက်သည်။ ဒီအတွက် လိမ်ညာခြင်းသည် အကုသိုလ်မဟုတ်ဟု သူမယုံကြည်ထားသည်။

"အေးလေ၊ ပြေလည်ရင် ပြီးတာပါပဲ၊ သမီးငုံတို့က ရေရှည်လက်တွဲသွားရမယ့်သူတွေ မဟုတ်လား၊ အစကောင်းမှ အနှောင်းသေချာတယ်တဲ့၊ အစကတည်းက ပြဿနာရှိလာရင် မကြီးထွားခင်မှာ ဖြေရှင်းနိုင်တာ အကောင်းဆုံးပဲ၊ အမှိုက်ကစ ပြဿာဒ်မီးလောင်တာမျိုး မဖြစ်စေနဲ့ သမီးငုံ"

"ဟုတ်ကဲ့ပါ မေရဲ့"

"ယူဦးမလား သမီးငုံ"

"တော်ပြီ မေရဲ့၊ ဆေးပဲ သောက်တော့မယ်"

"အေးအေး. . . ဆေးသောက်ပြီး တရေးအိပ်လိုက်ဦးနော်"

"ဟုတ်ကဲ့"

မြတ်လေးငုံသည် ရေကျက်အေးနှင့် သူနာပြုဆရာမ ပေးထားခဲ့သော ဆေးကို သောက်ချလိုက်သည်။

မှန်တင်ခုံပေါ်တွင် တင်ထားသော ကိန္နရာ ကိန္နရီမောင်နှံရုပ်ကလေးကို ကိုင်ကြည့်လိုက်သည်။

ဘယ်တုန်းက ဘယ်သူပေးထားသည်။ ဝယ်ယူထားသည်။ ဘာကိုမှ မိမိမသိချေ။

ပန်းပုရုပ်ကလေးများကို မှန်တင်ခုံပေါ် ပြန်တင်လိုက်သည်။

ထို့နောက် ခေါင်းအနည်းငယ် မူးလာသဖြင့် ခုတင် ပေါ်





ပြန်လှဲကာ မျက်စိမှိတ်ထားလိုက်လေသည်။ တစ်ခဏ၌ အိပ်ပျော်သွားလေသည်။

သို့သော် တဖွဖွခြေသံနှင့်အတူ မိမိနဖူးကို အသော အယာ ထိတွေ့မှုကြောင့် နိုးလာသည်။

မင်းရဲမွန်၏ စိုးရိမ်မကင်းဖြစ်နေသော မျက်နှာကို လှမ်းတွေ့လိုက်ရသည်။

"ကျွတ်. . ကျွတ်. . အိပ်. . အိပ်"

ဟုပြောကာ အောက် ထပ်သို့ ပြန်ဆင်းသွားသည်။

ထမင်းသွားစားတာ ဟု မြတ်လေးငုံ တွက်ဆပြီး အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

ထင်သည်။ အောက်ထပ်မှ စကားသံတို့ကို ကြားရပြီး မကြာခင်မိမိအပါးသို့ မင်းရဲမွန် ပြန်ရောက်လာသည်ကို သိလိုက်ရသည်။

ထို့နောက် သူသည် မိမိနံဘေးဝယ် လဲလျောင်းလိုက်သည်။ မြတ်လေးငုံက မင်းရဲမွန်ဘက်သို့ အရဲစွန့်ကာ လှည့်လိုက်သည်။

"ဟင်. . . မြတ် နိုးသွားပြန်ပြီလား"

သူက ရုတ်တရက် အလန့်တကြား ထ, ထိုင်လိုက်သည်။

"ပြန်အိပ်ပါ ကိုရဲ၊ ကျွန်မ စောစောက ကိုရဲ နဖူးလာစမ်းကတည်းက နိုးနေတာပါ၊ ကျွန်မ ကိုရဲကို စောင့်နေတာ"

"ဘာပြောစရာရှိလို့လဲ၊ ကိုယ် အိပ်ချင်နေတယ်"

မင်းရဲမွန်က ပြန်လှဲချလိုက်ပြီး ပြောလိုက်သည်။

"မေးချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သိပ်ပင်ပန်းနေတဲ့အတွက် ကျေးဇူးပြုပြီး ကိုယ့်ကို ဘာမှမမေးရင် ကောင်းလိမ့်မယ်ထင်တယ် မြတ်. . ၊ ကိုယ်ခဏ နားပါရစေ"

မြတ်လေးငုံ ရင်ထဲ အောင့်သက်သွားသည်။

မိမိအတွက် သည်းခံပေးစရာအချိန် မရှိလောက်အောင်ဖြစ်နေပါလား။ အမှန်တကယ်တော့ မိမိဟာ ကံဆိုးသူတစ်ယောက်ပါလားဟု တွေးကာ ဝမ်းနည်းသွားပြီး သူ့အား ကျောခိုင်းလိုက်သည်။

"ကိုယ့်ကို နားလည်ပေးပါ မြတ်ရယ်၊ ကိုယ် တကယ်ပင်ပန်းနေလို့ပါ" ဟုပြောပြီး မင်းရဲမွန်က မျက်လုံးကို မှိတ်ထားပြီး အသက်မှန်မှန် ရှူရှိုက်လိုက်လေသည်။

မြတ်လေးငုံသည် ရင်တွင်း ကြိတ်မနိုင် ခဲမရတစ်ဆို့နေသော ဝေဒနာကြောင့် ကြေကွဲပွင့် မျက်ရည်စက်တို့က ခေါင်းအုံးလေးပေါ်သို့ စီတန်းကာ ခုန်ဆင်းကုန်ကြလေသည်။







# အခန်း (၄၁)

မေအောင်သည် အသက်ဝိညာဉ် ကင်းမဲ့သွားသော ခင်၏ ရုပ်အလောင်းကို ကြည့်ကာ ကြက်သေ သေနေမိသည်။

ငွေကို ရေလိုသုံးကာ မရှိဟူသော စကားကို မကြားဖူးသည့်ဘဝမျိုးဖြင့် မွေးဖွားကြီးပြင်းခဲ့သူ ဒေါ်ဒါလီဖုန်းမြင့်၏ ဘဝဖိုးက မလှပပါချေ။ သေခြင်းတရားအတွက် ကြိုတင်မြင်ဆင်မှု မရှိခဲ့ဘဲ ဖဲပွင့်ကလေးများနှင့် ဂဏန်းများကိုသာ ရေတွက်ရင်းပျော်မွေ့တတ်သူ၊ အပေါင်းအသင်းများနှင့် စားသောက်ဆိုင်

www.burmeseclassic.com



တကာ အစုံအလင်၌ မစားဖူးတာ မရှိရလေအောင် လိုက်စားခြင်း၊ မဝတ်ဖူးတာ မရှိရလေအောင် ပေါ်ပေ့ဆန်းပေ့များကို လိုက်လံဝယ်ယူ ဝတ်ဆင်တတ်သူ၏ ဘဝနိဂုံးကြောင့် သေမင်းကို ရုပ်ပျက်ဆင်းပျက် ရင်ဆိုင်သွားရသူ မိခင်၏ ရုပ်အလောင်းကိုကြည့်ကာ သံဝေဂရမိသည်။

"ဒါလီအောင်က ချိုင်းထောက်ကိုအားပြုပြီး ဝင်လာသည်။ မိခင်၏ အလောင်းကို မြင်သောအခါ. . .

"အမလေး" ဟု အော်ကာ လဲကျသွားလေသည်။

မေအောင်က မိခင်အလောင်းကို စောင်ဖြင့်ဖုံးပြီး ဒါလီအောင်ကို ပွေ့ချီကာ အောက်ထပ်ရှိ သူမခုတင်ပေါ်၌ တင်ထားပြီး တယ်လီဖုန်းဆက်ကာ ဆွေမျိုးမိတ်ဆွေများကို အကူအညီတောင်းလိုက်သည်။ ပြီးလျှင် ညီအောင်ဆီသို့ ဖုန်းဆက်လိုက်သည်။

ညီအောင်က ခွဲစိတ်ခန်းဝင်နေသဖြင့်. . ဖုန်းကိုင်သူဆရာဝန်ကိုသာ အကျိုးအကြောင်း ပြောပြလိုက်သည်။

ပထမဦးဆုံး သေစာရင်းယူရန်နှင့် မိခင်ရုပ်ကလာပ်ကို အအေးတိုက်သို့ပို့ရန် စီစဉ်ရလေသည်။

ထို ပူပန်သောကရောက်နေသည့်ကြားက မြတ်လေးငုံကို သတိရလိုက်မိသည်။

"သူမ့သာ ရှိခဲ့လျှင်. . " ဟူသော အတွေးကို မကောင်းသော အတွေးပါလား ဟူသော သတိဖြင့် ဆင်ခြင်ကာ ဖျောက်ဖျက်ပစ်လိုက်လေသည်။

ဒေါ်သက်သက်ခိုင်နှင့် စံပယ်၊ မောင်မြင့်ထူးနှင့် ရုံးမှ





ထမ်းအချို့ ရောက်လာသည်။

"တို့ ဘာလုပ်ရမလဲ မေအောင်"

"လောလောဆယ်တော့ အန်တီ့တူမကို အရင်သွားကြည့်လိုက်ပါဦး၊ မူးလဲသွားလို့"

"ဟုတ်လား"

မောင်မြင့်ထူးပါ မျက်စိမျက်နှာ ပျက်သွားသည်ကို မေအောင် သတိပြုမိလိုက်သည်။

မောင်မြင့်ထူးသည် မျိုးကောင်းရိုးကောင်းထဲမှ ပေါက်ဖွားလာပြီး အသောက်အစားကင်းကာ ရိုးရိုးသားသား ကြိုးစားသူ၊ ဘဝတက်လမ်းကို အမြဲတမ်း ရှာဖွေနေတတ်သူ ဖြစ်သည်။

မိခင်ကိစ္စတွေ ပြီးစီးသွားလျှင် မောင်မြင့်ထူးလည်း နောက်ဆုံးနှစ်စာမေးပွဲ ပြီးလောက်ပြီ။ ညီအောင်နှင့်တိုင်ပင်ပြီး လုပ်ငန်းတစ်ခုခွဲပေးကာ ဤကလေးနှစ်ယောက်ကို လက်ထပ်ပေးလိုက်ရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

မိမိကတော့. . .

"ဆရာ. . သံပရာရည်လေး သုံးဆောင်လိုက်ပါဦး. .၊ ဆရာ့ကြည့်ရတာ သိပ်ပင်ပန်းနေသလိုပဲ"

"ကျေးဇူးပါပဲ စံပယ်"

မြတ်လေးငုံလောက် မလှသော်လည်း ချစ်စရာကောင်းသော၊ သွက်လက်ချက်ချာသော မိန်းကလေးဖြစ်သည်။

သို့သော် သူမသည်လည်း မိမိနှင့်မြတ်လေးငုံကို ဘဘောတူကာ ဘေးတီးပေးသူထဲတွင် ပါဝင်သူဖြစ်သည်။ မိမိအပေါ် အစ်ကိုကြီးတစ်ယောက်ကို ချစ်ခင်ခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီအောင်နှင့်ဆိုလျှင်. . .

မေအောင် ခေါင်းယမ်းလိုက်မိသည်။

“ဘာဖြစ်လို့လဲ ဆရာ၊ ချဉ်သွားလို့လား”

“မဟုတ်ပါဘူး”

“ဒါဖြင့် ခေါင်းကိုက်လို့လား၊ စံပယ် ဘာလုပ်ပေးရမလဲ”

စံပယ်၏ မျက်ဝန်းလေးက တကယ့်ကို မိမိအပေါ် စိုးရိမ်နေသော မျက်ဝန်း၊ ကရုဏာသက်သော မျက်ဝန်းလေးများ ဖြစ်နေသည်။

“ရပါတယ် စပယ်၊ ကိုယ် ဘာမှ မဖြစ်ပါဘူး”

မေအောင်၏ ယောက်ယက်ခတ်နေသော အတွေးတို့ကို ဖျောက်ဖျက်လိုက်သည်။

သတင်းစာတိုက်သို့သွားကာ သတင်းထည့်ရန် စံပယ်အား တာဝန်ပေးလိုက်လေသည်။







# အခန်း (၄၂)

ညဂျူတီကျသည်ဟုဆိုကာ နေ့ခင်းဘက်တွင် ပြန်လာပြီး အိပ်သည်။ ညနေစာစားပြီးသည်နှင့် ပြန်ထွက်ကာ ညဘက်ဆေးရုံ၌ သွားအိပ်သော မင်းရဲမွန်ကို မြတ်လေးငုံ စောင့်မျှော်နေသည်။ မင်းရဲမွန်သည် သတင်းစာတစ်စောင်ကိုကိုင်ကာ အစောကြီးရောက်လာသဖြင့် မြတ်လေးငုံ အံ့အားသင့်သွားသည်။

“အဖျားရှိသေးလား မြတ်”

တွေ့တွေ့ချင်း မြတ်လေးငုံ နဖူးကိုစမ်းပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး၊ ဒီနေ့ တနင်္ဂနွေဆိုတော့ ရေချိုးရင် ရပြီ၊ ကိုယ် ရန်ကုန်ကို တစ်ညအိပ် သွားလိုက်ဦးမယ်"

"ဘာဖြစ်လို့လဲ"

"ရော့ ဒေါ်ဒါလီဖုန်းမြင့်ရဲ့ နာရေးသတင်းပါလာတယ်"

"ဟင်"

မင်းရဲမွန်သည် မြတ်လေးငုံ၏ရှေ့စားပွဲပေါ်သို့ သတင်းစာကို တင်လိုက်ပြီး အပေါ်ထပ်သို့ တက်သွားလေသည်။

မြတ်လေးငုံ နာရေးသတင်းကို ကမန်းကတန်း ကြည့်ပြီး မင်းရဲမွန် နောက်သို့ ပြေးလိုက်ခဲ့လေသည်။

"ကျွန်မကော လိုက်လို့ရမလား ကိုရဲ"

"နာလန်ထစပဲ ရှိသေးတာ၊ မင်း ပင်ပန်းနေမှာပေါ့"

"ကိုရဲ တစ်ယောက်ထဲ"

"ကိုယ့်ကို ခုတုံးမလုပ်ပါနဲ့ ဒေါ်မြတ်လေးငုံ၊ ခင်ဗျားလူ အတွက် ခင်ဗျားအားပေးချင်သပဆိုရင်တော့ လိုက်ပေါ့"

မင်းရဲမွန် မျိုသိပ်ထားခဲ့ရသမျှတို့သည် ပေါက်ကွဲသွားလေသည်။ ကြေညာခြင်းမရှိဘဲ အရှိုက်အထိုးခံလိုက်ရသောသူကဲ့သို့ မြတ်လေးငုံသည် အောင့်ခနဲဖြစ်သွားပြီး အံ့အားသင့်သွားရလေသည်။

"ဘာ ကိုရဲ၊ ရှင် ဘာစကား ပြောလိုက်တာလဲ"

"ကျုပ် ဘာစကားပြောသလဲဆိုတာ ခင်ဗျားအသိဆုံး ဖြစ်မှာပါ ဒေါ်မြတ်လေးငုံ၊ ရော့ ဒီမှာ ခင်ဗျားတို့ရဲ့ သက်သေခံ အထောက်အထားတွေ"

မင်းရဲမွန်က သူ၏အတက်ချိုကေ့စ်ထဲမှ စာအိတ်တစ်





အိတ်ကို ဆွဲယူလွှင့်ပစ်လိုက်သည်။ ဓာတ်ပုံများ ပေးစာအိတ်များ ပြန့်ကျဲသွားလေသည်။

"ပြီးတော့ ဗီရိုအံဆွဲထဲက ခင်ဗျားအိတ်ထဲမှာ ခင်ဗျားမစွန့်ပစ်ရက်လို့ အမြတ်တနိုး သိမ်းဆည်းထားတဲ့ ခင်ဗျားလူရဲ့စာ ဒါတွေ . . ဒါတွေ အားလုံးဟာ ကျုပ်နှလုံးသားကို နုပ်နုပ် နုပ်နုပ် စင်းနေတာကြာပြီ၊ ကျုပ်ဆက်လက်ပြီးတော့ မခံစားနိုင်တော့ဘူး ဒေါ်မြတ်လေးငုံ၊ ဒါကြောင့် ခင်ဗျားကျုပ်ကို ကျုပ်ပြန်လာတဲ့အခါ ကျုပ်ကျေနပ်လောက်တဲ့ ဝန်ခံမှုတစ်ခုခုပေးပါလို့ ကျုပ် တောင်းပန်ပါတယ်၊ ခင်ဗျား. . . ခင်ဗျားကို ကျုပ် သိပ်ချစ်ရတဲ့ လူဆိုတော့ ကျုပ် မစွန့်လွှတ်နိုင်ဘူး၊ ဒါပေမယ့် ခင်ဗျား မလိုက်ခဲ့ပါနဲ့၊ ခင်ဗျားတို့ရဲ့ ကြည်နူးမှုကို ကျုပ်မကြည့်ရဲဘူး၊ ကျုပ်ကို ထပ်ပြီး မနှိပ်စက်ပါနဲ့တော့ ဒေါ်မြတ်လေးငုံ၊ ကျုပ်တောင်းပန်ပါတယ်၊ ကိုင်း ကျုပ်သွားမယ်"

ပြောပြောဆိုဆိုဖြင့် မင်းရဲမွန်သည် အိပ်ခန်းအတွင်းမှ ထွက်ကာ တဒုန်းဒုန်း ပြေးဆင်းသွားလေသည်။

မြတ်လေးငုံသည် အိပ်ခန်းထဲ ပြန့်ကျဲကျန်ရစ်ခဲ့သော ဓာတ်ပုံများ၊ စာများကို ကြည့်ရင်း ကြက်သေသေကာ ကျန်ရစ်ခဲ့လေသည်။ သို့သော် ထိုစာများကို ကောက်ကိုင်မကြည့်နိုင်သေးဘဲ ကားသံကြောင့် သူအပြင်ထွက်သွားပြီဟု သိလိုက်ရချိန်၌ မျက်ရည်တို့သည် အတားအဆီး ကင်းမဲ့စွာ ကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄၃)

အသုဘပို့ အချိန်မီ မရောက်ရှိနိုင်ဘူးဟု သိလျက်နှင့် မင်းရဲမွန်သည် ဦးမေအောင်တို့အိမ်သို့ရောက်အောင် သွားလိုက်သည်။ တိတ်ဆိတ်နေသော အိမ်ကြီး၏ ပေါ်တီကိုအောက်သို့ ကားရပ်လိုက်စဉ်. . .

"ဟင် ရဲ"

ညီအောင်က ဆိုဖာဆက်တီပေါ်တွင် လဲလျောင်းရင်း မေအောင်၏တိုင်ပင်ဖွင့်ဟမှုကို နားထောင်နေရာမှ လှမ်းမြင်





လိုက်သဖြင့် ပြေးထွက်ကြိုလိုက်သည်။

"မင်းကွာ"

"အေးကွာ မနက်ကမှ သတင်းစာမှာတွေ့လို့ ခွင့်ယူပြီး အားချင်းမောင်းလာတာကွ၊ ဒီကိုပဲ တန်းလာတာ၊ အိမ်ကိုတောင် မဝင်ခဲ့သေးဘူး"

"မင်းတို့အိမ်ကို သွားမနေနဲ့တော့ ဒီမှာပဲ ကိုယ်နဲ့အိပ်ကွာ"

"မေအောင်ကပါ ထကြိုကာ. . ."

"ဟုတ်သားပဲ ဒေါက်တာ၊ ကြုံတုန်း ကျွန်တော် တလဲ ပြုစုပါရစေ"

"ဟာ မဟုတ်တာဗျာ၊ သောကဝေနေတဲ့အိမ်ကို ကျွန်တော်အကူအညီပေးရအောင် လာတာပါဗျာ၊ အသုဘပို့ချိန် မမီဘူး သိပေမယ့်. . လာ အားပေးတာပါ"

"ကျေးဇူးတင်ပါတယ် ရဲရာ၊ ကိုင်း. . လာ. . လာ. . ကိုယ့်အခန်း ထဲမှာသာ တစ်ခါတည်း နေရာယူပေတော့"

"နေပါဦး ညီလေးရာ. . မင်းသာ ပစ္စည်းသွားထားနှင့်၊ ကိုကို ဒေါက်တာကို အအေးလေး တိုက်လိုက်ပါဦးမယ်"

"ဪ. . ဟုတ်သားပဲ"

မင်းရဲမွန်သည် ဦးမေအောင်၏ ရှင်းလင်းတည်ကြည်သော မျက်နှာကြောင့် သူ့ရင်ထဲ မကျေနပ်စိတ်တို့သည် ခေတ္တငုံ့လျှိုးသွားလေသည်။

"ဪ အသံတွေကြားလို့ ဘယ်သူများလဲလို့ ဒေါက်တာပါလား။ အငုံ့တစ်ယောက်ကော မပါဘူးလား"

www.burmeseclassic.com

"သူက ဖျားပြီးခါစ နာလန်ထဖြစ်နေလို့ ခရီးပန်းမှာစိုးလို့ ကျွန်တော် မခေါ်ခဲ့တာ"

ဒေါ်သက်သက်ခိုင်က ဆန်းကစ်အအေးဘူး သုံးလေးဘူးနှင့် ဖန်ခွက်သုံးခွက်ကို ထည့်ယူလာသော ဗန်းကို မင်းရဲမွန် ရှေ့တွင် ချပေးလိုက်သည်။

ဦးမှုမအောင်က တစ်ဘူးကို ဖောက်ကာ ဖန်ခွက်ထဲ ထည့်ပြီး မင်းရဲမွန်ကို ကမ်းပေးလိုက်သည်။

"အမောပြေလေး သုံးဆောင်လိုက်ပါဦး ဒေါက်တာ"

"ကျေးဇူး"

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒေါက်တာ၊ မစ္စတာစူကာကီး ပို့ပေးလိုက်တဲ့ မာတ်ပုံတွေတောင် နေ့ခင်းကပဲ ရတယ်၊ ညီအောင့်ဆီမှာ"

မင်းရဲမွန် ရင်ထဲ၌ ဦးမေအောင်သည် ဟန်ဆောင်ကောင်းလွန်းသောလူတစ်ယောက်ဖြစ်လေသလားဟု တွေးတောမိကာ မသိမသာ အကဲခတ်လိုက်သည်။

ညီအောင်က အပေါ်ထပ်မှ ဆင်းကာ

"ဒီလိုတော့ လွယ်လွယ်နဲ့ ဘယ်ရမလဲ၊ တစ်ခုခုတော့ အလဲအလှယ်လုပ်ရမှာပေါ့၊ မဟုတ်ဘူးလား"

"ရပါတယ် ညီရာ၊ ခုချိန်မှာ ကိုယ်က မင်းပြုသမျှ နုရမယ့် ဘဝကိုးကွ"

"လာကွာ သူငယ်ချင်း"

ညီအောင်က မင်းရဲမွန်ကို ပခုံးဖက်ကာ ခေါ်ဆောင်သဖြင့် မင်းရဲမွန်က ဦးမေအောင်နှင့် ဒေါ်သက်သက်ခိုင်ကို နှုတ်





ပန်လိုက်ပြီး လိုက်သွားရလေသည်။

ထိုစဉ် အောက်ထပ်အခန်းမှ ချိုင်းထောက်ကို အားပြုပြီး ဒါလီအောင် ထွက်လာသည်ကို မင်းရဲမွန်က တွေ့မြင်လိုက်သည်။

"သူက"

"ကိုယ်ပြောပြောနေတဲ့ ဒါလီလေ"

"ဗိုချဲလ်နဲ့ဆို"

"ဟုတ်တယ်၊ အစက ဗိုးချဲလ်နဲ့ပဲ၊ ဒါပေမယ့် ဆရာကြီး ဦးထွန်းနေအောင်ရဲ့ ခွဲစိတ်မှုကြောင့် ခုလိုအနေအထား ရောက်လာတာဆိုပါတော့၊ လာကွာ"

ညီအောင် တွဲခေါ်ရာသို့ သူလိုက်ပါခဲ့လေသည်။

"မင်းကို ညှင်းဆဲရဦးမယ်"

"မလုပ်ပါနဲ့ညီရာ၊ ကိုယ့်မှာ ပေးစရာ ညီမဆိုလို့ ဝမ်းကွဲတောင် လက်ကျန်မရှိပါဘူး"

ညီအောင်၏ အိပ်ခန်းကို ရောက်သောအခါ ကြွေပန်းအန်ပြားပုံ စတင်းလေး၌ မြတ်လေးငုံ၏ ပုံလေးမှာ ကျက်သရေရှိစွာ လှပနေသည်။ နောက် ပိတ်သားပြကွဒိန်။ မြတ်လေးငုံ၏ ငုံ့များကို ငေးကြည့်ကာ. . .

"မစ္စတာ ဇူကာကီး ပို့ပေးလိုက်တာတွေလား"

"ဟုတ်ပကွာ၊ မင်းရင်တွေ တဒိန်းဒိန်း ခုန်နေပါလား ငတ်ချ၊ မင်းပြန်မရဘူး၊ ကိုယ်ပဲ အပိုင်ယူလိုက်တော့မယ်"

မင်းရဲမွန် မျက်နှာပျက်သွားသည်။

"မင်းကို ကိုယ်ဒီလောက်ပဲ ညှင်းတာကို မင်းတော့ ကျေးဇူးတင်သင့်တယ်နော်ရဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ကွာ"

"မရဘူး၊ ဒါ ကိုယ့်ဆုံးဖြတ်ချက်"

"ပြောမရလဲ ယူကွာ၊ မင်း ဒုသနသော အဖြစ်ခံနိုင်ရင်ပေါ့"

"ဘာဆိုင်လို့လဲ၊ သူမျှားသားမယား ဖျက်ဆီးတာမှ မဟုတ်ဘဲ၊ ကိုယ်က ရုပ်ပုံလေးတွေကိုကြည့်ပြီး စိတ်ကူးယဉ် ရုံလောက်ပါကွာ"

"စိတ်နဲ့ပြစ်မှားလဲ ဒုသနသောပဲကွာ"

မင်းရဲမွန် မျက်နှာနီရဲကာ စိတ်ပင်ပန်းလာသည်။ ဒီလို လာမိတာ မှားများမှားနေပြီလားဟု တွေးမိလေသည်။

ဒေါ်သက်သက်ခိုင်နှင့် စံပယ်ကို မေးမြန်းစရာရှိနေ သေးသည်။ ညီအောင်တို့ အလစ်စောင့်ပြီး မေးမြန်းရန် ဆုံးဖြတ် လိုက်သည်။

"မင်းဒီအတိုင်းပဲ သူမျှားမယားကို စိတ်နဲ့ ပြစ်မှားပြီး ငရဲယူနေတော့မှာလား"

"ဟတ်. . ဟား. . ဟား အမေသေလို့ မရယ်ချင်ဝေ မယ့် ငါရယ်ရပြီ ငရဲရယ်၊ မင်းမျက်နှာကြီးကို ပြင်လိုက်စမ်းပါ ကွာ၊ တကယ်ပဲကွာ၊ ရှေးလူကြီးတွေပြောတဲ့စကား မှန်လိုက်လေ ဘာတဲ့ ရည်းစားလူလု"

"တော်စမ်းပါကွာ"

"ကိုယ်ယူမထားပါဘူး၊ စိတ်ချ ပြန်ပေးမှာပါ၊ မင်းတို့ ပြောရဦးမယ်၊ ကိုယ်တို့ဘက်ချ်ကကွင်းလေ ခင်ထားရီ၊ သိတယ် မဟုတ်လား၊ သူနဲ့ကိုယ် ဝပ်စ်တစ်ခုထဲ အတူကျရာက ကိုယ်





သူ့ကို စိတ်ဝင်စားလာတယ်၊ ဒီကပြန်သွားရင် သူ့ရဲ့ [illegible] တမ်းတမှုပေါ် အကဲခတ်ပြီး ကိုယ်ပရိုပိုစ် လုပ်လိုက်တော့မယ် ဘယ်နဲ့လဲ"

မင်းရဲမွန်အတွက် တစ်တောရှင်းသွားပြီ ဖြစ်၍. . .

"ကောင်းသားပဲ၊ ချောတယ်၊ မင်းနဲ့ ရှေ့သွားနောက် လိုက်ညီပါတယ်"

"မင်းရဲ မြတ်လေးငုံလောက်တော့ မချောဘူးပေါ့ကွာ"

"ဒါကတော့ မယှဉ်နဲ့လေ၊ ကုသိုလ်ကံလိုတယ်၊ မင်းက နောက်ကား၊ ကျော်တယ်ဆိုတော့ မင်းအစ်ကိုကြီးပေါ် မတရား ရာ မရောက်ဖူးလား"

"ဒီအတွက်တော့ မပူနဲ့ရဲ၊ သူ့အပါးမှာ တိမ်းညွှတ်နေတဲ့ ပန်းမာလာတွေ ရှိနေပါတယ်၊ သူလဲ ယောကျ်ားပါ. .၊ ဘယ် လောက် ခံနိုင်ရည် ရှိနိုင်မှာမို့လို့လဲ၊ နောက်ငဲ့ကွက်စရာ မိဘတွေ လဲ မရှိတော့ဘူးလေ၊ ဒီတော့ သူ့နှလုံးသားအတွက် သူနေရာပေး တော့မှာပါ"

"ဒါလီအောင်အတွက်ကော"

"စောစောကလေးတင် မင်းမလာခင်က ညီမလေး အ ကြောင်းတိုင်ပင်နေကြတာ၊ ညီမလေးက ကိုယ်တို့ထက်တောင် ဖွံ့သေး၊ မေမေ့ကိစ္စအေးသွားသလောက်ရှိရင် ညီမလေးတို့ မင်္ဂလာကိစ္စ စီစဉ်ပြီး တစ်ခါတည်း လုပ်ငန်းကိစ္စတွေပါ ခွဲဝေ စီစဉ်ပေးလိုက်ဖို့ တိုင်ပင်နေတာ၊ ပြောမယ့်သာပြောတာပါ၊ မိဘ အမွေအနှစ်က မကျန်တော့ပါဘူး၊ ကိုကိုရဲ့ အစွမ်းအစကြောင့် သာ တိုးပွားလာတဲ့ ပစ္စည်းတွေပါ၊ ကိုကိုဘာမှ မပေးရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့က ကျေနပ်ရမှာပါ။ ဒါကြောင့် ကိုကိုစိတ်ချမ်းသာမှုတို့ ကိုယ်တို့မောင်နှမက ဘာမဆို ဖန်တီးပေးချင်တဲ့ဆန္ဒ ရှိနေတယ်”

ထိုစဉ် လိုက်ကာ လှပ်ကာ ဒါလီအောင် ဝင်လာသည်။

“ကိုကိုလေး”

“ဟင် . . ဘေဘီ ညီမလေး ဘာဖြစ်လာတာလဲ”

မျက်ရည်အရွှဲသားနှင့် ဝင်လာသော . . ဒါလီအောင်ကြောင့် ညီအောင်သည် ညီမကို ပြေးတွဲကာ ခုတင်ဆီသို့ ဖေးမခေါ်ခဲ့သည်။

မင်းရဲမွန်က လှဲလျောင်းနေရာမှ ထထိုင်ပြီး . . .

“ဘာဖြစ်လို့လဲ”

ဒါလီအောင်သည် မေးမရနိုင်သေးဘဲ ရှိုက်ကြီးတငင် ငိုရှိုက်နေသည်။

“ဘေဘီရယ် ကိုကိုကြီး ကြားသွားရင် စိတ်မကောင်းဖြစ်နေပါဦးမယ်၊ ဘာဖြစ်လို့လဲ”

ညီအောင်က ဒါလီအောင့် မျက်ရည်များကို သုတ်ပေးရင်း ချော့မော့လိုက်သည်။

အတန်ကြာမှ အငိုတိတ်ကာ. . .

“ဒါလီ ဒေါက်တာကို ရှိခိုးတောင်းပန်ချင်ပါတယ်”

“ဟင်”

မင်းရဲမွန် အကြီးအကျယ် အံ့အားသင့်သွားသည်။

ညီအောင်နှင့် သူသည် ဆေးတက္ကသိုလ် စတက်စဉ်က ရင်းနှီးခဲ့သည်။ ညီအောင်သည် ပျော်ရွှင်မှုကင်းမဲ့သော သူတို့၏ အိမ်ကို မကပ်ဘဲ မိမိအိမ်၌သာ စာအတူလာကျက်ရင်း အနေ





များခဲ့သည်။ ထို့ကြောင့် သူသည် ညီအောင်အိမ်သို့ ခဏလာဖြစ်၊ ကိစ္စရှိလျှင်လည်း တယ်လီဖုန်းနှင့်သာ ပြီးတတ်သည်ဖြစ်ရာ ဒါလီအောင်ကိုပင် မမြင်ဖူးခဲ့ချေ။

ယခုလို ဒါလီအောင်ထံမှ ကြားလိုက်ရသော စကားကြောင့် မင်းရဲမွန် အလွန်အံ့အားသင့်သွားရသည်။

“ဒါလီ မှားခဲ့ပါတယ်၊ ဒါလီလေ. . ကိုကိုကြီးအပေါ် ကျေးဇူးဆပ်ချင်လွန်းလို့၊ ကိုကိုကြီးမှိုင်နေတာ မကြည့်ရက်လွန်းလို့ ဒေါက်တာနဲ့ မမငုံ့ကွဲသွားရင် ကိုကိုကြီးနဲ့ မမငုံ့ အဆင်ပြေသွားနိုင်တယ်ထင်လို့ စိတ်ကူးယဉ်ဆန်ဆန် တွေးမိပြီး ဒေါက်တာနဲ့ မယူခင် မမငုံ့နဲ့ ကိုကိုကြီး ဖြစ်ခဲ့ပါတယ်ဆိုပြီး”

“ဒါဖြင့် ကိုယ့်ဆီကို ပစ်စာနဲ့ ဓာတ်ပုံတွေ ပို့ပို့နေတဲ့ စေတနာရှင် တစ်ဦးဆိုတာ”

ဒါလီအောင်က မျက်ရည်ကျရင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်၊ ဒါလီပါပဲ၊ ဒါလီလေ မေမေဆုံးသွားတာ မြင်ကတည်းက သိပ်ကြောက်သွားပါတယ်၊ တရားမရှိတဲ့သူတွေရဲ့ သွားရာလမ်းဟာ ကြောက်စရာ ကောင်းပါတယ်၊ ဒါလီ လုပ်ရပ်ဟာ လင်းမယားချစ်ခြင်းကို မတရားခွဲပြီး ကိုယ့်စိတ်ချမ်းသာမှုကို ကြည့်တယ်၊ ဒါ. . မတရားတဲ့အလုပ်၊ အကုသိုလ်များတဲ့အလုပ်လို့ ဆင်ခြင်မိပြီး စိတ်ဆင်းရဲနေတာ၊ ဒေါက်တာကို မြင်လိုက်တော့ ဖွင့်ဟဝန်ခံချင်ပါတယ်၊ မမငုံ့ကိုလဲ အထင်မလွဲပါနဲ့ ကိုကိုကြီးကိုလဲ အထင်မလွဲပါနဲ့၊ သူတို့ဘာမှ မဖြစ်ခဲ့ကြပါဘူး”

“ဓာတ်ပုံတွေကကော”



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှေ့ရှိုးကေ့စ်ထဲမှာ ထားတဲ့ ကိုကိုကြီးလုပ်ငန်းအရ သွားလာလှုပ်ရှားနေတဲ့ ဓာတ်ပုံတွေထဲက နှစ်ယောက်အနေနီး တဲ့ပုံတွေကို ယူယူပြီး ပို့ပေးတာပါ"

မင်းရဲမွန် ရင်ဝယ် ဟာခနဲ ဖြစ်သွားရသည်။

မိမိပြောဆို စွပ်စွဲသော စကားများကို နားမလည်ဟန် ဖြင့် ကြက်သေသေကာ ငေးကြည့်ကျန်ရစ်ခဲ့သော မြတ်လေးငုံကို သတိရမိကာ ကြေကွဲသွားရသည်။

"ဖြစ်ရလေ ညီမလေးရယ်"

ညီအောင်က သူ့ရင်ခွင်တွင် မျက်နှာအပ်ကာ ငိုရှိုက် လိုက်သော ဒါလီအောင်ကို ထွေးပိုက်ရင်း နှစ်သိမ့်လိုက်သည်။

"ဒါလီ တိတ်ပါ ညီမရယ်၊ ခုလိုအမှားကို အမှားမှန်းသိ လို့ ဝန်ခံတာကိုပဲ အစ်ကိုက ကျေးဇူးတင်ပါတယ်၊ အစ်ကို့ အနေ နဲ့က ညီမရဲ့စာတွေကို ရမ်းပြီး မယုံကြည်သေးပါဘူး၊ လေ့လာ နေဆဲပါပဲ"

မင်းရဲမွန်က အများစိတ်ချမ်းသာစေရေး စကားကို ရွေး ချယ်ကာ နှစ်သိမ့်လိုက်သည်။

"တကယ်လား ဒေါက်တာ"

"တကယ်ပေါ့ ညီမရယ်၊ မင်းအစ်ကိုကြီးအပေါ်လဲ အ ထင်မလွဲပါဘူး"

"ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊ ဒေါက်တာ့ကို ဒါလီ ကန်တော့ပါတယ်"

ချိုင်းထောက်နှင့် ကြမ်းပြင်သို့ ခဲရာခဲဆစ် ထိုင်ကာ ကန် တော့ရန် ကြိုးပမ်းနေသော ဒါလီအောင်ကို မကြည့်ရက်သဖြင့်





"နေပါ ညီမရယ်၊ အစ်ကိုက ခွင့်လွှတ်နေပြီပဲ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကိုရဲ့ မြင့်မြတ်တဲ့ စိတ်ထားက အစ်ကို့ကို အကျိုးပြန်ပေးမှာပါ"

ဒါလီအောင်၏မျက်နှာလေး ပြန်လည်ဝင်းပသွားခြင်း အတွက် ညီအောင်ကော မင်းရဲမွန်ပါ စိတ်အေးသွားရသည်။

ညီအောင်က မင်းရဲမွန်ကို ကျေးဇူးတင်သော မျက်လုံး ဖြင့် လှမ်းကြည့်လေသည်။ ပြီးတော့. . .

"တော်ပါသေးရဲ့ ရဲရယ်၊ အချိန်မီ သိရပေလို့ မင်းများ မြတ်လေးငုံ အပေါ်မှာ ဒေါသနဲ့"

မင်းရဲမွန်က မချိုသွားဖြဲ လုပ်ကာ. . .

"စိတ်ချပါ သူငယ်ချင်း၊ မင်းတို့ သဘောကျတယ်ဆို တာ ခုမြင်ခုကြိုက် သဘောမျိုးပါကွာ၊ ကိုယ်က ငယ်ငယ်ကတည်း က စွဲခဲ့ရတဲ့ အချစ်ပါကွာ၊ သိကြားမင်းဖျက်တာအောင် မဖျက် နိုင်တဲ့ အချစ်မျိုးဖြစ်တော့ လက်ဖျားနဲ့တောင် မတို့ရက်ပါဘူး"

"တော်ပါသေးရဲ့ကွာ၊ ကိုင်း. . ညီမလေးလဲ ပင်ပန်းပြီ သွားနားလိုက်၊ နေနေ. . . ကိုကိုလေး လိုက်ပို့မယ်"

ညီအောင် ထွက်သွားသည်ကို ငေးကြည့်ရင်း သက်ပြင်း ချလိုက်စဉ်. . .

"ဒေါက်တာ၊ ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

"ဩော်. . . ဦးမေအောင်၊ လာပါ"

"အစစအရာရာ ကျွန်တော်တို့ ညီအစ်ကို မောင်နှမ တွေဘက်က အမှားအယွင်းတွေရှိခဲ့ရင် ခွင့်လွှတ်ပါ"

"ကျွန်တော် နားလည်သွားပါပြီ၊ ရှင်းလဲ ရှင်းသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် မြတ်လေးငုံထံ စေ့စပ်ပြီး နောက်နေ့မှာပဲ စာတစ်စောင် ရေးပြီး သွေးရူးသွေးတန်း သွေးဆောင်မျှော်လင့်ခဲ့မိတဲ့ အပြစ်အတွက် ကျွန်တော့်ကိုလဲ ခွင့်လွှတ်ပါ။ တကယ်တော့ ကျွန်တော့် အမှားပါ"

"ဒီလိုပေါ့ဗျာ၊ ချစ်မိတော့လဲ"

"စိတ်ဝင်စားတာပါ၊ ဒါပေမယ့် ခင်ဗျားတို့ လက်ထပ်ပြီးတဲ့ အချိန်ကစပြီး ကျွန်တော့်ရဲ့စိတ်ကို ကျွန်တော် ဆုံးမပြီးသွားပါပြီ၊ ကျွန်တော် စိတ်နဲ့တောင် မပြစ်မှားတော့ပါဘူး၊ ဒါကြောင့်လဲ ခင်ဗျားတို့အိမ်ကို ရဲရဲတင်းတင်း ဝင်ထွက်ရဲတာပါ၊ ကျွန်တော့်လိပ်ပြာဟာ ညီအောင်လိုပဲ သန့်စင်ပါတယ် ဒေါက်တာ"

"ယုံပါတယ်ဗျာ၊ ဆက်မရှင်းပါနဲ့တော့ ဦးမေအောင်၊ ညီအောင်ကော၊ ဒါလီကော မသိလက်စနဲ့ ရှိပါစေတော့"

"ခွင့်လွှတ်ပါဗျာ"


"ခွင့်လွှတ်ပါတယ်"

"ဆိုးသိုင့်ခ် ဒေါက်တာ"

ဦးမေအောင်က မင်းရဲမွန်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ မင်းရဲမွန် ရင်ထဲအမျက်ဆူးတို့ ကြေပျက်သွားပြီ။

ထိုကြောင့် အိမ်သို့ ချက်ချင်းပြန်ပြေးချင်စိတ်က တားမရဆီးမရ ဖြစ်လာသော်လည်း ဣန္ဒြေဆည်ကာ မနက်ဖြန် မနက်တော့ဖြင့်. . .






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄၄)

"မေရှုံ. . . မေဆုံ. . . မေရှုံ"

ချောင်းဆုံအိမ်သို့ ပြန်ရောက်လျှင်ရောက်ချင်း မြတ်လေးငုံကို မတွေ့ရသဖြင့် ရင်ထဲ ထိတ်ခနဲဖြစ်ကာ ဒေါ်ခင်ရှုံတို့ ညီအစ်မကို လှမ်းအော်ခေါ်လိုက်သည်။

"ဩော်. . သား ပြန်လာပြီလား၊ အတော်ပဲ သားရေ ဆေးရုံက ခဏခဏ လာမေးနေတယ်၊ ကာလဝမ်းရောဂါတွေ အဖြစ်များလို့ ကွင်းဆင်းရမယ် ဆိုလားပဲ"





"ဟင်"

မင်းရဲမွန် အမှန်တကယ်ပင် မောဟိုက်သွားသည်။

"မြတ်ကော မေရှုံ"

"သမီးငုံလား၊ မင်္ဂလာဆွမ်း မကျွေးရသေးဘဲ ဒီရပ်ရွာမှာ နေမိလို့လား မသိဘူးဆိုပြီး လောလောဆယ် ယောဂီငါးရက်ဝတ်မယ်ဆိုပြီး မနေ့က မင်း ထွက်သွားကတည်းက ဘုန်းကြီးကျောင်းသွားပြီး ယောဂီဝတ်၊ ဥပုသ်သွားစောင့်လေရဲ့"

"ဒုက္ခပါပဲ"

ယောက္ခမအား မရှုက်နိုင်ဘဲ မင်းရဲမွန် ညည်းမိလေသည်။

"မေဆုံကော"

"သူကတော့ မင်းပြန်လာရင် သမီးငုံလဲ ဥပုသ်ထွက်တဲ့နေ့ မင်္ဂလာဆွမ်းကျွေးလို့ရမလားဆိုပြီး နားလည်တဲ့ဆရာတစ်ဦးဆီ သွားမေးနေလေရဲ့"

"ကောင်းတဲ့အလုပ် လုပ်တာပဲ၊ ဘယ်ရက်ဖြစ်ဖြစ်. . ကောင်းပါတယ်၊ ဒီလိုဆို ကျွန်တော် မြတ်ဆီ လိုက်သွားဦးမယ်"

"ဒီအချိန် တရားမှတ်တဲ့အချိန် သားရဲ့၊ ဆေးရုံက အရေးတကြီး မှာနေတာ သားရဲ့"

"ဒါဖြင့် ရေချိုး၊ ထမင်းစားပြီး ဆေးရုံပဲ သွားတော့မယ်"

မင်းရဲမွန် လက်လျှော့လိုက်လေသည်။ ကမန်းကတန်း ရေချိုးပြီး ထမင်းစားပြီးသည်နှင့်. . . ဆေးရုံမှအခေါ်တော်ပါ ထောက်လာသဖြင့်. . .

"မေရှုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သား"

"ဆွမ်းကျွေးကိစ္စလဲ မေရှုံတို့ သတ်မှတ်ထားတဲ့ ရက်ဆိုရင် ဖိန်းနွဲခါပေ့။ အဲဒီနေ့ပဲ ကျွေးလိုက်ပါ။ ကျွန်တော် ခရီးထွက်သွားရင်လဲ အဲ့ဒီနေ့မတိုင်ခင် ရောက်အောင်ပြန်လာခဲ့မယ်"

"အေးအေး"

"မြတ်ကိုလဲ ပြောပေးပါ"

"ဘာပြောရမှာလဲ သားရဲ့"

"မြတ် နားလည်ပါတယ်"

ဒေါ်ခင်ရှုံက မြတ်လေးငုံ ရှင်းပြထားသဖြင့် အားလုံးသိရှိပြီးဖြစ်သော်လည်း လင်မယားကိစ္စ ကြားဝင်မပါရန် ဆုံးဖြတ်ထားသဖြင့် မသိဟန်ပြုကာ မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် အားလုံးကို ရှင်းရှင်းလင်းလင်း နားလည်သွားပြီ ဆိုတဲ့အကြောင်းပါ"

"ဩော် . . မေရှုံ အခုမှ သတိရတယ်၊ သားလာရင် ပေးဖို့ဆိုပြီး မေရှုံကို ပြာထုပ်တစ်ထုပ် ပေးထားတယ်"

မင်းရဲမွန် ပြုံးလိုက်မိသည်။ ဓာတ်ပုံနှင့် ပစ်စာများ၊ မစွန့်ပစ်ရက်၍ သိမ်းထားသည်ဆိုသော ဦးမေအောင်၏စာကို မီးရှို့ထားသောပြာများဖြစ်သည်ဟု အတတ်သိလေရာ. . .

"လွှင့်ပစ်လိုက်ပါတော့ မေရှုံရာ၊ သား သွားတော့မယ်"

"အေးကွယ် . . အေးအေး၊ သူတော်ကောင်းလေး သွားလေရာ ခလုတ်မထိ ဘေးမထိပါစေနဲ့ကွယ်"

မင်းရဲမွန် ထွက်သွားသည်ကိုကြည့်ရင်း ဒေါ်ခင်ရှုံမှာ





မျက်ရည်များရစ်ဝဲပြီး ကျန်ရစ်ခဲ့လေသည်။

သမီးနှင့် သမက်ကြား ဖြစ်ပေါ်နေသော သံသယ ကြေပျက်သွားခြင်းအတွက် ဒေါ်ခင်ရှုံမှာ ဝမ်းသာ၍ မျက်ရည်များပင် ရစ်ဝဲရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄၅)

မြတ်လေးငုံ မျက်ရည်များ ရစ်ဝဲလာသည်။ ဘုန်းကြီးများဆွမ်းကပ်တော့လည်း မောင်နှံ့စုံ မဟုတ်။ မိမိနှင့် မေရုံ မေဆုံတို့နှင့်သာကပ်လိုက်ရသည်။ ဧည့်သည်အများကို ကျွေးမွေးတော့လည်း တစ်ယောက်တည်း။

ရေစက်ချတော့လည်း မိမိ တစ်ယောက်တည်းပင်။

"ဒကာလေး မင်းရဲမွန်ရဲ့ ဂုဏ်သတင်းကတော့ သင်းပျံ့ကျော်စောပါပေတယ်၊ အခုလဲ တို့ ဘီလူးကျွန်းတစ်ခွင်မှာ ကပ်ဆိုက်လာတဲ့ ကာလဝမ်းရောဂါကို တစ်ရွာဝင် တစ်ရွာထွက်





ရေကိုကြိုချက်သောက်ဖို့ သန့်ရှင်းရေးအတွက် ပညာပေးရင်း ဆေးကုသမှုရော ကြိုတင်ကာကွယ်မှုပါ ပြုနေတာဆိုတော့ သူ အချိန်မီရောက်မလာပေမယ့် မင်္ဂလာရှိပါတယ်၊ ဒကာမလေး ဆွမ်းဒါနအလှူဆိုတာ ရည်စူးပြီးချက်ပြုတ်ကတည်းက သဟ တိကဒါနမြောက်ပြီးသားပါ ဒကာမလေး၊ ကိုင်း. . ကိုင်း ဘုန်း ကြီး ရေစက်ချပေးမယ်၊ အားလုံးက ဝိုင်းဝန်းလိုက်ဆိုကြ"

မြတ်လေးငုံ ရင်ထဲ တဒင်္ဂငြိမ်းအေးသွားသော်လည်း ပင်ပန်းနေရှာမည့် ခင်ပွန်းဖြစ်သူအား သနားကြင်နာမိသော စိတ်ကလေးကြောင့် ရတက်မအေးနိုင်အောင် ဖြစ်မိလေသည်။

ရေစက်ချပြီး ပတ်စာခွာ ဖျာသိမ်းပြီး အိမ်သို့ပြန်ရောက်သည့်တိုင်အောင် ချောက်ချီးချောက်ချက်နှင့် သားအမိ တူဝရီး သုံးယောက် အသံမထွက်နိုင်ကြချေ။

အုန်းအဆံခြောက်ဖြင့် တိုက်ထားသဖြင့် မှန်ကဲ့သို့ပင် ပြောင်လက်နေသော ကြမ်းပြင်၌ သစ်သားခေါင်းအုံးကလေးများအုံးကာ လူကြီးနှစ်ယောက် အနားယူအိပ်စက်လေသည်။

မြတ်လေးငုံသည် တအောင့်နားပြီး ရေချိုးကာ ယောင်လည်လည်ဖြင့် ခြောက်သွေ့နေသော အိမ်ကြီးကိုကြည့်ကာ. . ဘဝင်မကျနိုင်အောင် ဖြစ်နေသည်။

ဤအိမ်ကြီးကို မက်မောတွယ်တာခဲ့သော မိမိသည် ယခု ဤအိမ်ကြီးတွင်း၌ပင် မနေချင်တော့။ မင်းရဲမွန် မရှိသော အိမ်သည် မိမိအတွက် မင်္ဂလာအိမ် မဟုတ်ချေ။

မိမိနှလုံး စိတ်ဝမ်းကို ချမ်းမြေ့မှု မပေးနိုင်ပါချေ။

အောက်ထပ်သို့ဆင်းကာ အပြစ်မဲ့သော ပန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



များကိုပင် မခူးဆွတ်ချင်အောင် ဖြစ်နေသည်။

ရေတွင်းနားရောက်ပြန်တော့လည်း ရေခပ်ချိုးတတ်သော၊ သူ၏အဝတ်အစားကို သူကိုယ်တိုင် လျှော်ဖွပ်တတ်သော မင်းရဲမွန်ကိုသာ မြင်ယောင်လာသည်။

အိမ်ပေါ်တက်ရန် ခြေလှမ်းပြင်လိုက်သောအခါ၌လည်း စက်ဘီးကလေးရပ်သောနေရာဟု သတိရပြန်သည်။

အိမ်ပေါ်တက်ကာ ဆေးအိတ်တင်တတ်သော စားပွဲဆီသို့ မျက်စိရောက်သွားပြန်သည်။ တစ်ဆက်တည်းပင် လယ်သမားဆောင်း ဝါးဦးထုပ် ချိတ်သည့် ချိတ်ကလေးမှာ လစ်ဟာလျက် သခင်ကင်းမဲ့နေသည်။

ဆရာဝန်တစ်ယောက်နှင့်ပင် မတူ၊ ပုဆိုးတိုတို ခမောက်တို ဦးထုပ်ဖြင့် ဖလန်ထည်သားအင်္ကျီကွက်ဖြင့် နေဒဏ်မိုးဒဏ်ကို ကြံ့ကြံ့ခံ အံတုရင်း တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေသော စေတနာဆရာဝန်တစ်ဦးကိုမှ မချစ်တတ်လျှင်. . .

မြတ်လေးငုံ ရင်ခုန်သံ မြန်လာသည်။ မိမိ မင်းရဲမွန်ကို ချစ်နေမိပြီ ထင်သည်။ ပြုံးလိုက်မိသည်။

ဟုတ်ရဲ့လား၊ သေချာရဲ့လား။

ကိုယ့်ကိုယ်ကိုယ် သေချာအောင် ဆန်းစစ်နေသည်။

မင်္ဂလာဆွမ်းကျွေးသို့ အချိန်မီပြန်မရောက်အောင် တိုင်းပြည်တာဝန် ထမ်းဆောင်နေသည့် ခင်ပွန်းအပေါ် အပြစ်မမြင် အကြင်နာများပင် ပွားနေသည်။ ဒါဟာ အချစ်ပါလား။

"ဆရာကတော်. . ဆရာကတော်"

မြတ်လေးငုံသည် မိခင်နှင့် ကြီးတော်၏ အောက်နား





ခပ်လျော့လျော့နေရာတွင် ခင်ပွန်းဖြစ်သူကိုမျှော်ရင်း အိပ်ပျော်ခြင်းတစ်ဝက် နိုးတစ်ဝက်ဖြစ်နေစဉ်မှာပင် အိပ်မက်လိုလို အသံကြားလိုက်သည်။ သို့သော် အိမ်မှုန်စုံမွှား ဖြစ်နေသည်။

"မြတ်. . ကိုယ် ပန်းဖျားဖျားနေလို့ ခဏလေး နားလိုက်ဦးမယ်နော်"

မိမိနှင့် ယဉ်ပါးနေသော အသံနှင့်အတူ မိမိ၏ ညာလက်မောင်းပေါ်သို့ ခေါင်းအုံးအိပ်လာသူ မင်းရဲမွန်ကို တွေ့လိုက်ရသည်။

"ဆရာလေ ဖျားလာတယ်၊ သွားတော့မယ် ဆရာကတော်"

မြတ်လေးငုံ ထဖို့ မဖြစ်နိုင်တော့။ မိမိ ညာလက်မောင်းကို ခေါင်းအုံးကာ အိပ်စက်အပန်းဖြေနေသူ ခင်ပွန်း နိုးသွားမှာ ဆိုးရိမ်သည်။ မင်းရဲမွန်က ဘာမှ မသိတော့။ ကလေးတစ်ဦးလိုပင် ဘာမှရှုး တရှုံရှုံ အိပ်မောကျသွားလေသည်။

ဘယ်နှရက် ဘယ်နှလီ အိပ်ပျက်ခဲ့သည် မသိနိုင်။

မေရုံနှင့် မေဆုံက အသံဗလံများကြောင့် နိုးနေကာ. . သမီးနှင့် သမက်ကိုကြည့်ကာ ရှေးလူကြီးများပီပီ မျက်နှာပူကာ

"ခေါင်းအုံး ယူပေးရမလား သမီးငုံ"

မေဆုံက မေးလိုက်သည်။

မေရုံကတော့ မင်းရဲမွန်၏ အထုပ်အပိုးများကိုယူကာ အိမ်အတွင်းခန်းဘက်သို့ မယောင်မလည်နှင့် ဝင်သွားသည်။

မြတ်လေးငုံက မင်းရဲမွန် နိုးသွားမှာ စိုးရိမ်လွန်းသဖြင့် ဆိုတိုးတိုးပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ မေဆုံ၊ ရပါတယ်" ဟုပြောပြီး အနီးကပ်ရှိနေသော ခင်ပွန်း၏မျက်နှာကို ကြင်နာမြတ်နိုးစွာ ငေးကြည့်လိုက်လေသည်။

မေဆုံကလည်း မျက်နှာပူပူနှင့် နောက်ခန်းဘက်သို့ လိုက်ဝင်သွားလေသည်။

မြတ်လေးငုံက အပြစ်ကင်းစွာဖြင့် ပင်ပန်းမှုကို အနားယူအိပ်စက်နေရှာသော ခင်ပွန်း၏ မျက်နှာနွမ်းနွမ်းလေးကို မျက်တောင်မခတ်တမ်း ကြည့်နေရာမှ ရင်ထဲဝယ် အမည်မသိနိုင်သော ကြည်နူးမှုဝေဒနာတစ်ရပ် ရိုက်ခတ် လှုပ်ရှားလာသည်။

ထိုဝေဒနာ၏ လှုံ့ဆော်မှုကြောင့် နဖူးပေါ်သို့ ဝဲကျနေသော ဆံစလေးများကို ညင်သာစွာ သပ်တင်လိုက်သည်။

မဟာနဖူးနှင့် ခန့်ညားသော၊ မွန်မြတ်သော နှလုံးသားနှင့် လေးစားစရာကောင်းသော၊ ပင်ပန်းနွမ်းနယ်မှုကြောင့် ကရုဏာသက်ချင်စရာကောင်းနေသော မိမိ၏ ခင်ပွန်းဖြစ်သူ၏နဖူးကို အသာနမ်းပြီး ပါးနှင့်အပ်ကာ ထားလိုက်သည်။

သူ နိုးသွားမှာစိုး၍ ငြိမ်သက်နေခြင်းဖြစ်သည်။

သို့သော်. . . မိမိနှလုံးသားကို မိမိဆန်းစစ်ပြီး ဖြစ်သဖြင့် ကြေညာချက်တစ်ခုကိုတော့ ရင်တွင်း၌ ထုတ်ပြန် ကြေညာလိုက်သည်။

"မောင်. . မောင့်ကို မြတ် သိပ်ချစ်သွားပြီ" ဟူ၍သာ

# မြပုလဲခင်

အောင်မြင်စာပေ ☺

www.burmeseclassic.com